
www.burmeseclassic.com

# မောင်ညိုမှိုင်း (သန်လျင်)

# ရင်ကွဲရှောက်ကြီးညို

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၉၀၂၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၆၀၃၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၀၉၊ အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၂၀၀၀ ကျပ်

၈၉၅ • ၈၃
ညိုမှိုင်း၊ မောင်၊ သန်လျင်
ရင်ကွဲရွှေကျိုးညိုအပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ/မောင်ညိုမှိုင်း(သန်လျင်)။
- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၂၈၀-စာ ၊ ၂၁၆ စင်တီ။
(၁) ရင်ကွဲရွှေကျိုးညိုအပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ရင်ကွဲရွှေကျိုးညို | ၁ |
| ၂။ | ထူးဆန်းသော မတ်စေ့တစ်စေ့ | ၂၆ |
| ၃။ | သိမ်အဆင်းမှာ ရွှေကိုးတင်းတဲ့ | ၅၁ |
| ၄။ | ခမည်းကျွဲ အသည်းကွဲသောအခါ | ၈၁ |
| ၅။ | လည်ပင်းဘူကြီးပါသောသရဲ | ၉၆ |
| ၆။ | လင်းမြွေလင်မယားရဲ့ နိမိတ်ဆိုးကျိန်စာ | ၁၁၀ |
| ၇။ | လျှို့ဝှက်ဆန်းကြယ်သော | ၁၄၃ |
| ၈။ | သမုဒယကောင်းကင် ဇေဇေ | ၁၆၀ |
| ၉။ | ဝထက်ချိုကော်နှင့် ပဥ္စလက်အရူးမ | ၁၇၆ |
| ၁၀။ | ပုံပျက်ပန်းပျက်ရသေ့ကြီး၏ အမေ့နို့နှင့် စိတ်သမာဓိစွမ်းအင် | ၁၉၆ |
| ၁၁။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ခြေသလာပေါ်ထားသည့်မေတ္တာ | ၂၁၆ |
| ၁၂။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ဝယ်(လ်)ပါဝါ | [illegible] |
| ၁၃။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် မျက်စိလည်လမ်းမှားသောနေ့ | ၂၆၃ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတစ်ကောင် ကြေကွဲစွာ မျက်ရည်ကျသည့် မြင်ကွင်းကို ကျွန်တော်တို့အားလုံး ကိုယ်တိုင်ကြုံလိုက်ရသောအခါ ဘဝ၏ဆန်းကြယ်သော ဖြစ်ရပ်များကို အံ့မခန်း ဖြစ်ခဲ့ရသည်။

လေးစားအပ်ပါသော စာဖတ်သူများခင်ဗျား . . .

အကယ်၍များ သွားရင်းလာရင်း ဦးခေါင်းပေါ်မှာ ရွှေရောင်အကွက်ကလေးတစ်ကွက်ပါသည့် ကျီးကန်းလေးတစ်ကောင်ကို မြင်တွေ့ကြုံကြိုက်ခဲ့ပါမူ သူ့မျက်ဝန်းမှာ မျက်ရည်စိုစွတ်နေသည်ကို အစဉ်သတိပြု၍ သတိရကြပါ။ ထိုမျက်ရည်စက်များကို သုတ်ပေးခွင့် ကြုံကြိုက်ခဲ့ပါလျှင် ကရုဏာလက်အစုံနှင့် ရင်ငွေ့ကိုလှုံစေပြီး သုတ်ပေးလိုက်စေချင်ပါသည်။

စိတ်ကူးသစ်စာပေ



အဘယ်ကြောင့်ဆိုရပါမူ . . .

သူသည် ဘဝခြားလျက်နှင့် အချစ်အတွက် သံယောဇဉ်အတွက် ရင်ကွဲကာ ကြေကွဲမျက်ရည်ကျနေသော လူဝင်စားငှက်တစ်ကောင်ဟု ဆင်မှတ်ဖွယ် ဖြစ်သောကြောင့်ပါတည်း။

✻ ✻ ✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

မသန်းချစ်နှင့် ကိုသန်းမောင်တို့သည် တစ်ယောက်ကိုတစ်ယောက် အသည်းတုန်အူတုန် ချစ်ကြသည့် အကြင်လင်မယားဖြစ်၏။ မသန်းချစ်က ဘဏ်ရုံးဝန်ထမ်းတစ်ဦးဖြစ်သလို ကိုသန်းမောင်က ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦး ဖြစ်သည်။

နှစ်ဦးစလုံး ချောမောလှပ ကျက်သရေရှိကြ၏။ သူတို့ လက်ထပ်ပွဲကျင်းပစဉ်က သူတို့မင်္ဂလာဆောင်လောက် စည်ကားသော မင်္ဂလာဆောင်မျိုး ကျွန်တော်တို့ တောမြို့လေးမှာ မရှိဟုထင်သည်။ နှစ်ဖက်စလုံး ဂုဏ်သရေရှိ အသိုင်းအဝိုင်းဖြစ်သောကြောင့် အလှူသန့်မျိုးစုံ လာရောက်ချီးမြှင့်ကြ၏။

မင်္ဂလာဆောင်ပြီးနောက် ကိုယ်ပိုင်အိမ်ကလေးနှင့် ပျော်ရွှင်စွာ





နေထိုင်ကြသည်မှာ နှစ်နှစ်ခန့် ကြာခဲ့သည်၊ ရွှေငွေဥစ္စာ ပစ္စည်းပစ္စယ အစုံအလင် စုဆောင်းမိကြသည်။ သို့ကလို ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေဆဲ . . .

တစ်နေ့သောအခါ ကံကြမ္မာမှန်တိုင်းသည် အချစ်ဒီရေတက်နေသည့် သူတို့နှလုံးသား သမုဒ်ပြင်သို့ လှိုင်းတံပိုးသည်းထန်စွာဖြင့် အလှုပ်ရန် ကဆုန်စိုင်း၍ ရောက်ရှိခဲ့သည်။

အဲဒီနေ့က (၁၉––) ခုနှစ်၊ နိုဝင်ဘာလ (–––) ရက်နေ့။

ကိုသန်းမောင်က (–––) မြို့မှာ ဆောက်လုပ်ရေးကိစ္စ တာဝန်ကျနေသည်။ အဆောက်အအုံက အထပ်မြင့် အဆောက်အအုံကြီး။ သည်လုပ်ငန်းမှာ ကိုသန်းမောင်က တာဝန်ခံအကြီးအမှူး။ သည်တော့ ခရီးဝေးကွာလွန်းလှ၍ ညအိပ်ညနေ အလုပ်လုပ်ရသည်။ စနေ၊ တနင်္ဂနွေမှ ပြန်လာသည်။

ခွဲခွာရသည့်အစဦးနေ့က မသန်းချစ်မှာ မျက်ရည်နှင့်မျက်ခွက်။ သူမက ဘလ္လာတိယမျို့ထဲက စန္ဒကိန္နရီမောင်နှံလို တစ်ညဝေးတာကို နှစ်ပေါင်းခုနစ်ရာ ခွေးသည့်နှယ်မျိုး။ ပြန်ရောက်လာလျှင် ကိုသန်းမောင် ရင်ခွင်ထဲ မျက်နှာအပ်ပြီး ငိုတော့သည်။

သို့နှင့် ချော့ရင်း ခြောက်ရင်း မနက်စာကို မွန်းလွဲလောက်ရောက်မှ စားရသည့်အဖြစ်မျိုးလည်း ကြုံခဲ့ရသည်။ အတန်ကြာ၍ ရက်သားလေးရလာတော့မှ အနေကျလာသည်။ ချစ်လင် လုပ်ငန်းတာဝန်ကျရာမြို့သို့ ပြန်သွားတိုင်း အိမ်ကဘုရားမှာ ပန်း၊ ရေ ဆီမီးများကပ်၍ အန္တရာယ်ကင်းပါစေကြောင်း ဆုတောင်းရသည်မှာလည်း မမော နိုင် မပန်းနိုင်ဖြစ်သည်။

ထိုနေ့ မနက်ကတော့ ဘုရားမှာ ဆွမ်းတော်ကပ်နေစဉ် ရုတ်တ



www.burmeseclassic.com

www.burmeseclassic.com



ရက် အိမ်ကြီး သိမ့်ခနဲ တုန်ခါပြီး လှုပ်ယိုင်ကျသွားသည်။ ဘုရားစင်ပေါ်မှ ပန်းအိုးတစ်လုံးလည်း ပြုတ်ကျကာ ကွဲကြေမွသွားသည်။

“ငလျင်လှုပ်တယ်ဟေ့”

“အိမ်အောက်ကို ဆင်းကြ၊ အိမ်ပြင်ထွက်ကြ”

အိမ်နီးချင်းများရဲ့ အလန့်တကြားအော်သံ ကြားရသဖြင့် မသန်းချစ် ကမျာကယာထကာ အိမ်ပြင်သို့ ယိုင်ထိုးယိုင်ထိုးနှင့် ပြေးထွက်လိုက်သည်။ အိမ်နီးဝန်းကျင်မှာ လူကြီးလူရွယ် ကလေး မိန်းမ ယောကျ်ားများလည်း ထိတ်လန့်တကြား အော်တစ်ကြကာ အိမ်အပြင်သို့ ထွက်လာကြပြီး သစ်ပင်ကြီးမရှိသော နေရာမှာဝပ်နေကြ၊ ဘုရားတ,ကြ၊ အော်ဟစ်ငိုယိုကြ။

တစ်မိနစ်ခန့် လှုပ်ယမ်းပြီးလို့ ငြိမ်သွားတော့မှ အားလုံး ကိုယ့်လူကိုယ်ရှာဖွေကာ အိမ်ပေါ်သို့ ပြန်တက်ကြသည်။ ကွဲကြေမွသွားသည့် ဘုရားညောင်ရေအိုးကိုကြည့်၍ သေန်းချစ်ရင်ထဲမှာ ဘာရယ်လို့မဟုတ် ထိတ်ခနဲ ဖြစ်သွားသည်။

ညနေဘက်သို့ ရောက်သောအခါ ကိုသန်းမောင်တို့ရုံးမှ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများ သူမအိမ်သို့ ရောက်ရှိလာကြသည်။ သူတို့ရဲ့ မျက်နှာသွင်ပြင်များကလည်း အရယ်အပြုံးမရှိကြ။ တစ်စုံတစ်ခုကို ပြောရန် ဝန်လေးနေပုံလည်းရသည်။ အတန်ကြာမှ အင်ဂျင်နီယာမှူး ကြီးက လေးတွဲ့တွဲ့လေသံနှင့်

“မသန်းချစ်ကို ဆရာ ပြောစရာရှိလို့”

“ပြောလေဆရာ၊ ဘာ ... ဘာလဲဟင်”

“ညီမ စိတ်ကိုခိုင်ခိုင်ထားနော် ညီမလေး”

“ရှင်၊ ဘာ ... ဘာများပါလိမ့် ဆရာရယ်၊ ကျွန် ...



ကျွန်မ ထိတ်လိုက်ပါဘိရှင်”

“ဒီလိုပါကွယ်၊ ဟို ... ဟို မောင်သန်း ... မောင်”

အရေးထဲက စကားက ထွက်လို့မရဖြစ်ပြီး ဆို့နစ်နေသည်။

“မောင် ... မောင် ဘာဖြစ်လို့လဲဆရာ ဟင် ... ဟင်လို့”

“မောင်သန်းမောင် နေ့လယ်က ထမင်းစားအပြန် ခေါင်းကနေ ရေလောင်းချိုးလိုက်တာ ဦးနှောက်ကြောပြတ်ပြီး ... ”

“ရှင်၊ ဘုရား ... ဘုရား၊ မောင် မောင် အခု ဘာ ဘာဖြစ်သွားလဲ ဆရာဟင်”

“နေရာတင် ပွဲချင်းပြီး ဆုံး ... ဆုံး”

“အောင်မယ်လေး မြတ်စွာဘုရား”

“ညီမ ညီမ သတိထားလေ”

“မသန်းချစ် မ ... သန်း ... ချစ်”

မသန်းချစ် မမျှော်လင့်သော စကားကို ကြားလိုက်ရပြီးနောက် အောင်မယ်လေး တစ်ချက်အော်ကာ ရင်ဝမှာ ဆို့တက်လာပြီး သတိလစ် မေ့မြောသွားခဲ့လေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

အသုတ ရက်လည်ပြီးနောက် မယန်းချစ် မည်သူနှင့်မျှ စကာ
မပြောတော့။ ထမင်းလည်း စားချင်မှစားတော့သည်။ ညီမဝမ်းကွဲများ
လာရောက်ကြည့်ရှု စောင့်ရှောက်ပေးနေရသည်။ အလုပ်မှလည်း ခွင့်ရ
ရှည် ယူထားပေးရသည်။ သူမရဲ့အလုပ်ကား ကွယ်လွန်သူလင်ယောက်
ကိုသန်းမောင်ရဲ့ဓာတ်ပုံကို တစ်နေကုန်စိုက်ကြည့်ပြီး –

"မောင် ဘယ်နေ့ပြန်လာမှာလဲဟင် မောင်၊ ညီမ မျှော်နေမယ်
နော်။- စောစောပြန်ခဲ့နော် မောင်"

ဆိုသည့် စကားကိုလည်းကောင်း၊

"မောင်ကြိုက်တဲ့ ဝက်သားနဲ့မှစ်ချဉ်ချက်ထားတယ် မောင်ရဲ့
မောင်စားတော့မလားဟင်၊ ညီမ ထမင်းခူးလိုက်မယ်နော်"





ဆိုသည့် စကားများကိုလည်းကောင်း၊

"ကျွန်မ မောင့်ကို ဘယ်လောက်အထိ ချစ်တာ . . ." ဆိုပြီး သူမရင်ထဲက အချစ်ဒဿနစကားလုံးများကို မျက်ရည်များစီးကျလျက်မှ တတွတ်တွတ် ရေရွတ်နေလေ့ရှိ၏။

နောင်အခါ စိတ်ပညာဆရာဝန်များ၊ သူမတို့ ကိုးကွယ်သည့် ဆရာတော်ကြီးများက လာရောက်၍ တရားပြဆုံးမရသည်။ သတင်းစာမှာပါသည့် နာရေးသတင်းများကိုပြ၍ အသက်မရွေး၊ အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး ကွယ်လွန်ကြရသည်၊ အနိစ္စ မမြဲသည့်သခါရဘဝများကို မကြာခဏ ရှင်းပြတော့မှ အသိတရားများ ပြန်ဝင်လာကာ နဂိုပုံမှန်အတိုင်း ဘဝသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

သို့တိုင်အောင် စွယ်တော်ရွက်လို နှစ်လွှာပေါင်းတစ်ရွက် အသက်နှင့် ထပ်တူချစ်ခင်ရသည့် ချစ်လင်ကိုတော့ တစ်နေ့တစ်မနက်မျှ မေ့လို့မရနိုင်ခဲ့။

ချစ်လင်ရဲ့ ကွယ်လွန်သည့်နေ့ရောက်တိုင်း ကုသိုလ်ကောင်းမှု တစ်ခုမဟုတ် တစ်ခု ပြုလုပ်ကာ ရည်မှန်း၍ အမျှအတန်းဝေလေ့ရှိသည်။

တစ်ညမှာတော့ မသန်းချစ်ကို ကွယ်လွန်သူချစ်လင်ကိုသန်းမောင်အိပ်မက်တစ်ခု ပေးခဲ့သည်၊ အိပ်မက်ထဲမှာ ကိုသန်းမောင်က သူပြန်လာမည်ဆိုကာ ပျောက်သွားခဲ့သည်။ အိပ်ရာမှလန့်နိုးတော့ မယုံသော်လည်း ရင်ထဲမှာ ဝမ်းသာကြည်နူးခဲ့ရလေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❒

တစ်နေ့ အိမ်နောက်ဖေးမီးဖိုဆောင်မှာ ညီမတစ်တွေ ထမင်း ချက်ပြုတ်နေကြစဉ် အိမ်ရှေ့ခြံဝင်းထဲမှာ ကျီးကန်းများ အုပ်လိုက်ကျပြီး နားကွဲမတတ် ဝိုင်းအော်နေသဖြင့် ချက်ပြုတ်နေရာမှထ၍ ထွက်ကြည့် လိုက်ကြသောအခါ အမွေးအတောင်မစုံသေးသည့် ကျီးကန်းပေါက်စလေး တစ်ကောင် မမျှော်လင့်ဘဲ သနားစရာ အော်မြည်နေသည်ကို တွေ့လိုက် ရသည်။

ကျီးကန်းကလေးကလည်း မပျံနိုင်။ ကျီးဖို ကျီးမ ကျီးအုပ်ကြီး ကလည်း ထိုးချီရန် ကြိုးစားနေကြသော်လည်း ကျီးပေါက်စလေးက မျက်လုံးလေးပြူး၊ နှုတ်သီးလေးဟ၍ ရုန်းကန်သလို အော်ဟစ်နေသည်။ သို့နှင့် မသန်းချစ်က သနားစရာကောင်းသည့် ကျီးကန်းပေါက်စလေးကို





ကောက်ပြီး အိမ်ထဲသို့ခေါ်လာကာ အစာရေစာများကို တိုက်ကျွေးလိုက် သည်။

ကျီးကန်းကလေးသည် မသန်းချစ်ကျွေးသည့် အစားအစာ များကို နှစ်လိုရွှင်ပျစွာစား၏။ ရေဝတိုက်သောအခါ အာသာငမ်းငမ်းသောက် ၏။ သို့နှင့် ညီမတွေ အဖော်လည်းရအောင် ကျီးကန်းပေါက်စလေးကို အိမ်မှာပဲမွေးကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ပို၍ အံ့သြဖို့ကောင်းသည်ကား ကျီးကန်းပေါက်စလေး၏ ဦးခေါင်းထိပ်မှာ မတ်စေ့ခန့်ရှိသော ရွှေရောင်တောက်နေသည့် အကွက် ကလေးတစ်ကွက် ထူးဆန်းစွာပါရှိနေသောကြောင့် ထိုနေ့မှာပင် သူ့ကို 'ရွှေကျီးညို' ဟု အမည်ပေးလိုက်လေသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ရက်ပေါင်း အတန်ကြာသောအခါ ရွှေကျိုးညိုလေးရဲ့ ကိုယ်ပေါ်မှာ အမွေးအတောင်များ စုံလင်လာခဲ့သည်။ တောင်ပံနှစ်ဖက်ပေါ်မှာ အမွေးအဖြူရောင်တစ်ချောင်းစီ ပါလိုက်သေးသည်။ ရွှေကျိုးညိုလေးသည် အရွယ်ရောက်လာသောအခါ လှောင်အိမ်နှင့်မအိပ်တော့ဘဲ မသန်းချစ်ခြင်ထောင်ထဲသို့ ဝင်အိပ်လေ့ရှိ၏။ လှောင်ချိုင့်ထဲပြန်ထည့်လျှင် အိပ်လို့မရအောင် တစာစာ အော်လေ့ရှိသည်။ သို့နှင့် အစ်မများ ညီမများက "ညည်းယောက်ျား ညည်းဘာသာခေါ်ထား" ဟု နောက်လိုက်ကြသောအခါ မသန်းချစ်ဝိုင်ထဲမှာ ဖိုခနဲ့ လိုက်ခနဲ့ ဖြစ်သွားခဲ့သည်။

"ဘုရား ဘုရား ကိုသန်းမောင်များ အိပ်မက်ထဲမှာ လာပြောတဲ့အတိုင်း ဝင်စားရောက်ရှိလာလေရောသလား"

မကြာခင် ထူးဆန်းသောဖြစ်ရပ်များ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာခဲ့သည်။ အခြားမဟုတ်၊ ရွှေကျိုးညိုကလေးက လူစကားကို မပီကလာ ပီကလာ စပြောလာခြင်းဖြစ်သည်။ ဦးစွာ စပြောသည့်စကားက 'သန်းချစ်' ဆိုသည့် စကားရယ်။





အိမ်သားများက 'သန်းချစ်၊ သန်းချစ်' ဆိုသည့်အမည်ကို နှုတ်ဝှ မကြာခဏခေါ်လွန်းမက ခေါ်ကြသောအခါ ရွှေကျိုးညိုကလေးနှာမှာ စွဲသွားပုံရသည်ထင်သည်။

ပထမ စခေါ်ခါစက 'တန်းချစ်' ဟု အသံထွက်သည်။ များမကြာမီ 'သန်းချစ်' ဟု ပီပီသသခေါ်လာတော့သည်။

ဒါ့အပြင် 'ပဲပြုတ်'ဟု နံနက်တိုင်း အော်လေ့ရှိသည်။ ဒီအသံကို ရွှေကျိုးညိုက မှတ်ထားပြီး ဒေါ်ဘုမ 'ပဲပြုတ်' ဟု အော်လျှင် သူကလည်း 'ပဲပြုတ်'ဟု လိုက်အော်လေသည်။

တစ်ခါတော့ ဒေါ်ဘုမက ပဲပြုတ်ခေါ်သံကြား၍ အိမ်ထဲသို့ ဝင်လိုက်ရာ လူခေါ်သည်မဟုတ်ဘဲ ကျိုးကန်းတစ်ကောင်က သူမကို ကြည့်၍ 'ပဲပြုတ်၊ ပဲပြုတ်'၊ ဟု လှောင်သလို အော်နေသည်ကို မြင်ရကြားရတော့ ဒေါ်ဘုမ လွန်စွာအံ့ဩသွားခဲ့ရလေသည်။

ဒါမျှမကသေး၊ မသန်းချစ်တို့အိမ်အနီးမှာ အကြော်စုံရောင်းသည့် မိသားစုနေကြသည်။ အကြော်သည်အဒေါ်ကြီး ဒေါ်ကုလားမသည် နေ့က်လင်းခါနီးကျလျှင် အအိပ်ကြီးသော သူ့သမီးအကြီးမမွှေးကို နာမည်ခေါ်၍ အော်နိုးလေ့ရှိသည်။ 'မမွှေးထတော့၊ ဟဲ့ မမွှေးထတော့လေ' ဆိုသည့်စကားကို ကြားရဖန်များသောအခါ ၎င်းအမည်ကို ရွှေကျိုးညို အလွတ်ရသွားခဲ့လေသည်။

နံနက်တိုင်း ဘုန်းကြီးကျောင်းမှ တုံးခေါက်သံကြားသည်နှင့် ရွှေကျိုးညိုက အကြော်သည်အဒေါ်ကြီးအိမ်ရှေ့သို့ သွားရောက်ပြီး 'မမွှေးထတော့၊ မမွှေးထတော့'ဟု အော်လေ့ရှိရာ ကြားရသူတိုင်း အံ့ဩ၍ မဆုံးနိုင်တော့။ အဲဒါပြီးလျှင် အကြော်ဆိုင်ကိုသွားသည်။ အဒေါ်ကြီးက ဗယာကြော်တစ်ခု ကျွေးသည်ကိုစားသည်။ အလုပ်မအား၍ မပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



သေးလျှင် ဆိုင်ရှင်အဒေါ်ကြီးကို လိုက်ဆိတ်ကာ တောင်းလေ့ရှိသည်။ အကြော်ရမှ သူ့အိမ်သို့ ပျံလေ့ရှိသည်။

ညနေပိုင်းရောက်လျှင် ရွှေကိုးညိုက လမ်းထဲမှကလေးများနှင့် ရောရှက်စားသည်။ ကလေးများ သင်ပေး၍ ''နိုး၊ နိုး'' ''မဟုတ်ဘူး။ မရှိဘူး''ဆိုသည့်စကားလည်း ပြောတတ်ခဲ့သည်။

အများအံ့ဩစရာ ကောင်းသည့်အဖြစ်ကား ပြောလျှင်ယုံချင်မှ ယုံကြပေလိမ့်မည်။

ရွှေကိုးညိုကလေးသည် မသန်းချစ်အလုပ်သို့ သွားသောအခါ ကားဂိတ်ထိအောင် လိုက်ပို့ခြင်းဖြစ်သည်။

ပထမ အိမ်ကထွက်လျှင် မြေကြီးပေါ်မှ ခုန်ဆွခုန်ဆွလုပ်၍ လိုက်သည်။ အတန်ကြာ၍ညောင်းလျှင် သူ့ကကြိုပျံနှင့်ပြီး ရှေ့ကသွားသည်။ 'ရွှေကိုး ပြန်တော့'ဆိုမှ တစ်ချက်အော် နှုတ်ဆက်ပြီး အိမ်သို့ ပြန်လာလေ့ရှိသည်။

ညနေ (၄)နာရီလိုလျှင် လမ်းထိပ်အုတ်ခုံတိုင်မှာနား၍ ကလေးများဆော့နေသည်ကိုကြည့်ပြီး အော်ဟစ်မည်။ မသန်းချစ်အလုပ်က ပြန်လာသည်ကိုမြင်လျှင် ကစားနေရာမှ လှစ်ခနဲ ထပျံ၍ ခုန်ဆွခုန်ဆွ လုပ်ကာ သွားကြိုသည်။ မသန်းချစ်က လက်ဆန့်ပေးလိုက်လျှင် လက်ပေါ်မှာခိုနား၍ ပြန်လိုက်လာမည်။ ကလေးများက ဒါကိုမြင်၍ 'ရွှေကိုးညို လာလေကွာ၊ ငါတို့နဲ့ကစားပါဦးကွ' ဟု ခေါ်လျှင် –

''နိုး နိုး''ဟု အိုသံနှင့်အော်ရင်း ခေါင်းကိုယမ်းပြသောအခါ ကလေးများက သဘောကျ၍ မဆုံးနိုင်ကြတော့။

❋ ❋ ❋ ❋ ❋

❐

ရွှေကိုးညိုကလေး လူစကားပြောတတ်သောသတင်းသည် တစ်ဆင့်စကား တစ်ဆင့်နားမှသည် အရပ်လေးပါးသို့တိုင် ပျံ့နှံ့ကာ မြင်ဖူးကြားဖူးလို၍ လာလာကြည့်ကြသည်။ အချို့ လိမ္မာလွန်းလှချည်ရဲ့ဆိုကာ စားစရာများ လက်ဆောင်ပေးကြသည်။ ဓာတ်ပုံများ ရိုက်ကြသည်။

အချို့ကတော့ ''ဒါ မသန်းချစ်ရဲ့ ကွယ်လွန်သူယောကျ်ား ပြန်ဝင်စားတာပဲ'' ဟု ပြောဆိုဝေဖန်ကြသည်။

မသန်းချစ်က မယုံရဲ ယုံရဲဖြစ်သော်လည်း တစ်ခါတစ်ရံတွေး သံယောဇဉ်စိတ်ကြောင့် လက်ခံချင်သလိုလို စိတ်ကူးရှိတတ်ခဲ့သည်။ ရွှေကိုးညိုလေးသည် သွားလည်းအတူတူ၊ စားလည်းအတူတူ၊ အိပ်လည်းအတူတူ သူနှင့်မခွဲမခွာ ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေသည်ကိုတွေ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းမောင်များ ဝင်စားလေရော့သလားဟု သံသယဖြစ်ခဲ့ရသည်။

ဆွေတော်မျိုးတော် ကျီးကန်းများက ရွှေကျီးညိုကို မကြာခဏ လာလာခေါ်လေ့ရှိကြသည်။ တစ်ခါတစ်ရံ ဆွေတော်မျိုးတော်များနှင့် လိုက်သွားလေရာ မသန်းချစ် မျက်ရည်နှင့်မျက်ခွက် ဖြစ်ရသည်။ တော် သေးရဲ့၊ အချိန်တန်တော့ မသန်းချစ်ရှိရာသို့ ပြန်လာခဲ့သည်။ သို့နှင့် မသန်းချစ်က –

"ရွှေကျီးညိုရယ်၊ ငါ့ကိုချစ်ရင် တစ်ယောက်တည်း မထားနဲ့ ပါနဲ့"ဟု ပြောလိုက်သောအခါ ရွှေကျီးညိုကလေးက တစ်ချက်တွေသွား ခဲ့ပြီး ထိုအချိန်မှစ၍ နောင်ဘယ်သောအခါမျှ အခြားကျီးအုပ်များ လာခေါ်သည့်တိုင် ရောထွေးလိုက်ပါသွားခြင်း အလျှင်းမပြုတော့။

❋ ❋ ❋ ❋ ❋

လူ့ဘဝ ကံကြမ္မာသည်လည်း ဆန်းပြားများထွေလှ၏။

ထို့အတူ သတ္တဝါတို့၏ ကံကြမ္မာသည်လည်း ဆန်းကြယ်ထွေပြားလှ၏။

အခုဖြစ်စဉ်ကိုကြည့်။

တစ်နေ့သောအခါ ဖူးစာရေးနတ်မင်းသည် မသန်းချစ်ရဲ့ တစ်ကိုယ်တည်းဘဝကို မကြည့်ရက်လို့ထင့်။ ဖူးစာရေးမြားတစ်ချောင်းနှင့် အသည်းနှလုံးကို ပစ်ခွင်းလိုက်သည်။

မသန်းချစ်က ဘဏ်ကြီးတစ်ခုမှာ ငွေသွင်းငွေထုတ် ကောင်တာထိုင် ဝန်ထမ်းဖြစ်၏။ အဲဒီမှာ ငွေသွင်းငွေထုတ်လာလုပ်သည့် ကိုကောင်းမြတ်ကျော်ဆိုသည့် လူပျိုကြီးနှင့် လုပ်ငန်းသဘောအရ ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ခဲ့ရသည်။ ကိုကောင်းမြတ်ကျော်ကလည်း မသန်းချစ်ရဲ့ကြွေရှင် အပြုံးနှင့် အတွင်းမနေ၁ကို နှစ်သက်လေးစား၍ မကြာခဏ ရောက်လာ လေ့ရှိသည်။

တိုတိုဆိုရလျှင် . . .

ထိုသို့ ခင်မင်ရင်းနှီးလာရာမှသည် ရှေးရေစက်လက်ကျန် ကြောင့်လား အခုရေစက်အသစ်ကြောင့်လား မသိ၊ သံယောဇဉ်ဖြစ် သွားကြကာ မကြာခင် ချစ်သူများဘ၀သို့ ရောက်ရှိသွားခဲ့ကြလေသည်။

ကိုကောင်းမြတ်ကျော်က လက်ထပ်ကြရန် မကြာခဏ ဖွင့်၍ ပြောသည်။

ထိုအခါ ကိုသန်းမောင်ရဲ့ မျက်နှာပေါ်လာပြီး ခေါင်းညိတ်ရ ခက်နေပြန်သည်။ ဆိုရလျှင် ကိုသန်းမောင်ကိုလည်း မမေ့နိုင်သေး။ သူ့ကိုလည်း သံယောဇဉ်ကဖြစ်နေသည်။ ကိုကောင်းမြတ်ကျော်သည် စနေ၊ တနင်္ဂနွေနေ့များ ရောက်လာလျှင် မသန်းချစ်နေအိမ်သို့ အလည် လာလေ့ရှိသည်။ တစ်ခါတစ်ရံ အဲဒီမှာပဲ စားသောက်သည်။

ထူးဆန်းသည်ကား . . .

တစ်နေ့၊ မသန်းချစ်နှင့်ကိုကောင်းမြတ်ကျော် အတူယှဉ်တွဲ၍ ခြံထဲသို့ဝင်လာသည်ကို ရွှေကျီးညိုလေး ရုတ်တရက် မြင်လိုက်သော အခါ စူးစူးဝါးဝါး တစ်ချက်အော်ဟစ်လိုက်ပြီး ကိုကောင်းမြတ်ကျော်အား ထိုးဆိတ်သဖြင့် အိမ်သားများက မနည်းဖမ်းထားကြရသည်။

ခမျာ ထိုင်သာထိုင်နေရသည် ကျီးကန်းက သူ့မျက်လုံးများ ထိုးဆိတ်လိုက်မှာလားဟု သွေးလန့်နေရ၏။ မပြုန်မချင်း ဒေါသတကြီး အသံတစာစာနှင့် အော်လေ့ရှိရာ အားလုံးက လက်ဖျားခါအံ့သြကြရ သည်။



နောင်အခါ ကိုကောင်းမြတ်ကျော် အလည်လာရောက်တိုင်း 'မသန်းချစ်ရေ ခွေးကြည့်ပါဦး' အစား 'မသန်းချစ်ရေ မင်းရွှေကျီးညို ကို ကြည့်ပါဦး' ဆိုရလောက်အောင် ပြောစမှတ် ကျန်ခဲ့လေသည်။

ကိုကောင်းမြတ်ကျော် ပြန်သွားသည်ဆိုသည်နှင့် ရွှေကျီးညို လေးက မသန်းချစ်ပေါင်ပေါ်သို့ တက်နားကာ မသန်းချစ်ကို နှုတ်သီး နှင့် ထိုးဆိတ်တော့သည်။ 'အမလေး နာလှပါတယ်ရွှေကျီးညိုရဲ့' ဟုအော် သည်း ဆိတ်နေလျက်ပင်ရှိသည်။ သို့နှင့် ဆွေမျိုးသားချင်းများက –

"ရွှေကျီး နင့်သခင်မ အိမ်ထောင်ပြုတော့မယ်၊ သဘောတူ ရဲ့လား"

အဲဒီလိုမေးလိုက်သောအခါ ကျီးတိရစ္ဆာန်ငှက်ပင် ဖြစ်ပါသော် လည်း စူးစူးရှရှ တစ်ချက်အော်ပြီး မေးလာသူများကို နှုတ်သီးနှင့် လိုက်ဆိတ်သည်ကို မကြာခဏ အံ့ဖွယ်ကောင်းအောင် ကြုံခဲ့ရလေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့လည်း ဆွေမျိုးသားချင်းများ ဝိုင်းဝန်းနားချ
ကြောင့် နောင်အရေးကိုမျှော်တွေးကြကာ မသန်းချစ်နှင့်ကိုကောင်းမြတ်
ကျော်တို့ ရုံးတက်လက်မှတ်ထိုးပြီး လက်ထပ်လိုက်ကြသည်။

ထူးဆန်းသည်ကား . . .

ထိုနေ့က တစ်နေ့လုံး ရွှေကျီးညို လုံးဝအစာမစား။ မသန်းချ
ခေါ်ကျွေးလည်း မစား။ အခြားလူများက ချော့မော့၍ အစာပြလည်
လုံးဝ မတို့မထိ၊ မစား။

မင်္ဂလာဆွမ်းကျွေးသည့်နေ့ ရောက်သောအခါ ညှော်ပရိသတ်
အစုံရှိနေခိုက် ရွှေကျီးညိုသည် အိမ်ထဲသို့မဝင်ဘဲ ခြံပေါက်ဝ သရ
ကိုင်းမှာနားနေရင်း အိမ်ဘက်သို့ကြည့်၍ ကြေကွဲသံနှင့် အော်နေ



သည်။ ကလေးများက ဝိုင်းချော့လည်းမရ။ ဘာအစားအစာမှလည်း
မစားတော့။ ယုတ်စွအဆုံး အိမ်ထဲသို့ပင် မဝင်။

မသန်းချစ်လည်း ညှော်ခံရေးကိစ္စများနှင့် အလုပ်များနေ၍
ရွှေကျီးညိုကို လှည့်မကြည့်နိုင်။ မင်္ဂလာညှော်ခံကိစ္စများ ပြီးစီးတော့မှ
ရွှေကျီးညိုကိုသတိရ၍ လှမ်းခေါ်ရတော့သည်။

"ရွှေကျီးညိုရေ"

ကျီးကန်းကလေးက သစ်ပင်ပေါ်မှာပဲ မတုန်မလှုပ်နှင့် ငေး
ကြည့်နေသည်။ ခါတိုင်း သူ့မအသံကြားလိုက်လျှင် လက်ပေါ်သို့ လှစ်ခနဲ
လာနားနေကျရွှေကျီးညို ဘာများအလိုမကျပါလိမ့်။

"လာလေ ရွှေကျီးညိုရဲ့၊ လာလာ အစာစားမယ် လာနော်"

အကြိမ်ကြိမ်ခေါ်လည်း မလာ။ အချို့က ရွှေကျီးညို စိတ်
ကောက် (သို့) စိတ်ထိခိုက်နေသည်ဟု ရိပ်မိကြ၍ ဝိုင်းဝန်းချော့ခေါ်
ကြသည်။

ထိုစဉ် ရွှေကျီးညိုကလေးသည် ဝိုင်းဝန်းချော့မော့ ခေါ်နေကြ
သူများကိုကြည့်ပြီး မျက်လုံးအိမ်နှစ်ဖက်မှ မျက်ရည်များ ရွတ်တရက်
စီးကျလာသည်ကို အားလုံးက မမျှော်လင့်ဘဲ မြင်လိုက်ကြရသောအခါ
တစ်စုံတစ်ခုကိုတွေးမိကြပြီး စိတ်ထိခိုက် ကရုဏာသက်သွားကြသည်။
အံ့လည်း အံ့ဩကုန်ကြသည်။

ရွှေကျီးညိုမျက်ဝန်းက မျက်ရည်ဝဲကျသည်ကို သူတို့ တစ်ကြိမ်
တစ်ခါမျှ မမြင်ဘူးကြ။

"ရွှေကျီးညိုရယ်"

မသန်းချစ်က ကျီးကန်းလေး မျက်ရည်စိုစွတ်နေသည်ကိုကြည့်
ပြီး သူမပါ အလိုလိုပါးပြင်ပေါ်သို့ မျက်ရည်ဥများ စီးသိမ့်ကျလာသည်။

www.burmeseclassic.com



ကိုကောင်းမြတ်ကျော်က ကြင်စဦးဇနီးသည် စိတ်ထိခိုက်နေသည်ကို သိ၍ ကြင်နာစွာပခုံးကိုလာဖက်ပြီး နှစ်သိမ့်မှုပေးလိုက်သည်။

မသန်းချစ် စကားမပြောနိုင်တော့။ စိုစွတ်မျက်ရည်စက်များနှင့် ဟိုးအဝေးကို ငေးမောကြည့်နေသည့် ရွှေကျိုးညိုကလေးကိုကြည့်၍ မျက်ရည်သာတွင်တွင်ကျနေမိသည်။

ထိုစဉ် ရွှေကျိုးညိုကလေးသည် သစ်ပင်ကိုင်းပေါ်မှခုန်ပျံကာ မသန်းချစ်ပခုံးပေါ်သို့ ဖွဖွလေးလာ၍နားလိုက်သည်ကို အားလုံးပဲမြင်လိုက်ကြရသည်။ မသန်းချစ် အရမ်းဝမ်းသာသွားခဲ့သည်။

ထိုအချိန်မှာပင် . . .

တိရစ္ဆာန်ဖြစ်သော ရွှေကျိုးလေးသည် သူ့သခင်မ မသန်းချစ်ရဲ့ ညာဘက်ပါးကို သူ့ရဲ့နှုတ်သီးနှင့် အတန်ကြာ ဖွဖွလေးတို့ဆိတ်ပွတ်သပ်ပြီးနောက် ရုတ်ခြည်းပဲ ခြံထဲမှသည်မြို့ပြင်သို့ ထိုးပျံသွားတော့သည်။

"ရွှေကျိုးညို"

"ရွှေကျိုးညိုရေ ပြန်လာခဲ့လေ ရွှေကျိုးညိုရဲ့"

မသန်းချစ်ကလည်း လိုက်လှဲသံနှင့် အော်၍ခေါ်သည်။ ကျန်လူများကလည်း ဝိုင်း၍ အော်ခေါ်ကြသည်။

"ရွှေကျိုးရေ လာလာ လာလာ"

"သား ရွှေကျိုးညို ပြန်လာလေ သားရယ် လာလာ လာ လာ"

ရွှေကျိုးညို ပြန်မလာတော့ပါ။ လှည့်၍လည်း မကြည့်တော့ပါ။ နောက်ဆုံး နှုတ်ဆက်သည့်အနေနှင့် ဝန်းကျင်မှာဝဲလိုက်ပြီး ကြေကြေကွဲကွဲ ရင်ခေါင်းသံပါသော (အာလုပ်)သံနှင့် အော်လိုက်ပြီးနောက်



မိုးကောင်းကင်လေထုအတွင်းသို့ တိုးဝင်သွားခဲ့သည်။

သူတို့ တစာစာ အော်ဟစ်ခေါ်နေကြသည့် အချိန်မှာပင် အဖော်ကျိုးအုပ်အကောင် ငါးဆယ်ခန့်သည် ရွှေကျိုးညိုကို ဝမ်းသာအားရ ဖေးမ၍ ဟိုးအဝေးသို့ ခေါ်ဆောင်သွားကြသည်ကို နောက်ဆုံးအဖြစ် ဆို့နစ်ကြေကွဲစွာ မြင်လိုက်ကြရလေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



□

သတ္တဝါ ကြေကွဲမျက်ရည်ကျသည့်မြင်ကွင်းကို ကျွန်တော်တို့ အားလုံး ကိုယ်တိုင်ကြုံလိုက်ရသောအခါ ဘဝ၏ဆန်းကြယ်သော ဖြစ်ရပ်များကို အံ့မခန်း ဖြစ်ခဲ့ရသည်။

လေးစားအပ်ပါသော စာဖတ်သူများ ခင်ဗျား . . .

အကယ်၍များ သွားရင်းလာရင်း ဦးခေါင်းပေါ်မှာ ရွှေရောင်အကွက်ကလေးတစ်ကွက်ပါသည့် ကျီးကန်းကလေးတစ်ကောင်ကို မြင်တွေ့ကြုံကြိုက်ခဲ့ကြပါမူ သူ့မျက်ဝန်းမှာ မျက်ရည်စိုစွတ်နေသည်ကို အစဉ်သတိပြု၍ သတိရကြပါ။

ထိုမျက်ရည်စက်များကို သုတ်ပေးခွင့် ကြုံကြိုက်ခဲ့ပါလျှင် ကရုဏာလက်အစုံနှင့် ရင်ငွေ့ကိုလှုံစေပြီး သုတ်ပေးလိုက်ကြစေချင်ပါသည်။

အဘယ်ကြောင့်ဆိုရပါမူ . . .

သူသည် ဘဝခြားလျက်နှင့် အချစ်အတွက် သံယောဇဉ်အတွက် ရင်ကွဲနာကျကာ မျက်ရည်ကျနေသော လူဝင်စားငှက်တစ်ကောင်ဟု ဆင်မှတ်ဖွယ် ဖြစ်သောကြောင့်ပါတည်း။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



❑

ကျွန်ုပ်သည် စာရေးဆရာ မင်းကြည်လှိုင် လာခေါ်၍ ကျိုက်အင်းဘုရား၌ အစိုဌာန်စခန်းဝင်နေသည့် အဘဦးအောင်ကြီးရှိရာသို့ ရောက်သွားခဲ့သည်။ ထိုစဉ်က ကျိုက်အင်းဘုရား အရှေ့ဘက်မှာလည်း ရှေးဟောင်းကိုးတောင်ပြည့် ဘုရားဟောင်းများ၊ ဂဝံရုပ်ပွားတော်များ၊ ဂဝံသိမ်တော်ကြီးပါ ပေါ်တော်မူနေ၍ အကျော်ဇေယျ ဖြစ်နေချိန်ဖြစ်သည်။ အဘဦးအောင်ကြီးနှင့်တွေ့သောအခါ အဘက နောင်လာနောက်သားတို့ မဆင်မခြင်မလုပ်မိစေရန်အတွက် အလွန်ဆန်းကြယ်လှသော သူ့ဘဝ ကိုယ်တွေ့ဖာတ်လမ်းအား အောက်ပါအတိုင်းပြောပြခဲ့လေသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

❑

ကျုပ်တို့ ကာလသားအရွယ်က မြန်မာပြည်တစ်ဝန်း ကျော်ကြားခဲ့တဲ့ တဘောင်တစ်ခုပေါ်ခဲ့တယ် ကိုညိုမှိုင်းရဲ့။

အဲဒီတဘောင်က ဘာလဲဆိုတော့ "ယက်သဲ့ကြား ငါးတင်တင်တဲ့ငါး ကြောင်စား။ ကျန်တဲ့ငါးမှ ဘုရားကယ်မယ်"တဲ့။

နောက် တဘောင်တစ်ခုကတော့ "ခေတ်ပေါင်းဘုရား တည်ဆိုက်ထား_ မြို့ရွာအမြန်အေးလတ္တံ့"တဲ့။

၁၂၄၇ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့မှာ ကျုပ်တို့ရဲ့ သာသနာ့ဒါယကာ သီပေါမင်းကို အင်္ဂလိပ်က နိုင်ငံပါအမွေသိမ်းပြီး ရတနာဂီရိကို အကျဉ်းသားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်။ အဲဒီအချိန်ကစပြီး တစ်တိုင်းပြည်လုံး ထီးကျိုးစည်ပေါက်လို့ သာသနာတော်ပါ





ာက်ကွယ်လုနီးနီး ဖြစ်ခဲ့ရတယ်။ ဒါနဲ့ သာသနာပြုပုဂ္ဂိုလ်အသီးသီးဟာ အချင်းချင်းညှိနှိုင်းတိုင်ပင်ကြပြီး ဘုရားရှင်ရဲ့ သာသနာတော်ကို ဝါဒခြားမင်းရဲ့လက်အောက်မှာ ကွယ်ပျောက်မသွားစေရန် ွက် သာသနာပြုအဖွဲ့အသီးသီးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ တည်ောင်ခဲ့ကြတယ်။

ဒီအချိန်မှာ တဘောင်တစ်ခု ပေါ်လာပြန်ရောပေါ့။

"ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်၊ ငယ်သာငယ် ယ်ဆယ်မယ့်ဘုရား၊ ခေတ်ကောလီ သုံးဘယ်ကူးအောင်ကွယ် ဖူးကြများ"ဆိုတဲ့တဘောင် တိုင်းပြည်မှာပလူပျံအောင် ကျော်နေချိန်ပေါ့။

အဲဒီအချိန်ကစပြီး မြန်မာပြည်အနှံ့ ကိုးတောင်ပြည့်စေတီတွေတည်ကြပြီး သာသနာ့အကျိုးကိုလုံးပန်းခဲ့ကြတာ ဘာသာသာသနာ ွန်းရှည် ဖွံ့ဖြိုးခဲ့ပါရောလား မောင်ရာ။

မြို့ရွာအနှံ့မှာ စေတီအသစ်တွေတည်ကြသလို ရှေးဟောင်း စေတီပုထိုးများကိုလည်း ဖော်ထုတ်ပြုပြင် ကုသိုလ်ပြုခဲ့ကြတယ်။ ပြောင် ဘာသာရေးကိုအမှီပြုပြီး စည်းလုံးခဲ့ကြတယ်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

☐

အဲဒီအချိန်တုန်းက ကျုပ် ကာလသားပေါ့။ ကျုပ်က အရ
သမား၊ ကြက်သမားပါဗျာ။ ကျုပ်ရယ်၊ ဒီပါရယ်၊ မိုက်ခဲရယ်၊ စိန်
ရယ်ဆိုတာ ကျိုက်အင်ရွာမှာ နာမည်ကြီး လူပေလူတေများပေါ့။

ရိုက်ရမလား၊ နက်ရမလား၊ လုရမလား၊ ရွာမနိုင်သားတွေ
အရက်ချက်တဲ့နေရာ မိုက်ကြေးလိုက်ခွဲ။ ဖဲဝိုင်းလုပ်တဲ့နေရာ မိုက်ကြေ
လိုက်ခွဲ။ အရက်ကို မိုးလင်းအောင်သောက်၊ အိပ်ချင်တဲ့အရပ်မှာအိ
စားချင်တဲ့အရပ်မှာစား။ နွားခိုး၊ ကြက်ခိုး၊ အမျိုးမျိုး ဆိုးကြသူများ
ကျုပ်ထက် ဟိုကောင်သုံးကောင်က ပိုမိုက်တယ်။ ရမ်းကားတယ်။ တစ်
လုံးရဲ့ အော့ကြောလန်စာရင်းမှာ ထိပ်ဆုံးက နံပါတ်တစ်တွေပဲ။

သူကြီးလက်လန်တဲ့လူတွေဆိုတော့ ရွာသားတွေကခေ





ပြောမနေနဲ့။ မျက်မုန်းကျိုးပေါ့ဗျာ။

တစ်နေ့ ကျုပ်တို့ရွာမှာ ကိုးတောင်ပြည့်စေတီထီးတင်ပွဲ လုပ်
တယ်ဗျ။ ဆိုခဲ့သလိုပါပဲ အမြို့မြို့အရွာရွာမှာ ကိုးတောင်ပြည့်စေတီတွေ
တည်နေချိန်ပေါ့။

တစ်ရွာလုံး ဘုရားစေတီထီးတင်ပွဲမှာ လုံးပန်းကြတယ်။ ရွာက
ဆိုင်းဝိုင်းပါထည့်တော့ အကအခုန်တွေနဲ့ ကိုးတောင်ပြည့်ထီးတော်တင်ပွဲ
ဟာ စည်ကားလှသပေါ့ဗျာ။ ညဘက်မှာ ရုပ်သေးပွဲက ပါလိုက်သေးတယ်။
သူကြီးက ပွဲဝင်နေ့မှာ ကျုပ်ကိုခေါ်ပြီး မေတ္တာရပ်ခံတယ်။ အဲဒီမှာ
ခေါင်းဆောင်က ဒီပါလေ။

"ဒီပါ မင်းတို့ဆီက ငါအကူအညီတစ်ခု လိုချင်တယ်ကွာ"

ဒီပါက ခပ်ထွေထွေလေသံနဲ့ . . .

"ဘာ အကူအညီလဲ သူကြီးရ။ ကျုပ်တို့ကို အချုပ်ထဲပို့ဖို့
အကူအညီလား"

"မဟုတ်ပါဘူးကွာ။ တို့ရွာ ကိုးတောင်ပြည့်စေတီထီးတင်မယ်
ဆိုတာကွာ"

"ဘုရားဒကာလိုတယ်ပေါ့"

"အဲ . . . အဲ . . . မင်းကတော့ လုပ်မယ်ကွာ။ ဘုရားထီး
တင်ပွဲမှာ ရုပ်သေးပါမယ်ဆိုတော့ ရွာပေါင်းစုံက လာကြမှာကွယ့်။ အဲဒီမှာ
မင်းတို့ပွဲထိန်းအနေနဲ့ ဝိုင်းကူကြဖို့ပါ"

"ဗျာ ကျုပ်တို့က ပွဲထိန်း ဟုတ်လား"

"အေး"

"ခင်ဗျား ဆယ်အိမ်ခေါင်း၊ ကိုးအိမ်ခေါင်းတွေက ဘယ်သွား
ကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လည်း ပါတာပေါ့ကွာ။ မင်းတို့က အဲ . . . အဲ ဘာခြေ ရမလဲ၊ ရွာမှာ ဩဇာညောင်းတဲ့ ကာလသားတွေဆိုတော့ သူများရွာက လာမကျူးယ်ရအောင်၊ ရန်မဖြစ်ရအောင်၊ ပွဲမပျက်အောင် ထိန်းရေ မင်းတို့ကာလသားတွေနဲ့ ငါတို့အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက် ကြရ ပိုမကောင်းပေဘူးလား မောင်ဒီပါရာ"

သူကြီးက သို့ကလို ဒီပါတို့ကို ရှေ့တန်းတင်လူရာသွင် လိုက်တော့ ဒီပါ ဘဝင်မြင့်သွားတယ်။ တစ်သက်နဲ့တစ်ကိုယ် သူကြ ကိုသာဆောင် ဒါမျိုးတစ်ခါမျှ မပြောဖူးပါဘူး။ အချုပ်ထဲရောက်ရှိရေးသ ကြီးမှုပမ်းတဲ့ သူကြီးပါဗျာ။

"အဲဒီလို လုပ်တဲ့အတွက် အကျိုးအမြတ်အဖြစ် ကျုပ်တို့က ဘာရမှာလဲ သူကြီးရ"

"အကျိုးအမြတ်ကတော့ ကုသိုလ်ပဲပေါ့ မောင်ရာ"

"ဟာဗျာ ကျုပ်တို့က ကုသိုလ်မလိုပါဘူးဗျ။ ကျုပ်တို့ ဘာက အဲ . . . အဲ . . . အရက်ပဲဗျ"

"နည်းနည်းပါးပါး အချမ်းပြေတော့ သောက်ပေါ့ကွာ။ ဖန်တီးပေးပါ့မယ်"

"ပွဲဝင်တဲ့ ညပဲနော်။ နောက်နေ့တော့ ကျုပ်တို့သဘောအတိုင် ထွော်မှာပဲ"

ဒီလိုနဲ့ အပေးအယူမှုသွားပြီး ရှပ်သေးပွဲဝင်တဲ့ ပြာသိုလဆ (၁၄)ရက်ညမှာ ဒီပါက အရက်ကလေးခပ်ထွေထွေနဲ့ ပွဲထိန်းလုပ် ဟိုဩဇာပေး ဒီဩဇာပေး လုပ်တာပေါ့ကွာ။ လူတွေက အမြင်ကတ်ပေ သူကြီးကပါ ပစားပေးထားတော့ မြောက်ကြွမြောက်ကြွ ဖြစ်လို့ပေ သူ့အရှိန်နဲ့ ကျုပ်တို့အုပ်စုကလည်း ကိုယ့်ကိုယ်ကိုယ် မြို့ပိုင်အလာ





ာ်နေကြတာပေါ့ကွာ။

တိုတိုပြောရရင် အဲဒီညကရှပ်သေးပွဲဟာ ဘာပြဿနာမှုမရှိဘဲ အေးချမ်းစွာအောင်မြင်သွားခဲ့တယ်။ သူကြီးကလည်း ဝမ်းသာလွန်းလို့ မိုးလင်းခါနီးကျတော့ သုံးချင်ရာသုံးဆိုပြီး ငွေတစ်ရာချီးမြှင့်ခဲ့တယ်။ ဘာပြောကောင်းမလဲကွာ။ အရက်ကိုးမောင်းသောက်၊ အမြည်းကောင်းကောင်းစားပြီး ပျော်လိုက်ကြ ကလိုက်ကြတာ လှကို လှတ်နေတာပဲ။ ဒီလိုနဲ့ အရက်မူးမူးထွေထွေနဲ့ ကျုပ်တို့လေးယောက် ဘုရားထီးတော်တင်ပွဲ ကျင်းပရာကို ရောက်လာခဲ့ကြတယ်။

အဲဒီမှာ နတ်ဒိုးသံလည်း ကြားရတယ်၊ ချည်တော်တီးသံလည်း ကြားရတယ်။ လူတွေကလည်း ကြိတ်ကြိတ်တိုးစည်ပါ့ဗျာ၊ ကျုပ်တို့ ရောက်သွားတော့ ထီးတော်ကို ပန်းရထားစက်သီးကြိုးနဲ့ တင်နေတယ်။ ရဟန်းသံဃာတော်များ၊ ပိတ်ဖြူဝတ်ပုဂ္ဂိုလ်များဦးဆောင်ပြီး ယောဂီဝတ် အမျိုးသား၊ အမျိုးသမီး၊ ကလေးလူကြီးမကျန် ကြိုးဆွဲပြီး ထီးတော် တင်နေကြတယ်။

ဆိုင်းဝိုင်းကလည်း အောင်စည်တီးလိုက်သမှ မျက်ရည်ကျ လောက်ပါပေရဲ့ကွာ။ နတ်ဒိုးတီးတော့လည်း ဝင်မူးကြ၊ အောင်စည် တီးတော့လည်း ဝင်ကကြနဲ့ တစ်ခါမှုဒီလိုပွဲမျိုး ပျော်စရာကောင်းတာမျိုး မကြုံဖူးပါဘူးကွာ။

ဘုရားစေတီ ထီးတင်ပြီးလို့ ပန်းရထားလည်း မြေပြင်ကိုပြန် ဆင်းလာရော အဲဒီအချိန်မှာ လူကြီးတစ်ဦးရယ် ပရိသတ်အထဲကို မြန်းမြန်း ကမူးရှူးထိုးနဲ့ဝင်လာသမို့ လူအုပ်ကြီးလည်း လန့်ဖျပ်တွန်းလဲကုန်ကြ တယ်။ ကြည့်လိုက်တော့ –

အဘိုးကြီးတစ်ဦးကွ။ အသက်က (၆၀)လောက်ရှိမယ်၊ မှုန်း



www.burmeseclassic.com

www.burmeseclassic.com



အဖြူကွက်တုံးညစ်ထေးထေးကြီးကို ဝတ်လို့၊ ပင်နီအဖြူတိုက်ပုံအကျႌ အနွမ်း ရင်ဘတ်ဟပြဲကြီးနဲ့။ ဆံပင်ရှည်ကို နောက်တွဲထုံးထားတယ်။ လွယ်အိတ်အဖာအထေးအဟောင်းကြီးနှစ်လုံးကို ပခုံးမှာဘယ်ညာစလွယ် သိုင်းထားတယ်။ လွယ်အိတ်တစ်လုံးထဲမှာ စောင်နဲ့တူတဲ့အရာကို တွေ့ရတယ်။ မျက်နှာက ဝိုင်းဝိုင်း၊ မျက်ခုံးကထူထူ တောင်ကြည့် မြောက်ကြည့် မိုးပေါ်မော့ကြည့်နဲ့ လူထူးကြီးပုံစံပါကွာ။

တစ်ကိုယ်လုံးလည်း ကြေး(ကိုး)စော်နံလို့ ရေမချိုးဘူးနဲ့တူပါရဲ့။ ပခုံးပေါ်မှာ မျက်နှာသုတ်ပဝါတစ်ခုလည်း တင်ထားတယ်။ ဝင်လာပုံက လည်း ကြည့်ဦး၊ သီချင်းတစ်ပုဒ်ကို အော်ကြီးဟစ်ကျယ်ဆိုပြီး ဝင်လာ တာဗျာ။

"သမီးတို့ သားတို့ ပန်ဆင်စရာ ရွှေမင်းဝံတောင်ပေါ်ရိုး က ပန်းချိုးလို့လာ၊ အပွင့်ရယ်ဝါ အညာမှာ မြရည်လိမ်း ပန်းနွယ်က စိမ်း . . .။ ဟိန်း လိမ်း ထိန်းကြပေတော့ဟေ့"

အဲဒီလို ငယ်ငယ်ကကြားဖူးတဲ့ သီချင်းကိုအော်ဆိုပြီး ခြေ မြှောက်လက်မြှောက်နဲ့ဝင်လာလို့ လူ့ပရိသတ်အကြားမှာ ကမလို့လုပ်ပါ သေရောဗျာ။

ဆိုင်းဝိုင်းကလည်း အဲဒီအချိန်မှာ နတ်ဒိုးလိုလို ဘာလိုလို တီးလုံးနဲ့ ပင့်လိုက်တော့ ဘာပြောကောင်းမလဲကွာ။ အဲဒီ လူကြီးက သူ့သီချင်းနဲ့သူ ဆိုကပြီး ဘာကြာလဲဟေ့။ လွယ်အိတ်တစ်လုံးထဲ လက်နှိုက်လို့ ပရိသတ်အပေါ် ဖြန့်ကြဲထည့်လိုက်တာ။ အားပါးပါး။ မောင်ကောင်းတံဆိပ်၊ စံလင်းတံဆိပ် ကျပ်တန်တွေနဲ့ ငါးကျပ်တန်တွေ ဆိုတာ ပလူကိုပျံ့သွားတာပဲ။

"ယူကြ ယူကြ သားတို့ သမီးတို့ ယူကြ ကိုးတောင်ပြည့်ဘုရား



ချက်ချင်းမ,ပြီဟဲ့ ယူကြ"

သို့ကလို ပါးစပ်ကလည်းပြော၊ လွယ်အိတ်ထဲလည်း ညာဘက် လက်က နှိုက်နှိုက်ပြီးကြဲလိုက်တာဆိုတာ ဘာပြောကောင်းမလဲကွာ။ ကျလာတဲ့ပိုက်ဆံတွေကို ဝိုင်းလုကြ၊ ကောက်ကြတာ တရုန်းရုန်း တဝုန်းဝုန်းပဲဟေ့။ လူထူးကြီးကလည်း ကြဲသမှ တစ်နေရာတည်းကြဲ တာမဟုတ်ဘူး။ စောစောကသီချင်းကို အသံဝါကြီးနဲ့အော်ဆိုပြီး နေရာ အနှံ့၊ လူအုပ်ရှိရာအနှံ့ လိုက်ကြဲတာကွ။ ပိုက်ဆံကလည်း နှိုက်လိုက် တိုင်း ထွက်ထွက်လာတယ်။ ကလေးလူကြီး ယောကျ်ားမိန်းမမှန်သမျှ ရေသူမရှိသလောက်ဘဲ။

ငါတို့လည်း ဝင်လုကြတာပေါ့ကွာ။ မူးနေတော့ မရပါဘူး။ သူများတွေတက်နင်းလို့ ကံကောင်းလို့ မသေတာရယ်။ အဲဒီအချိန်မှာ ဒီပါက ကျုပ်ပခုံးကိုလာပုတ်ပြီး ခပ်လှမ်းလှမ်းကိုခေါ်သွားခဲ့တယ်။

"အောင်ကြီး လာခဲ့"

"ဘာလုပ်မလို့လဲ ဒီပါ . . . ဒီမှာ"

"အသာနေစမ်းပါကွာ။ အသာနေစမ်းပါ ဝင်မလုစမ်းပါနဲ့ ဒါ ခွင်ကောင်းပဲကွ"

"ဘယ်လို ခွင်ကောင်းလဲကွ"

"ရှူး တိုးတိုး။ အသာကြည့်နေစမ်းပါ။ ငါစီစဉ်ပါ့မယ်"

ဒါနဲ့ ကျုပ်တို့ လေးယောက်သား ပိုက်ဆံကောက်နေကြတဲ့ ပရိသတ်ကို ခပ်လှမ်းလှမ်းကနေ ခပ်ထွေထွေနဲ့ ကြည့်နေလိုက်ကြတယ်။ ဒီအချိန်မှာ လူထူးကြီးဟာ ကိုးတောင်ပြည့်စေတီရဲ့ ဖိနပ်ချွတ်တိုင်ပေါ် ခုန်တက်ပြီး လွယ်အိတ်ထဲလက်နှိုက်လို့ ပိုက်ဆံမိုးရွာပြနေတယ်။ ပရိသတ်ကလည်း အဘ ဒီဘက်ကိုကြဲပါဦး။ အဘ သမီးတို့ဘက်ကို

www.burmeseclassic.com



ကြသိုင်းနဲ့ ကျွက်ကျွက်ကိုညံလို့။ သူကြီးကလည်း အခုလို ရွှေမိုးရွေ ရွာမယ့်သူ့ပေါ်လာတော့ အံ့ဩဝမ်းသာလို့ပေါ့မောင်ရာ။

အဘိုးကြီးကလည်း အသံလာရာဘက်တိုင်းကို ပိုက်ဆံ ကြဲနေတယ်။ ကြဲလို့လည်းဝရော အသံဝါကြီးနဲ့ သီချင်းအော်ဆိုလိုက် တယ်။

"ရွှေမင်းဝံတောင်ပေါ်ရိုးက ပန်းချိုးလို့ ... အပွင့်ရယ် အညွှာမှာ မြရည်လိမ်း။ ပန်းနွယ်က စိမ်း၊ ဟိန်း ... လိမ်း ထိန်း နေတော့ဟေ့"

အဲဒီသီချင်းကို အကြိမ်ကြိမ်အော်ဆိုပြီး အားရပါးရ ရယ်လိုက် ကလိုက်လုပ်နေတယ်။ ကြာတော့ အောက်ကလူတွေကပါ သီချင်း အလွတ်ရကုန်ပြီး ဝိုင်းဆိုကြ၊ ကကြပါလေရောကွာ။ အံ့ဩစရာပါပဲ။

တစ်ယောက် တစ်ယောက် မရှားဆိုရင်တောင် ငွေအစိတ် [illegible]ဘက်ရကြတယ်။ အဲဒီခေတ်က ငွေအစိတ် သုံးဆယ်ဆိုတာ [illegible]အိတ် ဝယ်လို့ရတယ် မောင်ရင်ရဲ့။

[illegible]ဆိုလို့လည်းဝရော လူကြီးက တံတိုင်းပေါ်က ခုန်ဆင်းပြီး [illegible] တောလမ်းလေးအတိုင်း ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ပြ သွားလေရောဟေ့"

"လာ လိုက်ကြစို့"

[illegible] ဒီပဲက ချက်ချင်းအချက်ပေးလိုက်ပြီး ဒီဘက်လမ် [illegible]ခေါ်လည်းခေါ်ရော တို့သုံးယောက်လည်း က [illegible]ပဲတော့။ အမှန်က ဖြတ်လမ်းကနေ လိုက်ကြ [illegible]လည်းကြာရော ဟိုအဘိုးကြီးကို တွေ့ရ [illegible]





လူကြီးက ညောင်ပင်မြစ်ဆုံပေါ်မှာထိုင်ပြီး လွယ်အိတ်ထဲက ငှက်ပျောတစ်ဖီးကိုထုတ်လို့ တစ်လုံးပြီးတစ်လုံး အခွံနွှာစားနေတယ်။ အဲဒါကို တို့အုပ်စုကချောင်းကြည့်ရင်း မြင်နေရတယ်။

"ဘာလုပ်ကြမှာလဲ ဒီပါ"

"ဘာလုပ်ရမှာလဲ မိုက်ခဲရ၊ ဒီလူကြီး လွယ်အိတ်ထဲမှာ ပိုက်ဆံ တွေ အများကြီးရှိနိုင်တယ်။ ရှိလို့လည်း ဒီလိုအသားလွတ်လာကြတာ ပေါ့"

"ဟုတ်ပါ့မလားကွာ။ အခုလောက်ဆို ကုန်ရောပေါ့ကွာ"

"ကုန်တယ်လို့ မင်းဘယ်လိုပြောနိုင်မလဲ"

"အဲ ... အဲ အဲဒါတော့"

"မင်းတို့ အားလုံးနားထောင်၊ ငါတို့ဒီလူကြီးရဲ့ လွယ်အိတ်ကို ဝင်လုကြမယ်။ မရရင် ဝိုင်းရိုက်မယ်၊ အလွယ်နဲ့မရရင်တော့ ထုံးစံအတိုင်း ပေါ့ကွာ။ အဓိကလွယ်အိတ်နှစ်လုံးရရင် တော်ပြီ။ ကိုင်းစကြစို့"

ကျုပ်လန့်သွားတယ်။ ပြောရရင် ကျုပ်လည်း လူဆိုးလူသွမ်း တစ်ယောက်ပါကွာ။ ဒါပေမဲ့ ဒီလူကြီးကို သူတော်ကောင်းကြီးအဖြစ် ကျုပ်နားလည်ထားတယ်။ ကြည့်စမ်းကွာ။ ဘယ်ရွာသား သူဌေးသူကြွယ် မှ မကြဲနိုင်၊ မလှူနိုင်တဲ့ ပိုက်ဆံတွေကို ဘယ်ကမှန်းမသိတဲ့ လူစိမ်း လူကြီးတစ်ဦးက သဒ္ဓါပေါက်စွာနဲ့ လာကြတာကို ကျုပ်တို့က အန္တရာယ် ပြုရမတဲ့လား။ ခက်တာက ဒီပါ။ ဒီကောင်က လူတစ်ဖွတ်ထိုး၊ လူမိုက်။ ပြီးတော့ ကျုပ်တို့အဖွဲ့ရဲ့ ခေါင်းဆောင်။ သူက သူ့စကား နားမထောင်ရင် ဒုက္ခပေးတတ်တဲ့အကောင်။ ကျုပ်ကန့်ကွက်နိုင်စွမ်း မရှိဘူး။

ဒီလိုနဲ့ ကျုပ်တို့လေးယောက် သစ်ပါးပျဉ်းပေါ်ထိုင်နေတဲ့ လူကြီး ကို တုတ်ကိုယ်စီကိုင်လို့ ဝိုင်းလိုက်ကြတယ်။ ကျုပ်တို့ရဲ့ အသွင်အပြင်



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကို မြင်တယ်ဆိုရင်ပဲ လူကြီးက စားလက်စငှက်ပျောခွံကို လွှင့်ပစ်လိုက်ပြီး –

"ဘာအလိုရှိလို့လဲ လူကလေးတို့"

"ကျုပ်တို့လိုချင်တာ ခင်ဗျားရဲ့လွယ်အိတ်နှစ်လုံးပဲ အဘိုးကြီး"

"ဟော လွယ်အိတ်နှစ်လုံး။ ဘာ . . . ဘာလုပ်ဖို့များလဲဗျာ"

"စကားမရှည်နဲ့။ ပေးမလား မပေးဘူးလား"

"မပေးနိုင်ပေါင်ဗျာ။ ဒါကျုပ်ကိုယ်ပိုင်ဥစ္စာ။ မပေးနိုင်ပေါင်"

"ဟာ ပြောနေကြာတယ် ဝိုင်းချကြကွာ"

"ဖုန်း . . . ဖုန်း"

"ခွပ် . . . ဘုတ်"

"အား . . . အ . . . အ"

"အင့် . . . ဖုန်း"

"အား . . . အမယ်လေး။ ဟော့ကောင်တွေ ဟော့ ဟော့ အား . . ."

သူတို့သုံးယောက်ဟာ လူကြီးရဲ့ ကျော၊ လက်ပြင်၊ ဦးခေါင်း၊ ခြေ၊ လက်တွေကို လက်ထဲမှာပါတဲ့တုတ်တွေနဲ့ ဝိုင်းရိုက်လိုက်ကြတာ ကွာ၊ ဘာကြာလဲ လူကြီးမြေကြီးပေါ်မှာ လူးလွန့်အော်ဟစ်နေရရှာတယ်။ ဒီတင် ဒီမိုက စလွယ်သိုင်းထားတဲ့လွယ်အိတ်နှစ်လုံးကို ပတ်ဝန်းကျင် မမြင်ခင် အမြန်ဖြုတ်လို့ တောလမ်းအတိုင်း ထွက်ပြေးသွားတယ်။

မိုက်ခဲရယ်၊ စိန်ကြီးရယ်ကလည်း နောက်ကနေ အပြေးလိုက်သွားခဲ့ကြတယ်။ ကျုပ်လည်း ကြောက်ကြောက်နဲ့ပြေးလိုက်သွားတယ်။ ဒီအချိန်မှာဆို ဟိုကောင်သုံးကောင် ဘယ်ရောက်သွားမှန်းမသိရတော့ဘူး။





ကျုပ် သူတို့နောက်ကိုလိုက်သွားရင် ကောင်းမလား။ လူကြီးကိုတောင်းပန်ရင်း ပြုစုပေးရကောင်းမလား။ ချီတုံချတုံစဉ်းစားနေရာကနေ မထူးပါဘူး ဒီအဘိုးအိုကြီးမှာ အပြစ်မရှိပါဘူး။ ငါသွားကူညီမယ်ဆိုပြီး အဘိုးအိုကြီးရှိရာကို ပြေးလာခဲ့လိုက်တယ်။ လူကြီးက သွေးတွေပေလူးပြီး သနားစဖွယ်ဘယ်ညာလူးလိမ့်နေတယ်။

ကျုပ်ရင်ထဲမှာ လူကြီးရဲ့ သနားစရာ အပြစ်မဲ့မြင်ကွင်းကို မြင်ရပြီး စိတ်ထိခိုက်သွားခဲ့တယ်။

"အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

"အဘ . . . အဘ"

"အား . . . ရက်စက်တဲ့အကောင်တွေပဲကွယ်၊ အား . . . အ"

"အဘ . . . အဘ ထနိုင်ရဲ့လားဟင်။ ကျွန်တော် ကူညီမယ်နော် အဘ"

ကျုပ်က ရေအိုးစင်က ရေတစ်ခွက်ခပ်ပြီး ကျနေတဲ့အဘရဲ့ မျက်နှာသုတ်ပဝါကို ရေဆွတ်ပြီး ခပ်ဖွဖွလေး သန့်စင်ပေးလိုက်တယ်။ မကြာခင် အဘဟာနေသာထိုင်သာရှိလာတယ်။

"အဘ အဘကောင်းသွားပြီလား"

"အေးကွာ ထနိုင် ထိုင်နိုင်ပါပြီ။ လူမိုက်တွေပဲကိုးကွယ့်။ ဒါနဲ့ သားနာမည်က ဘယ်သူလဲ"

"မောင်အောင်ကြီးလို့ ခေါ်ပါတယ် အဘ"

"မောင်အောင်ကြီးနေတော့ရော"

"ဒီကျိုက်အိုင်ရွာမှာပါပဲ ခင်ဗျ"

"ငါ့သား ဟိုလူမိုက်တွေနဲ့ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"တုတ် . . . ဟုတ်ကဲ့ သိ . . . သိပါတယ်ခင်ဗျ"

"အင်း . . . လူမိုက်တွေ လူမိုက်တွေ။ ဒုက္ခရောက်ကြတော့မှာပါလား။ အား . . . ကျွတ် . . . ကျွတ် အေးလေ ကံစီမံရာအတိုင်း ဖြစ်ကြရမှာတို့ သားရယ်။ ကဲ . . . ကဲ အဘသွားမယ်"

"အဘ ဘယ်မှာနေလဲဟင် အဘ"

"ဩော် အေး အေး အဘလား၊ နေရာအနှံ့အပြား လျှောက်သွားနေတာပါပဲ သားရယ်"

"အဘ ဟို . . . ဟို သားတို့မှာ အပြစ်ရှိရင် ခွင့်လွှတ်ပါနော်အဘ။ သားကန်တော့တောင်းပန်ပါတယ် အဘရယ်"

ကျုပ်က သို့ကလို ပြောပြီး အဘ လူထူးဆန်းကြီးရဲ့ ခြေအစုံကို ဦးခိုက်ကန်တော့လိုက်တယ် ဆိုရင်ပဲ –

"သာဓု . . . သာဓု . . . သာဓု၊ လူလေး မောင်အောင်ကြီး"

"ခင် . . . ခင်ဗျာ အဘ"

"ဒီလူစုကြီးထဲမှာ ငါ့သားက သူတော်ကောင်းလေးပဲကိုး။ အဘလို့သူတို့နဲ့ ...င်းပြီး မုဘဲတင်းနက်ချင်ရတာလဲ သားရယ်"

"ခင်ဗျာ"

"အဘ သိပါတယ်ကွယ်။ အိမ်း လူကောင်း စိတ်ကောင်းရှိသူတွေကို ဘုရားမ.ပါလိမ့်မယ် သားရယ်။ ဒါကြောင့် ယက်သုံကြား ငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ငါး ဘုရားကယ်လိမ့်မယ်လို့ တဘောင် ဆိုခဲ့ရသပေါ့။ ကိုင်း . . . ငါ့သားသူတော်ကောင်းလေးကို အဘချီးမြှင့်ခဲ့မယ်ကွယ်။ မင်းအိတ်ထဲမှာ ဘာပါသလဲ ပြောစမ်း"

ဒါနဲ့ ကျုပ်က အိတ်ထောင်ထဲ လက်နှိုက်စမ်းကြည့်လိုက်တော့ မတ်စေ့လေးတစ်စေ့ ရလိုက်တယ်။ အဲဒီမတ်စေ့ကို အဘထံဖြန့်





...ိုက်တော့ အဘက မတ်စေ့ကို လှမ်းယူလိုက်ပြီး သူ့ဘယ်ဘက် ...ဖဝါးပေါ် တင်လိုက်တယ်။ ပြီးတော့ နေထွက်ရာအရပ်ကို မျက်နှာ...ပြုလိုက်ပြီး ဂါထာတစ်ပုဒ်ကို နှုတ်ကရွတ်လို့ သူ့ညာလက်ဖဝါးနဲ့ မတ်စေ့ကို ...သုံးကြိမ်ရိုက်ချလိုက်တယ်။

"ရော့ လူကလေး၊ ဟောဒီမတ်စေ့ကို သေသေချာချာသိမ်း။ ...နာရောဂါဖြစ်ရင် ရေစိမ်သောက်။ ပယောဂဝင်ရင် မတ်စေ့ကို ရေစိမ်...ိုက်၊ ဖျန်း။ ရတနာသုံးပါးကို ဆည်းကပ်ပါ။ ကျွဲသား၊ နွားသားကို ...ှောင်ပါ။ သူတော်ကောင်းတွေ၊ အပြစ်မဲ့တဲ့သူတွေကို မပြစ်မှားနဲ့။ ...ငါးပါးကို လုံအောင်ရှောင်ပါ။ ငါ့သား အန္တရာယ်ကင်းပြီး တစ်နေ့ ...ီးပွားချမ်းသာလိမ့်မယ်၊ ကိုင်း အဘသွားမယ်"

"အဘ ဟို . . . ဟိုကိစ္စ ရဲ . . . ရဲကို"

"အဘ မတိုင်ပါဘူး သားရယ်။ ဒါလည်း ဒါန်လို့ပဲ မှတ်လိုက် ...ယ်။ ကိုင်း . . . သွားပြီဟေ့"

ပြောရင်းဆိုရင်း အဘ ဖုတ်ဖက်ခါပြီး လူကောင်းတစ်ယောက် ...သွင်အတိုင်း ဟိုးအရှေ့စူးစူးကဘက္ကလမ်းရှိရာအရပ်သို့ သီချင်းအော် ...ပြီး ထွက်သွားတော့တယ်။

ကျုပ်ကတော့ အဘ မန်းမှုတ်ပေးသွားတဲ့ မတ်စေ့ကလေးကို ...ျစ်ကျစ်ပါအောင် ကိုင်ဆုပ်ရင်း ငေးမောကျန်ရစ်ခဲ့တာပေါ့။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❑

"အောင်ကြီး ... အောင်ကြီး ... မြန် ... မြန် ... လာ ပါဦးဟ"

အသံကြားလို့ လှည့်ကြည့်လိုက်တော့ စိန်ကြီးရယ်။ မျက်နှာ ထိတ်လန့်စိုးရိမ်နေတဲ့အသွင်နဲ့ မောကြီးဟိုက်ကြီးဖြစ်ပြီး စကားကော င်းကောင်း မပြောနိုင်ရှာဘူး။ အဝတ်အစားတွေလည်း ချွေးတွေရွှဲရွှဲစို ပုဆိုးအောက်နားကလည်း ကွဲလို့။

"စိန်ကြီး ဘာဖြစ်လို့လဲ"

"လာပါကွာ နောက်မှမေးပါ။ ဟို ... ဟိုမှာ ဒီပါနဲ့မိုက် လာ မြန်မြန်လာပါဟ"

သူ့စကားကို ဆုံးအောင် မပြောနိုင်တော့ဘူး။ ကျုပ်လက်





ဆွဲပြီးခေါ်လို့ တောလမ်းလေးမှသည် ရွာသားတွေထင်းခုတ်တဲ့ တောထဲကို ပြေးသွားလိုက်ကြတယ်။

"ဟိုမှာ ဒီပါနဲ့မိုက်ခဲ"

"ဟာ ..."

"အမယ်လေး ကြောက်လိုက်တာ အောင် ... ကြီးရာ"

မြင်လိုက်ရသည့် မြင်ကွင်းက စိတ်မသက်သာစရာ၊ ထိတ် လန့်စရာပါကလား။ မိုက်ခဲနဲ့ဒီပါဟာ ပြာနှမ်းတဲ့ကိုယ်ရောင်နဲ့ မျက်လုံး ပြူး၊ နှာခေါင်းများမှ သွေးများစီးကျကာ အသက်မဲ့နေကြပြီ။

"အမယ်လေးဗျ"

ကျုပ်အကြီးအကျယ် လန့်သွားတယ်။ မြင်လိုက်တာ အခြား မဟုတ်ဘူး။ ဒီပါနဲ့ မိုက်ခဲတို့ရဲ့ အလောင်းခေါင်းရင်းမှာ လက်မောင်းခန့် ရှိတဲ့ နက်ပြောင်ပြောင် ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီး နှစ်ကောင်ကို မြင်လိုက်ရလို့ပဲ။

ကျုပ်တို့နှစ်ယောက် မြွေဟောက်နှစ်ကောင်ကိုကြည့်ပြီး အသား တွေ တဆတ်ဆတ် တုန်နေတယ်။ စိန်ကြီးကကြောက်လန့်လို့ ပါးပြင် ပေါ် မျက်ရည်တွေစီးကျနေတယ်။ ကျုပ်လည်း မကပ်ရဲတာနဲ့ အသာ နောက်ဆုတ်ပြီး အခြေအနေကို ကြည့်နေလိုက်တယ်။ မြွေဟောက် နှစ်ကောင်ဟာ ကျုပ်တို့နှစ်ဦးအနက်က စိန်ကြီးကို မျက်လုံးရဲရဲနဲ့ စိုက်ကြည့်နေတယ်။ ကြာတော့ စိန်ကြီးမနေရဲဘဲ ကျုပ်လက်ကိုဆွဲပြီး ရွာထဲကို ပြန်ပြေးခဲ့ကြတယ်။ ကျုပ်လည်း သူကြီးအိမ်သွား အကျိုး အကြောင်းပြောပြလို့ သူကြီးတို့အဖွဲ့နဲ့ တောထဲပြန်လာပြီး လူသေ အလောင်းနှစ်လောင်းကို ရွာသားတွေအကူအညီနဲ့ ပြန်သယ်လာခဲ့ကြ တယ်။ မြွေနှစ်ကောင်ကတော့ မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ကြတာလဲ စိန်ကြီးနဲ့ အောင်ကြီးရာ"

ကျုပ်က ကျုပ်သိသလောက် အပိုင်းကို ပြောပြလိုက်တယ် ကျွန်တဲ့ တောထဲကအဖြစ်အပျက်ကိုတော့ စိန်ကြီးက ငိုသံပါကြီး တောဒီလို ပြောပြခဲ့တယ်။

"ကျုပ်တို့ သုံးဦး အဲဒီလူကြီးဆီက လွယ်အိတ်နှစ်လုံး နိုက်လုပြီး တောထဲကို ပြေးလာခဲ့ကြတယ်ဗျ။ တောထဲလည်းရောက်ရော ဖောင်းနေတဲ့ အိတ်ကြီးနှစ်အိတ်ကို ဒီပါနဲ့မိုက်ခဲက အလောတကြီးနှိုက် ကြည့်လိုက်ကြတာ အဲဒီအထဲမှာ ငွေစက္ကူတွေနဲ့ အဖိုးတန်ရွှေငွေ ရှိဦးမယ်အထင်နဲ့ နှိုက်လိုက်တဲ့အချိန်မှာပဲ နှစ်ဦးစလုံး အားခနဲ အော် မြေကြီးပေါ်လဲကျ တွန့်တွန့်လူး။ မျက်လုံးနဲ့ ပါးစပ်ထဲက သွေး တွေထွက်လာပြီး လဲကျသေဆုံးသွားကြတယ်။ တစ်ပြိုင်နက်တည်းမှာ လွယ်အိတ်နှစ်လုံးထဲက မြွေဟောက်ကြီးနှစ်ကောင် ထွက်လာတာ ကျုပ်လည်း . . . ၊ ဖြစ်စဉ်ကတော့ ဒါပါပဲ သူကြီးရယ်"

"တောက် တော်တော့်ကို မိုက်တဲ့ကောင်တွေကွာ။ အဲ လူသူတော်ကောင်းကို သွားပြစ်မှားလို့ ကံကြီးထိုက်တာ။ ဒီပုဂ္ဂိုလ် ဘယ်လိုပုဂ္ဂိုလ်ထူးလဲဆိုတာ မင်းတို့ငါတို့ သိတာမဟုတ်ဘူး။ သူ တို့ရွာရဲ့ ကိုးတောင်ပြည့်စေတီ ထီးတင်ပွဲမှာ ထူးထူးခြားခြားငွေအ ကြီး လာရောက်ကြဖြန့်လှူဒါန်းသွားတယ်ဆိုကတည်းက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်လို့သာပေါ့ လူမိုက်တွေရဲ့။ ဒီလောက်တောင် အမြော်အမြင် နည်းရလားကွာ။ ခုတော့ မင်းတို့ ကိုယ့်အကုသိုလ်နဲ့ကိုယ်ခံကြရပြီ။ ဘယ်သူမှ ကယ်လို့မရတော့ဘူး။ ကိုယ့်ထိုက်နဲ့ ကိုယ်ခံကြပေတော့"

❋ ❋ ❋ ❋ ❋

❑

ဒီပါနဲ့မိုက်ခဲကို မီးသငြိုဟ်ပြီးနောက်နေ့မှာ စိန်ကြီးတစ်ယောက် သွေးအန်ပါလေရောဟေ့။ ဘယ်ဆရာမှုကုလို့မရဘူး။ စိန်ကြီး အမေ လေ။ အဘလေး တနေရတယ်။ စိန်ကြီးမိန်းမခင်အေးမှုလည်း ကယ် ပါဦး ကိုအောင်ကြီးရဲ့ဆိုပြီး ငိုကြီးချက်မ ရင်ဘတ်စည်တီးနဲ့ ရောက် လာတယ်။

ဒါနဲ့ကျုပ်လည်း အမောတကော လိုက်သွားခဲ့တယ်။ စိန်ကြီး ဟာ အိပ်ရာထဲမှာ သွေးတုံး၊ သွေးခဲတွေနဲ့ မြင်လို့မကောင်းဘူး။ မျက် ရည်တွေလည်းကျလို့။ သူ့သမီးလေးနှစ်ယောက်က အဖေ အဖေနဲ့ ဖက်ပြီး ငိုနေရှာတယ်။ ကျုပ်လည်းမြင်ရော စိန်ကြီးဟာ ရှိုက်ကြီးတငင် ပြီး . . .

www.burmeseclassic.com



"ငါ ငါတို့ မှားတယ် အောင်ကြီးရာ။ အောင်ကြီး . . . ငါ့ကို ကယ်ပါဦး သူငယ်ချင်းရာ ဟီး . . . ဟီး . . . ဟီး"

စိန်ကြီးဟာ ငိုလိုက်၊ သွေးတွေအန်လိုက်နဲ့ မြော့မြော့ပဲ ကျန် တော့တယ်။ သတင်းမေးလာကြတဲ့ လူတွေကလည်း စိန်ကြီးတော့ ဒီပ တို့နောက်ကို မိုက်မွေနဲ့လိုက်ရတော့မယ်လို့ ဝေဖန်နေကြတယ်။ ဒါနဲ့ ကျုပ်လည်း တစ်ခုကို သွားသတိရတယ်။ အဲဒါက အဘစီရင်ပေးခဲ့တဲ့ မတ်စေ့လေးပဲ။ ဟုတ်ပြီ၊ ငါစမ်းသပ်မယ်ဆိုပြီး အိမ်ကို ကပျာကယာ ပြန်ပြေးလာ၊ ဘုရားစင်ပေါ်က မတ်စေ့ကလေးယူလို့ သောက်ရေတစ်ခွက် ခပ်ပြီးရေစိမ်လိုက်တယ်။

ပြီးတော့ အနန္တော အနန္တငါးပါးကို အာရုံပြုလိုက်တယ်။ အဲ အချိန် မျက်စိထဲ အဘလူထူးဆန်းကြီးရဲ့ ရုပ်ပုံဘွားခနဲပေါ်လာတာကို တွေ့လိုက်ရတယ်။ ကျုပ်လက်အုပ်ချီပြီး သစ္စာပြုလိုက်တယ်။

"အနန္တော အနန္တငါးပါးနှင့် ကျေးဇူးရှင် အဘခင်ဗျား၊ သားကြီး မှန်သောသစ္စာပြုပါတယ်။ ဒီနေ့ဒီအချိန်မှစ၍ သေရည်သေရက်များကို မသောက်တော့ပါ။ ကြွဲသား၊ နွားသားများကို မစားတော့ပါ။ မကောင်း ဒုစရိုက်များ ပါဏာပေတံ အသက်ထက်ဆုံး ရှောင်ကြဉ်ပါ့မယ်အဘ ဤမှန်သော သစ္စာစကားကြောင့်လည်းကောင်း၊ အဘစီရင်ပေးသနား ခဲ့သည့် ဤမတ်စေ့၏ တန်ခိုးအာနိသင်အစွမ်းကြောင့်လည်းကောင်း တစ်ကြိမ်တစ်ခါမိုက်မဲ၍ အဘအား စော်ကားကျူးလွန်ခဲ့မိသော ဤ သူငယ်ချင်းကိုစိန်ကြီးအား သနားသဖြင့် ကယ်တင်စောင်မတော်မူ ကျေးဇူးရှင် အဘခင်ဗျား"

အဲဒီလို သစ္စာပြုပြီးနောက် မတ်စေ့စိမ်ထားတဲ့သောက်ရေ လူမမာစိန်ကြီးအားတိုက်လိုက်ပြီး ဆံဖျားမှခြေဖျားအထိကိုလည်း အဲ





မတ်စေ့စိမ်ရေနဲ့ ဖျန်းတောက်သပ်ချပေးလိုက်တယ်။

မကြာခင် စိန်ကြီး မျက်စိနှစ်လုံးမှိတ်ပြီး ငြိမ်သက်သွားခဲ့ တယ်။ အိမ်သားတွေနဲ့ ဆွေမျိုးသားချင်းတွေက စိန်ကြီးအသက်ထွက် သွားပြီဆိုပြီး အော်ဟစ်ငိုလိုက်ကြတာ ကျွက်ကျွက်ညံလို့။ ဒီတင် ကာလသားတွေနဲ့ လူကြီးတွေက သင်္ဂြိုဟ်ရေးကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲ တိုင်ပင်နေတုန်းရှိသေး စိန်ကြီးလူးလွန့်ပြီး နိုးလာပါလေ ရောဗျာ။

အို တစ်အိမ်သားလုံး တစ်ဆွေမျိုးလုံးဆိုတာ ဝမ်းသာလွန်းလို့ ငိုကြ၊ ရယ်ကြ၊ ပြေးဖက်ကြ၊ ထခုန်ကြ၊ အံ့သြကြပေါ့ကွာ။ အဲဒီအချိန် ကစပြီး စိန်ကြီးလုံးဝသွေးမအန်တော့ဘူး။

နောက်နေ့ကျတော့ ကန်တော့ပွဲတစ်ပွဲပြင်ပြီး ကျေးဇူးရှင်အဘ ကိုရည်မှန်းလို့ တောင်းပန်ဒတ်ဖြေလိုက်တယ်။ ဒီလိုနဲ့စိန်ကြီး နောင်တ တရားရပြီး အသက်(၅၀)ထိ ဘုရားတရားနဲ့ နေသွားခဲ့တယ်။

ကျုပ်လည်း အဲဒီအချိန်ကစပြီး အကျွတ်တရား၊ အသိတရား များရပြီး တန်ဖိုးရှိတဲ့ အသိတစ်ခု တိုးလာခဲ့တယ်။ ဟောဒီလောကမှာ မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းများ ရှိတယ်။ အဲဒီ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းများဟာ လူ့လောကအတွင်းကို အချိန်အခါ ဆိုက်ရင် အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ရောက်လာလေ့ရှိတယ်။ အသွင် သဏ္ဌာန်နိမ့်ကျမှုကိုကြည့်ပြီး မစော်ကားမရှုတ်ချရဘူး။ အချို့ ပုဂ္ဂိုလ်များ က လူတွေကို မ,စချင်လို့ လာတာရှိသလို ဆုံးမသွန်သင်သတိ ပေးချင်လို့ လာတာလည်းရှိတယ်ဆိုတဲ့ အသိတစ်ခုတိုးလာခဲ့တယ်။

အဲဒီအချိန်ကစပြီး အဘစီရင်ပေးခဲ့တဲ့ ထူးဆန်းသောမတ်စေ့ နှင့် ရောဂါအမျိုးမျိုး၊ ပယောဂအမျိုးမျိုးကိုကုပြီး ကျုပ် အသက်မွေးဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းခဲ့ရင်းနဲ့ နောက်ဆုံး တိုင်းရင်းဆေးဆရာဘ၀၊ ဝိဇ္ဇာဓရဆေးဆရာဘ၀နဲ့ရပ်တည်ခဲ့ပြီး ဘာသာသာသနာအကျိုးကို ပြုလုပ်ရင်းနဲ့ နိဗ္ဗာန်စခန်းကျင့်စဉ်ကို ကျင့်ကြံခဲ့တယ်။

"အခု အဲဒီမတ်စေ့လေး ရှိပါသေးလား အဘဦးအောင်ကြီးခင်ဗျား"

ကျွန်တော် အခုလိုမေးလိုက်တော့ အဘဦးအောင်ကြီးက ဒီလိုဖြေခဲ့တယ်။

"ကျုပ်ဘ၀ နေဝင်ချိန် နီးလာပါပြီ။ ကျုပ်လည်း ကုသိုလ်ရအောင်၊ စွန့်ကြဲစီရင်ပေးခဲ့တဲ့ ကျေးဇူးရှင်အဘလည်း ကုသိုလ်ရအောင် ကျိုက်အင်းဘုရားရှေ့က ရွှေးဟောင်းပေါ်တော်မူစေတီ ဌာပနာပိတ်ပွဲမှာ အဲဒီမတ်စေ့ကို ဘုရားဌာပနာပစ္စည်းတစ်ခုအနေနဲ့ ကျုပ် လှူဒါန်းထည့်သွင်းခဲ့လိုက်တယ် စာရေးဆရာ"တဲ့။

❋ ❋ ❋ ❋ ❋

❏

အဘဦးအောင်ကြီး အဓိဋ္ဌာန်စခန်းဝင်နေရာ သမိုင်းဝင်ရှေးဟောင်းကျိုက်အင်းစေတီတော်မှ ပြန်လာခဲ့တော့ အဘဦးအောင်ကြီးရွတ်ပြသည့် ရှေးသီချင်းသံက ကျွန်တော့်ရင်ကို စီးကူးပူးကပ်၍ ပါလာခဲ့သည်။

"သမီးတို့ သားတို့ ပန်ဆင်စရာ ရွှေမင်းဝံတောင်ပေါ်ရိုးကနေ့ချိုးလို့လာ၊ အပွင့်ရယ်ဝါ အညွှာမှာ မြရည်လိမ်း ပန်းနွယ်ကစိမ်းတိန်း လိမ်း ထိန်းကြပေတော့ပေ့"

အပွင့်ရယ်ဝါတဲ့။ ဒါက ဘာသာသာသနာဝင်းမယ့် လင်းမယ့်အဓိပ္ပာယ်ပဲ။ အညွှာမှာ မြရည်လိမ်းတဲ့။ ဒါကတော့ စည်းလုံးခြင်းနှလုံးခြင်းရဲ့ သဘောအဓိပ္ပာယ်ပါလား။ ပန်းနွယ်ကစိမ်း။ စဉ်းစားကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်သာသနာသည် အစဉ်စိမ်းစိုတော့မည့် သဘောပဲ။ ဟိန်း... လိမ်း . . . ထိန်း ဒါက ကမ္ဘာကျော်မယ့် အဓိပ္ပာယ်ရည်ညွှန်းတာ ဖြစ်လိမ့်မည်။ ကျွန်တော်တို့ လိမ်းကြစို့၊ ခြယ်ကြစို့။ သည့်နောက် ကျွန်တော်က လင်္ကာလေးကိုစိတ်မှ ရွတ်ဆိုနေမိသည်။ အဓိပ္ပာယ်အနှ သာရကို ခံစားမိရလာသောအခါ နှုတ်မှ အသံထွက်၍ ရွတ်ဆိုနေမိသည် အားလုံးဝိုင်း၍ ရွတ်ဆိုကြပါကုန်လော့။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သန်လျင်သည် ရှေးခေတ်ပုဂံပြည်ကဲ့သို့ပင် စေ
ပုထိုးဘုရားဂူကျောင်းများ လွန်စွာပေါ်များသည့် အရပ်ဒေသဖြစ်သည်
ဤဒေသကို လွန်ခဲ့သည့်နှစ်ပေါင်း (၂၅၀၀)ကျော်ခန့်က ပါဒနိုင်ငံတော်
ဟုခေါ်ခဲ့၏။ သန်လျင်သည် ပါဒနိုင်ငံတော်ဧရိယာဝန်းကျင်ထဲမှာ နယ်စွ
နယ်ဖျားများအဖြစ် ပါဝင်ခဲ့၏။ သန်လျင်မြို့အဖြစ် တည်ရှိလာခဲ့တေ
ထီးကြီးနန်းကြီးနှင့် ဟည်းဟည်းထခဲ့ဖူး၏။ ဆိုရလျှင် . . . ပါဒဘုရ
တိဿဘောဂသေနမင်းမှစ၍ နောက်ဆုံးမင်း နရိန္ဒရာဇာမင်းအထိ ပါ
မင်းဆက် (၃၄)ဆက်ရှိ၏။ နရိန္ဒရာဇာမင်းကို ဖက်ယားကြီးရွာသာ
ငသန်လျင်က ကျိုက်ခေါက်ဘုရားအရှေ့အရပ်မှာ ထိုးစစ်နှင့်ရင်ဆိုင်
အနိုင်ယူအောင်ပွဲခံပြီးသည့်အချိန်မှစ၍ ပါဒနိုင်ငံတော်ကြီးမှေးမှိန်စပြုကာ





သန်လျင်မင်းဆက် (၆)ဆက်က သန်လျင်မြို့ကိုဗဟိုပြု၍ အုပ်ချုပ်ခဲ့သေးသည်။

သန်လျင်မင်းဆက် (၆) ဆက်မှာ –

(၁) မောင်သန်လျင်မင်း (စောလီလတ်ရှဲ)
(၂) မောင်ဒီမင်း (ဗညားဒလ)
(၃) ထမလောက်မင်း
(၄) ဗညားမထီရွတ်ပိမင်း
(၅) သီဟရာဇာမင်း
(၆) ဇေယျသေနမင်းတို့ဖြစ်သည်ဟု ပါဒသမိုင်းကဆိုခဲ့သည်။ ပါဒမင်း (၃၄)ဆက်အနက် မင်း(၇)ဆက်သည် ထေရဝါဒဗုဒ္ဓသာသနာကို နေလိုလလိုတောက်ပအောင် အစွမ်းကုန်ဆောင်ရွက်၍ သာသနာပြုခဲ့ကြသည်။ ပါဒဆံတော်ရှင်မှအစပြု၍ ဘုရားစေတီ ကျောင်းအန်ဇရပ်သိမ်တော်ကြီးများကို လက်ညှိုးထိုးမလွဲ တည်ခဲ့ကြသည်။

ကျွန်မင်းများကား သူတစ်လူ ငါတစ်မင်းနှင့် စစ်ခင်းနေကြ၏။ ဒုင်းမင်းများရဲ့ အပြီးမပြေနိုင်သော စစ်ပွဲအနိဋ္ဌာရုံများကြောင့် သူတို့အလျင် မင်းအဆက်ဆက်တို့၏ကောင်းမှုတော် သာသနိကအဆောက်အအုံမှန်သမျှတို့သည် ပျက်စီးပျောက်ပျက်ရတာလည်းရှိခဲ့သည်ဟု ဖတ်ရှုရသည်။

သန်လျင်မင်း (၆)ဆက် လက်ထက်သို့ ရောက်သောအခါ ထေရဝါဒဗုဒ္ဓသာသနာသည် ပြန်လည်ဦးမော့စည်ပင်လာသည်။ သန်လျင်မင်းများကောင်းမှုတော်စာရင်းဝင် စေတီပုထိုးများ အမြောက်အမြားရှိသည်။ သန်လျင်မင်းများနှင့်အတူ မြို့စားရွာစား အမတ်စိတ်သူကြီးသူဌေးသူကြွယ်များတည်ခဲ့သည့် ရှေးပုထိုးလက်ရာများက ယခုအခါ

www.burmeseclassic.com

www.burmeseclassic.com



ပြောတော်မူသော်လည်းကောင်း၊ တောင်ကုန်းမြို့ ချွှရင်းတောရှင်းရှင်း ဘော်လည်းကောင်း၊ တွေ့မြင်ရှာတွေ့ကြသည်။

မြန်မာမင်းဆက်ပြုတ်၍ ဒတ်ချ်+ပေါ်တူဂီနှင့် အင်္ဂလိပ်တို့ ချုပ်ချယ်လွှမ်းမိုးသည့်ခေတ်သို့ ရောက်ခဲ့သောအခါ ပါဒနိုင်ငံတော် တစ်ဝန်း သန်လျင်ရွှေမြို့တော်တစ်ဝန်းရှိ ထီးနန်း ကျောင်းကန် စေတီ ပုထိုး သိမ်များ အဖျက်ဆီးခံရသည်။ မွန်ဘုရင်မကြီးရှင်စောပုနှင့် ဆက်တော်မွေစေတီမင်းတို့ရဲ့ ကောင်းမှုတော်များ၊ အနော်ရထာမင်း ဟံသာဝတီရောက်မင်း၊ အနောက်ဘက်လွှန်မင်းတို့၏ ကောင်းမှုတော် များ ဟံသာဝတီမွန်မင်းများရဲ့ ကောင်းမှုတော်များအားလုံး ပေါ်တူဂီ နင်္ဂဲ့တို့၏ ဖြိုဖျက်ဖျက်ဆီးခြင်းကို အလူးအလဲခံခဲ့ရသည်။ ကြေးခေါင်း သောင်းတော်များ၊ ငွေခေါင်းလောင်းကြီးများ အမြောက်သွန်းခံအား ရောက်သွားခဲ့ရသည်။

ဌာပနာတိုက်များအဖောက်ခံရပြီး ဌာပနာထားသည့် စိန်ရွှေ ရတနာများကို ယူသွားကြသည်။ အဖိုးတန်ဘုရားထီးတော် စိန်ဖူးတော် များ အဖြုတ်အသိမ်းခံရသည်။ စေတီပုထိုးမှ ဂဝံအုတ်ခဲကြီးများ ဆင်းခံသည့် ရောက်သွားကြရသည်။ နောင်အခါ သဘာဝဘေး ဆိုးများ လေမုန်တိုင်း သောင်းကျန်းသူများဘေးတို့ကြောင့် တောချုံများ အကြား မြေတောင်ကုန်းများအကြား ရှေးမင်းတို့ရဲ့ကောင်းမှု အသီးသီးတို့သည် ပျက်သုဉ်းခဲ့ရလေတော့သည်။

ယခုအခါ ပါဒနိုင်ငံတော်ဟောင်း(ကျောက်တန်း)ဒေသမှာ ယင်းတို့ကောင်းမှုတော်စေတီပုထိုးများကို ပြန်လည်ဖော်ထုတ်မွမ်းမံ နိုင်ခဲ့ပြီး သန်လျင် ကျိုက်ခေါက်ဘုရားကုန်း၊ နတ်စင်ကုန်း၊ မျဉ်တောင် ကျောင်း၊ လက်ယက်စင် ဘုရားကျိုးကုန်းတစ်ဝိုက်မှာ ရဟန္တာသိမ်များ





ဝံရုပ်ပွားတော်များ၊ စေတီဟောင်းများကို စေတနာရှင်နှင့် သာသနာပြု ကြီးလိမ္မာ ဖော်ထုတ်ပြုပြင်နိုင်ခဲ့လေပြီ။

ယခု ကျွန်ုပ်ပြောပြမည့် အကြောင်းအရာများသည် အမှန် ကယ်ဖြစ်ရပ်မှန်များ ဖြစ်၏။ လွန်ခဲ့သည့်နှစ်ပေါင်း (၅၀)ကျော်ခန့်က (...) ကျေးရွာ၌ အကျော်ဇေယျဖြစ်ခဲ့သည့် လူပြောများသော အကြောင်း အတ်ဖြစ်ရပ်ဖြစ်၏။ ကာယကံရှင်များ ကွယ်လွန်ခဲ့သည်မှာလည်း ကြာ ခဲ့ပြီ။ အချို့သက်ကြီးများကား ၎င်းဖြစ်ရပ်ကို သံဝေဂရဖွယ် ရှေးသမိုင်း ဇာတ်လမ်းလို ပြောပြခဲ့ကြသည်။ သည်အကြောင်းဖြစ်ရပ်များကို အသက် (၅၀)ကျော်အထက်များသာလျှင် အသိများခဲ့သည်ဟု သိရှိရသည်။ နှောင်း လူများကား ပုံပြင်ပမာမျှသာရယ်။

သို့သော် နိုင်မာသော သက်သေခံအထောက်အထားအဖြစ် ရဟန္တာဂဝံသိမ်တော်ကြီးကား (...) ကျေးရွာ၌ အထင်အရှား ကျန်ရစ် နေဆဲရယ်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

□

အချိန်ကား လွတ်လပ်ရေးရပြီးခါစ အချိန်ကာလ၊ သစ်ပင်ကြီးများ၊ ဝါးပင်ကြီးများ၊ တောင်ကုန်းတောင်ရိုးများနှင့် အုပ်ဆိုင်းညို့မှိုင်းနေသည့် (. . .) ရွာကလေးသည် စစ်ပန်းခဲ့သည့်အရှိန်ကြောင့် နာလန်ထဘဝနှင့် ယိုင်နဲ့နေ၏။

ဟိုနား (၁၀)အိမ်စု၊ ဒီနား ငါးအိမ်စုနှင့် ရွာကလေးများစုဖွဲ့ကာ မသမာသူများရန်ကိုကာကွယ်ရင်း တောအလုပ် ယာအလုပ်၊ လယ်အလုပ်များနှင့် အသက်မွေးဝမ်းကျောင်းနေကြ၏။

စစ်ဘေးစစ်ဒဏ်ကြောင့် ရွာနီးချုပ်စပ်ဖြစ်သော ဘုရားကုန်းကျိုက်အင်း၊ ပျဉ်ထောင်ကျောင်း၊ ထမလုံ၊ တာဝ၊ သူဌေးကွင်း၊ စစ်ပြင်ကွင်းစသည့် ကျေးရွာဒေသများအတွင်းရှိ ဘုရားကျောင်းကန်များလည်း



ပျက်စီးယိုယွင်းလျက်ရှိ၏။ အချို့ချုံနွယ်ပိတ်ပေါင်းများဖုံးအုပ်၍ တောမျိုခြင်းကိုခံနေရ၏။

အချို့သော လူမသမာများက ရှေးဟောင်းစေတီအပျက်များကို ရှာဖွေတူးဖော်၍ ရရာရကြောင်းပစ္စည်းဟောင်းများကို ရှာဖွေရောင်းချကြ၏။ ငရဲလည်းမကြောက်၊ ဘဝပျက်မှာလည်း မကြောက်ကြ။ ရွာခံအချို့နှင့် အခြားမှလူရမ်းကားများလည်း ပါသည်ရှိ၏။ သိုက်ဆရာယောင်ယောင်၊ ရှေးဟောင်းပစ္စည်းရှာသူယောင်ယောင် ပုဂ္ဂိုလ်များလည်း ပါဝင်ကြ၏။ ဒါကို နားလည်သည့် သက်ကြီးများကာကွယ်တားဆီးနေကြရ၏။

လွတ်လပ်ရေးရပြီးနောက်ပိုင်း သည်ဝန်းကျင် ကျေးရွာကလေးမှာ ထူးဆန်းသော သိုက်စာလိုလို၊ တဘောင်စာလိုလို စာညွှန်းတစ်ခု လူပြောများလာခဲ့ကြသည်။ သိုက်တဘောင်စာက ရွာလယ်ကောင် ခေါ်ပြင်ကွင်း သိမ်အဆင်းမှာ ရွှေကိုးတင်းဆိုသည့် လက်ာပဲဖြစ်သည်။

သည်သိုက်စာ တဘောင်စာအကြောင်းကို ရွာဦးကျောင်း ဥပုသ်နေ့မှာလည်း လူပြောများကြသည်။ ဘုံကထိန်ပွဲမှာလည်း ပြောကြသည်။ အငြင်းပွားကြသည်။ သာရေးနာရေးကိစ္စများလည်း လူစု၍ အာပေါင်အာရင်းသန့်သန့်နှင့် ဖော်ကြညွှန်းကြ အစိပ်ပွားယ်အမျိုးမျိုးဖွင့်ဆိုကြသည်။

သည်မှာ ရှေးသိုက်စာ၊ တဘောင်စာ၊ အင်္ဂါရုတ်၊ ဗေဒင်သင်္ချာ၊ အင်းအိုင်ခါးလှည့်လက်ဖွဲ့များအကြောင်း စိတ်ဝင်စားကြသည့် ရှေးသက်ကြီးရွယ်အိုများ အများစုပါဝင်ပြီး လူငယ်များက နားထောင်သက်သက်၊ အထူးသဖြင့် ဘုရားဒကာကြီး ဦးသန်းမောင်အုန်း၊ ဆေးဆရာကြီး ဦးနီကျော်၊ အင်္ဂါရုတ်ဆရာကြီး ဦးဘိုးအုန်း၊ ဗေဒင်ဆရာ ဦးရွှေပို၊ ဘုန်းကြီးလူထွက် ဦးပေသီး၊ ရုပ်သေးမင်းသားကြီး ဦးညိုချိုင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျောက်တန်းရွာသူ သခင်မကြီး အပျိုကြီးဒေါ်မြမြတို့ အသဲဆုံး[illegible] ကြ၏။

"ရွာလယ်ကောင်ကတော့ ရှင်းပါတယ်ဗျ။ ခေါပြင်ကွင်း[illegible] ဘာဘာ ဘာအဓိပ္ပာယ်လဲ"

ဘုန်းကြီးလူထွက် ဦးပေသီးက ရေနွေးကြမ်းရှိုက်ပြီး သို့က[illegible] လိုက်သည်။

"ခေါစာပစ်တဲ့ကွင်းကို ပြောတာနေမှာပေါ့ဗျာ"

ဒါက ဓာတ်ဆရာ ဆရာပိုရဲ့ သုံးသပ်ခန့်မှန်းချက် . . .။

"ကောနေတဲ့ လယ်မြေကွင်းပြင် စားကျက်ရော မဖြစ်နိုင်[illegible] လားတော်"

ဒါက ကျောက်တန်းသူ ယောဂီဝတ် သခင်မကြီး(နတ်ကတော်[illegible] ဖြစ်ပါသည်)ဒေါ်မြမြရဲ့ အသံပြာပြာ ရှုထောင့်။

"အဲလည်း မဟုတ်သေးဘူးဗျ"

ဒီသုံးသပ်ချက် ရှုမြင်ချက်များကို တစ်ချက်လွှတ် ငြင်း[illegible] ဘား ရွှေဆေးဆင်တော်ကြီးမှ မင်းသားကြီးဟောင်း ဦးညိုမျိုးဖြစ်[illegible] ဦးညိုမျိုးသည် ဇာတ်စာ၊ ကဗျာလင်္ကာ၊ အင်္ဂရတ်ကအစ အလွန်ကျွမ်း[illegible] ၏ ဦး[illegible] တွေ့နှံ့လူများက သူပြောမည့်အချက်ကို ငံ့လင့်နေကြ၏။

"မဟုတ်ရင် ဘာလဲဆိုတာ မင်းသားကြီးက ရှင်းပြလေဗျာ"

"ရှင်းပါ့မယ်ဗျ၊ ဒီလိုရယ် ရွာလယ်ကောင် ခေါပြင်ကွင်း[illegible] သိမ်အဆင်းမှာ ရွှေကိုးတင်းဆိုတဲ့သိုက်စာရဲ့ ဆိုလိုရင်းက ခေါပြင်ကွင်း[illegible] ဆိုတာ အဓိကပဲ။ ခင်များတို့ထင်သလို ခေါစာပစ်တဲ့နေရာ မြေကော[illegible] လယ်ကော မဟုတ်ဘူး။ လယ်ကွင်းလို့ အဓိပ္ပာယ်ရတယ်။ စိုက်ပျိုးမြေ[illegible] ကွက်လို့လည်း အဓိပ္ပာယ်ရတယ်။ ရွာလယ်ကောင် မြေပြန့်ပြန့်၊ သိမ်ခြေ[illegible]





[illegible]ောင်ဝန်းကျင်မှာလို့ အဓိပ္ပာယ်ရတယ်။ အဲဒီမှာ ရွှေကိုးတင်းမြှုပ်ထား[illegible]"

"ဘယ်နားလောက် ဖြစ်မလဲဟင်"

"ဟဲ့ မိမြရဲ့ နေရာသိမှတော့ ငါသားသမီးတွေနဲ့ ဖော်ပြီပေါ့ [illegible]ကတော်ရဲ့"

"ကျွန်မတို့ အိမ်အောက်များ ဖြစ်နေမှဖြင့်တော်"

"ဖြစ်နိုင်လို့လား မြမြရယ်"

"တစ်ခါ အိမ်တိုင်တူးတုန်းက အိုးခြမ်းကွဲတွေ တွေ့လို့တော် [illegible]"

"ဟာ ဒါဆို ခင်များအိမ်အောက်ကို တူးမယ်ဗျာ-ဘယ့်နှယ်လဲ [illegible]ယ့်လူတို့"

"အမလေးလေး မလုပ်ကြပါနဲ့တော်၊ ကျွန်မ ဘုံပျောက်နေ[illegible]ယ်၊ နေပါစေ၊ ထိုင်နေအကောင်းသားတော်၊ ခုမှ . . ."

အပျိုကြီး နတ်ကတော်ဒေါ်မြမြ ခြေကားရားလက်ကားရားနှင့် [illegible]ာ်လေရာ အားလုံးကဝိုင်းရယ်ကြလေသည်။ သို့နှင့် ရွှေကိုးတင်းကိစ္စ[illegible]သည် သူ့အိမ်အောက်ဖြစ်နိုးနိုး၊ ကိုယ့်အိမ်အောက်ဖြစ်နိုးနိုးနှင့် စိတ်ကူး[illegible]ည့်ခဲ့ကြ၏။ အချို့ကလည်း တောတက်ရင်း၊ ဝါးခုတ်ရင်း၊ မှိုရှာရင်း[illegible]ဆေးမြစ်ရှာရင်း၊ ချုံတွေ့ရင်ဖြဲ၊ ကျင်းတွေ့လျှင် နှိုက်၊ ချိုင့်တွေ့လျှင် [illegible]ျှင် လှုံ့လစိုက်လာခဲ့ကြရာ . . .

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❑

တစ်နေ့ မမျှော်လင့်ဘဲ ဂဝံရဟန္တာသိမ်တော်ကြီးတစ်ခုကို
သားတို့တွေ့ရှိခဲ့ကြ၏။ တွေ့ပုံကလည်း ဆန်းသည်။ ၎င်းဂဝံရဟ
သိမ်တော်ကြီးရှိသည့်ခြံသည် ဘာသာခြားတစ်ဦးပိုင်သည့် ခြံထဲမှာ
နေ၏။ ဟိုစဉ်ကာလက မြေပိုင်ဆိုင်မှုမှာ ကိုယ်ကြိုက်သလောက်
ကိုခုတ်၍ စည်းရိုးသတ်မှတ်ကြလျှင် ကိုယ့်ခြံမြေဖြစ်၏။ လူနေအိမ်
လည်း နည်းလှ၏။

တစ်နေ့ ခြံရှင်းသည့်အလုပ်သမားနှင့် တောင်ကုန်းပေါ်မှချုံ
ကို ရှင်းသည်။ သစ်ပင်များခုတ်အပြီး သစ်မြစ်၊ သစ်ငုတ်များကို တူး
ကြည့်တော့မှ အောက်မှ ဂဝံကျောက်တုံးများခံနေသည်ကိုတွေ့ကြ
လိုက်ပြီးတူးရာမှ ဂဝံရုပ်ပွားတော်များ၊ ဂဝံသိမ်ငုတ်တိုင်များကို တွေ့





ချင်း ဖြစ်သည်။ တစ်ကြိမ်မှာ ရောမမြွေကြီးတစ်ကောင် ပါးပျဉ်းထောင်
၍ လန့်ဖျပ်ပြေးကြရသည်။

ထိုသတင်းသည် ဗုဒ္ဓဘာသာလူကြီးများနားသို့ ပေါက်သွား
ကြပြီး နောက်ဆုံးမှာ ပိုင်းဝန်းညှိနှိုင်း၍ပြောကြရာမှ လူမျိုးခြားကြီး
ကလည်း ဘာသာရေးသမားပီပီ ကိုယ်ချင်းစာနာကာ ၎င်းဂဝံသိမ်တော်
ကြီးအား မြန်မာဗုဒ္ဓဘာသာလူထုလက်သို့ အပ်နှံပေးအပ်ခဲ့လေသည်။

မကြာခင် လူအားနှင့် ပိုင်းဝန်းတူးဖော်ကြသောအခါ ဂဝံအုပ်
တစ်ချပ်လျှင် ပိဿာချိန်တစ်ရာခန့်ရှိသော အုတ်ချပ်ကိုးဆင့်နှင့် ၎င်း
သိမ်တော်ကြီး ရုပ်လုံးပေါ်လာခဲ့လေသည်။ တစ်ရွာလုံးရှိ လူကြီးများလည်း
ကျက်စာအဆိုအရ တစ်ချက်မှန်နေသဖြင့် အလွန်အားရ ဝမ်းသာရှိခဲ့
ကြလေသည်။ နောင် အနှစ် (၄၀)နှစ်ခန့်သို့ ရောက်သောအခါ ၎င်းရှေး
ဟောင်းဂဝံသိမ်ကို စေတနာရှင်တစ်ဦးက အမိုးအကာနှင့် ပြုပြင်ရန်
ကြံစားခဲ့ဖူး၏။ သို့သော် သက်တော်ရှည်ဆရာတော်ကြီးတစ်ပါးက ဒီဂဝံ
သိမ်သည် ရှေးသမိုင်းဝင် လက်ရာဖြစ်သည့်အတွက် မူလသမိုင်းတန်ဖိုး
ညှိုးစေရန် နဂိုမူအတိုင်းထားရှိသင့်သည်ဟုမိန့်ဆို၍ ယနေ့တိုင် မူလ
ပုံစံအတိုင်း ထားရှိခဲ့သည်။

ဤဒေသ၌ ရဟန္တာသိမ်တော်ကြီးကိုးသိမ်ရှိသည်ဟု စာဆိုရှိ
ခဲ့၏။ ဓမ္မစေတီမင်း၏ ကောင်းမှုတော်သိမ်များလည်းပါ၏။ ၎င်းသိမ်
ကိုးသိမ်ကို ယခုအခါ ဖော်ထုတ်နိုင်ခဲ့ပြီဟု ကြားရသည်။ ၎င်းသိမ်တော်ကြီး
နှင့်အတူ တင်ပျဉ်ခွေဂဝံရုပ်ပွားတော်ကြီးများ ကျောက်တင်းပုတ်ထမ်း
ဂဝံဘီလူးရုပ်တုများ၊ ဂဝံကျောက်တိုင်ကြီးများ၊ ဂဝံဟင်္သာငှက်ကြီးများနှင့်
ရှေးဟောင်းစေတီအပျက်များကို ဆက်လက်တူးဖော်တွေ့ရှိခဲ့ကြသည်။
သိမ်အနီး၌ ထူးဆန်းသော ဂဝံရေတွင်းငယ်တစ်ခုလည်း မှာသားများ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိခဲ့ကြသည်။

ရေတွင်းသည် အစဉ်ရေပြည့်လုနီးပါးရှိ၏။ ငုဒ်းရေတွင် အမျိုးသမီးများ ထဘီလျှော်၍မရ၊ အညစ်အကြေး သုတ်သင်၍ ပြုလုပ်လျှင် ယားယံကုန်သည်ဆို၏။ နောင်အခါ ထူးဆန်းသောဖြစ် များကို အချို့ကြုံတွေ့ကြရလေသည်။

တစ်နေ့မှာ ဖြစ်သည်။ ကာလသားတစ်ဦးသည် မကော သောမိန်းမတစ်ဦးနှင့် ပျော်ပါးပြီးနောက် ငုဒ်းဂဝံရေတွင်းမှာ ရေ ကိုယ်လက်သုတ်သင်ရန် ရေကိုငုံ့ခပ်လိုက်စဉ် ရေတွင်းထဲမှ ငရာမမြွေ တစ်ကောင်သည် ပါးပျဉ်းထောင်ပါးစပ်ဖြဲပြရာ ငယ်သံပါအောင်အော် ထွက်ပြေးသွားခဲ့၏။

မသန့်မရှင်းလုပ်တိုင်း ထူးဆန်းသောဖြစ်ရပ်များ ကြုံကြရသ ဆိုသည်။ ဆိုရလျှင် ဂဝံသိမ်တော်ကြီးတွေ့ရှိပြီးသည့် အချိန်မှစ၍ ရှေ တင်းကို လိုက်လံစူးစမ်းနေကြသည့် ဗိန္ဓောဆရာများ၊ သိုက်ဆရာ ငယ်များ၊ ပစ္စည်းဟောင်းရှာဖွေရေးသမားများသည် နေ့ခင်းဘက်ဆို ငုဒ်းဂဝံတောစပ်နှင့် ချုံများဝန်းကျင်မှာ မကြာခဏ တွေ့နေရ သည်။

❋ ❋ ❋ ❋ ❋

□

ယခုဆက်လက်ပြောပြမည့် အကြောင်းအရာမှာ အသက် ယ်ကျော်အထက်လူကြီးများထဲမှ အချို့ပြောပြသည့် ဖြစ်ရပ်မှန် တ်လမ်း ဖြစ်သည်။

ကျွန်ုပ်သည် ငုဒ်းအရပ်ဒေသမှ ပေါ်တော်မူဘုရားများနှင့် ဟောင်းသမိုင်းဝင် ဘုရားများအကြောင်းကိုရေးသားရန် ကွင်းဆင်း လာစဉ် ရှေးမီနောက်ကြား ပုဂ္ဂိုလ်အချို့ပြောပြသည့် ထူးဆန်းသော ရပ်ဖြစ်သည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၁

ဂဝံရဟန္တာသိမ်ကြီး ပေါ်တော်မူခဲ့သည့်အချိန်ကာလမှစ၍ ...
ဆန်းလျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များသည် ထိုဝန်းကျင်၌ မကြာ...
ဖြစ်ပေါ်ခဲ့ကြသည်။ အချို့က အလွန်ချောမောလှပတင့်တယ်သည့် အ...
သမီးတစ်ဦးကို ယောဂီဝတ်နှင့်တစ်မျိုး၊ ထိုင်မသိမ်းနှင့်တစ်ဖုံ သိမ်တေ...
ကြီးခြေရင်း မြေပြင်မှာ ပုတီးစိပ်နေသည်ကို လပြည့်ညများ၌ တွေ့...
သည်ဆို၏။

အချို့ကလည်း ထူးခြားသော ပုဂ္ဂိုလ်များကို လပြည့်လကွ...
ညသန်းခေါင်ယံ၌ သိမ်ပေါ်မှာတရားထိုင်နေသည့် သဏ္ဍာန်မျိုး...
တွေ့ကြသည်လည်း ဆိုကြ၏။ အနားသို့ကပ်၍ မကြည့်ရဲကြ။ အ...
ချောင်းကြည့်ကြသည်။ အချို့ကြတော့ မျက်စိအောက်တွင် ပျောက်သွ...





...သည်ဟု ဆိုကြသည်လည်းရှိ၏။ တစ်ခါတစ်ရံ အမွှေးရနံ့များ၊ ငုင်းဂဝံ ...သိမ်ဝန်းကျင်မှာ မွှေးကြိုင်နေသကဲ့သို့ တစ်ခါတစ်ရံကျတော့လည်း မီးလုံး ...ကြီးများ ဦးတိုက်ဦးခိုက်ဝေ့ဝဲနေကြသည်ဟုဆို၏။ အတန်ကြာလျှင် ငုင်း ...မီးလုံးများသည် ဘုရားကျိုးရှိရာ ထားမလုံကုန်းတော်သို့ ပျံသွားကြ ...သည်ကို မြင်ကြသည်။

သက်ကြီးအချို့ကတော့ သိမ်ကြီးပေါ်သို့ တက်ရောက်ပြီး ...ကြာခဏ သန့်ရှင်းရေးလုပ်၊ ပန်း၊ ရေ ဆီမီးကပ်၊ တရားထိုင်ပြုလုပ် ...ကြရာ အလွန်နှလုံးမွေ့လျော်ဖွယ်ကောင်းသည်ဟု ဆိုကြ၏။ အချို့ကလေး ...ငယ်များသည် ထိုဂဝံသိမ်ကုန်းမြေဝန်းကျင်မှ ရွှေတိုရွှေစ ငွေတိုငွေစ ...များ မကြာခဏ ကောက်ရကြ၏။

တစ်နေ့သောအခါ အလွန်ထူးဆန်းသော ဖြစ်ရပ်တစ်ခုသည် ...ဝန်းကျင်မှာ ဖြစ်ပေါ်ခဲ့တော့သည်။

မှန်စလင်းထောင်ကြော်ရောင်းသည့် အမျိုးသမီးတစ်ဦးရယ်၊ ...သိမ်တောရလမ်းအတိုင်း မုန့်ရောင်းထွက်လာခဲ့သည်။ အမျိုးသမီးနာမည် ...က ဒေါ်ရွှေမှင်တဲ့ အသက်က ၃၅ နှစ်။

"ဒီဘက်က ဝယ်ကြဦးမလား မုန့်စလင်းထောင်ကြော်"

အိမ်ကထွက်ကတည်းက ဈေးဦးကမပေါက်သေး။ မြေးကလေး ...က နေမကောင်း။ ယောက်ျားကလည်း ပန်းနာသည်။ ထိုစဉ် ပန်းချုံကြီး ...တစ်ခုနံဘေးမှ အမျိုးသမီးတစ်ဦးထွက်လာသည်။

"လာပါဦး အမေကြီးရှင့်"

ဖြုန်းခနဲဆို ဒေါ်ရွှေမှင် လန့်သွားသည်။ ကြည့်စမ်း၊ ချောမော ...လှလွန်းသည့် မိန်းကလေးတစ်ဦး။ အသံကလည်း သာယာလိုက်တာ ...ဒေါ်ရွှေမှင် မိန်းကလေးကို တွေ့လိုက်သောအခါ ငေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားက ဝါရွှေရောင်၊ မျက်တောင်က ကော့ညွှန်းလို့၊ မျက်လုံးနှစ်လုံးက သမင်မျက်လုံးကဲ့သို့ အရည်လည်နေ၏။ ပြောရလျှင် မိန်းမချင်းပေးယှဉ်ရသည့်အလှ၊ ဒီအနီးနားဝန်းကျင်မှာ ဒီလိုအလှအပမျိုးနှင့် မိန်းကလေးမျိုး တစ်ခါမျှ မတွေ့ဖူးဘူး၊ ဒီအရပ်သူမှ ဟုတ်ရဲ့လားမသိ။

"ဘာမုန့်များလဲ အမေ"

"မုန့်စလင်းထောင်ပါ သမီး"

"ဘယ်လိုရောင်းတာလဲ ဟင်"

"တစ်ခုကို ဆယ်ပြားပါကွယ်"

"ငါးခုထုပ်ပေးပါအမေ၊ ဟို ကုန်းပေါ်ကဘုရားမှာ ဆွမ်းတော်တင်မလို့ပါ"

သို့နှင့် ဒေါ်ရွှေမှင်က မုန့်ကြော်ငါးခုကို စက္ကူနှင့်ထုပ်၍ ပေးလိုက်သည်။ အမျိုးသမီးငယ်က ဗန်းထဲမှမုန့်တစ်ခုကိုယူ၍ ဝါးစားလိုက်သည်။

"အင်း အရသာရှိလိုက်တာ အမေရယ်၊ အမေကိုယ်တိုင်လုပ်တာလားဟင်"

"ဟုတ်ပတော်"

သို့နှင့် တစ်ခုပြီးတစ်ခု စားသည်။ သုံးခုကုန်သွားသည်။ ထိုစဉ် အမျိုးသမီးချောက ထူးဆန်းသော စကားအချို့ကိုဆိုလာသည်။

"အမေ ဒါကုန်ရင် ဘယ်လောက်မြတ်မလဲ"

"နှစ်ကျပ် သုံးကျပ်လောက် မြတ်တာပေါ့ သမီးရယ်"

"အဲဒီလောက်နဲ့ မိသားစု စားလို့လောက်မှာလား အမေရဲ့"

"လောက်တော့ မလောက်ဘူးပေါ့ကွယ်၊ ဒီလိုပဲ ချွေတာစားရတာပေါ့အေ"





"အမေ ပိုက်ဆံများများ မလိုချင်ဘူးလား"

"အင်"

"မလိုချင်ဘူးလားလို့"

"လိုချင်တာပေါ့အေ ဘယ်ကရမှာမို့လို့လဲ"

"သမီးပေးမှာပေါ့အမေရဲ့"

"မြတ်စွာဘုရား ညည်းက ချမ်းသာလို့လား"

"အဟင်း ဟင်း ဟင် အမေက မယုံဘူးကို၊ သမီးအမေ့ကို ကြည့်ပြီးသနားသွားတယ်၊ ကဲ ကဲ အမေ ဟိုမှာကြည့်စမ်း အဲဒါတွေလဲလို့"

ဒေါ်ရွှေမှင် အမျိုးသမီးချောလေး လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်သောအခါ မျက်လုံးများ ပိုင်းစက်အံ့ဩသွားခဲ့ရသည်။ တွေ့လိုက်ရသည်ကား တင်းတောင်းကြီး ငါးလုံးခန့်ရှိမည်၊ အချို့ ရွှေဒင်္ဂါးပြားများက မြေပြင်မှာ ဟိုတစ်ပြား ဒီတစ်ပြား ပြန့်ကျဲနေသည်။ အရောင်များကလည်း ဖိတ်ဖိတ်လက်လို့။

"ဒါ ဒါ ရွှေ. . . ဒင်္ဂါးတွေ"

"အစစ်ပေါ့ အမေရယ်၊ ရွှေဒင်္ဂါးရော၊ ငွေဒင်္ဂါးရောပေါ့ ကဲ အချိန်မရှိဘူး၊ တော်ကြာသူများတွေ တွေ့သွားမယ် အမေမုန့်ဗိုးအဖြစ် ယူနိုင်သယ်သွား"

"ဟော တ တ ကယ်ပြောတာနော် သမီး"

"တကယ်ပါ အမေရဲ့၊ ယူပါ အမေနိုင်သလောက်သယ်၊ ပြော်မေ ဒီအကြောင်း ဒီကိစ္စ ဘယ်သူ့ကိုမှမပြောနဲ့နော် အမေ"

"အေးပါကွယ် စိတ်ချပါ အမေယူမယ်နော်"

အမျိုးသမီးက ပြုံး၍ ခေါင်းညိတ်ပြသည်။ အမေကြီး ဒေါ်ရွှေမှင်



www.burmeseclassic.com

www.burmeseclassic.com



က ဦးစွာတွေ့ရသည့် မြေကြီးပေါ်မှရွှေဒင်္ဂါးများကို တစ်ပြားချင်းကောက်၍ လက်နှင့်ပွတ်ကြည့်သည်။ ရွှေမှရွှေအစစ်၊ ငွေဒင်္ဂါးများကို တောက်ကြည့်သည်။ ချွင်ခနဲအသံ မြည်သွားသည်မှာ ရင်ထဲမှာအေးသွားခဲ့၏။ သည့်နောက် မုန့်များကိုတစ်ဖက်ကပ်ပုံပြီး ဈေးဗန်းထဲသို့ထည့်သည်။ ဈေးဗန်း ပြည့်သွားသည်။ ဒီမှာ စဉ်းစားကြည့်သည်။ "ဒါ ကိုယ်နှင့်ထိုက်၍ ကိုယ်ရ သည့်ဥစ္စာ၊ နောင်အခါ ဒီလိုရချင်မှရလိမ့်မယ်။ ဒီတော့ ရတုန်းသဲ့ယူ မယ်" ဟု ပိုင်းဖြတ်ကာ ဈေးဗန်းခေါင်းခုကိုဖြေ၍ဖြန့်ပြီး ရွှေဒင်္ဂါးသန့်သန့် ဝင်းဝင်းများကို လက်ခုပ်နှင့်ကျုံး၍ ခပ်၍ထည့်သည်။ ပြီးတော့ လေးဖက် ချည်လိုက်သည်။

အားမရသေး၊ ထဘီကို တိုတိုပြင်ဝတ်လိုက်ပြီး ယောကျ်ား များကဲ့သို့ ခါးပိုက်ထောင်လုပ်လိုက်သည်။ ၎င်းခါးပိုက်ထောင်ထဲသို့ အသံမြည်သည့် ငွေဒင်္ဂါးများကိုရွေး၍ ထည့်လိုက်သကဲ့သို့ ချွေး အင်္ကျီအိတ်ထဲသို့ ဝင်ဆံ့သမျှ ထည့်လိုက်သည်။

ရွှေးလို့ကလည်းမဝ၊ ထည့်လို့ကလည်း မကုန်၊ နဖူးမှချွေး များချေမသို့ စီးကျလာခဲ့သည်။ ချွေးစေးများကို မသုတ်နိုင်အား အချိန် မည်မျှ ကြာသွားသည်မသိ။

"ဒေါ်ရွှေမှုင် ဘာတွေလုပ်နေတာတုံး"

"ဟဲ့ သောက်ပလုတ်တုတ် လန့်လိုက်တာဟယ်"

နောက်မှ အော်သံကြောင့် ရင်ဘတ်ကိုဖိပြီး လှည့်ကြည့် လိုက်တော့ ရွာတောင်ပိုင်းမှ အရပ်သားကြိုးထုံး။

"ဟဲ့ ကြိုးထုံး သွား သွား နင် ငါ့အနား မကပ်နဲ့"

"ခင်ဗျားကြီး - ဘာဖြစ်နေတာလဲဗျ"

"ဘာဖြစ်ဖြစ် နင့်အလုပ်မပါဘူး။ ဒါ ဒါ ငါ့ပစ္စည်းတွေ နင်နဲ့





ဆိုင်ဘူးသွား"

"မရွှေမှုင် ခင်ဗျား ဘာအရူးထနေတာလဲ ပြောစမ်းပါဦး"

"အို ငါမရူးဘူး ဒါ ဒါ ငါ့ပစ္စည်းတွေ ငါ့ရွှေဒင်္ဂါးတွေ နင်မလုနဲ့ နော် ကြိုးထုံး"

"ဟား ဟား ဟား ဟား ခင်ဗျားပစ္စည်းတွေ ကျုပ်က ဘာလုပ် ရမှာလဲဗျ။ ခင်းဗျား အခုကောက်နေတဲ့ ကျောက်ခဲပြားတွေက ဘာလုပ် လို့ရမှာမို့လို့လဲ မရွှေမှုင်ရ ဟား ဟား ဟား"

"ဘာ ဘာပြောတယ်၊ ဒါ ဒါ ကျောက်ခဲပြားမဟုတ်ဘူး။ နွားရဲ့ ဒါ ရွှေဒင်္ဂါး ငွေဒင်္ဂါးတွေ ငမိုက်သားရဲ့"

"ဟား ဟား ဟား ဟား ရွှေဒင်္ဂါး ငွေဒင်္ဂါး ဟုတ်လား ဟား ဟား ဟား ခင်ဗျား ရွှေဒင်္ဂါးတွေ ခင်ဗျားပြန်ကြည့်ပါဦး ဥစ္စာရူးမကြီးရဲ့ ပြန်ကြည့်လိုက်ပါဦး"

ဒေါ်ရွှေမှုင် ကြိုးထုံးရဲ့စကားကြောင့် ခါးပိုက်ထောင်ကို ဖြေ၍ ငုံ့ကြည့်လိုက်သည်။

"ဟယ်"

သူမ တွေ့လိုက်ရသည်ကား ခုံညင်းပိုင်းခန့်ရှိသော ကျောက်ခဲ ပြားအပိုင်းများ။ သို့နှင့် တုန်ခါသောရင်ကိုဖေးဖိရင်း ဈေးဗန်းထဲမှ အရာများကို လှမ်းကြည့်လိုက်သည်။ အလို ဟိုမှာလည်း ကျောက်ခဲ ပြားများ ဈေးဗန်းအပြည့်။ သို့နှင့် နဖူးမှချွေးသီးများကို လက်ခုံနှင့် သပ်ချပြီး မဖြစ်နိုင်ဟုယူဆကာ လေးဖက်ချည်ထားသည့် ခေါင်းခု အထုပ်ကို ကတုန်ကယင် ဖြေလိုက်သည်။

"ကျောက်ခဲပြားတွေ ကျောက်ခဲပြားတွေ"

"ဒေါ်ရွှေမှုင် မရွှေမှုင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရွှေဒင်္ဂါးတွေ မရှိတော့ဘူး။ ငါ့ ငွေဒင်္ဂါးတွေ မရှိတော့ဘူး။ ကောင်မလေးရေ ပြန်ပေးပါဟဲ့။ ငါ့ကို ပေးတဲ့ ဒင်္ဂါးတွေ ပြန် ပေး ပြန်ပေး ဟီး ဟီး ဟီး"

ဒေါ်ရွှေမှင် အသံကုန်ဟစ်အော်ငိုလိုက်ပြီး နောက်ပြန်သတိလစ်လဲကျသွားခဲ့ရာ ကိုကြီးထုံးက ကမျာကယာလှမ်းပွေ့ပြီး လှမ်းအော်ခေါ်သည်။ မကြာခင် လမ်းသွားလမ်းလာများရောက်ရှိလာပြီး ဒေါ်ရွှေမှင်ကို သူ့အိမ်သို့ပွေ့ခေါ်ယူသွားကြသည်။

ထိုနေ့ ထိုအဖြစ်အပျက်မှစ၍ ဒေါ်ရွှေမှင်တစ်ယောက် စိတ်နောက်သွားခဲ့သည်မှာ ကာလအတန်ကြာခဲ့သည်။ ညလည်းမအိပ်၊ နေ့လယ်အစာ စားချင်မှစားသည်။ နှုတ်မှလည်း ကောင်မလေးဆိုသူထံမှ သူ့ရွှေဒင်္ဂါးပြားကို တတွတ်တွတ်တောင်းနေသည်။ မေးလို့မြန်းလို့လည်း မရ။ လူလစ်လျှင် ထွက်ပြေးသွားပြီး ဝင်းတောရလမ်းကြားမှ ငုတ်တုတ်ထိုင်ကာ ပစ္စည်းတောင်းနေသည်။ မရလျှင် ရင်ထု၍ ငိုသည်။

နောင်များအခါ သူမကို ကြိုးတုပ်၍ ထားရသည်။ နာမည်ကျော်မြန်မာဆရာကြီး ဦးနီခင်ကျော်နှင့်ကုသသည်။ မပျောက်။ ဆရာပေါင်းအတော်စုံသွားသည်။ မရ။ တစ်နေ့ ပုပ္ပါးမှကြွလာသည့် ဆရာတော်ကြီးတစ်ပါး၏ ရေစင်တိုက်တော့မှ ပျောက်ကင်းသွားခဲ့သည်။

နောင်နှစ်ပေါင်းများစွာကြာ၍ ကွယ်လွန်ခါနီးကျမှ သည်ဖြစ်ရပ်ကို သားသမီးများဆွေမျိုးများအား ပြောပြခဲ့သည်။

"အမှန်က ငါလောဘကြီးလို့အေ့၊ ဒါကြောင့် ရွှေဒင်္ဂါးငွေဒင်္ဂါးနဲ့ လွဲရတာ။ ကောင်မလေးပြောသလို တစ်ပိုင်တစ်နိုင်သာယူခဲ့ရင် ခုလောက်ရှိ ငါတို့မိသားစု သူဌေးပေါ့အေ့" တဲ့

❋ ❋ ❋ ❋ ❋

ဒေါ်ရွှေမှင်ကိုအကြောင်းပြု၍ များမကြာမီ သိုက်ဆရာကြီးသယ်တို့သည် ထိုရွာလေးသို့ ရောက်ရှိဝင်ထွက်လာကြသည်။ အချို့က ဒေါ်ရွှေမှင်နေမကောင်းစဉ် သတင်းလာမေးပြီး စားသောက်ဖွယ်ရာ လက်ဆောင်၊ ပစ္စည်းများပေးကာ စနည်းနာကြသည်။ ရွှေဒင်္ဂါးတွေ့ရာအရပ်နှင့် ဖြစ်စဉ်ကို ချော့မော့မေးကြသည်။ ဒေါ်ရွှေမှင်က တစ်ချက်တစ်ချက် အကောင်းလိုဖြစ်ဖြစ်သွားတတ်သည်။ ထိုအခါ ကောင်မလေး သတိပေးခဲ့သည့်စကားများကို ကြားယောင်မိလာသည်။

"အမေ ဒီနေရာကရတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောနဲ့နော်"

ထိုစဉ်က သူမက ခေါင်းညိတ်ကတိပြုခဲ့သည်။ ယခု လောဘ

www.burmeseclassic.com



သားများက သိုက်ကိုဖော်ရန် စုံစမ်းထောက်လှမ်းခဲ့ကြပြီ။ ဒါပေမဲ့ သူမ လုံးဝမပြောပါ။ လန့်သွားခဲ့ပါပြီ။ သူမ တွေ့ခဲ့ရသည့် မိန်းမချောလေး သည် ဥစ္စာစောင့်လား၊ သိုက်နန်းရှင်လား၊ လူယောင်ဖန်ဆင်းထားသည့် တစ္ဆေသရဲလား သူမသိ။

တစ်နေ့ သိုက်ဆရာကြီး ဦးကျောက်ဖားတို့အဖွဲ့ အိမ်သို့ ရောက်လာကြသည်။ ထုံးစံအတိုင်း လက်ဆောင်ပစ္စည်းများပေး၍ မေး ကြသည်။ ကြိုးထုံးထံမှလည်း သဲလွန်စကိုရပြီးဖြစ်၏။ သူသိလိုသည်မှာ ဒေါ်ရွှေမှုင်ရဲ့ ဖြစ်ကြောင်းဇာတ်လမ်းဖြစ်သည်။ သို့သော် ဒေါ်ရွှေမှုင်က မပြော။ နောက်ပိုင်း အပေးအယူကိစ္စများပါ ဆိုလာသည်။ သို့သော် ဒေါ်ရွှေမှုင်က ခေါင်းကိုယမ်းခဲ့သည်။

မည်သို့ရှိစေ ရွာလယ်ကောင် ခေါပြင်ကွင်း သိမ်အဆင်း ရွှေကိုးတင်းကို အနံ့ရသွားခဲ့ပြီဖြစ်သော သိုက်ဆရာ ဦးကျောက်ဖား အဖွဲ့က မဖြစ်မနေရှာဖွေစီရင်တူးဖော်ရန် သန္နိဋ္ဌာန်ချခဲ့လေပြီ။

ထိုအဖွဲ့ထဲမှ ဦးကျောက်ဖားက ခေါင်းဆောင်။ အဖွဲ့ဝင်များ အဖြစ် ကြိုးထုံး၊ ဇာတ်မင်းသားကြီး ဦးညိုဖျင်း၊ မြို့မှ ပွဲစားသူဌေး ဦးမင်းကြည်လှိုင်၊ အဂ္ဂိရတ်ဆရာပုံတို့ဖြစ်ကြသည်။ ဒီကိစ္စကို အများဆုံး တွန်းအားပေးသူကား ရုပ်စုံမင်းသားကြီး ဦးညိုဖျင်းဖြစ်သည်။ သူ သိုက်စာများကိုရွတ်၍ ပြောက်ပေးသည်။

"ဒီမှာ ဆရာကြီးရဲ့ ဒီဂဝံသိမ်တော်ကြီးရဲ့ဝန်းကျင်မှာ ရွှေကိုး တင်း ရှိကိုရှိရမယ်ဗျာ၊ ကျုပ်ယုံကြည်တယ်၊ ဒီရွှေကိုးတင်းဟာ မြန်မာမင်း၊ မွန်မင်းတွေ စစ်ဘေးကိစ္စကြောင့် မြှုပ်နှံဝှက်ထားတာလား၊ ဒါမှမဟုတ် မြို့စားရွာစားများ အခြေအနေရ လျှို့ဝှက်ဝှက်ထားသလား တစ်ခုခုပဲဗျ။ ဒါကို သိုက်စာနဲ့ညွှန်းခဲ့တာ"

[illegible]



"ဟုတ်တယ် ဆရာဖျင်းရဲ့၊ ဒီပစ္စည်း ဒီဝန်းကျင်မှာရှိကြောင်း ကို ဆိုင်ရာပိုင်ရာများက မရွှေမှုင်နဲ့ဇာတ်လမ်းစခဲ့တာ ကျိန်းသေဥစ္စာ။ မိန်းမကြီးက အကြောက်လွန်နေလို့ပါဗျာ။ သူသာပြောနိုင်ရင် ဒီရွှေ ကိုးတင်းလောက်တော့ ခြေမန်းကွင်းပစ်ပြီး တူးနိုင်းသယ်နိုင်းလိုက်မယ်။ ဒီမှာ လာမယ့်နတ်တော်လပြည့်နေ့ကျရင် စနေသိဒ္ဓိ နက္ခတ်ကောင်းကင် ဖြစ်တယ်။ အဲဒီနေ့ညာ ကျုပ်တို့သိုက်တူးမယ်ဗျာ၊ ကျောက်ဖားတဲ့ အစ်ဖားတည်းရှိတယ်။ ကိုဖျင်းရောလိုက်ခဲ့နော်"

"လိုအပ်လို့လား ဆရာကြီး"

"လိုတာပေါ့ဗျာ၊ ခင်ဗျားက သိုက်စာ၊ တဘောင်စာ ကျွမ်းတဲ့ ပုဂ္ဂိုလ်ဥစ္စာ"

သို့ကလို မြှောက်လိုက်တော့ ဦးညိုဖျင်း မြှောက်သွားသည်။ ခေါင်းလည်း လေဟပ်သွားသည်။ ဝေစုလည်းရမည်ဆို၍ အရင်းမစိုက် ဘဲထိုးလိုက်ခဲ့သည်။ များမကြာမီ သိုက်တူးဖော်ရှာဖွေရေးအဖွဲ့ဝင်များ သည် ဦးညိုဖျင်းအိမ်မှာစတည်းချကာ ကန်တော့ပွဲများ၊ အစီအမံများ၊ ခင်းများ စီရင်၍ လပြည့်နေ့ကို ကြိုစောင့်ကြလေသည်။

✱ ✱ ✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

ဦးကျောက်ဖားတို့ သိုက်ဆရာတစ်သိုက် လောဘဇောနှင့်စိ
ကားပဲရိုက်၍ကောင်းသည့် လဆန်းကာလတစ်ရက်မှာ ဖြစ်သည်။

ရန်ပြေငြိမ်းဘုရားပေါ်သို့ အလွန်ချောမောလှပသည့် အသ
(၂၀)ခန့် မိန်းမပျိုတစ်ဦး ရောက်ရှိလာသည်။ အမျိုးသမီးသည် မုခ်ရှ
မှ ဘုရားဆင်းတုများကို ရေသပ္ပာယ်သည်။ ပန်းရေဆီမီး ကပ်
ပူဇော်သည်။ ငြိုးဟ်တိုင်အစေ့ ပုတီးစိပ်သည်။

လှလွန်းချောလွန်း၍ နွားကျောင်းသား ကျွဲကျောင်းသားမျ
နောက်မှ တကောက်ကောက်လိုက်ကြည့်ကြ၏။ အမျိုးသမီးကား အ
တည်၍ ဘယ်သူမျှအနားသို့မကပ်ရဲ။ ကိစ္စပြုဖွယ်များ ပြီးစီးသေ
အခါ မြောက်ဘက်စောင်းတန်းသို့ဝင်၍ ပုတီးစိပ်ပြီး နားနေသ





ဘိုးအိုတစ်ဦးနှင့် စကားစမြည်များပြောနေ၏။ အဘိုးအိုနာမည်က
ကျောင်းလူ။

"အဘကို မေးစရာရှိလို့ပါ အဘ"

"ဘာများလဲ သမီးရယ် မေးပါ မေးပါ"

"အဘတို့ရွာမှာ သိုက်ဆရာတွေ ရောက်နေတယ်ဆို အဘ"

"အိမ်း ကြားတော့ ကြားမိသား သမီးရဲ့"

"ဘာလာလုပ်ကြတာလဲဟင်"

"အင်း ပြောသံကြားတာတော့ သိမ်ခြေရင်းမှာ သိုက်တူးကြမယ်
တဲ့ သမီးရဲ့။ ဘာဖြစ်လို့လဲကွယ်"

"ဒုက္ခရောက်ကုန်မှာစိုးလို့ပါ အဘရယ်"

"ဟေ သမီးက ဘယ်လိုလုပ်သိလို့လဲ၊ ဒါနဲ့ သမီးနာမည်ကရော
ယ်သူလဲ"

"သမီးနံမည်က မြလေးနွယ်"

"သမီးကို အဘ တစ်ခါမှ မမြင်ဖူးဘူး၊ ဘယ်အရပ်က များဖါ
ရှာ"

"..........."

ထိုစကားကို အဘဦးကျောင်းလူ မကြားလိုက်ပါ။

"ဒါတွေက ဘုရားသိုက် အဘရဲ့၊ ရှေးပါဒမင်းများ၊ သန်လျင်
များ၊ အလှူရှင်များက နောင် အရိမေတ္တေယျမြတ်စွာဘုရားပွင့်ရင်
သိမ်တော်ကြီးကို ရတနာရွှေကျောင်းနဲ့ဖြစ်စေဖို့ အဓိဋ္ဌာန်ပြု
ခဲ့တာရယ်။ ဒါကို သူတို့က သူတို့ကိုယ်ကျိုးအတွက် ကြိုးစားကြ
ာ ဒဏ်ထိကြတော့မှာပေါ့"

အဘိုးအိုသည် မြလေးနွယ်ဆိုသည့် မိန်းမချောလေးရဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ဆော့ဂွင်မှုကြက်သီးများ ဖြန်းခနဲထသွား၏။ သို့နှင့် မသော
စိတ်နှင့် အတန်ကြာ လှုကဲခတ်ကြည့်နေမိ၏။

"ဒီတော့ သမီးက ဘယ်လိုများ ဖြစ်စေချင်သတုံး"

"သမီး အကြံပြုချင်တာက ဒီအကြံအစည်ကို လက်လျှော့
ကြရင် အဘက ပြောပေးဖို့ပါ။ ဒါက သူတို့ရဲ့ပစ္စုပ္ပန်နဲ့ နောင်တမလွန်
အတွက် အကျိုးကိုမျှော်ကိုးလို့ပါ အဘရယ်။ ကဲ ကဲ သမီးလည်း
ပြန်ဖို့အချိန်စေ့လို့ ခွင့်ပြုပါဦး အဘ"

မြလေးနွယ်က သို့ကလို ပြောပြီး ဘုရားကို ဦးကုန်းချကာ
စေတီတော်ကို လက်ယာရစ်လက်အုပ်ချီဦးတိုက်၍ လှည့်သွားတော့သည်။
မကြာခင် ဦးကျောင်းလူလည်း သူမ ဘာလဲဆိုတာကိုသိလို၍ သူမ
နောက်မှ လိုက်ချောင်းကြည့်နေစဉ်မှာပင် ဘယ်ကိုဝင်သွားမှန်းမသိ
မတွေ့ရတော့။

အနားမှာရှိသည့် ကာလသားသုံးဦးအား မေးမြန်းကြည့်သော
အခါ အလွန်ချောသည့် အမျိုးသမီးတစ်ဦးကို စောစောကတွေ့မိလိုက်
ကြောင်း သူတို့လည်း လိုက်ရှာနေစဉ် ဘယ်ရောက်သွားမှန်း မသိဟု
ဆိုကြ၏။ သို့နှင့် သူတို့အုပ်စု ဘုရားစေတီကိုပတ်၍ လိုက်ရှာကြသော
အခါ ဘုရားရင်ပြင်တော်မှာ လူကိုမတွေ့ရတော့ဘဲ အလွန်မွှေးကြိုင်
သည့် ပန်းပေါင်းစုံရနံ့များကို ထူးဆန်းစွာရှူရှိုက်ရမိပြီး ကြောက်လန့်
တကြား ဆင်းပြေးခဲ့တော့လေသည်။

❋❋❋❋❋

❑

ယင်းဖြစ်စဉ်အကြောင်းကို ဦးကျောင်းလူက ဖတ်မင်းသားကြီး
ညီညိုမှိုင်းကို စိုးရိမ်ကြီးစွာနှင့် ပြောပြလိုက်ရာ . . .

"တောက် စောစောကလာပြောရင် ခြေမန်းကွင်းနဲ့စွပ်ပြီး
ဖမ်းလိုက်ရအပိုင်ပေါ့ကွာ"

"ဘာ ဘာဖြစ်လို့လဲ အစ်ကိုညီညိုမှိုင်းရဲ့"

"ဟ ငအရ မင်းနဲ့တွေ့ခဲ့တာ အဲဒါ . . . . . . . . . ကွ"

"ဟင် ဟုတ်လား ဘုရား ဘုရား ဖွဟဲ့ ဖွ ဖွ အမလေးဗျာ"

ပရလောကသားမှန်း သိလိုက်ရသောအခါ ဦးကျောင်းလူမှာ
ညီညိုမှိုင်းအိမ်မှသုတ်ခြေတင်၍ ပြန်ချလာပြီး အိမ်ရောက်သည်နှင့်
ဘုရားဆောင်တော်မျိုးစုံကိုရွှတ်ဖတ်ကာ မြလေးနွယ်ကို မေတ္တာပို့ခဲ့မိလေသည်။

❋❋❋❋❋

www.burmeseclassic.com

နောက်တစ်နေ့မနက် မိုးလင်း၍ပဲပြုတ်သည်များ၊ မုန့်ရောင်းသူများ၊ လယ်ထဲယာထဲဆင်းလာသူများ ထွက်လာကြသောအခါ ဂဝံသိမ်တော်ကြီးနှင့် အတန်ငယ်လှမ်းသော ကုန်းပြောင်ပြောင်ပေါ်မှာ ထူးဆန်းသောလူငါးဦးသည် မြေပြင်မှာဝမ်းလျားထိုး၍ အားကြိုးမာန်တက် ရေကူးနေကြသည်ကို ရွာသူရွာသားများ ထူးဆန်းစွာတွေ့မြင်ကြပြီး အားလုံးဝိုင်း၍ ကြည့်နေကြလေသည်။

သူတို့အနားသို့ မည်သူမျှလည်း မကပ်ရဲ၊ အချို့ နာမည်အော်ခေါ်ကြည့်သည်။ လူငါးဦးသည် နားများပင်းနေကြသည့်အလား မကြားကြ၊ အချို့ ခါးမှာပုဆိုးမရှိ၊ ဒူးများတံတောင်များမှ သွေးများ စီးယိုထွက်နေ၏။ ဖုန်များအမှိုက်များ ပေကျံနေကြ၏။ ချွေးသံရွှဲရွှဲ





သွေးသံရဲရဲဖြစ်နေ၏။

မကြာခင် ရွာထဲမှ ကြားကြသမျှ သက်ကြီးရွယ်လတ် ကလေးမိန်းမယောက်ျားမကျန် ဝိုင်းအုံကြည့်ကာ စုတ်သပ်ကြ၊ ရယ်ကြ မောကြ ကောင်းချီးပေးကြ ခဲနှင့်ပေါက်ကြသည်။

သို့နှင့် နောက်ဆုံးရွာဦးကျောင်းမှ သက်တော်ရှည်ဆရာတော်ဘုရားကြီးထံ သွားရောက်လျှောက်ထား အကူအညီတောင်းကြရသည်။ ဆရာတော်ဘုရားကြီးသည် နဂါးပုံတောင်ဝှေးကြီးကိုထောက်၍ ရောက်လာခဲ့သည်။ ဖြစ်စဉ်နှင့် မျက်စိရှေ့မှကန်တော့ပွဲ အတျိုးအပျက် အကွဲအပြဲများကို မြင်လိုက်သောအခါ သဘောပေါက်သွားခဲ့သည်။

၎င်းနောက် အရပ်လေးမျက်နှာမှ ကွင်းပိုင် တောပိုင် တောင်ပိုင်နှင့် သိမ်တော်ကြီးရှိရာဌာနမှ ပရလောကသားများကို မေတ္တာပို့သည်။ အတ္တာရပ်ခံသည်။ အမျှဝေသည်။ အဓိဋ္ဌာန်ပြုသည်။ ပြီးနောက် လက်ထဲမှ နဂါးတောင်ဝှေးနှင့် ရှေ့ဆုံးမှရေကူးကောင်းနေသော သိုက်ပယောဂဆရာကြီး ဦးကျောက်ဖားရဲ့ခေါင်းကို တို့လိုက်သည်။

"ဟင် ဆ ဆရာတော်ဘုရား အားမလေး အား အ"

သူသတိရသွားသည်။ ကုန်း၍ထသည်။ ပုဆိုးကျွတ်သွား၍ ကလေးများက ဝိုင်းရယ်ကြသည်။ သည်နောက် ကျန်လူ (၄)ယောက်ကိုလည်း တောင်ဝှေးနှင့်လှုပ်နှိုးလိုက်ရာ အားလုံးပြူးတူးပြဲတဲနှင့် သတိများရလာပြီး အရှက်ကြီးရှက်ကြတော့သည်။ သူတို့အားလုံးသည် ဆရာတော်ဘုရားကြီးရှေ့မှောက်မှာ ချွေးသံရွှဲရွဲ သွေးသံရဲရဲနှင့် လက်အုပ်ချီ၍ မျက်နှာများကို အောက်သို့ငုံ့ထားပြီး နာခံနေကြသည်။

"လူမိုက်တွေ၊ ငမိုက်သားအကုသိုလ်ကောင်တွေ၊ အပါယ်ငရဲကို ဆက်ထိုးသွားမယ့် လူဗာလကောင်တွေ၊ မလုပ်ကောင်းတာတွေလုပ်၊

www.burmeseclassic.com



မဟုတ်တာတွေလုပ်၊ ဘုရားပစ္စည်း၊ သံဃာပစ္စည်းလား၊ မင်းပစ္စည်းလာ
သိုက်နန်းရှင်များရဲ့ပစ္စည်းလား၊ မခွဲခြားဘူး၊ သိုက်စာရ ဥစ္စာရနိုး
နိုက်လုံးကြီးနေတဲ့ လူတိရစ္ဆာန်တွေ နောင်ကို ဒီလိုမလုပ်သင့်တာ
လုပ်ကြဦးမလား''

''မ မ လုပ်တော့ပါဘူး ဘုံ ဘုရား''

''မင်းတို့ ကတိတည်မလား''

သို့နှင့် သူတို့အားလုံး ကတိသစ္စာပြုကြသည်။ သည့်နော
ဆရာတော်ဘုရားကြီးက သူတို့အားလုံးကို တရားပြသည်။ လော
မောဟကြောင့် အဝိဇ္ဇာအမိုက်ဖုံး၍ ငရဲလုံးလုံးကျရသည့်အဖြစ်မျာ
မိန့်ကြားသည်။ ပြီးတော့ ရွာဦးကျောင်းသို့ ပြန်ကြသွားခဲ့သည်။

ထိုအချိန်မှစ၍ ယနေ့ အနှစ် (၅၀)ကျော် ကာလများသို့ တို
သည်။ ရွာလယ်ကောင်ခေါ်ပြင်ကွင်းမှ သိမ်အဆင်းမှာရွှေကိုးတင
မည်သူမျှမရှာရဲကြတော့။ ယခုအခါ ၎င်းသိမ်တော်ဝန်းကျင်၌ အဓော
(၂၀)ကျော် စေတီတစ်ဆူကို ရွာသူရွာသားများက အမှတ်တရကိုးကွ
ထားလေရာ ဘုရားရိပ်တရားရိပ် သံဃာအရိပ်များနှင့် အေးချမ်းလှသ

ဖော်ပြပါ မသူတော်ငါးဦးတို့သည်လည်း ထိုအချိန်မှစ၍ ဖ
ယောက်ပြီးတစ်ယောက် ရွာမှထွက်သွားကြသည်မှာ နောက်ဆုံးကြ
သည့်သတင်းကား အားလုံးကွယ်လွန်ကုန်ကြပြီဆိုသည့် အကြော
တည်။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်နက္ခတ်ဆရာကြီး ဦးမင်းကျော်ဇလ လွန်ခဲ့သော ၁၀ နှ
က ပြောခဲ့သောစကားကို ဦးအောင်မြတ် ပြန်သတိရမိသည်။

"ကိုအောင်မြတ်၊ ခင်ဗျားရဲ့သား အသက်ရှည်ကျန်းမာဖို့နည်း
လမ်းက ခမည်းပေးရလိမ့်မယ်ဗျ။ သည်ကလေးအတွက် ဘာခမည်းပေ
ရမလဲဆိုတော့ ကျွဲပေါက်တစ်ကောင်ဝယ်ပေးပြီး သူတနင်္လာသားနဲ့ ဖေ
ဖက်ဆက်ရမှာပဲ၊ ဒီလို ကျွဲခမည်းပေးလိုက်ခြင်းအားဖြင့် ခင်ဗျားရဲ့သား
အမေနကရိုင်းမယ့်တော်နဲ့ အသားမင်းသားတို့က အစဉ်စောင့်ရှောက်
လိမ့်မယ်။ ဒါပေမဲ့ ခင်ဗျား ကျုပ်ကို ကတိတစ်ခုတော့ပေးရလိမ့်မယ်"

"ဘာကတိများပါလဲ ဆရာကြီး။ အမိန့်ရှိပါခင်ဗျား"

ဆရာကြီးမင်းကျော်ဇလက ကျောက်သင်ပုံးပေါ်မှာ မဟာဘု
အကွက်များ၊ ဂြိုဟ်နေခွင်အကွက်များချ၍ ထောက်ကြည့်ပြီး ကွမ်းတစ်ယ
ကို ဝါးလိုက်သည်။

"ခင်ဗျားသားအတွက် ရည်မှန်းပြီး ခမည်းပေးထားသည်
ကျွဲကို ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် သူတစ်ပါးလက်လွှဲ ပြောင်းမပေ
ရဘူး။ ဒီကျွဲကို အိမ်မှာနိုင်းလို့ရတယ်။ ပြီးတော့ အဲဒီကျွဲကို ခင်ဗျား
မိသားစုအကြားမှာပဲ သူ့သဘာဝအတိုင်း သေဆုံးခွင့်ပေးရမယ်။ ဒါ့အပြ





သူ့အသားကို ခင်ဗျားတို့လုံးဝမစားရဘူး၊ နားလည်ရဲ့လား"

"ဟုတ်ကဲ့ခင်ဗျာ၊ အကယ်၍များ သူတစ်ပါးလက်လွှဲပြောင်း
ပေးရင်ကော ဘယ်လိုအကျိုးဆက်များရှိနိုင်ပါသလဲ ဆရာကြီးခင်ဗျာ"

"ခင်ဗျားသား (သို့) ခင်ဗျားတို့ မိသားစုအတွင်းမှာ အန္တရာယ်
အနှောင့်အယှက်တစ်စုံတစ်ခု ကျရောက်နိုင်လို့ပဲ ဦးအောင်မြတ်"

× × × ×

နှစ်အတန်ကြာခဲ့ပြီ ...

တစ်နေ့မယားဖြစ်သူက

"ကိုအောင်မြတ် လုပ်ပိုတို့လင်မယားတီဗွီဝယ်လိုက်ပြီတော့"

"သူ့ဘာသာ သူဝယ်တာ ဘာဖြစ်လဲဟ"

"ဘာဖြစ်ရမှာလဲ၊ သူတောင်တီဗီဝယ်နိုင်ရင် ကျုပ်တို့က ဘာမို့
လို့လဲ။ ဟင်း ခုတော့ ကောင်မက မြောက်ကြွမြောက်ကြွနဲ့ အောက်ခြေ
မှ လွတ်လို့။ သူ့ယောကျ်ားလုပ်ပိုကလည်း ကျုပ်ကို ရိသွားသေးတယ်။
ကြည့်ရတဲ့၊ နင့်ယောကျ်ားအောင်မြတ်လာရင် တီဗီကြည့်ရအောင် လွှတ်
လိုက်ပါဦးတဲ့ ဟွန်း"

ဒီလို မိန်းမလုပ်သူက မဲ့ကာရွဲ့ကာနှင့် မိန်းမသဘာဝ အငြိုး
အတေးမခံချင်စိတ်နှင့် ပြောကာဆွလာသောအခါ အောင်မြတ်လည်း
စိတ်ထဲနည်းနည်းကြွလာသည်။

"ခင်းတို့ဟာ ဘယ်လောက်ပေးရသတဲ့လဲ"

"နှစ်သောင်းတဲ့၊ အဖြူအမည်းလို့ ကြားတာပဲ"

"နင်လိုချင်ရင် နင့်လည်ပင်းပေါ်က ဆွဲကြိုးရောင်းပြီး အဲဒါ
ဝယ်လိုက်ပါလား"

"အိုတော် ဆွဲကြိုးရောင်းရမလားတော့၊ တော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရောင်းလိုက်ရင် တီဗီမရဘူးလား''

ရွှေတိုးကြီးရောင်းလိုက်ရင် မရဘူးလားဆိုသည့် စကားကြ
တော့ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

''ဒါတော့ မဖြစ်နိုင်ဘူးနဲ့တူတယ် လှရီ''

''ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ တော်ကြာ သေသွားရင် မြှုပ်ပစ်ရ
တော့။ ခုနေရောင်းရင် နှစ်သောင်းဝန်းကျင်ပြေးမလွတ်ဘူး။ ရှင်ဒါ
မသိဘူးလား၊ ဒုံးဝေးပါ့ ကိုအောင်မြတ်ရယ်''

မိန်းမလုပ်သူကဆန်ရွှေးရင်းမှ မျက်စောင်းကြီးခဲ၍ ဆန်ဇေ
ကို ဆောင့်ချလိုက်သည်။

''ရှင် တုံးပုံမျိုးနဲ့ ကျုပ်တို့မိသားစု ဒီဝန်းကျင်မှာ လူရာမ
လူတန်းမစေ့ဖြစ်ရဦးမှာပဲ။ တောက် ကျုပ် လင်ရွေးမှားလိုက်
ကိုအောင်မြတ်ရယ် ဖွီး''

အောင်မြတ် နှုတ်သီးကောင်း လျှာပါးအသံကျယ်လှသည့်မိန်
ကို ခွန်းတုံ့မပြန်တော့။ ငေါက်ခနဲထ၍ လှပိုတို့အေးစီတို့အိမ်ဘက်
ထွက်လာလိုက်သည်။ ကြည့်စမ်း။ လှပိုတို့အိမ်မှာ လူစည်နေလိုက်
ဘုရားစင်အောက်ခေါင်းရင်းခန်းမှာ အဖြူအမည်းတီဗီကြီးက ထည်
ဝါဝါကြီး။ လွင်မိုးရဲ့ ခန့်ချောကြီးကြော်ငြာပေါ်လာသောအခါ မိန်းကလေ
အုပ်တ နှမ်းတိုးရွှတ္ထ ဖြစ်ကုန်ကြသည်။

လှပိုက တီဗီရှေ့ပက်လက်ကုလားထိုင်ပေါ်မှာ ဆေးပြင်း
ခဲရင်း အောင်မြတ်ကိုမြင်တော့ သူ့တီဗီကို လက်မထောင်၍ ထိုးပြလို
သည်။ အောင်မြတ်မချိုမချဉ်ပြုံးရင်း အသည်းယားယားနှင့် မတ်တတ်
အာရုံစိုက်၍ အကဲခတ်လိုက်သည်။

❋ ❋ ❋ ❋ ❋

□

ပွဲစားဘအေးနှင့် ကျွဲအဝယ်တော်များက သူ့ကျွဲရွှေတိုးကြီးကို
လှည့်ပတ်အကဲခတ်သည်။ သည့်နောက် သူတို့ချင်း တိုးတိုး တိုးတိုး
ပြောကြပြန်သည်။

''အဖေ၊ သူတို့ ရွှေတိုးကြီးကို ဘာလုပ်ကြမလို့လဲ ဟင်''

သံချောင်းရဲ့အမေးကြောင့် အဖေလုပ်သူ ကိုအောင်မြတ်
မျက်နှာ ပျက်သွားသည်။

''ဟို . . . ဟို . . . ဝယ်မလို့တဲ့ . . . သား . . . ရယ်''

''ဗျာ . . . အဖေက . . . ရောင်းမယ်''

''အင်း . . . ရောင်းမလားလို့''

သံချောင်းမျက်နှာ တစ်ချက်ညိုသွားသည်။ သည့်နောက်



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးကြီးကို ကရုဏာသက်စွာငေးမော၍ ကြည့်နေရှာသည်။ ရွှေတိုး ကြီးကား လူစိမ်းများဝိုင်းကြည့်နေသောကြောင့် လှုပ်လှုပ်ရွရွဖြစ်နေသည်။

"ဘာ . . . ဘာ . . . ဖြစ် . . . လို့ . . . ရောင်းမှာလည်း အဖေရာ . . . သ . . . နား . . . ပါတယ်"

"ရှူး"

သူ သံချောင်းကို မျက်ရိပ်ပြလိုက်ပြီး ခပ်လှမ်းလှမ်းသို့ ခေါ် သွားကာ ရွှေတိုးကြီးအခြေအနေမကောင်းကြောင်း၊ များမကြာခင် သေသွားနိုင်ကြောင်း၊ ဒါကြောင့် မတတ်သာ၍ရောင်းရမှာဖြစ်ပြီး ရသည့် ငွေကို လုပိုတို့အိမ်ကလို တီဗီတစ်လုံးဝယ်ပေးမည့်အကြောင်း ချော့ နားချရသည်။ သံချောင်းကား ဖအေကိုကြောက်၍သာ ပြန်မပြော နေရသည်၊ ရင်ထဲမကောင်း။ မျက်နှာကြီးကိုအောက်ငုံ့၍ မြေကြီးကို အစိမ့်ပွာယ်မဲ့စွာကြည့်ရင်း အသံတိတ်မျက်ရည်ကျနေလိုက်သည်။

"ကိုအောင်မြတ်"

"ပြောကွာ"

"အဝယ်တော်တွေက တစ်သောင်းခွဲပဲ ပေးနိုင်မယ်တဲ့ကွာ"

"နည်းတာပေါ့ ကိုဘအေးရာ၊ နှစ်အတိထားပေးပါဗျာ"

"မရဘူးအစ်ကို၊ အစ်ကိုကျွဲနော် နေသိပ်မကောင်းဘူး။ အမြန် ရှင်းပစ်မှ တန်ကာကျမယ်။ ဒီတော့ အစ်ကိုကြိုက်ရင်ရောင်းပါ၊ မရောင်း ချင်ရင်လည်းနေပါ"

နောက်ဆုံး သူမနေနိုင်တော့။ ရသမျှဈေးနှင့် လက်ခံလိုက် ရသည်။ ရွှေတိုးကြီးကို အဝယ်တော်များက ဆွဲသွားကြသောအခါ သံချောင်းက အော်ရှိုက်သည်။ သူ့အမေက ကောင်လေးတိတ်တိတ်နေ စမ်းဟု ငေါက်ရင်းဆွဲထားသည်။



သံချောင်းက ရုန်းထွက်ပြီး ရွှေတိုးကြီးလည်ပင်းကို ပြေးဖက် သည်။ ရွှေတိုးကြီးက မျက်ရည်များကျရင်း ကျွဲဆွဲများလက်မှရုန်းသည်။ အဝယ်တော်နောက်လိုက်များက သံချွန်ကြိမ်နှင့်ထိုးရင်း သုံးလေးချက် ဆင့်ရိုက်လိုက်သောအခါ အသားများတုန်ခါရင်း မလိုက်ချင်လိုက်ချင်နှင့် လိုက်သွားရှာသည်။

ကိုအောင်မြတ်ကား ငွေတစ်သောင်းခွဲကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်းစဉ်းစားလျက် –

မလှရီကား မျက်လုံးထဲမှာ ပေါ်လာသည်။ တိမ္မိကြည့်ရင်း ကြည့်နူးလျက် –

သံချောင်းကတော့ ငယ်ပေါင်းကြီးရွှေတိုးကြီးထွက်သွားသည် ကိုငေးကြည့်ရင်း သိမ့်သိမ့်သည်းသည်း ရှိုက်ငိုလျက် –

ရွှေတိုးကြီးခြံဝမှအထွက် ကြုံလိုက်ရသည်ကား အံ့ဩဖွယ်ကောင်း သည်။ ရွှေတိုးကြီးသည် ရင်ကွဲသံကြီးနှင့် တစ်ချက်အော်လိုက်သံအဆုံး ခေါင်းရင်းဘက်နားမှာကိုးထားသည့် အမေနံကရိုင်းနုတ်ကွန်းစင်ပေါ်မှ ဖွတ်ပန်းထည့်ထားသည့်ရေအင်တုံသည် လေမတိုက်ကြွက်မတိုက် ဘဲနှင့် ရုတ်တရက် ပြုတ်ကျကာ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားခဲ့လေ သည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



သံပါအောင်အော်တော့သည်။ သည့်နောက် နွားသတ်သမားများက တ်၊ ဓား၊ ဝါးရင်းတုတ်၊ သံတုတ်များနှင့် ရွှေတိုးကြီးကိုပိတ်၍ ရက်စက်စက် ဝိုင်းထုရိုက်ချိုးကြသည်။

"ဖောင်း"

"ဖြောင်း. . . ဖြောင်း"

"ဒုတ်. . . ဒုတ်"

"အွမ်း. . . အွမ်း. . . အွမ်"

ရွှေတိုးကြီး ချာလပတ်လည်သွားသည်။ နှာခေါင်းမှ သွေးစိမ်းများ လာသည်။ အသည်းခိုက်မျှနာကျင်လွန်း၍ သူ့အူများတုန်ယင်လာ ည်။ သားသတ်သမားက နောက်တစ်ချက်ရိုက်ရန် သံတုတ်ကို မြှောက်မှာ ရွှေတိုးကြီးက ဦးချိုကားကြီးနှင့် ဝှေ့၍ယမ်းပစ်လိုက်သည်။

"ဖွပ်"

"အား. . . အား. . . အ. . . အ"

"ဟေ့ လာကြစမ်းပါဦးဟ၊ ကျွဲသောင်းကျန်းနေပြီ ချကွာ"

"မဲတူကို ကျွဲခတ်လိုက်ပြီဟေ့ ချ. . . အသေချ"

သားသတ်သမားရဲ့ ဝမ်းဗိုက်ကိုချွန်မြသည့် ချိုကားကြီးက ဝင်ကာ သားသတ်သမား ရူးရူးဝါးဝါးအော်ရင်း လဲကျသွားသည်။ ည့်နောက် လက်နက်မျိုးစုံနှင့် သားသတ်သမားများ ဝိုင်းလာစဉ် ိုးကြီးသည် သော့ခတ်ထားသည့်သစ်သားတံခါးကို ဦးခေါင်းနှင့် ကုန်တိုက်ဝှေ့ကာ ခြံပြင်သို့ လွှားခနဲခုန်ထွက်၍ ရှေ့သို့တစ်ဟုန်ထိုး နှ်ချပြေးတော့သည်။

❋ ❋ ❋ ❋ ❋

□

ကြမ္မာဆိုးကား ချိုရောအတောင်ပံပါ ပေါက်ခဲ့လေပြီ။

နွားသတ်ရုံသို့ရောက်သောအခါ နွားသတ်သမားများက ရွှေတိုး ကြီးကို သားသတ်ရုံထဲသို့ သွင်းလိုက်သည်။ ကျွဲ၊ နွားများ၏ သွေးညှီ နံ့ကိုရသောအခါ ရွှေတိုးကြီးက မဝင်ဘဲရုန်းသည်။ ထိုအခါ သားသတ် သမားများက ဓူးတပ်ကြိမ်နှင့်ဖိ၍ ရိုက်ကြတော့သည်။ ကျွဲနဖားကြိုး ကို တုံ့ဆွဲပြီးသွင်းသည်။ တိရစ္ဆာန်ပင်ဖြစ်သော်လည်း ရွှေတိုးကြီးက သိသည်။

ဘဝတူများ၏ ပိညာဉ်နံ့ကိုရသောအခါ ကြမ္မာ၏လှုံ့ဆော် ကြောင့်လားမသိ၊ အတင်းရုန်းကန်ပြီး ထွက်ပြေးသည်။ သို့ကလို ရုန်း လိုက်သဖြင့် နဖားကြိုးဆွဲသူလဲကျသွားပြီး ရေ့ခြေနှင့် အံနင်းခံလိုက်ရကာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိုးကြီးဦးချိုမှာ သွေးစွန်းညစ်ထေးသွားခဲ့ပြီ။ ကြောက်စိတ်နှင့် စိတ်ရိုင်းများက သူ့သည်းခြေကို ပျက်ခဲ့စေပြီ။

သူ့ပြေးလမ်းကြောင်းတစ်လျှောက် အဆီးအတားမှန်သမျှ ခြံစည်းရိုးကို အကုန်ခတ်၍ကော်၍ သူ့သခင်လေးခြံရှိရာသို့ ဦးတည်ပြီး ပြေးနေသည်။ သစ်သီးဆိုင်အချို့ အခတ်ခံရ၍ လွင့်စဉ်မှောက်ကွဲကုန်သည်။ ရှေ့မှ ပိတ်မိနေသည့် ရေခဲခြစ်လှည်းကို ချိုကားကြီးနှင့် ခတ်ပစ်လိုက်သည်။

ယခုအခါ သားသတ်သမားများသာမက လူအုပ်ကြီးကပါ ရရာလက်နက်များဆွဲကိုင်၍ သူ့ကို သုတ်သင်ရှင်းလင်းရန် အော်ဟစ်၍ နောက်မှလိုက်လာကြသည်။ ကလေးအချို့နှင့် ဈေးသွားခရီးသွားများသည်





...တို့ ပြေးလွှားပုန်းအောင်းနေကြသည်။

ဆိုက္ကားသမားများကလည်း ကတ္တရာလမ်းမပေါ်မှာ ချိုကားကြီးကိုဝှေ့ယမ်း၍ သွေးသံရဲရဲနှင့် ကဆုန်စိုင်းသောင်းကျန်းနေသည့် ကျွဲဆိုးကြီးကိုမြင်သောအခါ ကိုယ့်အသက်ဘေးအတွက် ဆိုက္ကားကိုပစ်၍ ပြေးကြသည်။ ကားတွေလည်း ရပ်ကုန်သည်။

ထိုစဉ် သတ္တိကောင်းပုံရသည့် လူရွယ်တစ်ဦးက လှံတစ်ချောင်းနှင့် ရှေ့မှာရပ်၍ပစ်ရန် ပြင်လိုက်သည်။ ရွှေတိုးကြီးက ရှေ့မှရန်သူကို ...ခေါင်းတိုးဝင်၍ တိုက်ပစ်လိုက်ရာ လူတခြား လှံတခြားဖြစ်သွား... မထနိုင်တော့။ သူဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက်သည် ...သံ ဟစ်သံ ကျိန်ဆဲသံ ငိုကြွေးသံများနှင့် ကမ္ဘာပျက်၍ ကျန်ခဲ့သည်။

ရွှေတိုးကြီး သားသတ်ရုံမှထွက်ပြေးပြီး မြို့ထဲမှာရပ်ထဲမှာ ...ောင်းကျန်းနေသည့်သတင်းက ညောင်သုံးပင်ကွင်းစပ်မှာနေသည့် ...အောင်မြတ်နားသို့ ဈေးသွားများမှတစ်ဆင့် ပေါက်လာခဲ့သည်။

ကိုအောင်မြတ်တွက်လိုက်သည်။ ရွှေတိုးကြီးဆိုးသွမ်း၍ စိတ်...ဝင်သွားပြီ။ ကေနမုချဒီကောင်သူ့ချည်တိုင်ရှိရာ သည်အိမ်ခြံကို ...လာလိမ့်မည်။ ဘယ်လိုလုပ်ရပါ့မလဲ။ စဉ်းစားအကြံထုတ်နေဆဲမှာပင် ...မြောက်ဖျားမှ အော်သံများကြားလိုက်ရသည်။

"အောင်မြတ်ရေ၊ မင်းကျွဲကြီးသောင်းကျန်းနေပြီဟေ့ လုပ်..
...ည် . . . ပါဦး ဟ"

"သံချောင်းရေ သံချောင်း. . . ရွှေတိုးကြီး. . . ပြန်. . . ပြန်
...ပြီ. . . ဟေ့"

"ဟဲ့ – ဟဲ့ ကလေးတွေ ခြံထဲကိုဝင်ကြ၊ အိမ်ပေါ်ကိုအမြန်
...ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ပြေးဟေ့ . . . ပြေးကြ . . . ဟ . . . ပြေး"

အူ . . . သူ ဆိုးသွားပြီ။ ငါ ငါ ဘာလုပ်ရမလဲ။ တော်ကြ
ခြံထဲကိုဝင်လာပြီး မိသားစုကိုရန်ရှာခဲ့ရင် ဘယ့်နှဲလုပ်ရမလဲ။ ကိုအော
မြတ်တွေးလန့်လာသည်။

"သံချောင်း . . လူလေး . . အောက်ကို . . မဆင်းနဲ့ . .
သုရိ . . . ငါ့ကို လှံမြန်မြန်ပေးစမ်း"

"အဖေ အဖေ. . . မ. . . မလုပ်ပါနဲ့"

"မြန်မြန်ပေးပါဟ"

ကိုအောင်မြတ်က လှရီကမ်းပေးသည့် လှံရှည်ကိုကိုင်၍ ...
မှာ အခြေအနေကို ကြည့်လိုက်သည်။

"အွမ် . . . အွမ် . . . ညွှမ့်"

"ပြေး ပြေး အောင်မြတ် မရဲနဲ့နော် ပြေး"

"အွမ် . . . အွမ် . . . ညွှမ့်"

ရွှေတိုးကြီးက သွေးသံရဲရဲနှင့် သူ့ခြံဝသို့ရောက်လာသည်
သူ့မျက်လုံးအစုံသည် မကောင်းဆိုးဝါးများအပမှီနေသလို သွေး...
...နေသည်၊ ခန္ဓာကိုယ်ပေါ်မှာလည်း ပစ်ခတ်ဒဏ်ရာမ...
ကြောင့် သွေးများယိုစီးလျက် –

"ရွှေ . . . တိုး . . . ကြီး"

"သံချောင်း မလာခဲ့နဲ့"

ကိုအောင်မြတ်က လှံကိုမြှောက်လိုက်သည်။

"ရွှေတိုး"

ကိုအောင်မြတ်ရဲ့ မာန်နှင့်အော်လိုက်သံကြောင့် ရွှေတိုးကြီး
သွေးမျက်ရည်များနှင့် ငေးကြည့်နေသည်။





"ရွှေတိုး၊ မင်းနဲ့ငါတို့ မဆိုင်တော့ဘူး၊ မင်း. . . မင်း သွား
သွားတော့"

"ညွှမ့်"

"ရွှေ. . . တိုး. . . ကြီး"

သံချောင်းကလည်း အိမ်ပေါ်မှ ငိုသံပါကြီးနှင့်အော်သည်။
သံချောင်းအသံကြားသောအခါ ရွှေတိုးကြီးက ခြံထဲသို့ဖွတ်ဝင်ရန် ပြင်
လိုက်သည်။ သည်တင် ကိုအောင်မြတ်က အကြင်နာမဲ့စွာ လှံကိုမြှောက်
၍ ရွှေတိုးကြီးလက်ပတ်ကြားကို ထိုးစိုက်ရန်ပြင်လိုက်စဉ် –

ရွှေတိုးကြီးကားမျက်လုံးထဲမှာ သခင်ဟုမမြင်တော့၊ ရန်သူဟု
မြင်သွားကာ ကျူးကော်ပက်တင်ခတ်လိုက်သည်။

"ဗွပ်"

"အား . . . အား . . . အား . . . အား"

"အဖေ. . . အ. . . ဖေ . . . ရွှေ. . . တိုး . . . ကြီး . . .
အဖေ"

"ကို . . . အောင် . . . မြတ်"

သံချောင်းရဲ့ ရင်ကွဲမတတ်အော်သံ၊ မလှရီရဲ့ထိတ်လန့်တ
ကြားအော်သံ၊ ကိုအောင်မြတ်ရဲ့ ကျွဲချိုဖျားပေါ်မှာ ကားခနဲပါသွားရင်း
...လေးအော်သံတို့ကား ညောင်သုံးပင်ရွာထဲမှာ ကမ္ဘာပျက်သလို ဆူညံ
...သည်။ ရွှေတိုးကြီး အရိုင်းစိတ်နှင့် ဦးချိုကိုခါယမ်းချလိုက်သည်။
...အောင်မြတ်ချိုဖျားမှ ဘုတ်ခနဲ မြေကြီးပေါ်သို့ပြုတ်ကျပြီး လူးလွန်
...ဝဉ် ချိုနှင့်ထပ်ကော်ရန်ပြေးအလာ –

"ဒိုင်း . . . ဒိုင်း"

"အွမ် . . . အွမ် . . . ညွှမ်း"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံနှစ်ချက်ကြားလိုက်ရပြီး ရွှေတိုးကြီးအသံနှ
ကြီးနှင့် ဆက်တိုက်အော်ကာ ရှေ့ဒူးများညွတ်၍ လဲကျသွားသည်
အခါတွေ့လိုက်ရတော့ သံချောင်းအိမ်ပေါ်မှ ခုန်ဆင်းလိုက်သည်။

သူ့အဖေနှင့် ရွှေတိုးကြီးအကြား ရောက်နေသည်။

အဖေလုပ်သူက သေငယ်ဇောနှင့်လူးလွန့်ရင်း သူ့ကိုလက်ယ
ခေါ်နေသည်။ ရွှေတိုးကြီးကလည်း မျက်ရည်နှင့်သွေးအိုင်များအကြား
သူ့ကိုအမှတ်တရကြီး ကြည့်နေရှာသည်။ ရဲတပ်ဖွဲ့ဝင်များက ရိုင်ဖ
သေနတ်များကိုထိုးချိန်၍ အခြေအနေကို ကြည့်နေသည်။

မလုရီက ကိုအောင်မြတ်ကို ပွေ့ပွေ့လိုက်သည်။ မကြာမီ
ရွှေတိုးကြီးငြိမ်ကျသွားသည်။ သံချောင်း သူ့အဖေဆီသို့အော်ငိုရင်း ပြေး
သွားလိုက်သည်။ အဖေက နံကရိုင်းမယ်တော်ကြီး နတ်ကွန်းစင်ရှေ့မှ
လူးလွန့်နေသည်။ ဝမ်းဗိုက်မှ အန်ထွက်နေသည့်အူများကို ဘယ်လက်နှ
ပွေ့ရင်း ညာလက်နှင့်သားလုပ်သူသံချောင်းရဲ့လက်ကို သွေးရူးသွေးတန်း
ဆုပ်ကိုင်ကာ –

"သား. . . သံ. . . သံချောင်း အ. . . ဖေ. . . မှား. . .
မှားသွားပြီ၊ လု. . . လုရီ. . . ဆ. . . ဆရာကြီး ဦးမင်းကျော်ဖ
တကား. . . ငါ. . . ငါတို့ နားမထောင်ခဲ့တာ. . . မှား. . . မှားသွား
အား. . . အား. . . အ. . . အ. . . အ"

"အဖေ . . . အ . . . ဖေ . . . အဖေ"

သံချောင်း ရင်ကွဲမတတ်အော်၍ ငိုလိုက်သည်။ မလုရီက
နောင်တရများကို မျက်ရည်နှင့်လိမ်းကျံ၍ ဝမ္မာမြေလူး မြေကြီးမှာလှိမ့်
ငိုနေသည်။ ပစ်ခတ်ငိုယို အော်ဟစ်သံများကြား၍ ရွာတောင်ဖျား
ဆရာကြီး ဦးမင်းကျော်ဖလ ရောက်လာသည်။ ဆရာကြီးသည် ဖြ





ကြောင်းကုန်စင်ကို သိလိုက်ရသောအခါ တသိမ့်သိမ့်ရှိုက်ငိုနေသည့်
သံချောင်းရဲ့ပခုံးကို ကရုဏာသည်းနှင့်စွာနှင့်ဖျစ်ညှစ်ရင်း သူပြောခဲ့သည့်
စကားကိုနားမထောင်ခဲ့သည့် အောင်မြတ်ရဲ့ သွေးသံရဲရဲအလောင်းကို
ကြေနှင့်စွာလှမ်းကြည့်ကာ ဦးခေါင်းကို တွင်တွင်ယမ်းလိုက်လေသည်။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



ဝဋ်သည် ကြောက်စရာကောင်း၏။ ဝဋ်ကြွေးသည် သံသရာ ည်၏။ အဲဒီမှာ သောကဝဋ်ကြွေးသည် အဟုန်အလျင်နှုန်းမြန်၏။ ကြွေးသည် မဆပ်လို့မရ။ ဆပ်ရလျှင် လူ့လောက၊ လူ့သဘာဝကို င်းရောအတိုးပါ ပေးရ၏။ ကုသိုလ်နှင့်အကုသိုလ်သည် သံသရာ မှာ အကျိုးပေး၏။

ကုသိုလ်ကံအကျိုးပေးကို ဘဝရဲ့မြတ်သောပါရမီဟု ခေါ်ကြ အကုသိုလ်ကံ၏အကျိုးပေးကို ဝဋ်ကြွေးဟု ဆိုကြရ၏။ ဝဋ်ကြွေး သရာအကြောင်း ပြောကြသောအခါ . . .

ကျွန်တော်တို့ 'ရေချမ်းအိုးကြီး'ကို သွားရှာသတိရလိုက်ရ သည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ရေချမ်းအိုးကြီးဟုခေါ်၏။ အမည်ရင်းက မောင်ရွှေ
ဖြစ်သည်။ သူ့ကိုမွေးစဉ်က သူ့အမေဒေါ်မယ်ထိန်သည် ရင်ပူလွန်း
သောက်ရေအိုးကို ရင်ဘတ်နှင့်ဖက်ထားပြီး ထူးဆန်းစွာ မီးဖွားရသော
ကြောင့် သူ့အားရေချမ်းအိုးကြီးဟု အားလုံးက ခေါ်ကြလေ၏။

ဒေါ်မယ်ထိန်သည် ရေချမ်းအိုးကြီးအပါအဝင် မနုတ်တော်
ဖေါဲခေါင်နှင့် ဖိုးကဆုန်အမည်ရှိ သားသမီးလေးယောက်ပါဝင် မွေးဖွား
ခဲ့သည်။

ဒေါ်မယ်ထိန့်ယောကျ်ား ဦးညကြီးသည် ပစ္စည်းအလုံအလောက်
ရှာဖွေပေးခဲ့ပြီးနောက် သက်နီးဝတ်နှင့် ထွက်သွားလိုက်သည်မှာ ယနေ့
တိုင် သေသလား ရှင်သလား မသိရ။ တစ်ခါမျှလည်း မဖူးတွေ့ရတော့
ဒေါ်မယ်ထိန်ဘဝကလည်း ကံဆိုးရှာသည်။ အသက် (၈၀)နား





နီးလာသောအခါ မနုတ်တော်၊ ဖဝါခေါင်နှင့် ဖိုးကဆုန်တို့ ရောဂါဘယ
နှင့်ကွယ်လွန်ကုန်ကြပြီး ချွေးမ၊ သမက်များနှင့်မြေးများသာ အိုးခွဲအိမ်ခွဲ
ကျန်ရစ်ခဲ့ရ၏။

ဒေါ်မယ်ထိန်သည် သားကြီးလုပ်သူ ရေချမ်းအိုးကြီးနှင့် အတူ
နေ၏။ ရေချမ်းအိုးကြီးမိန်းမ သူ့ချွေးမနာမည်က မကောက်ကြီးဖြစ်၏။

ဆိုရလျှင် ရေချမ်းအိုးကြီးသည် ကြီးလေပူလေဖြစ်လေ၏။

အရက်သောက်၏။ လောင်းကစား၏။ မိန်းမလိုက်စား၏။
ပြဿနာပေါင်းစုံရှာ၏။ သို့သော် ဒေါ်မယ်ထိန်က ဒီသားရေချမ်းအိုး
ကြီးကို လွန်စွာချစ်၍ ပြဿနာပေါင်းစုံကို ဒိုင်ခံရှင်းပေးခဲ့ရ၏။

ဒါပေသည့် သားလူမိုက် ရေချမ်းအိုးအကြောင်းသိ၍ လင်သား
ထုပ်သူရှာဖွေပေးခဲ့သည့်ပစ္စည်းများမှ အတော်များများကို ရွာကျောင်းထိုင်
ဘုန်းကြီး(အစ်ကိုဖြစ်သူ) ဦးဇနိယထံမှာ အပ်ထားခဲ့၏။

များမကြာမီမှာပင် ဒေါ်မယ်ထိန် သက်ကြီးရောဂါနှင့်သွေးတိုး
လေဖြတ်ပြီး အောက်ပိုင်းသေကာ အိပ်ရာမှမထနိုင်တော့။ ချွေးမကလည်း
ချေးဂရု၊ သေးဂရုကို ကြာတော့စိတ်ညစ်လာ၏။ သားလုပ်သူကလည်း
လုံးဝလှည့်မကြည့်။ ဆေးဆရာများကပင် နောက်ဆုံး လက်လျှော့ခဲ့ရ
တော့၏။

တစ်နေ့ –

"အမေ"

"ဘာလဲ၊ လူလေးကြီး"

ဒေါ်မယ်ထိန် အားယူထူးလိုက်၏။

"အမေ့ကို ဆေးကုရမယ်"

"အင်း . . . "



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ပစ္စည်းတွေ ထုတ်ပေးပါ"

"ဥရုတိုင်အောက်မှာတူး လူလေးကြီး"

ရေချမ်းအိုးကြီးနှင့် ခွေးမလုပ်သူ မကောက်ကြီးတို့ ဝမ်းသာအားရ အိမ်ဥရုတိုင်အောက်ကို သံတူးရွင်းနှင့်တူးကြ၏။

လက်သီးဆုပ်ခန့် စဉ့်အိုးလေးနှင့် လက်ဝတ်လက်စားအချို့ရသ၏။ ၎င်းပစ္စည်းများကိုရောင်းချပြီး ရေချမ်းအိုးကြီးက သောက်စား၏။ လောင်းကစား၏။

မကြာခင် ဖဲဝိုင်း၊ ကြက်ဝိုင်းမှာ ကုန်လေ၏။ မိခင်ကြီးကို ယောင်လို့မျှဆေးမကု၊ ဖဲရိုက်၍ကုန်သော် ကြွားကြွားရွားရွားဆင်ပြီး လမ်းသလားနေသည်။ မိန်းမလုပ်သူထံမှ ပစ္စည်းများကို ဖြုတ်၍ လောင်းကစားပြန်၏။ မကြာခင်ရက်ပိုင်းအတွင်းကုန်၏။ ကုန်သော် ပြောပြန်၏။

"အမေ"

"အင် . . . ဟင်"

အဘွားကြီးကား အာဟာရပြည့်ဝသည့် အစားအစာလည်း မစားရ။ ဆေးကောင်းဝါးကောင်း သမားကောင်းနှင့်လည်းမကုရ၍ တစ်နေ့တခြားအားအင်ကုန်ခန်းကာ အရိုးပေါ်အရေတင်မျှသာ ကျန်တော့၏။

"အမေ့မှာ ပယောဂဝင်နေတယ်တဲ့"

"ဟုတ်ပါဘူး သားရယ်"

"ဆရာသိန်းကြီးက ပြောတာ၊ ကျွန်တော်အမေ့ကျန်းမာရေးအတွက် ယကြာသွားမေးရင်း ပြောပေးလိုက်တာ"

"အဲဒီတော့ ဘာလုပ်ချင်လို့လဲ"

စိတ်ကူးသစ်စာပေ



"ပယောဂထုတ်ရမယ်၊ ရိုက်ဆဲကုန်မယ်။ အမေ ဝှက်ထားတာတွေ ထုတ်ပေးပါ"

"မင်းကို ပေးပြီးပြီ မဟုတ်လား"

"ဒါက နည်းနည်းလေးဥစ္စာ၊ ရှိသေးပါတယ်၊ အဲဒါ ပေးပါ"

"ကုန် ကုန်ပါပြီ သားရယ်"

"ခင်ဗျားအတွက် ပြောနေတာနော်။ အဲဒီလို ငွေကုန်ခံမကုရင် အမေသေရလိမ့်မယ်"

"အမေ မြန်မြန်သေချင်ပါပြီကွယ် ဟီး. . ."

အဘွားကြီး ဒေါ်မယ်ထိန် သားဆိုးနှင့် ချွေးမဆိုးအကြောင်း သိလိုက်ရ၍ ငိုလေ၏။

"ခင်ဗျား ထုတ်မပြောဘူးလား"

"မ . . . မရှိတော့ဘူး"

"သေဗျာ၊ သေ၊ မြန်မြန်သာ သေတော့၊ ဟော့-ဒီကောက်"

"ဘာတဲ့ ကိုရေချမ်း"

"ဒီအဘွားကြီးကို ပစ္စည်းဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာ ပြောမချင်း ရေရော အစာပါ မကျွေးနဲ့"

"စိတ်ချပါတော်၊ ဟင်း . . ."

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❑

ထိုနေ့ ထိုရက်များမှစ၍ သားနှင့်ချွေးမတို့သည် ဒေါ်မယ်ထိန်ကို လုံးဝဥပေက္ခာပြုလိုက်ကြ၏။ အစာလည်းမကျွေး၊ ရေလည်းမတိုက်၊ အညစ်အကြေးသန့်စင်ခြင်းလည်း လုပ်မပေးခဲ့။

အိမ်နီးနားချင်းများက ဆန်ပြုတ်လေးလာတိုက်လျှင် ချွေးမနှင့်သားက အော်ငေါက်လိုက်ထုတ်၏။

"ဘာမှ လာကျွေးမနေနဲ့ဗျ။ ဒါ ဖုတ်ဝင်နေတာ။ မြန်မြန်သေမှ ဖုတ်ထွက်လိမ့်မယ်။ ကျွေးနေရင် ဖုတ်သက်ရှည်နေမယ်။ ပြန်ယူသွားကြ"

အိမ်နီးနားချင်းများက အိပ်ရာပေါ်မှာ အညစ်အကြေးနှင့် ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသည့် ဒေါ်မယ်ထိန်ရဲ့အခြေအနေကို စိတ်မကောင်း





ကြည့်ပြီး ဝမ်းနည်းစွာပြန်သွားခဲ့ကြ၏။

ဒီအကြောင်းကို အဝေးမှာနေကြသည့် မုဆိုးမ ချွေးမနှင့်ဆိုးဖို သမက်နှစ်ဦးကြားသောအခါ သားမြေးများနှင့်လာရောက်ပြုစုကြသည်။

"ခင်ဗျားတို့ · အိမ်ထဲကို ဝင်စရာမလိုဘူး"

ရေချမ်းအိုးကြီးက မူးမူးနှင့်အော်ငေါက်ထုတ်၏။ ဒီမှာ မုဆိုးမချွေးမက –

"အမေ့ကို နောက်ဆုံးပြုစုချင်လို့ပါ ကိုရေချမ်းရယ်"

"ဟဲ့ သေခါနီးမှ အိမ်နဲ့ခြံကို အမွေလိုချင်လို့ လာကြတာမသိဘူး မှတ်နေလို့လား။ နင်တို့ ဘာမှမရဘူး သိလား။ သွား။ အားလုံးပြန်ကြ၊ သွားလေ"

ယောက်ဖ မုဆိုးဖို ကိုကြည်ဒိန်းက မခံနိုင်၍ ဝင်ပြောရ၏။

"ဒီမှာရေချမ်း"

"ဘာလဲကွ"

"ဒီအမွေကို ငါတို့လုံးဝမမက်မောဘူး။ လိုချင်လို့လာတာမဟုတ်ဘူး။ ငါတို့ယောက္ခမကို ငါတို့ကြားရသိရတာ စိတ်မသက်သာလို့လာခဲ့တာ။ မင်းမပြုစုချင်နေ၊ အမေ့ကို ငါတို့နဲ့ထည့်လိုက်ပါ။ ငါတို့သေသည့်တိုင် ပြုစုသွားမယ်"

"ဟား ဟား ဟား ဟား မင်းတို့အကြံ ငါသိတာပေါ့ ကြည်ဒိန်းရာ။ သေခါနီးမသာကို အားဆေးတိုက်ပြီး ရသမျှမေးမြန်း နှိုက်ကြမ်လို့ လုပ်တာဥစ္စာ။ ဟေ့–သွားဆိုသွားနော်၊ မသွားဘူးလား။ ဒါကြမ်းရာပေါ့ကွာ"

အမူး ရေချမ်းအိုးကြီးက ဓားဆွဲ၍လိုက်သောအခါ မုဆိုးမ



www.burmeseclassic.com

www.burmeseclassic.com



ခွေးမနှင့်ခြေးဝယ်များ လန့်၍ပြေးကြ၏။

"ယောက်ဖ"

"မင်းသေချင်လို့လား ကြည်ဒိန်း"

"ငါတို့ မင်းအိမ်ပေါ် ခြံဝင်းထဲကို မဝင်တော့ပါဘူးကွာ။ ဟော

အစားအစာလေးတွေကိုတော့ အမေ့ကိုကျွေးပေးပါ။ ဒီမှာ"

မုဆိုးဖို သမက်ကြည်ဒိန်းက ချက်ပြုတ်ယူလာသည့် ကြက်သား

ဆန်ပြုတ်ချိုင့်နှင့် စားစရာများကို ခြံဝမှာချပေးထားခဲ့ပြီး လှည့်ထွက်

သွားသောအခါ –

"ဂွမ်း"

"ဂလုံ … ဂလုံ"

"ဂွမ်း"

"ကိုင်းဟာ … သွားကွာ"

"ခွမ်း"

"ဟင်–မင်း မင်း မိုက်ရိုင်းစုတ်ပဲ့လှချေလား ရေချမ်းအိုးကြီး

ရာဟင်။ ဒါ ဒါ အမေ့ကိုကျွေးဖို့ ငါတို့ တပင်တပန်းချက်ပြုတ်ယူလာ

ခဲ့တာကွ"

"ဟား ဟား ဟား ဟား မလိုဘူးကွာ။ နက်ဖြန် သန်ဘက်

သေမယ့်မသာကို အရေးလုပ်ပြီး မျက်နှာလုပ်ပန်မယူနဲ့။ ကိုင်းဟာ"

"ခွမ်း"

ရေချမ်းအိုးကြီးက စားစရာချိုင့်များကို ခြေနှင့်ကန်ပစ်သည့်

အားရှည်နှင့် ခုတ်လှတ်ပစ်လိုက်သည်။ ဆန်ပြုတ်ချိုင့်သည် မြေပြင်မှာ

ပြန့်ကျဲကုန်၏။ မုန့်ထုပ်များတစ်စစီဖြစ်ကုန်၏။ ၎င်းအစားအစာများ

ခွေးများက ဝင်စားသောအခါ စားသောခွေးများကို ဓားနှင့်လိုက်ခုတ်ပြီး

[illegible]



ခြေနှင့်ကော်၍ သဲများမြေကြီးများ ဖြူးလိုက်၏။

"ဒီလောက်မိုက်ရိုင်းပြီး လူစိတ်မရှိတဲ့ ခွေးလိုကောင်၊ သိကြ

ရောပေါ့ကွာ"

မုဆိုးဖိုသမက် ကြည်ဒိန်းက မခံမရပ်ဖြစ်ပြီး အုတ်ခဲကျိုးနှင့်

ပစ်ရန်လုပ်သောအခါ မုဆိုးမနှစ်ဦးနှင့် အိမ်နီးနားချင်းများက အော်ဟစ်

ဆွဲကြပြီး ပိုင်းတားကြလို့။ နို့မဟုတ်ရင် ဒီပွဲက သူသေကိုယ်သေ။

ဆိုရလျှင် …

ရေချမ်းအိုးကြီးသည် မွေးသမိခင်အပေါ် လုံးဝအကြင်နာ

တရား မရှိ။ ကိုယ်ကလည်း မကျွေး။ အခြားသားသမီး၊ ချွေးမ၊

ယောက်ဖများက ကျွေးမွေးပြန်တော့လည်း မနာလို ရှုဆိတ်။

ဒီကြားထဲ မသေမရှင် မိခင်ကြီးအနား မှုန်းနှင့်ကပ်ပြီး လက်

ချွန်ပစ္စည်းများကိုဂျိုကျ၍ မေးနေပြန်သေးသည်။

မိခင်ကြီးကား လုံးဝစကားမပြောနိုင်တော့။ မျက်စိလည်း မဖွင့်

နိုင်တော့။ အရိုးပေါ်အရေတင် နောက်ဆုံး ဝင်သက်ထွက်သက်ကို

ဆက်ရင်း ယင်းညသန်းခေါင်ယံမှာ ငှက်ဆိုးထိုးသံနှင့်အတူ ကွယ်လွန်

သွားခဲ့လေ၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❐

အသုဘကို ဖြစ်သလိုချ၏။ ရက်လည် မည်သူ့ကိုမျှမဖိတ် ဘကြီးဘုန်းကြီးရက်လည်တရားနာ ရောက်ချလာတော့ မှုးနေ၏။ ဘကြီး ဘုန်းကြီးလည်း နမလုပ်သူကို သူ့ဘာသာအမျှဝေပြီး ပြန်ကြွသွားခဲ့၏

ရက်လည်ပြီးနောက် အိမ်ခြံအနှံ့ကို လင်မယားနှစ်ယောက် ပိုက်စိပ်တိုက်ပြီး တူးဆွရှာကြ၏။ တွေ့၏။ ရွှေအိုး၊ ငွေအိုးမဟုတ် မြေပန်းကန်ကွဲ၊ ကြွေပန်းကန်ကွဲများ။ သူတို့နှစ်ဦး ညစ်ညှမ်းစွာ ဆဲဆေ တိုင်းတွာ ကြလေသည်။

ဘာမျှမကြာလိုက်။ ဝဋ်ကလည်တော့သည်။ အရက်သောက ကြမ်းသည့် ရေချမ်းအိုးကြီး လည်စလုတ်မှာ အနာပေါက်တော့ အနာက နေ့ချင်းညချင်းဆိုသလို ပြည်များမိ၍ ရောင်ရမ်းလာ





ခုအခါ အနာလုံးကြီးသည် လည်စလုတ်တည့်တည့်မှာ ထန်းသီးလုံးခန့် ကြီးမားပြီးမှည့်နေ၏။ အစာလည်း မျိုလို့မရ။ ရေပင် အဝင်မခံ။ ရေမျို ချို့ ဒဏ်ရာရ ကျွဲ၊ နွား၊ ခွေးလို အော်နေရသည်၊ ဘယ်ဆေးဆရာ လည်း ကုလို့မရ။

သူနှင့်အပြိုင် သူ့မိန်းမ မကောက်ကြီးလည်း ထူးဆန်းသော ရောဂါဆိုး ဖြစ်တော့သည်။ သူမရဲ့လျှာပေါ်မှာ အနာပေါက်ခြင်း။ လျှာ ပေါ်မှာ အနာပေါက်ပြီးနောက် လျှာကြီးသည် တန်းလန်းကြီးကျနေ ကား အပြင်မှာနှစ်ထွာခန့်ထွက်ပြီး နွားလျှာလိုဖြစ်၍ အပုပ်နံ့များ ထောင်နေ၏။ ဘာဆိုဘာမျှ စားလို့မျိုလို့မရ။

သူတို့နှစ်ဦး ကယ်ပါယူပါ တစာစာအော်ကြသည်၊ အသံက ထွက်တော့။

ကံများ ဆိုးချင်တော့ တစ်ည လင်မယားနှစ်ယောက် ပြိုင်တူ အော်ဟစ်ညည်းညူနေစဉ် မီးခွက်ကို ခြေဖြင့်ကန်မိပြီး ခြင်ထောင်ကို ခွဲကာ လူရောအိမ်ပါ မီးဟုန်းဟုန်းတောက်တော့သည်၊

အရပ်ကောင်း၍ မီးငြိမ်းသွားခဲ့၏။

သို့သော် ရေချမ်းအိုးနှင့် မကောက်ကြီးတို့လင်မယား မီးစွဲပြီး အရေပြားများ၊ ဆံပင်များ ပေါက်ကွဲမီးလောင်ကာ အရုပ်ဆိုးအကျည်း တန်စွာ သေပွဲဝင်ခဲ့ရလေ၏။

✻ ✻ ✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

☐

သူတို့နှစ်ဦး၏အသုဘကို ကျန်ရစ်သူချွေးမနှင့် မုဆိုးဖိုသမက် နှစ်ဦးတို့က နောက်ဆုံးအနေနှင့် သင်္ဂြိုဟ်ပေးခဲ့၏။

ရက်လည်ပြီးနောက်ပိုင်း ၎င်းအိမ်မှာ သရဲအကြီးအကျယ် ခြောက်တော့၏။ ညဘက်ရောက်လျှင် ဗူးဗူးဝါးဝါး အိုးအိုးအစ်အစ် အော်သံများကြားရ၏။ အိမ်နီးနားချင်းများ ညဘက်အပေါ့အပါး မသွားရဲ ဖြစ်ကြရ၏။

ဆိုရလျှင် . . .

ကျန်လူများက အမှုပေးဝေကြပါ၏။ ဘကြီးဘုန်းကြီးသည် လူမိုက်လင်မယားနှစ်ယောက် အသေဆိုးနှင့် မစားနိုင်မသောက်နိုင် အရောက် မီးလောင်ပြီးကွယ်လွန်ပြီးနောက် ကျန် တူ၊ သားသမီး သမက်၊ ချွေးမတို့ကို ခေါ်လိုက်သည်။

"ဟောဒါ မင်းတို့ယောက္ခမ မယ်ထိန်မသေခင်က ငါ့ထံ အပ်ထားခဲ့တဲ့ မင်းတို့မိဘများပစ္စည်းတွေပဲ။ ကျန်ုပ်တို့ [illegible] ခွဲဝေယူကြ။ မင်းတို့နဲ့ထိုက်လို့ မင်းတို့ရတာ"





ချွေးမနှင့်သမက်များ၊ မြေးများ ဘကြီးဘုန်းကြီးစကားကြောင့် နှန်စွာအံ့သြကုန်ကြ၏။

နောက်ဆုံးရရှိသည့်ရွှေငွေများကို နှစ်ပုံပုံ၍ တစ်ပုံကို မိဘနှစ်ပါး အားရည်စူးပြီး ကျောင်းဇရပ်ဆောက်လုပ်လှူဒါန်းရေစက်ချ၏။ ကျန် တစ်ဝက်ကို အညီအမျှခွဲဝေယူကြပြီး ရေချမ်းအိုးကြီးတို့လင်မယား အတွက် တစ်လပြည့်ဆွမ်းကျွေးအမျှဝေ၏။

သို့သော် ရေချမ်းအိုးကြီးတို့ လင်မယားဘဝတွင် အကုသိုလ်ကံ အရှိန်ကြီးလှ၍ သာဓုမခေါ်နိုင်ထင့်။ လုံးဝကိုမကျွတ်လွတ်ခဲ့။ ၎င်းတို့ နေခဲ့သည့် မီးလောင်ပြင်ပေါ်မှာ ညဦးသန်းခေါင်ကျလျှင် အသည်းထိတ် ရာ အော်ဟစ်ငိုယို ညည်းညူသံများကို ကြားနေရဆဲဖြစ်၏။

ကျွန်တော်တို့သိရသလောက်၊ မြင်ရသလောက်ဆိုလျှင် ၎င်းအိမ် ပေါ်မှာ နှစ်ပေါင်းအတန်ကြာ သရဲ၊ တစ္ဆေ၊ ပြိတ္တာဘဝနှင့် ရှိနေခဲ့၏။ နောင် သက်ဆိုင်ရာက အနေအထားမကျသည့်ရပ်ကွက်ကို မြို့ရွာရပ်ကွက် ဂါနှင့်အညီ အကွက်ချရှင်းလင်းလိုက်သောအခါ ၎င်းတို့ အိမ်နေရာ သည် လမ်းစွန်ရေမြောင်ထဲသို့ ရောက်သွားခဲ့၏။ သူတို့ ပြိတ္တာ၊ တစ္ဆေ တို့၏ အကုသိုလ်လင်မယားကား ဘယ်အရပ်၊ ဘယ်ဒေသကို ရောက်သွား ပြီလဲ မသိ။

အချို့လူကြီးသူမများကတော့ ပြောကြ၏။ သူတို့ရှိရာအရပ်ကို လက်ညှိုးထိုးပြ၏။ ထိုအရပ်ကား မြေကြီးအောက် ငရဲပြည်ဖြစ်လေ သတည်း။

* * * * *

မောင်ညိုမှိုင်း(သန့်သျှင်)

www.burmeseclassic.com

www.burmeseclassic.com



❐

အောင်ကြီးစိန် မင်္ဂလာဆောင်ရန် နေ့ကောင်းရက်မြတ် သတ်မှတ်ပြီးနောက် ညတစ်ညမှာ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့ရသည်။

အိပ်မက်ထဲမှာ အလျားတစ်လံခန့်ရှည်ပြီး လုံးပတ်လက်ကောက်ဝတ်ခန့်တုတ်သည့် လင်းမြွေကြီးနှစ်ကောင်ကို တွေ့လိုက်ရသည် လင်းမြွေနှစ်ကောင်အနက် တစ်ကောင်ကဦးခေါင်းကြီးကြီး(အထီး)ဖြစ်ပြီး တစ်ကောင်ကဦးခေါင်းသေးသေး(အမ)ဖြစ်သည်။

မြွေနှစ်ကောင်သည် လူကဲ့သို့ပါးချင်းယှဉ်ကာ အနည်းငယ် ဦးခေါင်းလည်ပင်းမော့၍ (မှတ်ချက်–လင်းမြွေများသည် မြွေဆိုးများ ပေါက်၍ ပါးပျဉ်းထောင်လေ့မရှိပါ။ စကားချပ်) သူ့ကို စိမ်းကားစူးရဲသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံဖြင့် ရှုးစိုက်ကြည့်နေကြသည်။

ဒီမြွေနှစ်ကောင်ကို ဖြုန်းစားကြီးမြင်လိုက်ရတော့ လွန်ခဲ့သော ကာလအပိုင်းအခြားဆီက ဖြစ်ရပ်တစ်ခုကို အောင်ကြီးစိန်ပြေး၍ သတိ လိုက်မိသည်။ သူသွားမည့်လမ်းခရီးရှေ့မှာ ယင်းမြွေနှစ်ကောင်က စိမ်းစိမ်း ကားကား အမြီးကြီးကြီးဟန်ဖြင့် ရှုးစိုက်ကြည့်နေတော့ သူက အုတ်ခဲကျိုး ကိုကောက်ကိုင်ပြီး ပစ်ခတ်ရန်ပြင်လိုက်စဉ် . . .

တကယ့်ကို ထူးဆန်းစွာပါပဲ၊ လင်းမြွေနှစ်ကောင်ပုံရိပ် ဝေ ပျောက်ကွယ်သွားခဲ့ပြီး လူနှင့်သဏ္ဌာန်တူသော ပုံရိပ်မည်းမည်းနှစ်ခုသည် မြွေနှစ်ကောင်နေရာမှာ ပခုံးချင်းယှဉ်၍ ရပ်နေသည့်အလား မြင်လိုက် တော့သည်။ ပီပီပြင်ပြင်တော့မဟုတ်။ ပုံရိပ်များကား ဝိုးတိုးဝါးတား ညဘက်ဆိုလျှင် မှောင်ရိပ်အဝေးမှမြင်ရသည့် သဏ္ဌာန်မျိုး။ အဲဒီမှာ တစ်ယောက်က ယောကျာ်းသဏ္ဌာန်၊ ကျန်တစ်ယောက်က မိန်း သဏ္ဌာန်။

အောင်ကြီးစိန်မျက်စိရှေ့မှာ မျက်လှည့်ပြဘိသကဲ့သို့ အသွင် သဏ္ဌာန်ချက်ချင်း ဖြုန်းစားကြီးပြောင်းလဲသွား၍ အုတ်ပိုင်းကျိုး ကိုင်ပြီး ငုံ့လင့်နေစဉ်မှာပဲ အမျိုးသားသဏ္ဌာန် ခပ်ဝါးဝါးပုံရိပ်ထံ စကားပြောသံကို သူ့နားနှင့်ဆတ်ဆတ် ကြားလိုက်ရတော့သည်။

"ငါတို့ရဲ့ချစ်ကြင်းကတော့ ဘဝပြောင်းသွားခဲ့ရပြီကိုယ့်လူ မကြာခင်မင်းအလှည့်ရောက်တော့မယ်။ မင်းအလှည့်ရောက်တော့မယ် သိလား။ သိလား"

သူ့အသံက အတော့်ကိုနာကြည်းကြေကွဲနေသည့် အသံ ဒီမှာပဲ မိန်းမလိုလိုသဏ္ဌာန်ဝါးဝါး မည်းမည်းမှိုင်းမှိုင်းပုံရိပ်ကလည်း သူရှိရာသို့လက်ညှိုးထိုးရင်းမှ –



"ငါတို့ချစ်ခြင်းကို သေကွဲခွဲခဲ့တဲ့လူယုတ်မာ၊ မကြာခင် နင်.. နင် ငါတို့ခံစားရသလို ခံစားရတော့မယ်။ ဟား ဟား ဟား ဟား"

မိန်းမသဏ္ဌာန်ကလည်း ယောကျာ်းသဏ္ဌာန်နည်းတူ ဆို့နင့် ကြေကွဲ နာကြည်းဖွယ်အသံနှင့်ပြောရင်း ချောက်ချားဖွယ်အသံနှင့် ရယ်ကာ မှုန်ဝါးပျောက်ကွယ်သွားခဲ့ပြီ။ ချက်ချင်းမြွေပြန်ဖြစ်သွားကာ အသံရှည်ဆွဲ၍ တွန်သံပေးလို့ လှစ်ခနဲ လှည့်ထွက်သွားခဲ့ကြတော့သည်။

သူ ဒေါသဖြစ်လာပြီး မြွေနှစ်ကောင်နောက်သို့ အုတ်ပိုင်းကျိုး ကိုင်လျက် ပြေးလိုက်သွားသည်။ မြွေနှစ်ကောင်ကလည်း သူတို့ကို အန္တရာယ်ပြုတော့မည်မှန်းသိသည်နှင့် လျှင်မြန်စွာလူးလွန့်ခုန်လွှားပြီး ချုံများထဲသို့ တကွဲတပြား တိုးဝင်ပျောက်ကွယ်သွားလေ၏။

အောင်ကြီးစိန်ဒေါသတကြီး မြွေဝင်သွားသည့်ချုံများကို တွေ့ ရာအုတ်ခဲကျိုးများဖြင့် တရကြမ်းပစ်ပေါက်ချိန်မှာပဲ အိပ်မက်မှလန့်နိုး ခဲ့သည်။

ဘာရယ်လို့မဟုတ်၊ မင်္ဂလာဆောင်ခါနီးကျမှ ဒီလို နိမိတ် မကောင်းလှသည့်အိပ်မက်မျိုး မက်ရသည့်အတွက် ခေါင်းထဲမှာမယုံ ကြည်ချင်သော်လည်း . . .

အတိတ်က ဖြစ်ရပ်ကို ပြန်စဉ်းစားရင်း စနိုးစနောင့်တော့ ဖြစ်မိလေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❐

အောင်ကြီးစိန်တို့ မင်္ဂလာဆောင်က ဝိန္နဲပင်ရွာကြီးမှာ ဖြစ်
သည်။ အတော်အတန်လည်း စည်ကားခဲ့သည်။ အောင်ကြီးစိန်လုပ်ငန်း
အဆင်ပြေ၍ မင်္ဂလာပွဲကိစ္စမှာ အသင့်အတင့်ငွေအပ်နိုင်ခဲ့သည်။ သူ့ဇနီး
ရွှေယင်းမာကလည်း ချောမှချော၊ လှမှလှ၊ ဖွေးဖွေးဥဥ၊ နုနုထွတ်ထွတ်
တလေး။ သူတို့နှစ်ဦးသည် လွယ်လွယ်နဲ့ညားခဲ့ရသည်တော့ မဟုတ်။
ရွှေယင်းမာက မြစ်ဝကျွန်းပေါ်သူ။ ဒီရွာက သူ့အဒေါ်အိမ်မှာ
ခဏအလည်လာနေရင်း ဖက်ရဲလက်ရဲ အာသွက်လျှာသွက်ရှိသည့်
အောင်ကြီးစိန်ရဲ့ ကြိုးပမ်းချက်ကြောင့် ချစ်သူဘဝ ရောက်ခဲ့ရပါသော်
လည်း အဒေါ်နှင့်မိဘအသိုင်းအဝိုင်းက လုံးဝသဘောမတူသဖြင့် နှစ်ဦး
သဘောတူ ခိုးရာလိုက်ပြေးခဲ့ကြသည်။



မထူးသည့်အဆုံးကျမှ သူမအဒေါ်နှင့်မိဘများက ပြန်လက်ခံ
ပြီး မင်္ဂလာဆောင်ပေးခြင်းရယ်သာ။ အောင်ကြီးစိန်လို အရပ်မြင့်မြင့်၊
အသားမည်းမည်း၊ မျက်လုံးပြူးပြူးလူစားနှင့် ကြွေရုပ်လေးလို ဖွေးဥ
သွက်နေသည့် ရွှေယင်းမာရဲ့အလှကိုကြည့်ပြီး ရွှေယင်းမာ၏ အမျိုး
များက နှာခေါင်းရှုံ့ကြ၊ မေးငေါ့ကြ၊ ရိကြ၊ ငေါ့ကြသည်။
ကိုဝကြီးတို့ သူငယ်ချင်း ကာလသားများကတော့ ရွာလေ့
အတိုင်း အံရည်ကလေး ကိုယ်စီဝင်ထားကြသည်မို့ အောင်ကြီးစိန်
(သတို့သား)ကိုမြှောက်လိုက်၊ ရွှေယင်းမာ(သတို့သမီး)အား စလိုက်
နောက်လိုက်နှင့် ပျော်နေကြ၏။
မင်္ဂလာဆောင်မှာ လက်ဖွဲ့ငွေလည်း အတော်ကိုရလိုက်သည်။
လက်ဖွဲ့ငွေပစ္စည်းများသည် အောင်ကြီးစိန် ဆွေမျိုးအသိုင်းအဝိုင်းက
သူလိုကိုယ်လို လက်လုပ်လက်စားသမားများပဲဖြစ်သည်။ အောင်ကြီးစိန်
အသာ လုပ်တတ်ကိုင်တတ် ကြရည်ဖန်ရည်ရှိ၍ အတော်အတန်စုဆောင်း
မိပြီး ဒီရွာမှာ လူတစ်လုံးသူတစ်လုံးဟန်နှင့် အနေတောလူချောဖြစ်နေ
တာရယ်။
အမှန်တကယ်က ရွှေယင်းမာတို့ အသိုင်းအဝိုင်းကလာသည့်
လက်ဖွဲ့များ။ ရွှေယင်းမာမိဘများကလည်း မြစ်ဝကျွန်းပေါ် မြောင်းမြ
မြို့မှ ကုန်သည်များဖြစ်သည်။ ဆွေမျိုးများကလည်း ပစ္စည်းဝနအင်အား
တောင့်တင်းကြသူများဖြစ်၍ မျက်နှာမငယ်အောင် လက်ဖွဲ့ကြခြင်းဖြစ်
သည်။
တိုတိုဆိုရလျှင် –
မင်္ဂလာပွဲသည် ပျော်ရွှင်ကြည်နူးစွာဖြင့်လည်းကောင်း၊ ဟန်
ဆောင်အပြုံးများဖြင့်လည်းကောင်း ပြီးစီးသွားခဲ့သည်။ အောင်ကြီးစိန်

www.burmeseclassic.com

www.burmeseclassic.com



က မဟလာဆောင်ပြီးနောက်နေ့မှာ သူ့အိမ်သို့ ဖနီးသည်ကိုခေါ်သွား
သည်။ သုံးရက်ခန့်ချစ်မိုးများ သဲကြီးမဲကြီးရွာသွန်းပြီးနောက် ရွှေယင်း
မိတ်များက ရွှေယင်းမာကို မြောင်းမြသို့ သုံးရက်ခန့်ထည့်လိုက်ဖို့ေ
လာခဲ့သည်။ အကြောင်းကား သူမနှင့်စပ်ဆိုင်သည့် လုပ်ငန်းကိစ္စ
အား ခွဲဝေပေးရန်နှင့် ထာဝရအခြေချမည့် ဒီရပ်ဒီရွာမှာ မြောင်း
မြို့နယ်ထွက် ဆန်၊ ငါး၊ ခြောက်၊ ပုစွန် စသည်တို့ရောင်းချ၍ အသ
မွေးနိုင်ဖို့ စီစဉ်ပေးရန်ဟုဆိုကြသည်။

နှစ်ရက်သုံးရက်ပါဆို၍ အောင်ကြီးစိန်က ညားခါစဖနီး
ယောက္ခမများနှင့် မထည့်ချင်ထည့်ချင် ထည့်လိုက်ရသည်။ သူကလ
သစ်အရောင်းအဝယ်ကိစ္စနှင့် ခရီးထွက်ရမှာဖြစ်၍ သုံးရက်ခန့်ကြာ
ဖွယ်ရှိသည်။ ခရီးသွားနေစဉ် အိမ်မှာ ဖနီးသည်တစ်ယောက်တည်
အဖော်မဲ့ ပျင်းနေမည့်အတူတူ ဒီအစီအစဉ်ကို လက်ခံလိုက်ပြီး မြောင်း
သို့ ထည့်လိုက်သည်။

အောင်ကြီးစိန်တစ်ယောက် သစ်လုပ်ငန်းကိစ္စ သုံးရက်ကြာ
ပြန်ရောက်လာတော့ ရွှေယင်းမာ အိမ်ပြန်မရောက်သေး။ ငါးရက်လည်
မလာ။ တစ်ပတ်လည်းမလာ။ နှစ်ပတ်လည်း ပြန်ရောက်မလာသေး
အခါ ရင်ထဲမှာဗလောင်ဆူစပြုလာခဲ့သည်။

သို့နှင့် မြောင်းမြလိပ်စာအတိုင်း လိုက်သွားသောအခါ ဝ
လိပ်စာအရပ်မှာ ရွှေယင်းမာရော သူ့မိဘများပါ လုံးဝကိုမရှိတော
အိမ်နီးနားချင်းများပြောပြချက်အရ အိမ်နှင့်ခြံပါ ရောင်း၍ (---) ဘ
သို့ ပြောင်းသွားသလိုလိုသာ သိခဲ့ရတော့သည်။

လအတန်ကြာ မယားပျောက်ရှာပုံတော်ကြီးဖွင့်၍ ခေ
တောက်အောင် လိုက်ရှာစုံစမ်းခဲ့ပါသော်လည်း ဖော်ပြပါ (---) ဒေသ





သာမက ဘယ်အရပ်မှာမှ စုံစမ်း၍မရခဲ့တော့။ တစ်နေ့ ပြန်လာနိုး
ပြန်လာနိုးစောင့်စားရင်း နောက်ဆုံး အရက်ကိုအဖော်ပြုကာ အရက်
သမားကြီးလုံးလုံး မဖြစ်ရုံတစ်မည် ကျန်ရစ်ခဲ့လေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❐

နှစ်နှစ်နီးပါးခန့် ကြာသည့်တိုင် ချစ်ဖနီး ရွှေယင်းမာကလည်
ငြိမ်ပေ၊ သူလည်း အရက်သမားဖြစ်၊ အလုပ်လည်းပြုတ်ပြီး ကြ
ဘူဆန်းလုပ်ရင်း မယားသတင်းကို စုံစမ်းနားစွင့်နေခဲ့ရာမှ မမျှော်လင့်
မှုဇာတ်မင်းက မြားသစ်တစ်စင်းဖြင့် ပစ်လိုက်ပြန်လေသည်။
ရွှာဦးဘုရားပွဲမှလာကသည့် ဇာတ်အဖွဲ့ဖြင့် အောင်ကြီး
ပါသွားခဲ့သည်။ ပထမတော့ ဇာတ်ပစ္စည်းများသယ်သည့်အလုပ်ကို လုပ်
သည်။ ပွဲကလျှင် ကန့်လန့်ကာဝိုင်းဆင်ရသည်။ နောင်အခါ ဇာတ်
ဆက်တင် ပြင်ဆင်ဝိုင်းကူလုပ်လာရ၏။ သူက အလုပ်ကို စိတ်ဝင်စား
ကြိုးစားလုပ်ကိုင်သူမို့ ဇာတ်ပိုင်ရှင်ရော လုပ်ဖော်ကိုင်ဖက်များကပါ သူ့
သဘောကျခင်မင်ကြ၏။





ကံဇာတာကလေးတက်ချင်တော့ ဇာတ်ထဲမှာ လူကြမ်းသရုပ်
ဆောင်(ခေါင်းဆောင်) ဖေယျာကျိုင်းဆိုသူ ဦးနှောက်သွေးကြောပြတ်၍
ရုယ်လွန်သွားခဲ့သဖြင့် အသားမည်းမည်း ခေါင်ကောင်းကောင်း မျက်လုံး
ပြူးပြူး သူ့ကို လူကြမ်းသရုပ်ဆောင်နေရာမှာ စမ်းကြည့်ရာမှ ဒါရိုက်တာ
သဘောကျသွားပြီး ဤ "ချစ်ဝင်းမြိုင်" ဇာတ်မှာ ညကြေးကောင်းသည့်
လူကြမ်းသရုပ်ဆောင်ကြီး ဖြစ်သွားခဲ့လေသည်။
နဂိုကလည်း ဇာတ်ပိုးလေးအခံရှိသည်ဆိုတော့ ချစ်ဝင်းမြိုင်
ဇာတ်တွင် နာမည်ရ လူကြိုက်များ အားရလောက်သည့် လူကြမ်းသရုပ်
ဆောင်အဖြစ် ကျော်ကြားလာခဲ့သည်။ အဲဒီမှာပဲ ချစ်ကံပွင့်ပုံများနှယ်
ထိုယလက်တောက် ပြဇာတ်မင်းသမီး မြဝင်းကြည်နှင့် သွားငြိတော့
သည်။ ငြိပုံကလည်း ဆန်းလှချေ၏။ ပြဇာတ် ဇာတ်ဝင်ခန်းတစ်ခုမှာ
လူကြမ်းကြီးအောင်ကြီးစိန်က မင်းသမီးကို မတော်မတရားကြံစည်သည့်
ခန်း။ အဲဒီဇာတ်ဝင်ခန်း သရုပ်ဆောင်ပြီးသည့် အချိန်မှစ၍ အသား
မည်းမည်း အရပ်မြင့်မြင့် မျက်လုံးပြူးပြူး ရင်အုပ်ကျယ်ကျယ်နှင့်
လူကြမ်းအောင်ကြီးစိန်ကို ပြဇာတ်မင်းသမီး ဖြူဖြူချောချော ကြာပစ်
ကောင်းသည့် မြဝင်းကြည်က စွဲလမ်းသွားခဲ့သည်။
များမကြာခင် စန္ဒကိန္နရီမောင်နှံလို လှမ်းမယ်ပမြန်းစို့ ကိန္နရီ
ကိန္နရာ ဖြစ်သွားခဲ့ကြလေသည်။ ဇာတ်တစ်ဖွဲ့လုံးပင် အံ့သြကြရ၏။
ကြားရလျှင် ဇာတ်ဆရာပိုင်ရှင် ဦးမင်းကြည်လှိုင်ကလည်း မြဝင်းကြည်
ကို မသိမသာချိန်နေတာရယ်။ နောက်ဆုံး ဇာတ်ပိုင်ရှင်က သူတို့နှစ်ဦး
ကို 'ဤဇာတ်မှ မထွက်ကြပါနဲ့။ ဆက်လုပ်ကြပါဦး' ဆိုပြီး စပေါ်ငွေ၍
ကြိုတင်စာချုပ် ချုပ်ခေါ်ထားရသည်။
အကြောင်းကား နှစ်ဦးစလုံးက တက်ရည်လက်ရည်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သည်။ ဒါ့အပြင် လာမည့်မိုးရာသီမှာ ခေါင်းဆောင်မင်းသမီး က ဇာတ်ပြောင်းတော့မည်။ သူမပြောင်းသွားလျှင် မြဝင်းကြည်ကို ခေါင်းဆောင်ပြဇာတ်မင်းသမီးနေရာ တင်ရတော့မည်။ နှစ်ဦးစလုံး အပျော် ရောညကြီးပါ ကောင်းကောင်းရကြ၍ လွန်စွာပျော်ရွှင်နေကြသည်။

သို့ဖြင့် နောက်ထပ်တစ်ပွဲဝင်မည့် (---) မြို့ ဘုရားပွဲရောက် လျှင် ၎င်းမြို့နယ်တရားရုံးမှာလက်ထပ်ပြီး တရားဝင် လူသိရှင်ကြား ပေါင်းသင်းကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

သို့ကလို ဆုံးဖြတ်သည့်ညမှာပဲ လွန်ခဲ့သည့်အချိန်က မက် သည့် မြွေလင်မယားအိပ်မက်ဆန်းကို လူကြမ်းသရုပ်ဆောင် အောင်ကြီး စိန် ဒုတိယအကြိမ် မမျှော်လင့်ဘဲမက်ခဲ့ရပြန်၏။

ထုံးစံအတိုင်း မြွေလင်မယားသည် သူ့ရှေ့သို့ရောက်လာ ရှည်လျားစွာတွန့်သံပေး၍ သူ့မျက်လုံးအစုံကို စိမ်းကားနာကြည်း စွာစိုက်ကြည့်နေကြသည်။ သူ မြွေနှစ်ကောင်နှင့်ရင်ဆိုင်ရန် ဟန် လိုက်စဉ် ယခင်အခါကအတိုင်း မြွေနှစ်ကောင်အသွင်က မှုန်ဝါးသွား လူနှစ်ယောက်၏ အရိပ်အငွေ့သဏ္ဍာန်ပုံရိပ်နှစ်ခုကို ဝိုးတိုးဝါးတား မြ လိုက်ရပြီး စကားပြောသံများကို ကြားလိုက်ရ၏။

''ဟင်း ဟင်း မင်းမိန်းမ ယူဦးမလို့ကိုး။ သူများချစ်ခြင်း ရက်ရက်စက်စက် လုပ်ခဲ့တဲ့ကောင်၊ မင်းဒီဘဝ မင်းချစ်တဲ့သူနဲ့ ဘယ် တော့မှ မပေါင်းရဘူး၊ မညားရဘူး။ ငါတို့ သေကွဲကွဲ ဘဝပျက်ခဲ့ရသ အယူတိမ်းခဲ့သလို နင်တို့လည်း သေကွဲ၊ ရှင်ကွဲ၊ မျက်ရည်ဝဲရ မယ်ဟ။ မှတ်ထား၊ မှတ်ထား၊ မှတ်ထား''

သူမြွေလင်မယားရဲ့ ကျိန်စာလိုလို ကြိုတင်နိမိတ်ဖတ်စ လိုလို ကြိမ်းဝါးခြိမ်းခြောက်သံများကို ကြားလိုက်ရသောအခါ ပ





အိပ်ထောင် ရွှေယင်းမာ၏မျက်နှာကို ပြေးမြင်သတိရလိုက်ပြီး ရင်ထဲမှာ ကိုန်လှုပ်သွားခဲ့ရသည်။ ဒါနှင့်အတူ ကျက်သရေမင်္ဂလာမရှိသော နိမိတ် တ်ကျိန်စာလိုလာပြောနေသည့် မြွေလင်မယား(သို့မဟုတ်) မကောင်း ဆိုးဝါး နာနာဘာဝဝိညာဉ်များကို တစ်ခါတည်းကိုရှုပြတ်ရှင်းရန် ဆုံး ဖြတ်လိုက်ပြီး ခုတင်ခေါင်းရင်းမှ ဇာတ်သုံးဓားရှည်ကို လှမ်းနှုတ်လိုက် သည်။

ဒီမှာပဲ လူရိပ်လိုလိုအရာနှစ်ခု ပျောက်ကွယ်သွားပြီး မြွေနှစ် ကောင်ပြန်ဖြစ်ကာ သူ့အားလှောင်သကဲ့သို့ သံရှည်တိုသံစီတွန်ပြီး လျင် မြန်သောအဟုန်ဖြင့် ဇာတ်ရုံနောက်ဖေးပေါက်မှ ပြေးထွက်သွားသည် ကိုမြင်မက်ပြီး အောင်ကြီးစိန်အိပ်ရာမှ လန့်နိုးခဲ့ရသည်။

အိပ်ရာမှနိုးသည်နှင့် သူ့တစ်ကိုယ်လုံး ချွေးများနစ်နေ သည်။ မင်္ဂလာလက်ထပ်ခါနီးမှ နိမိတ်မကောင်းလှသော ဒီမြွေလင်မယား အိပ်မက်ဆိုးကို ပြန်မက်နေရပြန်သည်။ ဒီကိစ္စ သူမစွဲလမ်းခဲ့။ အိပ်မက် အရ လင်မယား ရှင်ကွဲကွဲခဲ့ရဖူးသည်။ အခု ဒုတိယအကြိမ် အကြောင်း ပြ ဆုံခဲ့ပြီ။

အို–သွေးလေချောက်ချားပြီး မက်သည့်အိပ်မက်ပဲ ဖြစ်မှာပဲဟု တွေးလိုက်သည်။ ဒီအချိန်မှာပဲ ရှေ့ပိုင်းဇာတ်ခုံပေါ်မှ မင်းသားကြီး စိန်ဝင်းမြိုင်ရဲ့ ငိုချင်းချသံကို ကြားလိုက်ရသည်။ မိုးလင်းပိုင်းတောင် ရောက်လုပါတကား။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❐

(---) မြို့ ဘုရားပွဲအတွက် ကြာသပတေးနေ့မှာ သူတို့ဇာတ်အဖွဲ့ ကားကြီးငါးစီးနှင့် ရောက်ရှိလာသည်။ အလုပ်သမားများက ဇာတ်ဝင်ပစ္စည်းများကို သူ့နေရာနှင့်သူ ချကြသည်။ သူတို့ အမျိုးသားများ ဇာတ်ထုံးစံအတိုင်း ခေါင်းရင်းဘက်မှာ သူ့အဆင့်နှင့်သူ နေရာယူလိုက်ကြသည်နည်းတူ အမျိုးသမီးများကလည်း ခြေရင်းဘက်မှာ အခန်းဖွဲ့ နေရာယူလိုက်ကြသည်။

နေရာထိုင်ခင်းကိစ္စပြီးသည်နှင့် ရေမိုးချိုးအလုပ်ပြင်ပြီး ဇာတ်ပိုင်ရှင်နှင့် အိမ်ရှိတ်သော ဆရာဆယ်သန်းလှိုင်အား သက်သေခေါ်၍ သူတို့နှစ်ဦး မြို့နယ်တရားရုံးတွင် လက်ထပ်လိုက်ကြသည်။

ဇာတ်ခုံသို့ပြန်ရောက်သည်နှင့် ဇာတ်အဖွဲ့သား ခြောက်ဆယ်





ဆွဲကို ဆိုင်ထမင်းဟင်းနှင့် မင်္ဂလာညစာခံပွဲ လုပ်လိုက်သည်။ ဇာတ်အဖွဲ့လုံး ပျော်မဆုံးကြ။ သမ္မာရင့်ဇာတ်မင်းသားကြီး နောက်ပိုင်းဇာတ်ရေးဆရာ ဦးရွှေဝယ်မှိုင်းက ဆုံးမစကားများကို လက်ာနှင့်တောများနှင့် ခွာ၍ ဆုံးမဩဝါဒစကား ပြောကြားသည်။

ဇာတ်ပိုင်ရှင်ကလည်း လင်မယားစုံတွဲများ ဇာတ်မှာပါလျှင် ၍ သဘောကျသည်။ ထိန်းရပြောရလွယ်သည်တို့။ ဒါ့အပြင် သရုပ်ဆောင်ရာမှာလည်း မဝံ့မရဲမရှိကြတော့။

(---) မြို့မှာ သူတို့ဇာတ် သုံးညကပြီး ပဲခူးရွှေမော်ဓောဘုရားပွဲ ဆင်ရန် ကား(၅)စီးနှင့် ထွက်လာခဲ့ကြသည်။ ဇာတ်မင်းသား ချစ်ဝင်းမြင့်တို့လင်မယားနှင့် ပြဇာတ်မင်းသမီး (ခေါင်းဆောင်)တို့က မင်းသား ကိုယ်ပိုင်ကားနှင့် ကြိုရှုသွားနှင့်ကြသည်။

အောင်ကြီးစိန်တို့ ကြင်စဦးဖနီးမောင်နှံကလည်း သူတို့အဝတ်အစားသေတ္တာများကို ဇာတ်အဖွဲ့ကားနှင့် တင်ပေးလိုက်ပြီး(---)မြို့မှ ကိုင်းလတ်ကားတစ်စီးငှား၍ လင်မယားနှစ်ယောက် ဇာတ်မင်းသားတို့ ကားနောက်မှလိုက်ခဲ့ကြသည်။ ပဲခူးရောက်တုန်း မဟာစေတီ၊ ကျိုက်ပွန်၊ ရွှေမော်ဓော၊ ရွှေသာလျောင်း၊ ကလျာဏီသိမ်တို့ကို ဖူးမျှော်ကြည်ညိုချင်သည်၊ အချိန်ကလေးရရိုက်ရယ်ကို။

ဒီမှာ မမျှော်လင့်ဘဲ ပဲခူးမြို့မှာ သစ်လုံးတင်ကားကြီးတစ်စီး ရှေ့မျက်နှာချင်းဆိုင်မှ အရှိန်လွန်ဝင်လာသည့် ကားငယ်တစ်စီးကို ရှောင်ရှောင်ပြီး လက်ယာဘက်သို့ကွေ့ချလိုက်ရာ အရှိန်ပြင်းသည့်အရှောင်ကားပေါ်မှ သစ်လုံးအချို့လျှောထွက်ပြီး လွင့်ကျကုန်သည်။ ထိုအခါ အဲဒီ်အုပ်လိုက်တော့ အခြေအနေက ပို၍ ကစဉ့်ကလျားဖြစ်ကာ အလွန်ကြီးမားသော သစ်လုံးကြီးတစ်လုံးသည် သူတို့



www.burmeseclassic.com

www.burmeseclassic.com



စီးလာကြသည့် ဟိုင်းလတ်ပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွားခဲ့သည်။

ယိုသံပါအောင် အော်လိုက်သည့် အသံများ ဆူညံသွား သည်။

လူတွေ ပြေးလွှားလာနေကြသည်။ အောင်ကြီးစိန်တို့ ... ဆယ်းရော ဒရိုင်ဘာပါ သစ်လုံးပြုတ်ကျသည့်အရှိန်ကြောင့် ပြာ... သွားသည့် ကားအမိုးအောက်မှာ ခေါင်းကို အဆောင့်ခံလိုက်... ချက်ချင်းသတိလစ်သွားခဲ့ကြသည်။

စာရင်းချုပ်လိုက်သောအခါ

အောင်ကြီးစိန်နှင့် ဟိုင်းလတ်ဒရိုင်ဘာမှာ ဆေးရုံတွင် အ... လူနာအဖြစ် ရက်ရှည်စွာ ဆေးဝါးကုသမှုခံခဲ့ရပြီး သူ့ရဲ့ဖနီးအသစ်က... မြဝင်းကြည်ကတော့ ဖြစ်သည့်နေရာတွင် ပွဲချင်းပြီးသေဆုံးသွားကြေ... ကြားသိလိုက်ရသောအခါ

သူ့ရင်သည် မီးတောင်ပေါက်သကဲ့သို့ ပြောင်းဆန်လှုပ်ခါ... ခဲ့ရသလို သူ့ဦးနှောက်မှာလည်း ချာလပတ်လည်၍ သတိလစ်သွား သည်။

* * * * *

ဆေးရုံမှ ဆင်းလာပြီးနောက် အောင်ကြီးစိန်ဇာတ်ထဲသို့ ပြန် ...ိုက်နိုင်သေးဘဲ အနားယူဆေးစားအားမွေးရင်း အလွမ်းကိုဖြေသိမ့် ...ရသည်။ ဒီမှာပဲ အောင်ကြီးစိန်ယယ်သူငယ်ချင်း ကိုဝကြီးနှင့်ပြန်ဆုံ ...ခဲ့သည်။ သို့ကလို ပြန်ဆုံကြသောအခါ အောင်ကြီးစိန်က သူ ...ာ်ထပ်ခါနီးရောက်တိုင်း အိပ်မက်ထဲမှာ လင်းမြွေကြီးနှစ်ကောင် ...ာ်လာပြီး ထူးဆန်းစွာကြိမ်းဝါးပုံနှင့် နိမိတ်ဖတ်သလိုလို၊ ကျိန်စာ ...ာ်သလိုလို ပြောသွားသည့် အိပ်မက်အကြောင်းကို သူငယ်ချင်းဖြစ်သူ ...ပြောပြလိုက်ရာ ကြားရသည့်စကားနှင့် တိုက်ဆိုင်ဖြစ်ပွားခဲ့ကြသော ...ကြွဲဝမ်းနည်းစရာဖြစ်ရပ်များကို စဉ်းစားတွေးခေါ်ပြီး နှလုံး ...ကြီးစွာ ဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကိုဝကြီးက –

"မဟုတ်မှလွဲရော အောင်ကြီးစိန်၊ မှဆိုးကြီး ဦးလေးဘကျ

ပြောခဲ့တဲ့ စကားမှန်များနေရောသလား သူငယ်ချင်းရာ–ဟင်"

သို့ကလို ပြောလိုက်တော့ အောင်ကြီးစိန် အဝေးတစ်နေရာ

ငေးကြည့်ရင်း မျက်နှာကြီးအိုစာသွားခဲ့သည်။ ဒီနောက် ခေါင်းငိုက်

ကျသွားခဲ့၏။

"ဟင်း . . . မပြောတတ်တော့ပါဘူး ဝကြီးရာ။ တောက် –

ငါ့ဘဝ ကံကိုဆိုးလှတယ် သူငယ်ချင်းရယ်၊ ဟူး . . . "

"ဒီပုံအတိုင်းဆိုရင်တော့ မင်းအိမ်ထောင်ပြုဖို့ မသင့်

ဘူးနဲ့တူပါရဲ့ အောင်ကြီးစိန်။ မင်းမှာ မျက်ရည်ခံမှဲ့လည်း ပါတာမ

ဘဲနဲ့မှားကွာ"

မြန်မာလူမျိုးအချို့မှာ အရိုးစွဲနီးပါး ယုံကြည်မှုတစ်ခု ရှိသ

ယောကျ်ားလုပ်သူမှာ မျက်ရည်ခံမှဲ့ပါလျှင် တစ်ဖန်အိမ်ထောင်ဖက်

သမီးများမှာ ၎င်းမှဲ့ပါလျှင်လည်း အိမ်ထောင်ဖက်ယောကျ်ားမျက်စိ

သည်ဆိုသည့် ယုံကြည်စွဲလမ်းမှု။ သူ့မှာတော့ အဲဒီလို မျက်ရည်ခံမှဲ့

လုံးဝမပါပါ။

သူတို့နှစ်ဦးစလုံး ထူးဆန်းတုန်လှုပ်ဖွယ်ကောင်းသော

ထောင်ရေးတံဆိုးမှုကိုပြန်တွေးရင်း လွန်ခဲ့သောကာလအပိုင်းအ

တစ်ခုတုန်းက တောလည်သွားရင်းဖြစ်ခဲ့ရသည့် အတွေ့အကြုံကို

သတိရလိုက်သည်။

အဲဒီတုန်းက သူ(အောင်ကြီးစိန်)၊ ကိုဝကြီးနှင့် မှ

ဦးလေးဘကျားတို့သုံးဦး ခါတိုင်းလိုတောလည်ထွက်ခဲ့ကြသည်။

နှင့် ဦးလေးဘကျားက ခွေးလေးကိုယ်စီနှင့်။ သူက လုံရှည်ကိုစွဲ





ခါတိုင်း မရဘူးဆိုလျှင်တောင် တောကြက်နှင့် ယုန်လေးငါး

ကောင် ဟင်းစားလေးရစမြဲဖြစ်သော်လည်း ဒီနေ့မှ ဘာဟင်းစားမျှမရ။

နှင့် ချွေးဒီးဒီးကျ၍ပြန်လာကြစဉ် ချုံတစ်ချုံအောက်မှ လူးလိမ့်

ထွက်လာသောအရာကို သူတို့သုံးဦးမမျှော်လင့်ဘဲ မြင်လိုက်ရသည်။

အားလုံး လက်နက်များကိုယ်စီ မြင်လိုက်ကြသည်။

"ဟာ . . . မြွေနှစ်ကောင် မိတ်လိုက်နေပါလားဟ"

သေသေချာချာကြည့်လိုက်တော့ တစ်လံခန့်ရှည်ပြီး လက်

ကောက်ဝတ်ခန့်တုတ်သည့် မြွေကြီးနှစ်ကောင်သည် တစ်ကောင်ကို

ကောင် လိမ်ပတ်ရစ်ဖွဲ့ပြီး(မိတ်လိုက်)နေသည်ကို မြင်လိုက်ရသည်။

"မြွေဟောက်တွေလားဗျ၊ ဦးလေးဘကျား"

အောင်ကြီးစိန်က လှံကိုပြင်ကိုင်လိုက်ပြီး မေးလိုက်သည်။

"မဟုတ်ဘူး၊ လင်းမြွေနှစ်ကောင်ကွ"

"ဒါဆို ဟန်ကျပြီဗျ– အဟတ်"

"ဘာလုပ်ဦးမလို့လဲ"

"ဟင်းစားလေဗျာ၊ ဒီနေ့ ဘာဟင်းစားမျှ မရတဲ့အတူတူ၊

င်းမြွေနှစ်ကောင်ကိုချက်ပြီး အရက်နဲ့မြည်းလိုက်ရင် အပန်းပြေပြီ

ဦးလေးရ"

"ဟာ အောင်ကြီးစိန် မလုပ်နဲ့၊ သွားမလုပ်နဲ့"

"ဘာဖြစ်လို့လဲဗျ၊ ဦးလေးဘကျားကလဲ"

"တိရစ္ဆာန်တွေမိတ်လိုက်နေရင် မဖမ်းရဘူး။ အန္တရာယ်မ

ဘူး၊ အထူးသဖြင့် မြွေများမိတ်လိုက်နေရင် လုံးဝမသတ်ရဘူး။

နေ၊ တော်နေကြာ အခြားမြွေတွေပါထွက်လာပြီး သူတို့ကို ပတ်

ပြီး မိတ်လိုက်ကြလိမ့်မယ်။ လာ လာ ပြန်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



"တာဗျာ၊ ဟင်းစားရနေမှ လက်လွှတ်ရမယ်လို့ဗျာ။ ဖယ် - ခင်ဗျားတို့ မလုပ်ချင်နေ၊ ကျုပ်လုပ်လိုက်မယ်"

"အောင်ကြီးစိန် မလုပ်နဲ့နော်၊ မင်း ဝဋ်ကြီးလိုက်လိမ့်မယ်"

"လိုက်လိုက်ဗျာ၊ ကိုင်း၊ ကိုင်း"

"ဖုန်း . . . ၊ ဖုန်း"

"ဖုန်း . . . ဖောင်း"

အောင်ကြီးစိန်ကို ဘယ်လိုမှပြောဆို တားဆီးလို့မရ။ လက်ထဲ မှလှံသွားနှင့် မိတ်လိုက်နေသည့် မြွေနှစ်ကောင်၏ဦးခေါင်းနှင့်လည်ပင်း ကို လေးငါးချက်ဖိရိုက်လိုက်သည်။ မြွေနှစ်ကောင်သည် နာကျင်စွာ လူးလွန့်ပြီး မကြာခင် သေဆုံးသွားလေသည်။

"တယ်မိုက်တဲ့ကောင်ပဲကိုး"

ဦးဘကျားက အတန်တန် တားနေသည့်ကြားမှ မြွေနှစ်ကောင် အသတ်ခံလိုက်ရသည်ကို မြင်လိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်ကာ ဖါးစပ်မှ တတွတ်တွတ်ရေရွတ်ပြီး ရှေ့မှခပ်သုတ်သုတ် ထွက်သွားတော့ သည်။

အောင်ကြီးစိန်က ဝမ်းသာအားရဖြင့် မြွေသေနှစ်ကောင်ကို နွယ်ကြိုးနှင့်ချည်ကာ ယူလာခဲ့လိုက်သည်။ မကြာခင် တောထဲမှမြွေတွင် သံအတို့အရှည်များ ဆက်တိုက်လိုလိုကြားရ၍ အောင်ကြီးစိန်ရော တို့လှုပ်ခါတောထဲမှ အမြန်သုတ်ခြေတင်ခဲ့ရသည်။

အိမ်ရောက်သည်နှင့် အောင်ကြီးစိန်က မြွေနှစ်ကောင်ကို အရေခွံခွာလိုက်ပြီး ရေနွေးနှင့်ပြုတ်ကာ ကျက်သည်နှင့်အသားများကို နွှင်လိုက်သည်။ ပြီးနောက် ငရုတ်သီးလေးစိတ်ကွဲ၊ ကြက်သွန်နီ/ဖြူ ဆီသတ်ကာ မဆလာအုပ်၍ကြော်လိုက်သည်။ မြွေသားဟင်းနံ့က တချင်





သင်းပျံ့နေသည်။ ကျက်သည်နှင့် ခွင်ပေါ်မှချပြီး ပန်းကန်ထဲ ထည့်ကာ အရက်နှစ်လုံးနှင့် သောက်စားတော့သည်။

"ဝကြီး စားလေကွာ၊ လင်းမြွေသားတာ အချိုဆုံးကွ . . တား"

"ဟင့်အင်း၊ ငါမစားချင်ဘူး"

"ဘာဖြစ်လို့လဲ၊ မင်းမလဲ ဦးလေးဘကျားပြောတာနဲ့ ကြောက် ပြီလား။ ဒီလူကြီးက ရှေးရိုးစွဲ တစ်ယူသန်ကြီးပါကွာ။ အတွေး ခေါ်ထုံနေပါပြီ၊ စားစမ်းပါ။ ရော့"

"ဟင့်အင်း၊ မင်းဟာမင်းပဲစား"

"အေး၊ မင်းမစားတော့လည်း ငါ့အတွက် နှစ်ရက်သုံးရက်စာ ရတော့ဘူးပေါ့ကွာ။ အဟေ့ . . . အေ့"

အောင်ကြီးစိန်က လင်းမြွေသားကြော်ကို ဝါးလိုက်၊ အရက်ကို ကိုက်လိုက်နှင့် မြိန်ရေရှက်ရေသောက်နေသည်။ ကိုဝကြီးခေါ်ရှက်လုံးထဲ တော့ ချစ်အားကြီးစွာဖြင့် ဘာသာဘာဝချစ်တင်းနှောနေသော မြွေ ကောင်၏သေခြင်းတရားကို စိတ်မကောင်းစွာ မြင်ယောင်နေပါသည်။

ခုတော့ -

မထင်မှတ်ပါဘဲ ၎င်းမြွေချစ်သူနှစ်ဦး (သို့မဟုတ်) မြွေလင် သားက သူ့သူငယ်ချင်းကို ထူးဆန်းစွာ ခြောက်လှန့်အိပ်မက်ပေး၍ သိဆိုးများကို ဖတ်ခဲ့လေပြီ။ တစ်နည်း၊ မြွေလင်မယားရဲ့ ကျိန်စာ သင့်ချေပြီ။ ဝဋ်ကြွေးအပေါင်း အဆပ်ခံရသလို ဖြစ်ချေပြီ။

ဘာတတ်နိုင်မှာလဲ။

ဘယ်သူမပြု မိမိမှုတဲ့၊ ဒါ ကံကံ၏အကျိုးပေး။

ဘယ်လိုလုပ်ရင် ရနိုင်မည်လဲ၊ တောင်းပန်ရင် ရနိုင်မည်လား

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❐

အောင်ကြီးစိန်ရဲ့ ဘဝကလည်း အံ့သြဖို့ကောင်းလှသည်။ ...
ဇာတ်သဘင်လေးမှအနားယူပြီး အလုပ်ရှာနေစဉ်မှာပင် ဆန်စက်တ...
တွင် အလုပ်ရသွားခဲ့သည်။

ဆန်စက်ကလည်း အရွယ်ကောင်းမုဆိုးမလေး မခင်သီ...
သည့် 'နေလရတနာ' ဆန်စက်။

ဆန်စက်ပိုင်ရှင် မုဆိုးမ သူဌေးမလေး မခင်သီကလည်း အော...
ကြီးစိန်ကို မြင်သည်နှင့်သဘောကျသွားပြီး အလုပ်တွင် လုံခြုံရေး...
တန်ပြီးခန့်သည်။

ဇာတ်လောကထွက်ပီပီ အပြောကောင်း၊ ဂိုက်ဆိုက်ဟန်...
မျက်နှာပေးကောင်းသည့် အောင်ကြီးစိန်နှင့် ဆန်စက်ပိုင်ရှင် မု...



သူဌေးမလေး မခင်သီတို့သည် တွေ့ဆုံနိုးနော ဝင်ထွက်တိုင်ပင်ရဖန်များလာသောအခါ အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိခြင်ကာ ချစ်သူများဘဝသို့ ရောက်ရှိသွားခဲ့ကြသည်။

တစ်ယောက်က အသိုက်ပျက်သည့်ငှက်။

တစ်ယောက်က အရွက်မရှိသောသစ်ပင်။

ချစ်လိုက်ကြသည်မှာ တုန်လို့၊ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်မှပင် အပျောက်မခံချင်ကြ။

တစ်နေ့ –

အောင်ကြီးစိန် ကိုဝကြီးအိမ်သို့ ပေါက်ချလာခဲ့သည်။

"ဝကြီး"

"ဘာလဲ၊ အောင်ကြီးစိန် ပြောလေ"

"ငါ မိန်းမ ယူတော့မယ်ကွာ"

"ဟေ – မင်း . . . မင်း မိန်းမယူတော့မယ်၊ လုပ်လှချည်သားကွ၊ နေပါဦး၊ ဘယ်အမျိုးသမီးနဲ့များတုံး သူငယ်ချင်းရ"

အောင်ကြီးစိန်က နေလရတနာဆန်စက်ပိုင်ရှင် မုဆိုးမလေး မခင်သီနှင့်ဟုဆိုလိုက်သောအခါ ကိုဝကြီး ပို၍အံ့သြရလေသည်။ သူ့သူငယ်ချင်း ကံကောင်းလှချည်လား။ သူ့လို တစ်ကောင်ကြွက် မုဆိုးဖိုအသားမည်းမည်းကြီးက အလွန်ကျက်သရေလည်းရှိ၊ ငွေကြေးဥစ္စာလည်းကြွယ်ဝသည့် ဆန်စက်ပိုင်ရှင်သူဌေးနှင့် လက်ထပ်တော့မည်ဆိုသောအခါ ဝကြီးသာမက ကြားရသူတိုင်း အံ့သြကြသည်။ နှုတ်ကျိုးကြသည်၊ လက်ဖျားခါကြသည်။ ပညာသိပ်မရှိသော်လည်း ကံဇာတာကောင်းသည့်ကောင်ကြီးဟု အားလုံးက ချီးမွမ်းကြသည်။

"အောင်ကြီးစိန်"

www.burmeseclassic.com



"အာလွဲ ဖိုးကြီး"

"မင်းဟာက ဖြစ်မှဖြစ်ပါ့မလားကွာ၊ တော်ကြာ ဟို. . . ဟို"

"အို-ဒါတွေကို ခေါင်းထဲထည့်မစဉ်းစားတော့ဘူးကွာ။ ဒီတစ်ယောက်ဟာ ငါ့ဘဝနောင်ရေးအတွက် အိုစာမင်းစာ တစ်သက်စာ ဝဲ သူငယ်ချင်း"

"အေးလေ ဒါကတော့ မင်းသဘော၊ မင်းဆုံးဖြတ်ချက်ပါ ပဲ"

သို့နှင့် သူတို့နှစ်ဦး အရက်တစ်လုံး ထိုင်သောက်ကြသည်။ ကြောခင်ရက်ပိုင်းမှာမင်္ဂလာပွဲကို လူရင်းနှင့် လူကြီးပိုင်းကိုသာဖိတ်ပြီး ညှော်ခံပွဲလုပ်မည်ဟု ဆိုခဲ့သည်။

နောက်နေ့ညနေသို့ ရောက်သောအခါ အောင်ကြီးစိန် ကိုဝကြီး ထံသို့ ညှိုးငယ်သောမျက်နှာဖြင့် ရောက်ရှိလာခဲ့သည်။ အချိန်က ကိုဝကြီး ထမင်းစားပြီး ရေနွေးထိုင်သောက်နေချိန်။

"သောက်ကွာ၊ ဘာတွေဖြစ်လာပြန်ပြီလဲ။ မျက်နှာလည်း မကောင်းပါလား။ ဘာလဲ၊ ဖနီးလောင်းနဲ့ စိတ်ကောက်လာလို့လား"

"ဟူး . . ."

"အံမယ် သူ့ဒွေးမရခါနီးမှ သက်ပြင်းတွေ၊ လေပူတွေ ချလို့ မှတ်လို့။ မင်းမယူချင်ရင် ငါနဲ့စပ်ပေးပါ မောင်ရာ၊ ရိုးမြေကျ အနှစ် နာခံပေါင်းဖို့ပါတယ်။ မင်းကျေးဇူးလည်း မမေ့ပါဘူးနော် အဟင်း ဟင်း ဟင်း"

"ဝကြီး"

"ဘာလဲ ဟကောင်ရ ငိုင်လှချည်လား"

"ငါ မင်းကို တိုင်ပင်စရာရှိလို့"



"ပြော"

"ညက ငါဟိုအိမ်မက်ကို ပြန်မက်တယ်ကွ"

"ဟော ဟို. . . ဟို မြွေလင်မယားအိပ်မက်ကို ပြန်မက်တယ် ဆိုလား။ ပြောပါဦး ဘယ်လိုမက်ရပြန်ပြီတုံး"

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

ညဉ့်သန်းခေါင်ကျော်အလွန်မှာ ဖြစ်သည်။ အိပ်မက်ထဲ
မြွေလင်မယားရောက်လာသည်။ ဒီတစ်ခါတော့ မြွေနှစ်ကောင်၏ဟန်
တ အတော့်ကိုတက်ကြွနေသည့် ဟန်ပန်မျိုး။ မကြာခင် မြွေနှစ်ကော
အဖြစ်မှမှုန်ဝါးသွားပြီး လူရိပ်လိုလို၊ အငွေ့သဏ္ဌာန်လိုလိုဖြင့် သဏ္ဌာ
နှစ်ခု ခပ်ဝါးဝါးပေါ်လာသည်။ ဒီမှာ ယောကျ်ားသဏ္ဌာန် မှုန်ဝါးဝါးအ
မည်းကြီးက

"ဟား ... ဟား ... ဟား ... မင်း တတိယအကြ
အိမ်ထောင်ပြုတော့မလိုကိုး။ ကောင်းတယ်၊ သိပ်ကောင်းတယ်။ ဒီတ
ခါ မင်းအလှည့်ပဲတော့ကောင်၊ လူစားလဲရတော့မယ်ကွ၊ ဟား ဟာ
ဟား ဟား။ ဒီပွဲက ငါတို့ရျက်ရှည်သိမ်းမယ့်ပွဲပဲပေါ့။ ငါတို့ဘဝ ကျွ



နိုင်ရောက်တော့မယ်။ မြန်မြန်လက်ထပ်လိုက်နော်၊ ဟား... ဟား...
ဟီး ... ဟီး ငါတို့ရင်ကွဲသလို၊ အသည်းကြွေသလို၊ မလိုလားတဲ့
ဘဝကိုရောက်ခဲ့ရသလို နင့်အသည်းကြွေချိန်၊ ဘဝသစ်ပြောင်းချိန်
ရောက်ပြီပေါ့။ ဟား ဟား ဟီး ဟီး ဟီး"

အရိပ်မည်းကြီးနှစ်ခုသည် ယိမ်းထိုးလှုပ်ရှားပြီး ချောက်ချား
ဖွယ်အသံများဖြင့် ပြောဆိုရေရွတ် နိမိတ်စကားများ ပြောနေသောအခါ
အောင်ကြီးစိန် စိတ်ကိုလုံးဝမထိန်းနိုင်တော့ဘဲ ဓားရှည်ကိုယူ၍ လိုက်
ခုတ်လိုက်သောအခါ အရိပ်မည်းမည်းနှစ်ခုသည် ထောင်ပြောင်ရယ်မော
ပြီး အဝေးသို့ မီးခိုးငွေ့များပမာ လွင့်ဝဲပျောက်ကွယ်သွားလေသည်။

သူ အိပ်မက်မှ လန့်နိုးလာသောအခါ သူ့တစ်ကိုယ်လုံး ချွေး
များရွှဲနစ်နေသည်။ ရင်တွေလည်း တုန်ခါနေသည်။ မကြာခင် အိမ်ခေါင်း
ရင်းဘက်မှ မြွေတွန်သံ အသံရှည်များကို ကြားရသည်။

ဒါ မြွေဆိုးတွန်သံမဟုတ်။ အဆိပ်မဲ့ လင်းမြွေများ၏တွန်သံ။
ဘိုမြွေနှစ်ကောင်များလား။

"ခါတိုင်း နိမိတ်အတိုင်းဆိုရင်တော့ ကိုယ်တို့များနည်းလေ
လေး သူငယ်ချင်းရာ"

"ငါလည်း မပြောတတ်တော့ဘူးကွာ၊ ဟူး ... "

"ဒီလိုလုပ်ပါလား။ လက်မထပ်ဘဲ နေလိုက်ကြပါလား"

"အဲဒါတော့ မဖြစ်ဘူးကွ၊ အားလုံးလည်း စီစဉ်ပြီးပြီ။ ဖွဲ့
ဖွဲ့ လှဲပါစေ၊ ဖယ်ပါစေဗျာ"

"လိုရမည်ရ မြွေလင်မယားကို တောင်းပန်ကြည့်ပါလားကွ"

"အဲဒီလိုလုပ်လို့ ရပါ့မလားကွ၊ သူတို့သေပြီးလို့ နာဂဘဝ၊
ရလောကလိုနေရာမျိုး ရောက်နေတာဥစ္စာ၊ ကျေနပ်ခွင့်လွှတ်နိုင်မ



www.burmeseclassic.com

www.burmeseclassic.com



လား"

"အဲဒါတော့မသိဘူးလေ သူငယ်ချင်း၊ ကျေနပ်အောင်ပေး
ထောင်းသန်ပေါ့"

သူ့စကားဆုံးတော့ အောင်ကြီးစိန်ငေါက်ခနဲ ထပြန်သွားသည
ဆိုးကြီးက အိပ်ထောင်ရေးက် ဆိုးဝါးလွန်းလှသော သူငယ်ချင်းဖြစ်
နောက်ကျောကိုကြည့်ပြီး ကံကောင်းကြပါစေဟုသာ ဆုတောင်းနိ
ပေးသည်။

* * * * *

□

မင်္ဂလာညွှန့်ခံပွဲကား မြို့မိမြို့ဖနည်းနည်း၊ သူလိုကိုယ်လို
လူထည့်တူ ဆန်စက်ပိုင်ရှင်ငါးဦးနှင့် အောင်ကြီးစိန်၏သူငယ်ချင်း မိတ်
ဆွေများသာ ဖြစ်သည်။ နံနက်ပိုင်း ဘုန်းကြီးဆွမ်းကပ်သည်။ ပြီးနောက်
ညွှန့်သည်များကို ရှယ်ဒံပေါက်နှင့် ညွှန့်ခံကျွေးမွေးသည်။ ကြွရောက်
ချီးမြှင့်သူများကလည်း ဒေါင်ကောင်းကောင်း၊ အသားမည်းမည်း လူဆိုး
ကြီးအောင်ကြီးစိန်နှင့် ဖြူဖြူသွယ်သွယ်မခင်သီတို့ကို လိုက်ဖက်ညီကြ
ပါပေသည်ဟု စားရင်းဝါးရင်းမှ ဖျစ်ညှစ်ချီးမွမ်းကြ၏။

နံနက် (၁၀) နာရီကျော်ခန့်မှာ ညွှန့်ခံပွဲပြီးစီးသွားခဲ့သည်။
မင်္ဂလာပွဲညအဖြစ် ကိုဝကြီးတို့ သူငယ်ချင်းများကို အကျအနညွှန့်ခံ
သည်။ သူတို့လည်း ညဥ့်မနက်ခင် ပြန်သွားကြ၏။ အလုပ်သမားများကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီနေ့အိမ်ပြန်ခွင့်ပေးထားသည်မို့ သူတို့ကြင်စဦး ဇနီးမောင်နှံ ဝဲ မှီကြသည်။

ထိုညတွင်

"ခေါက် ခေါက် ခေါက် ခေါက်"

"ခေါက် ခေါက် ခေါက် ခေါက်"

အိမ်ရှေ့ခန်းဘက်မှ တံခါးခေါက်သံကြောင့် နှစ်ဦးသားနိုး ပြီး ထထိုင်လိုက်ကြသည်။

"ဘယ်သူလဲဟေ့"

"ငါတို့ပါကွ၊ တံခါးဖွင့်ပါဦး"

ဒီကောင်တွေ အရေးထဲမှာ အိမ်ပြန်မအိပ်ဘဲ လာနောက် ပြန်ပြီနဲ့တူရဲ့၊ မင်္ဂလာဦးညလေးမို့ အေးအေးချမ်းချမ်းနဲ့ အိပ်ရမည် မှတ်သည်၊ ကိုကောင်လူပြောင်တွေကြောင့် တမျောင့်။

"ဝကြီးတို့၊ ထေိနိတို့လား"

"အေး"

အပြင်က လူက "အေး" ဟု ဆိုလိုက်သဖြင့် သူငယ်ချင်း အရုတ်ဆိုး ဂျီလာကျပြန်ပြီအထင်နှင့် ကျွန်းတံခါးကြီးကို ဖွင့်လိုက်သော အခါ စူးရှသောဓားမြှောင်တစ်ချောင်းသည် သူ့ရင်ဝသို့ စူးနစ် ဆောက်လာသည်၊ ခပ်မှိန်မှိန်မျှသာ ထွန်းထားသည့် မီးရောင်အောက် မှာ ခေါင်းစွပ်များစွပ်ထားသော လူနှစ်ဦး၊ ဝတ်စုံများမှာ မည်းမည်း မှိုင်းမှိုင်း။ ဓားမြှောင်နှင့်လူက သူ့ရင်ဝအား ဓားနှင့်ဆောင့်တွန်းလိုက် သူ့ဇနီးသည်ရှိရာအခန်းသို့ သွားနိုင်းနေသည်။

ဇနီးသည် ခင်သီသည် ဓားမြှောင်ကိုယ်စီနှင့် လူဆိုးနှစ်ဦး မမျှော်လင့်ဘဲ မြင်လိုက်ရသောအခါ လန့်ဖျံ့ဘုရားတ,လိုက်သည်။





"ခင် . . . ခင်ဗျားတို့ ဘာ . . . ဘာလိုချင်လို့လဲ"

"မင်္ဂလာလက်ဖွဲ့ လာပို့တာပေ့၊ အတင်း . . . တင်း တိတ်နေနော်"

"ဗျာ-မင်္ဂလာလက်ဖွဲ့ လာပို့တာ၊ လက်ထဲမှာ ဓား . . . ဓား တွေနဲ့"

"အေး မင်းတို့ဇနီးမောင်နှံအတွက် ရာသက်ပန်လက်ဖွဲ့အဖြစ် ပိုင်း"

"စွပ်"

"အား"

"စွပ်"

"အောင်မလေး"

လူဆိုးနှစ်ဦးလက်ထဲမှ ဓားမြှောင်ဓါးဦးများသည် ခုန်ချ တန်ပြင်လိုက်သည့် အောင်ကြီးစိန်ရဲ့ရင်ဝကို စွပ်ခနဲ စိုက်ဝင်သွားသလို ချက်လုံးပြူး၍ကြောက်ရွံ့နေသည့် မခင်သီရဲ့ အသည်းနှလုံးတည့်တည့် သို့လည်း ရှေ့ဆင့်နောက်ဆင့် ဝင်သွားခဲ့သည်။

သူတို့ စူးရှစွာအော်ဟစ်ရင်း ခုတင်ခြေရင်းမှာ ခေါ်လူး သားလဲကျသွားလေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

□

မင်္ဂလာပွဲပြီးကတည်းက လွတ်လပ်စွာ ပြန်ခွင့်ပေးထားသည့် အိမ်အကူထမင်းချက်နှင့် မာလီများနံနက်မိုးလင်းတော့ အသီးသီးရောက်လာကြသည်။ မိုးလင်းနေသည်ကို မနိုးကြသေး၍ အပြင်မှာထိုင်စောင့်နေကြပါသော်လည်း အထဲမှအသံမကြားကြရ၍ ထမင်းချက် ဒေါ်ငြိမ်းက အသံပြုရင်း ကျွန်းတံခါးကို တွန်းကြည့်လိုက်ရာ တံခါးပွင့်သွားသည်။ သို့နှင့် သန့်ရှင်းရေးလုပ်သည့် မတိုးကိုအဖော်ပြုပြီး အိမ်ထဲသို့သတိပြုပြီး ဝင်လာကြသောအခါ အိပ်ခန်းထဲမှစီးကျနေသော သွေးနီနီရဲရဲကို မြင်ပြီး လန့်သွားကြသည်။ ဒီနောက် နှစ်ဦးသားတစ်ယောက်လက်တစ်ယောက်ကိုင်ပြီး အိပ်ခန်းဝခန်းဆီးကိုလှပ်၍ မဝံ့မရဲလှမ်း၍ ကြည့်လိုက်သောအခါ သူတို့၏အိမ်ကြီးရှင် သခင်မ မခင်သီနှင့် မနေ့ကမှလက်ထပ်





ကြသော သခင်မ၏ပူပူနွေးနွေးယောကျ်ား ကိုအောင်ကြီးစိန်တို့ တစ်ယောက်ကိုတစ်ယောက်ဖက်ရင်း ရင်ဝမှ သွေးများစီးကျနေကာ သေဆုံးနေသည်ကိုမြင်လိုက်ရသော် အသံကုန်အော်ဟစ်ပြီး ငိုကြီးချက်မနှင့် ထွက်သွားကြသည်။

မကြာခင် အရပ်လူကြီးများ၊ အိမ်နီးနားချင်းများ၊ ကိုအောင်စိန် သူငယ်ချင်းများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များပါ ရောက်ရှိလာခဲ့သည်။ သူတို့အားလုံးသည် ကြားရမြင်ရသည့် မြင်ကွင်းကြောင့် ထိလန့်အံ့ဩ တုန်လှုပ်ကုန်ကြသည်။ ရဲတပ်ဖွဲ့ဝင်များက လူများကို အနားသို့မကပ်စေဘဲ လိုအပ်သည့်ကိစ္စရပ်များကို ရဲလုပ်ထုံးနှင့်အညီ ဆောင်ရွက်ကြသည်။

မင်္ဂလာဆောင်စဉ်ကဝတ်သည့် လက်ဝတ်လက်စားများမှာ တစ်ခုမျှမရှိတော့။ ဗီရိုတံခါးလည်း ပွင့်နေသည်။ ငွေစက္ကူနှင့် ရွှေငွေ ပစ္စည်းအားလုံးကို လူသတ်သမားများက ယူသွားခဲ့ပုံရသည်။

ကိုဝကြီးမှာ ချစ်သူငယ်ချင်းဖနီးမောင်နှံရဲ့ ရွှတ်တင်းဖက်ကာ သေဆုံးနေသည့် သွေးသံရဲရဲမြင်ကွင်းကိုကြည့်၍ ကြက်သီးဖြန်းဖြန်း ထသွားခဲ့ရသည်။ ဒါနှင့်အတူ လွန်ခဲ့သည့်လေးငါးရက်က အောင်ကြီးစိန် ပြောပြခဲ့သည့် မြွေလင်မယားအိပ်မက်ဆိုးအကြောင်းကို မျက်လုံးထဲမှာ မြင်လာခဲ့သလို နားမှလည်း ကြားလာခဲ့ရသည်။

မုဆိုးကြီး ဦးလေးဘကျား ပြောခဲ့သည့် 'မြွေမိတ်လိုက်နေရင် မကြည့်ရဘူး။ သတ်ရင် အကြီးအကျယ် ဝင်လိုက်တတ်တယ်' ဆိုသည့် စကားကို နားထဲပြန်ကြားယောင်နေမိသည်။

မဟုတ်မှလွဲရော၊ မြွေလင်မယားရဲ့ နိမိတ်ဆိုး၊ အိပ်မက်ဆိုး၊ ကျိန်စာမှာ သက်ရောက်အားကြီးခဲ့လေရော့သလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ်၊ သံသရာ ဝဲပါက်ကြမ္ပာဝင်္ဂကြွေးကို အခုလက်ငင်း အကျေအဆပ်လိုက်ရလေသည်လား။

ဘုရား ဘုရား ဘုရား။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

❑

ခင်ဗျား မေးလွန်းမကမေးလို့သာ ကျုပ်ပြောရတာ ကိုညို
အမှန်က ကျုပ်တို့ဒီအကြောင်းကို ပြောမပြချင်ဘူး။ ဘာလို့လဲဆို
ကျုပ်တို့ကို အရူးတွေလို့ ပြောဆိုထင်မှား စွပ်စွဲကြမှာစိုးလို့ပဲ။ ခင်
က ခင်ဗျားကလည်း အထူးအဆန်းမှန်သမျှ လျှို့ဝှက်ဆန်းကြယ်
မှန်သမျှ စပ်စပ်စုစု သိချင်ရေးချင်သူဆိုတော့ ပြောပြရမှာပေ
ကျုပ်တို့ဘက်ကတော့ ကြိုပြောထားပါရစေဗျာ။ ဒါဟာ မှသားလုံး
ဘဲ အံ့ဩစရာ ဖြစ်ရပ်မှန်ပဲဗျ။

❋ ❋ ❋ ❋ ❋

❑

ဒီလိုဗျ ကိုညိုမှိုင်းရေ။ ကျုပ်(တောကျော်)ရယ်၊ ကံမွှင့်ဆိုတဲ့ သူငယ်ချင်းရယ်က တောလိုက်မုဆိုးအလုပ်နဲ့ အသက်မွေးကြတယ်ဗျ။ ကျုပ်တို့ဒေသက တောကောင်းတယ်။ သားကောင်ပေါတယ်။

ပြောရရင်တော့ ဒီတောနဲ့ ကျုပ်တို့အသက်မွေးဝမ်းကျောင်းလာတာ ကြာပြီပေါ့ဗျာ။ ဒီတောက ကျားပါရှိတယ်။ ဒါပေမင့် ကျုပ်တို့ ကျားမရဖူးဘူး။ လုပ်သက်ရင့်မုဆိုးကြီး ဦးခေါင်းကြီးကတော့ ကျားရော ကျားသစ်ရော ရဖူးတယ်။ ကျုပ်တို့ဟာ အချို့သားကောင်များကို ဟင်းလေး ဟင်းလျာအဖြစ်ရောင်းချသလို အချို့သားကောင်များကိုတော့ ပေးဆေးဖော်တဲ့ တိုင်းရင်းသားဆေးဆရာများနဲ့ သူဌေးလော်ပန်တွေကို ရောင်းတာလည်းရှိတယ်။

www.burmeseclassic.com



တစ်နေ့ ကျုပ်ရယ်၊ ကံပွင့်ရယ်ဟာ ဒူးလေးတစ်လက်စီကိုင်ပြီး တောထဲကို ဝင်ခဲ့လိုက်တယ်။ သားကောင်ကိုပစ်မယ်ဆိုတဲ့ ပုံသေရည်ရွယ်ချက်မရှိဘူး။ ခက်တာက ကျုပ်တို့မုဆိုးမှာက ဒီနေ့ဘာကောင်ရမှ ပစ်မယ်လို့ ရည်မှန်းချက်ထားလိုက်ရင် အဲဒီသားကောင်ကိုပဲ ပစ်ရတယ်။ မရနိုင်ရင် ကျန်သားကောင်ကို ရှောင်ရတယ်။ တောစည်းကမ်း၊ မုဆိုးစည်းကမ်း ရှိတာကိုး။

ဒါ့အပြင် ကိုယ်ဝန်ရှိတဲ့သားကောင်ကို မပစ်ရဘူး။ နို့တိုက်နေတဲ့သားကောင်ကို မပစ်ရဘူး။ အိပ်ပျော်နေတဲ့ သားကောင်၊ မိတ်လိုက်နေတဲ့သားကောင် စသည်တို့ကို ရှောင်ရတယ်။

ပစ်ရင် မရဘူးလားတဲ့။ ရတော့ရတယ်။ ဒါပေမဲ့ နိမိတ်ဆိုး၊ အတိတ်ဆိုး၊ ကျိန်စာဆိုး၊ ဝဋ်ဆိုးတွေနဲ့ ပြန်ကြုံရရော။ အဲဒါကို အများစုကတော့ လက်ခံယုံကြည်ကြတယ်။ လူနည်းစုကတော့ စဉ်းတောင် မစဉ်းစားဘူး။ သူတို့က မုဆိုးနုနုတွေပါသလို သမ္မာရင့်လူရွတ်တွေလည်း ရှိကြတာပဲ။

ကျုပ်တို့က တောမှောက်မှာ တောခြောက်မှာ၊ တောလန့်မှာကို သိပ်ဂရုစိုက်တယ်။ တောလေ့ တောဝင်စည်းကမ်းဆိုတာက တစ်ရွာတစ်ပုဒ် ဆန်းကိုဗျ။ အချို့တောက အရက်နဲ့ကွမ်းယာကို တောဝင်တာနဲ့ တောပိုင်တောင်ပိုင်များထံ စားဦးမြှောက်ရတယ်။ အချို့တောက ကြက်ဥအစိမ်းတင်ရတယ်။ အချို့တောက ခါးတောင်းကျိုက် ဓားထမ်းဝင်တာ မကြိုက်ဘူး။ လေချွန်တာ မကြိုက်ဘူး။ ကတာခုန်တာ မကြိုက်ဘူးထားတော့။

ကျုပ်နဲ့ ကံပွင့်ဟာ တောဝင်တိုင်း အဖော်ပါလေ့ရှိတဲ့ တောလိုက်ခွေး 'အောင်နက်ကြီး' နဲ့ တောထဲကို ဝင်ခဲ့ကြတယ်။ ဒီနေ့အဖို့ ရရာ





သားကောင်ပစ်မယ်လို့ပဲ ရည်မှန်းထားတယ်။ သဖန်းပင်၊ ကတွတ်ပင်တွေမှာ ဒရယ်တွေလာတယ်။ ဝါးနက်ချောင်းဘက်မှာ တောဝက်တွေ ထွက်တယ်။ ကျုပ်တို့က (ချေ)ဂျီကို ဖက်မှတ်ပြီးလည်း ပစ်တတ်တယ်။

ဒီလိုနဲ့ လာလိုက်ကြတာ။ အတန်ခရီးပေါက်သည့်တိုင် သားကောင်ခြေရာ၊ သားကောင်အနံ့ သားကောင်လှုပ်ရှားမှု ဘာမျှသဲလွန်စ မရဘူး။ အနံ့ခံကောင်းတဲ့ တောလိုက်ခွေးကြီး အောင်နက်ကြီးလည်း သာရှေ့နောက်ကြည့်ပြီး သာမန်ခရီးသွားသလို သွားနေတယ်။ ခပ်ဝေးဝေးက မျောက်အော်သံကြားပေမဲ့ မျောက်ကိုအထွင်စလို မပစ်ချင်သေးဘူး။ နေရာကဝေးတယ်။ ရနိုင်ချေမရှိမှ မျောက်ချေးခါးလေးအောင် ပစ်ရမယ်။

''ဘာခြေရာမျှ မတွေ့ရပါလားကွ ဓာတော်ကျော်ရ''

''အေးကွာ၊ မြွေတစ်ကောင် ကြောင်တစ်မြီးတောင် မတွေ့ရဘူး။ ဘယ်လိုဖြစ်နေကြပါလိမ့် ကံပွင့်ရာ''

အဲဒီအချိန်မှာလည်း ရှေ့ကကြိုသွားနှင့်တဲ့ အောင်နက်ကြီးဟာ တစ်နေရာကိုစူးစူးစိုက်စိုက်ကြည့်ပြီး သုံးလေးကြိမ်ထိုးဟောင်လိုက်တယ်။ ခါတိုင်းဆို ဒီကောင်ဟာ သားကောင်တွေ့ရင် တရကြမ်းပြေးလိုက်တဲ့ကောင်ရယ်။ အခု ပြေးမလိုက်ဘဲ ဟောင်ရုံပဲဟောင်နေတယ်။ ကျားများလား။ ကျားဆိုလည်း အောင်နက်က ရင်မဆိုင်ရဲရင် အောင် ဟောင်မလို၊ ဆွဲမလို လုပ်မှာရယ်။

ဒါနဲ့ သူဟောင်နေတဲ့အနားကို အသာချဉ်းကပ်ပြီး ခွေးခေါင်းတည် ဟောင်နေတဲ့နေရာကို လှမ်းကြည့်လိုက်တော့ သျှောင်တစောင်း သားမည်းမည်းမျက်နှာ လေးထောင့်လိုပုံစံနဲ့ လူတစ်ယောက်ကို မျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ သူဟာ ကျုပ်တို့နှစ်ဦးကို မြင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလိုတမာမျက်နှာနဲ့ ချာခနဲ နောက်ပြန်လှည့်ပြီး ချုံကွယ်တစ်ခုအ… မှာ ကွယ်ပျောက်သွားတယ်။

အောင်နက်ကြီးကတော့ သူ့ကိုအထူးအဆန်းသဖွယ် ထိုး… ဟောင်နေတယ်။ ကြည့်ရတာ သူလိုကိုယ်လို အမဲလိုက်၊ မှိုရှာ၊ သစ်… သမားပဲနဲ့တူပါရဲ့လို့ မှတ်ယူလိုက်တာပေါ့။ ဒီမှာ အောင်နက်ကြီး… သျှောင်တစောင်း အသားမည်းမည်းလူကြီး ဝင်ကွယ်သွားရာနောက်… တရကြမ်း ပြေးလိုက်သွားရောဗျာ။

ကျုပ်က လူအချင်းချင်းဖြစ်နေလို့ အောင်နက်ကြီးကို… စိုးတာနဲ့ လှမ်းခေါ်လိုက်တယ်။ အောင်နက်ကလည်း အတော်သိ… ကောင်ဗျ။ တစ်ခါဗျာ၊ ဝက်ဝံနဲ့နှင်လားငါလား ဝင်ကိုက်ဝင်ဆွဲ… သတ်တဲ့ကောင်။ သူ့ကျောမှာ ဝက်ဝံလက်သည်းရာဒဏ်ရာ အ… ရှတ်ကြီးတွေ ခုထိရှိသေးတယ်။ မတော် ဟိုလူကိုသွားကိုက်ရင် … ကျိုးနည်းရော။

ကျုပ်က ခေါ်လိုက်ပေမဲ့ အောင်နက်ကြီးက လုံးဝလှည့်မကြ… ဘူး။ ခြံဘက်ကို ပန်းလိုက်တယ်။ ပြီးတော့ သားကောင်တွေ့သလို … နေတယ်။ မကြာပါဘူးဗျာ။ ဒီကောင် ဆွဲဆွဲငင်ငင်အူလိုက်ပါလေ…

"ဟ ... တောကျော်ရဲ့ မင်းကောင် ဘယ်လိုဖြစ်တာလဲ"

"အူ ... အူ ... အူ ... အူ"

"အူ ... အူ ... အူ ... အူ"

"အေးကွ၊ ဘယ့်နှယ် ဟောင်ရာလိုက်ရာကနေ အူနေရ… လို့ လာ ... လိုက်ကြည့်ရအောင်"

ကျုပ်တို့နှစ်ဦး ဒူးလေးအသင့်ပြင်ပြီး အောင်နက်ကြီးအူ… တဲ့ နဘူးချုံ ပိစပ်ချုံ ဆူးရစ်ချုံနွဲ့ဘောကို ဝင်လိုက်ကြတော့ အောင်…





ကြီးဟာ တောင်ပို့လိုကုန်းတစ်ခုကို မျက်နှာမူပြီးအူနေတယ်။ ပြောရရင် သူ့ပုံစံက မကောင်းဆိုးဝါးများကိုမြင်ပြီး အူနေသည့်ပုံမျိုးဗျ။ စောစောက ကျုပ်တို့နှစ်ဦးတွေ့လိုက်ရတဲ့ သျှောင်တစောင်း အသားမည်းမည်း မျက်နှာလေးထောင့်နဲ့လူလည်း လုံးဝမရှိတော့ဘူး။ မြန်လိုက်တဲ့လူဗျာ။ အခု ခဏလေးတင် ဘယ်ရောက်သွားမှန်းမသိဘူး။ ဘေးဘီလှည့်ကြည့်တော့လည်း ခြေစခြေနတောင် မတွေ့ရတော့ဘူး။

ဒီအချိန်မှာပဲ အောင်နက်ကြီးဟာ တောင်ပို့လိုလို မြေသားကြီးရဲ့တစ်နေရာကို စူးစူးစိုက်စိုက်ကြည့်ပြီး အနံ့ခံနေတယ်။ မကြာခင် သူဟာ တောင်ပို့ကို လျင်မြန်တဲ့အဟုန်နဲ့ ပတ်ပြေးလိုက်ပြီး ကျင်းဝတစ်ခုလည်းမြင်ရော အတင်းထိုးဟောင်ပြီး ရှေ့လက်နှစ်ဖက်နဲ့ တွင်းဝကိုယက်လိုက်၊ အထဲကို နှာခေါင်းနဲ့ထိုးနှိုက်လိုက်၊ ကျုပ်တို့ကိုလည်း လာလှည့်ခေါ်သယောင်ကြည့်ပြီး ဟောင်သလိုလိုကိုက်သလိုလို ဖြစ်နေတယ်။

အံ့လို့။ ကျင်းဝက တယ်ကြီးသကိုးဗျ။ ဘာကျင်းမြေရာဆိုတာ သိဖို့ ကျင်းဝက ခြေရာကိုခံဖို့ မဖြစ်တော့ဘူး။ ဒီကောင် ခြေနဲ့လက်နဲ့ ယက်လို့ ကျင်းဝဝန်းကျင်ပျက်နေပြီ။ သိပြီ။ ဒီအထဲမှာ သားကောင် တစ်ကောင်ကောင်ရှိနေပြီ။ တောကြောင်လား၊ ဖွတ်လားတစ်ခုခုပဲ။ ဒါနဲ့ ကျုပ်တို့နှစ်ဦးလည်း ပါလာတဲ့ ဓားမတို၊ ဓားမရှည် နှစ်လက်နဲ့ ကျင်းဝကို ဝိုင်းဖြိုလိုက်ကြတယ်။ အရေးထဲ အောင်နက်ကလည်း ကျင်းဝကို သဲကြီးမဲကြီး နှုတ်သီးနဲ့ထိုးကုတ်နေလို့ သူ့ရှောင်ပြီးသတိထား တူးနေရတယ်။

သုံးပေခန့်တူးလည်းပြီးရော အောင်နက်ကြီးဟာ ဟနေတဲ့ တွင်းထဲကိုခေါင်းထိုးပြီး အထဲကကောင်ကို ပါးစပ်နဲ့ခဲလိုက်တယ်။ လားလား။ သင်းခွေချပ်ကြီးပါလား။ သင်းခွေချပ်ဟာ ခွေရုံ့ကိုက်သံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကိုခဲမိပြီး မကြာခင် လှုသံရော မြေဖြိုသံကြောင့်ရော သူ့နကို ဝိအေတိုင်း ဘောလုံးတစ်လုံးလို လုံးခွေပစ်လိုက်တယ်။

ဒါ သင်းခွေချပ်ရဲ့ သဘာဝပဲ။ သင်းခွေချပ်များဟာ လူနဲ့ တွေ့ရင် အန္တရာယ်နဲ့တွေ့ရင် သူတို့ခေါင်းကို ရင်တွင်းမှာဝှက်ပြီး အမြီးနဲ့ ထပ်ခွေလိုက်ရင် ဘောလုံးလို ဖြစ်သွားရော။ မာကျောသည့် အကြေးခွံ များတစ်ကိုယ်လုံးမှာရှိနေတော့ ခွေလုံးထားတဲ့ သူ့ကိုယ်လုံးကို ဘယ် ခွေးမှမကိုက်နိုင်ဘူး။ ဘယ်သူမျှ ရန်ပြုနိုင်ဘူး။

သင်းခွေချပ်ဟာ သစ်ခေါင်းမြေခေါင်းမှာသာမက တစ်ခါတစ်ရံ သစ်ပင်ပေါ်မှာပါ တွယ်ကပ်တက်နေလေ့ရှိတယ်။ သစ်ပင်အောက်က လှုဖြတ်သွားရင် လှုသံကြောင့် ချက်ချင်းဘောလုံးလို လုံးသွားအောင် ခွေပြီး လူဦးခေါင်း(သို့) ကိုယ်ပေါ်ကို ခုန်ချပစ်ချလေ့ရှိတယ်။ အုန်းခနဲ ဝုန်းခနဲ အပေါ်က လုံးလုံးနီညိုမွဲကြီးကျလာတာကို အချို့က သရဲခြောက် တယ်ဆိုပြီးလန့်ပြေးကြလို့ အချို့အပမိုပြီးသေကြရတယ်။ အချို့ဦးခွံ ကွဲပြီး ဒုက္ခရောက်ကြရတယ်။

သင်းခွေချပ်ဆိုတဲ့ အကောင်က တောသတ္တဝါထဲမှာ သူ့နည်း သူ့ဟန်နဲ့ကို ထူးဆန်းတာရယ်၊ အချို့က သူ့ကို နာနာဘာဝကောင်လို့ ထောင်ခေါ်ကြတယ်။ ဒီကောင်က တိရစ္ဆာန်ဖြစ်ပြီး လူအမည်ကိုမှတ်ခေါ် တတ်တာရယ်လေ။

ဆိုကြပါစို့။ တောထဲမှာ လူစုကွဲပြီး 'မောင်ဖြူရေ'၊ 'မဝါရေ' အသံပြုတယ်ဆိုပါစို့။ အဲဒီနာမည်တွေကို သူကအလွတ်မှတ်ပြီး အတန် ကြာရင် 'မောင်ဖြူရေ'၊ 'မဝါရေ' လို့ ခေါ်သတဲ့။ အချို့က ကိုယ့်လူခေါ် တယ်မှတ်ပြီး အသံလာရာအရပ်ကိုလိုက်ခဲ့ရင် ငါးပါးမှောက်ရော။ ကိုယ့်လူ မတွေ့ရဘဲ သစ်ခေါင်းထဲကလိုလို သစ်ပင်ပေါ်ကလိုလို၊ မြေကျင်းထဲက





လိုလို အသံကြားရပြီး 'အောင်မလေး. . . နာနာဘာဝ ခေါ်တာဗျ" ဆိုပြီး လန့်သေ၊ လန့်ရူး၊ လန့်ကြောင်သွားတဲ့လူ မနည်းဘူးဗျ။ အချို့က ကျက်တာစ္ဆေခေါ်တယ်မှတ်ကြတာ။ မဟုတ်ဘူး။ သင်းခွေချပ်ရဲ့ သံယောင် လိုက်ခေါ်သံပဲ။

ဒါကြောင့် တောထဲဝင်ရင် အချင်းချင်းလူနာမည် အော်မခေါ် ရဘူး။ တုံးခေါက်အချက်ပေး။ 'ဝူး ဝူး' အသံပေးပြီး အချက်ပြရတယ်။ တောထဲမှာ သာမန်လူသားတွေ နားမလည်နိုင်တဲ့ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်တွေက အများကြီးဗျ။

ဒါနဲ့ ကျုပ်တို့နှစ်ဦး သင်းခွေချပ်လုံးကြီးကို အိတ်ကြီးတစ်ခု ထဲထည့်ပြီး ဝမ်းသာအားရထမ်းလို့ ပြန်လာခဲ့လိုက်ကြတယ်။ ကော်ပြီဗျ သိလား။

ဒီသင်းခွေချပ်တစ်ကောင်ကိုရတာဟာ တောဝက်တစ်ကောင် ရတာထက် ပိုပြီးဝမ်းသာတယ်ဗျာ။ ဘာလို့လဲဆိုတော့ ဒီကောင်မျိုးက လွှတ်စျေးကောင်းရလို့ပဲ။ ဆေးဆရာအချို့က သင်းခွေချပ်ရဲ့သွေးကို အားဆေးဖော်ရာမှာ သုံးကြတယ်။ အချို့ကျတော့ သင်းခွေချပ်အကြေးခွံ ကို ပယောဂရန် ကာကွယ်ရာမှာ အဆောင်အဖြစ်သုံးကြတယ်။

ဒီကောင်မျိုးက တစ်ကိုလို အလေးချိန် (ခြောက်ဆယ့်ငါးကျပ် သား)ကို အနည်းဆုံး ကျပ်ငွေတစ်သောင်းဝန်းကျင်ရှိတယ်။ အခု ကျုပ်တို့ ရလာတဲ့သင်းခွေချပ်ကြီးက နှစ်ပေကျော် သုံးပေခန့်ရှည်တယ်။ မရှိဘူး ဆို ကိုးပိဿာအချိန် တစ်ဆယ်နီးပါးရယ်။ ဒါဆို ပိုက်ဆံသိန်းဂဏန်း ဝန်းကျင် ရတော့မယ်ဗျ သိလား။ ကျုပ်တို့နှစ်ယောက်ဆိုတာ သား ရွှေအိုးထမ်းပြန်လာသလို ခြေလှမ်းတွေကိုသွက်လို့။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၁

အိမ်ရောက်တာနဲ့ ဒီကောင်သင်းခွေချပ်ကြီးကို အသင့်လုပ်ထားတဲ့ စည်ပိုင်းထဲထည့်လိုက်တယ်။ စည်ပိုင်းအဖုံးပေါ်မှာ အပေါက်ရှိတယ်။ အဲဒီ လေးထောင့်အပေါက်မှာ ပတ္တာနဲ့အဖုံးလုပ်ထားတယ်။ ဒီကောင်ကို သံစည်ပိုင်းထဲထည့် ပတ္တာအပိတ်နဲ့ပိတ်ပြီး သော့ခလောက်မရှိလို့ သော့ခလောက်အစား သံကြိုးနဲ့အသေအချာ အဖုံးပတ္တာကို ချည်ထားလိုက်တယ်။ အပေါ်မှာ နှစ်လက်မလောက် လေပေါက်လေးရှိတော့ ဒီကောင်အသက်ရှူလို့ ရနိုင်တာပေါ့။

မနက်မိုးလင်းရင် ဒီကောင်ကို အိတ်ထဲထည့်ပြီး တရုတ်ကုန်သည် ဖောက်သည်လောက်ဖန်ဆီကို သွားပို့ရမယ်။ အရင်ကလည်း လောက်ဖန်က ဈေးကောင်းပေးခဲ့တာကိုး။ သင်းခွေချပ်ဆိုတဲ့ သတ္တဝါ



လည်း ဂရုစိုက်ထိန်းမှဗျ။ တစ်ခါဗျာ၊ သင်းခွေချပ်တစ်ကောင်မိလာတယ်။ အိမ်ရောက်တော့ မြေကြီးပေါ်မှာခေါင်းနဲ့အုပ်၊ အပေါ်က အလေးပြီးလှောင်ထားတာ။ အိမ်ပေါ်တက် ထမင်းစားပြီး ပြန်ဆင်းကြည့်တော့ ပ်ခေါင်းထဲမှာ သင်းခွေချပ်မရှိတော့ဘူး။

တွင်းတူးယက်လျှိုထွက်သွားတဲ့ လက္ခဏာပဲကျန်ရစ်ခဲ့တယ်။

ဒါကြောင့် သံစည်ထဲထည့်၊ အဖုံးသံတံခါးချက် သံကြိုးနဲ့ချည်နှောင်ထားလိုက်တော့ သင်းကောင်ဘယ်ပြေးလို့ရနိုင်မလဲဗျာ။ သူ့က်ဖဝါး၊ ခြေဖဝါးတွေနဲ့နှုတ်သီးက သစ်ပင်ပေါ်တက်လို့ ရချင်ရမယ်။ ကျင်းသစ်ခေါင်းကို ဖောက်လို့တွင်းလို့ တက်လို့ရနိုင်မယ်။ သံစည် ဖောက်ထွက်လို့ ရမလားဗျာနော်။

သည့်နောက် ကျုပ်တို့နှစ်ယောက် အရက်တစ်လုံးနဲ့ ယုန်သားင်အမြည်းလုပ်ပြီး အရက်ထိုင်သောက်ကြတယ်။ ဒီတစ်ခါ မြိုးမြိုးက်မြက်ရတော့ မို့ နှစ်ယောက်စလုံး စိတ်ကူးယဉ်ကောင်းနေကြတာ။ သည့်နောက် ထမင်းစားလိုက်ကြတယ်။ စားပြီးတာနဲ့ သင်းခွေချပ်ည့်ထားတဲ့သံစည်ကို အိမ်ပေါ် မ,တင်လိုက်ကြတယ်။ အောက်မှာရင် မတော်သူခိုးဝင်ဖွင့်ခိုးသွားရင် အကျိုးနည်းရချေရဲ့ဗျာ။

အိမ်ပေါ်ရောက်တော့ ဒီကောင်ကို အပေါက်ဝလေးကနေ ငုံ့ည့်လိုက်တယ်။ ဒီကောင် ငြိမ်ချက်သားကောင်းနေတယ်ဗျာ။ နှစ်ယောက်း စိတ်ချရတာနဲ့ သံစည်နံဘေးနားမှာဖျာခင်းပြီး လှဲလိုက်ကြတယ်။

အိမ်ရှေ့တံခါးကိုလည်း ပိတ်လိုက်တယ်။ တံခါးကလည်း တံခါးကြတာမဟုတ်ပါဗျာ။ ခွေးရောလူရော ဝင်လို့ရတယ်။ အနီးမှာ လက်နှိပ်ဓာတ်ည်၊ လုံ့ စသည်တို့ကိုလည်း လိုရမည်ရ ချထားလိုက်တယ်လေ။

အချည်ကလေး ဝင်ထားတော့ မကြာဘူး၊ သမ်းဝေလာကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီအချိန်မှာပဲ ကျုပ်တို့ခြေရင်းက ညည်းသံလိုလို ကြားလိုက်
ရောဗျို့။ အသံက လူတစ်ယောက်စိတ်ညစ်လို့ ညည်းတဲ့အသံမျိုး
ကျုပ်ရော ကံပွင့်ရော ကြားရတာ။ နှစ်ကြိမ်သုံးကြိမ် ကြားရတော
သူခိုးကပ်တယ်မှတ်ပြီး မီးနဲ့ထိုးကြည့်ကြ ရှာကြတာပေါ့။

အိမ်အောက်မှာ အောင်နက်ကြီး ရှိနေတယ်ဥစ္စာ။ ဘယ်သူ
လာရဲမှာလဲဗျာ။ လာတဲ့သူခိုး အရိုးတခြား၊ အသားတခြားတော
ဖြစ်သွားမယ်။ ပြောရရင် ဘာမှမတွေ့ဘူး။ ဒီလိုနဲ့ မှေးခနဲ ဖြစ်သွားတော
ခြေရင်းက တောက်ခတ်သံ ကြားရပြန်ရောဗျာ။ အသံက သင်းခွေ
လှောင်ထားတဲ့ သံစည်နားကဗျ။ ဘယ့်နယ်ဘယ်လို ဖြစ်နေပါလိမ့်
အထဲက သင်းခွေချပ်များ ကျုပ်တို့ပြောတာမှတ်ပြီး လိုက်သံယော
လုပ်နေရော့သလား။

စိတ်မချလို့ ထကြည့်။ အထဲမှာ ဒီကောင်ရှိနေလျက်ပဲ။ တုံ
ဘာဝေခွေလို့။ မကြာပါဘူးဗျာ။ မူးယစ်ယစ်နဲ့ ကျုပ်တို့အိပ်ပျော်
ခဲ့တယ်။ အိပ်မက်ထဲမှာ သျှောင်တစောင်း အသားမည်းမည်း မျက်
လေးထောင့်ကြီးနဲ့ တောထဲမှာ ရှောင်တခင်တွေ့ခဲ့ရသူကို ပြန်တွေ့
ရတယ်။ သူဟာ ကျုပ်တို့နှစ်ဦးကို လက်ညှိုးထိုးပြီး ချောက်ချား
အသံနဲ့အော်ဟစ်ပြီး လှောင်ရယ်ရယ်ပြနေတယ်။ ကျုပ်က အသားလွှ
အသားချော်ခံရလို့ ဒေါသထွက်ပြီး လက်ထဲကဓားလေးနဲ့ ပစ်မလို့ချိန်လို
ရော လွှားခနဲကောင်းကင်ပေါ်ခုန်တက်ပြီး ပျောက်သွားပါလေရော
အဲဒီလို ခုန်တက်လိုက်ချိန်မှာ ဘာကိုအထင်အရှား မြင်လိုက်ရသလဲ
တော့ အဲဒီသျှောင်တစောင်းနဲ့လူရဲ့ခြေဖဝါးဟာ အလွန်ကြီးမားရှ
ခြေသည်းရှည်များဟာ လူ့ခြေသည်းနဲ့မတူဘဲ တစ္ဆေသရဲ ခြေသည်း
လူဝံတစ်ကောင်ရဲ့ ခြေသည်းလိုလို ရှည်ရှည်တုတ်တုတ် မည်းမ





တွေ ဖြစ်နေတာပဲဗျာ။

ကျုပ်တို့ အိပ်ရာကနိုးတော့ မိုးစင်စင်လင်းနေပြီ။

အိပ်လို့ကလည်း ကောင်းမှကောင်းဗျာ။

သံစည်ထဲက သင်းခွေချပ်လည်း အိပ်ကောင်းနေရဲ့ တူပါရဲ့။ ရှားသံ ဘာမှမကြားရဘူး။ ဒါနဲ့ ကျုပ်က အိပ်ရာကထပြီး သံစည်ကို လိုက်တယ်။

“အလို. . .”

“ဘာလဲကွ တောကျော်”

သံစည်ပေါ့နေတယ်။ ဒါနဲ့ နောက်တစ်ကြိမ် ဘယ်ညာလှုပ် ကြည့်လိုက်တယ်။ ဘုရားရေ . . . အထဲက လှုပ်ရှားသံလည်း မကြား လား။ ပေါ့လှချည်ကလား။ ဒါနဲ့ လေဝင်ပေါက်ကနေ ငုံ့လည်း ကြည့်လိုက်ရော –

“ဟာ . . .”

“ဘာဖြစ်နေတာလဲကွ တောကျော်ရ”

“ကံ . . . ကံပွင့်”

“ဘာလဲ . . . ဘာလဲ”

“ဟို . . . ဟိုကောင်ကြီး မ . . . မ . . . ရှိ . . . တော့ဘူး”

“ဘာ . . . ဘာ . . . ဘာပြောတယ်။ ဘာပြော . . . တယ်”

“သံစည်ထဲက သင်း . . . ခွေ . . . ချပ် . . . ကြီး မ . . . တော့ဘူးကွ”

“ဟေ. . . ဖယ်စမ်း။ မင်း ဖယ်စမ်း”

ကံပွင့်ဟာ ကျုပ်ပြောတာကိုမယုံလို့ ကျုပ်ကိုတွန်းဖယ်ပြီး ပေါက်ဝကနေ ငုံ့ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မ . . . မရှိတော့ပါဘား။ ဘယ် . . . ဘယ် . . ရောက်သွားလဲ"

နှစ်ယောက်သား သံကြိုးနှင့် အသေအချာချည်ထားတဲ့ သံပြား အံခါးချက်နေရာကို စစ်ဆေးလိုက်တယ်။ နဂိုသံကြိုးချည်ရာ လက်ရာ လုံးဝမပျက်ဘူး။ သံစည်ကို ဖင်ရောခေါင်းရော ကိုယ်လုံးရော ပိုက်စိပ် တိုက် စစ်ဆေးကြည့်တော့လည်း အပေါက်နဲ့တူလို့ ခြစ်ရာပွန်းရာတောင် မှုံဖော့လောက်မျှမရှိဘူး။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အလွန်ကို အံ့သြနေကြတယ်။ သူခိုး ဝင်ခိုးရင်လည်း ခြေရာ လက်ရာ ချည်ရာပျက်ရမယ့်ဥစ္စာ။

"ဟာ. . . တောကျော်၊ ဟိုဟာ ဘယ်သူ့ခြေရာလဲကွ"

ကံပွင့်က မုဆိုးပီပီ မျက်စိလျင်တယ်။ သစ်သားကြမ်းပြင် ပေါ်မှာ ခြေရာအချို့ အထင်အရှား ထင်ကျန်နေတယ်။ ကျုပ်တို့ မုဆိုး နှစ်ဦးကြမ်းပြင်ပေါ်မှာ ထင်ကျန်ရစ်ခဲ့တဲ့ ခြေဖဝါးရာများကို သေသေ ချာချာ စစ်ဆေးလိုက်တယ်။ ဖဝါးရာက လူခြေဖဝါးရာမျိုးပဲ။ ဒါပေမဲ့ ကျုပ်တို့ သာမန်လူခြေဖဝါးရာထက် တစ်ဆခွဲခန့်ကြီးနေတယ်။ စိုစွတ်တဲ့ ခြေရာနုန်တွေပေလို့ ဖနောင့်က ထူတင်းပြီးသေးတယ်။ ခြေဖဝါးခြေချောင်း ထိပ်တော ရှည်လျားပြီး ပြန့်ကားလို့။ ပိုပြီး အံ့သြဖို့ကောင်းတာက ခြေချောင်း ငါးချောင်းလုံးရဲ့ ထိပ်ဖျားဘက်မှာ ခြေထိပ်ဖျားနဲ့ နှစ်လက်မလောက် နီးပါးတွင်းပြီး အစက်ရာငါးခုကို တွေ့ရတယ်။ အစက်ရာငါးခုက ခြ ကုတ်နှင်းတဲ့ ခြေသွယ်ခြေသားရာမျိုးတွေ။

သေသေချာချာလိုက်ကြည့်လိုက်တော့ ခြေဖဝါးရာကြီးများဟာ ဘယ်ညာနှင်းပြီး အိမ်ရှေ့တံခါးက ထွက်သွားတဲ့ပုံမျိုးပဲ။

အဲဒီမှာ အလွန်ထူးဆန်းဖို့ ပိုကောင်းတာက ခြေသွယ်ရာ





ခြေဖဝါးရာကြီးများဟာ အထွက်ခြေရာသာရှိပြီး အဝင်ခြေရာ လုံးဝ မတွေ့ရတာပဲ။

ကျုပ်တို့ ထူးဆန်းလွန်းလှတဲ့ ခြေဖဝါးရာကြီးများကိုကြည့်ပြီး ကြက်သီးများ ဖြန်းဖြန်းထကာ တစ်ယောက်မျက်နှာ တစ်ယောက် အမိပ္ပာယ်မဲ့ပါပါ စိုက်ကြည့်လိုက်ကြတယ်။ ဒါ လူခြေရာ မဖြစ်နိုင်ဘူး။ သင်းခွေချပ်ခြေရာလည်း လုံးဝမဟုတ်ဘူး။

"ကံပွင့်"

"ဘာ . . . လဲ တော . . . ကျော်။ အံ့သြစရာတွေ ဖြစ်နေပြီ ကွ။ တံခါးချက်သံကြိုး ခြေရာလက်ရာမပျက်ဘဲနဲ့ တို . . . သင်းခွေချပ် ကြီးလည်း မရှိတော့ဘူး။ ပြီး. . ပြီးတော့ ခြေရာကြီးတွေကလည်း လူ ခြေရာမဖြစ်နိုင်ဘူး။ နောက်တစ်ချက် ခြေရာတွေက အထွက်ခြေရာသာ ရှိပြီး အဝင်ခြေရာလုံးဝမရှိဘူး။ ခွေးဟောင်သံလည်း ညကမကြားရဘူး"

"ငါ ညက အိပ်မက်ဆန်းတစ်ခု မက်တယ်"

"ဘာအိပ်မက်လဲ။ အရေးထဲမှာ တော်ကျော်ရာ. . . တောက်"

"မင်းနဲ့ငါ တောထဲက တောင်ပို့နားဝန်းကျင်မှာ တွေ့လိုက် ရတဲ့ သျှောင်တစောင်းနဲ့ လူမည်းမည်း မျက်နှာလေးထောင့်ကြီးကွ။ ညကအိပ်မက်ထဲမှာ သူကငါတို့ကို အသံနက်ကြီးနဲ့ အော်ဟစ်သရော် ပြတယ်။ ငါကဒေါပွပြီး ဒူးလေးနဲ့ပစ်မလို့လုပ်တော့ သူကမိုးပေါ်ကို ခုန် လိုက်တယ်။ အဲဒီတုန်းက မြင်လိုက်တဲ့ အဲဒီလူမည်းကြီးရဲ့ ခြေဖဝါးဟာ အခု ငါတို့မြင်နေရတဲ့ ခြေဖဝါးအတိုင်းပဲ။ အကြီးကြီး။ သရဲတစ္ဆေ လူဝံလို ခြေသည်းရှည်ကြီးတွေနဲ့"

"ဟင်"

✻ ✻ ✻ ✻ ✻

www.burmeseclassic.com

ကျုပ်တို့နှစ်ဦးဟာ ထူးဆန်းတဲ့ဖြစ်စဉ်များကို စဉ်းစားပြီး ခံပြင်
ဒေါသ ဖြစ်နေကြတယ်။ ယုံလည်း မယုံနိုင်စရာကိုး။ ဒါနဲ့ ဒူးလေးကိုယ်
တားကိုယ်စီဆွဲပြီး တောထဲကို အရဲစွန့်ဝင်ခဲ့လိုက်တယ်။ ကျုပ်တို့
နောက်တော်ပါ တောလိုက်ခွေးကြီး အောင်နက်ကြီးလည်းပါတယ်။

မကြာခင် ကျုပ်တို့ သင်းခွေချပ်မိခဲ့တဲ့ နဘူးချုံ ဆူးရစ်ချုံ
ဘိစပ်ချုံနားကို ရောက်ခဲ့တယ်။ သင်းခွေချပ်ကြီးများ ဒီနေရာ ပြန်
လာဆိုတဲ့ ထင်ကြေးနဲ့လာခဲ့တာ။ မှတ်ထားကြနေတဲ့ မြေကြီးများကို
တွေ့ရတယ်။ ကျန်တာ ဘာမျှမတွေ့ရဘူး။

ဒီအချိန်မှာပဲ တောလိုက်ခွေးအောင်နက်ကြီးဟာ တစ်စုံတစ်
ကိုမြင်ပြီး အတင်းလိုက်ဆွဲသလိုလုပ်ရင်း တစ်ဟုန်ထိုးဟောင်နေတယ်
ခွေးမျက်လုံးအစုံတာ ဒေါသနဲ့ရဲရဲနီနေတယ်။ ဒါပေမင့် ကျုပ်တို့မျက်
ရှေ့မှာ ဘာမျှမမြင်ရဘူး။ ခွေးကပဲ တစ်စုံတစ်ဦးကိုမြင်ပြီး နောက်က
ပြေးလိုက်ဟောင်လိုက်လုပ်ရင်းကနေ မကြာဘူး။ အောင်နက်ကြီး



တစ်စုံတစ်ရာကို ငေးမောသလိုကြည့်ပြီး ဆွဲဆွဲငင်ငင် အူလိုက်တာ
အသည်းယားစရာပဲ။ ကျုပ်တို့လည်း ကြက်သီးဖြန်းဖြန်း ထလာပါ
လေရော။

ဒါနဲ့အတူ လေပြင်းတွေ တိုက်သလိုဖြစ်လာပြီး သစ်ပင်များ
ကို တစ်စုံတစ်ဦးက ဝါးလုံးနဲ့လိုက်ရိုက်ခြောက်သလို အသံတွေနဲ့အတူ
မြွေဆိုးတွန်သံများကို အနီးကပ်ကြားလိုက်ရတယ်။ ဒီအချိန်မှာ ချောက်
ချားစရာကောင်းတဲ့ရယ်သံကြီးက အိပ်မက်ထဲက လူညည်းသည်း သျှောင်
အစောင်းကြီးရဲ့ရယ်သံ။ ဒါပေမင့် လူကို လုံးဝမတွေ့ရဘူး။ သတ္တိ
ကောင်းတဲ့ အောင်နက်ကြီးလည်း ပြေးလိုက်တာမှန်လို့ ဟူး . . .
တောပြင်ရောက်မှ နောက်ကကပ်ပါလာတဲ့ ရယ်သံလျှောင်သံကြီး ပျောက်
သွားတော့တယ်။

ကျုပ်တို့နှစ်ဦး အမောပြေမှ ခေါင်းချင်းဆိုင်ပြီး စဉ်းစားကြ
တယ်။ ဒီသင်းခွေချပ်ဟာ တိရစ္ဆာန်အစစ်မဟုတ်ရဲ့လား။ နာနာဘာဝ
တစ်ကောင်ရဲ့ လှည့်စားခြောက်လှန့်ချက်လား။

အခု ခင်ဗျားကို ပြန်ပြောပြနေသည့် အချိန်အထိ စဉ်းစားအဖြေ
ထုတ်လို့မရဘူး။ ဒါပေမင့် ကိုညိုမှိုင်းသိထားဖို့က ဒါ တကယ့်ဖြစ်ရပ်မှန်
ကျုပ်တို့ဘဝမှာ ဒါလျို့ဝှက်ဆန်းကြယ်ဖြစ်ရပ်ပဲ စာရေးဆရာ။

❋ ❋ ❋ ❋ ❋

တ်ချက်။ ။ ဤကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြသည့် ကိုဝကြီး
(ဦးရွှေညာသား) အား အထူးကျေးဇူးတင်ရှိပါသည်။

မောင်ညိုမှိုင်း (သန့်ချောင်)

www.burmeseclassic.com

www.burmeseclassic.com



ကြားရသည့်စကားကြောင့် ကိုယ့်နားကိုယ်ပင် ကိုယ်မယုံချင်။ ဟုတ်ပါ့မလား။ နံနက်စောစောကပဲ သူ့ကိုကျွန်တော် လှမ်းတွေ့လိုက်သေးတာဥစ္စာ၊ မဖြစ်နိုင်ပါဘူး။ ဒါ လုံးဝဖြစ်နိုင်မယ် မဟုတ်ဘူး။ ဒါပေမဲ့ အားလုံးက "ဟုတ်တယ်"လို့ တညီတညွတ်တည်း ဝိုင်းပြောနေကြတော့ အများနှင့်တစ်ယောက်ငြင်းဖို့ရန် အလွန်ခက်နေသည်။ သည်မှာ ကိုယ်မြင်တာ၊ ကိုယ်ကြုံရတာကို ပြန်ပြောပြဖို့ အတန်တန် စဉ်းစားရတော့သည်။ ဒီအကြောင်း သူတို့အားလုံးကို ပြန်ပြောပြလျှင် ကျွန်တော့်ကို ဦးနှောက်ပျက်နေသူ၊ စိတ်ပျံ့လွင့်သူ၊ အတွေးလွန်သူစသည်ဖြင့် စွပ်စွဲခံနေရဦးမည်။ ကျိန်းသေ ကေန်မုချသို့ကလို စွပ်စွဲကြပေလိမ့်ဦးမည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

□

ဒီအကြောင်းကို ဝတ္ထု၊ တစ်နည်း ဖြစ်ရပ်မှန်ဝတ္ထုတို့အဖြ ရေးဖွဲ့ဖို့ အတန်တန်စဉ်းစားခဲ့ရသည်။ ဒီလိုနှင့် တစ်နှစ်၊ နှစ်နှစ် အချိ ကာလများ ကြာလာခဲ့သည်။ တစ်နေ့ ကျွန်တော့်ခယ်မဝမ်းကွဲဖြ မြသင်းညိုနှင့် လမ်းမှာဆုံ၍ စကားနည်းနည်း ပြောဖြစ်ကြသည်။

"မြသင်းညို နေကောင်းရဲ့လား ညီမ"

"ကောင်းပါတယ် အစ်ကို။ အစ်ကိုရော စာပဲရေးနေသလား"

"အေး . . . စာပဲရေးနေတယ်၊ မိသားစု နေရေးထိုင်ရေး အဆင်ပြေကြရဲ့လား"

"ကျွန်မနဲ့ အကြီးမကြီးက ရုံးအလုပ်ရှိနေတော့ မဆိုးဘူးပေါ့ အစ်ကိုရယ်"





"ညီမ၊ ငါညည်းယောက်ျား ယဉ်မောင်ကျော်အကြောင်းကို ငါစာရေးချင်တယ်။ ဒီမှာစဉ်းစားတာက ညီမတို့စာဖတ်ရရင် ပိုများ ဝမ်းနည်းနေမလားလို့"

"အချိန်က လူကိုကုစားခဲ့ပါပြီအစ်ကို။ ကျွန်မတို့အားလုံး တစ်နေ့ ဒီလမ်းအတိုင်း သွားကြမှာပါ။ ဖြစ်စတာ တုန်လှုပ်ဝမ်းနည်းရ ပါတယ်။ ခုတော့ ရင်အတော်အတန် ငြိမ်သွားခဲ့ပါပြီ အစ်ကိုရယ်။ အစ်ကို ညီနဲ့ပတ်သက်လို့ အစ်ကို့မှာခံစားချက်ရှိနေရင် ရေးပါ"

သို့နှင့် . . .

ကျွန်တော် ဤဝတ္ထုတိုကို ရင်နင့်ခံစားလို့ ရေးဖွဲ့မိပါသည်။ ယုံချင်သည့်လူ ယုံကြည်၍ ရနိုင်ပါသည်။ မယုံကြည်သူကိုလည်း ကျွန် တော်မယုံရကောင်းလားဟု အပြစ်မဖွဲ့ပါ။ လောကသည် ဆန်းကြယ် လွန်းလှသည်။ ဆန်းကြယ်မှုများတွင် စိတ်ကဆန်းကြယ်မှုသည် အံ့ဖွယ်။

✱ ✱ ✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

□

ယဉ်မောင်ကျော်နှင့်ကျွန်တော်သည် ညီအစ်ကို နှစ်ဝမ်းကွဲ တော်စပ်၏။ သို့သော် သူငယ်ချင်းလို ခင်၏။ ညီအစ်ကိုလိုလည်း ချစ်ကြ၏။ သူက အရပ်မြင့်မြင့် အသားဖြူဖြူ ခေါင်းကောင်းကောင်း၊ ရုပ်ကလည်း ချောမှချော၊ ရုပ်ရှင်မင်းသား၊ ဗီဒီယိုမင်းသားလုပ်ဖို့ ကောင်း သူက ကျွန်တော့်ထက်တစ်နှစ်ကြီးသည်။ သူသည် ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်း မြသင်ညိုနှင့်ရှုံးစာဆုံ၍ အိမ်ထောင်ကျကာ သားသမီး လေးယောက်နှင့် မိသားစုကြီးဖြစ်နေ၏။ မိသားစုမှ ပညာတတ်မိသားစု မြသင်ညိုက အသားညိုသည်။ ကိုယ်လုံး ကိုယ်ပေါက် အတော် လေးလှသည်။ ဖွံ့ဖွံ့ထင်ထင်နှင့် ယဉ်ယဉ်နွဲ့နွဲ့။ သူတို့ အချောအလှ နှစ်ဦးက မွေးလာသောကလေးများသည် ပြောစရာမရှိအောင် ချောမော





လုပ်ပေးသည်။

ကျွန်တော်တို့မိသားစုက ထန်းပင်တုန်းရပ်ကွက်မှာနေပြီး သူတို့ မိသားစုက မြို့မတောင်ရပ်ကွက်မှာ နေကြသည်။ ကျွန်တော့်သမီးများ နှင့် ယဉ်မောင်ကျော်သမီးများသည် ရွယ်တူများဖြစ်ကြ၍ ညီအစ်မ အရင်းများသဖွယ် ပြောဆိုတိုင်ပင် နောက်ပြောင်ဝင်ထွက် စားသောက်နေ လေ့ရှိကြ၏။

ကျွန်တော်က နံနက်မိုးလင်းလျှင် ဈေးသို့ဈေးဝယ်ရန်သွား၏။ ဈေးသွားသောအခါ မြို့မတောင်ရပ်ကွက်ကို ဖြတ်သွားရ၏။ ကျွန်တော် ဈေးဝယ်သွားသည့်အချိန်မှာ ယဉ်မောင်ကျော်ကဈေးဝယ်ပြီး ဆွဲခြင်း လေးဆွဲ၍ ပြန်လာသည့်အချိန်။ နေ့စဉ် ကျွန်တော်တို့ ညီအစ်ကို လမ်းခရီးမှာ ဆုံကြသည်။ သူကလည်း သားသမီးများကို ဈေးဝယ်မိုင်း ခဲသလို ကျွန်တော်ကလည်း ကိုယ်တိုင်ဈေးသွားရမှ ကျေနပ်သူဖြစ်၏။

ဆုံကြလျှင်"မင်းဘာရလဲ" "ငါဘာဝယ်လာတယ်" နှင့် သူဝယ် လာသည်များကိုပြရင်း ဈေးချိုလျှင်ချိုသည့်အကြောင်း ရှား၍ဈေးကြီး နေလျှင် ကြီးသည့်အကြောင်း ပြောဖြစ်ကြသည်။ အဲဒီကစ၍ သူ့ကလေး အကြောင်း၊ ကိုယ့်ကလေးအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း အတန်ကြာရပ်၍ စကားပြောကြသည်။ ဆယ်မိနစ်ခန့် ပြောပြီးကြလျှင် သူက သူနေသည့်လမ်းထဲသို့ ဆွဲခြင်းလေးဆွဲပြီး ချိုးကွေ့ဝင်သွားသလို ကျွန်တော်ကလည်း ဈေးရှိရာသို့ ရှေ့ရှု၏။

ဤဈေးသွားနှင့် ဈေးပြန်မှာဆုံ၍ သူ့အိမ်တွင်းရေး ကိုယ့် အိမ်တွင်းရေး ပြောဆိုဆွေးနွေး ဝမ်းသာ၊ ညည်းညူလုပ်နေကြသည်မှာ တစ်နေ့တည်းမဟုတ်။ အနည်းဆုံး တစ်ပတ်မှာ ငါးရက်၊ ခြောက်ရက်ခန့် ဆုံကြသည်။ တစ်ခါတလေဈေးထဲမှာ ဘာဝယ်လို့ ဝယ်ရမှန်းမသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ဦး ချာလည်ချာလည် ဖြစ်နေသည်လည်းရှိသည်။

သားရေး ငါးရေးအတန်းနှင့် ရွှေဆိုင်တန်းများဝင်လာသ[illegible] မြေဖြူဖြူခဲကြသည်။ နောက်ဆုံး သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ[illegible] စေချိုးခြင်းက ကျန်းမာရေး၏ အဓိကအချက်ဖြစ်သော သွေးတိုး[illegible] ဘင်ဆာ၊ နှလုံး စသည့်ရောဂါကြီးများအား ကြီးစွာအထောက်အပံ့ပြု[illegible] ခသည်ဟု သမားတော်စာရေးဆရာများ လမ်းညွှန်ချက်ကို အထေ[illegible] အနက်ပြုကာ ပဲပင်ပေါက်၊ ပဲပြား၊ ကန်စွန်းရွက်၊ ပဲသီးများကို တစ်ခြ[illegible] အပြည့်နီးပါးဝယ်၍ နဂါးနီသီချင်းကိုဆိုပြီး ညီအစ်ကိုနှစ်ဦး ခြေလှ[illegible] တဲ့ကျဲနှင့် စကားပြောပြန်လာသည့်နေ့များလည်း ရှိခဲ့ကြသည်။

❋ ❋ ❋ ❋ ❋

□

ထိုနေ့ကတော့ ဈေးအသွားအပြန်မှာ ယဥ်မောင်ကျော်ကို တွေ့ရဘဲ သူ့သမီးအကြီးမ ဖူးလပ်ချိုကလေးနှင့်ပဲ ဆုံရသည်။

"ဟဲ့ . . . ဖူးလပ်ချို၊ နင့်အဖေ ဒီနေ့ဈေးမသွားဘူးလား"

"အဖေမရှိဘူး . . . ဦးရဲ"

"ဘယ်သွားလို့တုံး သမီးရဲ"

". . . . . . မြို့ကို အလုပ်ကိစ္စနဲ့ ခရီးသွားရတယ်။ တစ်ပတ်ကြာမယ်တဲ့"

"ဩော် . . . အေး . . . အေး . . . ဒါဖြင့် သမီးပဲနေ့တိုင်း ဈေးသွားရမှာပေါ့။ ဈေးရောဝယ်တတ်ရဲ့လားဟဲ့ . . . မချို"

"ဝယ်တာတော့ မဝယ်တတ်ဘူးပေါ့ဦးရယ်။ အမေရေးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ စာရင်းစာရွက်ကြည့်ပြီး ဝယ်လိုက်တာပဲ။ ဈေးလည်း မဆစ်ရဲဘူး။ အစေကာသာ ဆစ်ရဲပြောရဲတာ"

"အေး . . . အေး . . . နောင်တော့ အသားကျနားလည် သွားပါလိမ့်မယ်။ ဈေးမှာဆုံရင် ဦးကိုပြော၊ လိုချင်တာ ဝယ်ပေးဆစ်ပေးမယ်ဟေ့။ ကိုင်း သွားမယ်နော်"

"ဟုတ်ကဲ့ဦး"

အင်း . . . ယဉ်မောင်ကျော်က သမီးတွေကို ဈေးလွှတ်သလို ကျွန်တော်ကလည်း သမီးများကို ဈေးလွှတ်ခဲ့သည်။ ဈေးမှာ အချို့သော ဈေးသည်များက အပြောအဆိုကြမ်းသည်။ ဈေးမေးပြီး မဝယ်ရင် ပက်ပက်စက်စက်ပြောသည်လည်း ရှိသည်။ အလေးမပြည့်၍ ပြန်ပြောလျှင် ပိုကြောက်စရာကောင်းသည်။ သူတို့လို အပျိုအရွယ် ဖူးဖူးနုနုလေးတွေနှင့် မဖြစ်။ ကိုယ့်လိုတဲ့ပြန်ပြောရဲသည့် လူစားနှင့်မှ အချို့က နားလည်မှုရှိသည်။ အေးလေ . . . ဈေးဆိုတာ သူတို့တစ်နေ့ မဟုတ်တစ်နေ့ ကြုံတွေ့ရင်ဆိုင်ရမည့်ဥစ္စာ။ ဈေးမှာလည်းယူတတ်လျှင် လူမှုဆက်ဆံရေးသင်ခန်းစာတွေ အများကြီး။ အိမ်တွင်းအောင်းနိုင်ရမည့်ခေတ်လည်းမဟုတ်။ ခေတ်က လောကကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင် ကြရမည့်ခေတ်။

❀ ❀ ❀ ❀ ❀

❐

ဒီလိုနှင့် သုံးလေးရက်ခန့် ကြာသွားသည်။ ဈေးသွားရင်း ရှုလပ်ချိန်နှင့် တွေ့ရင်တွေ့၊ ဒါမှမဟုတ် အလတ်မ ရှုလတ်ချိန်နှင့်တွေ့၊ နယ်မောနောက်ပြောင်ပြီးရင် နင့်အဖေ မရောက်သေးဘူးလားမေး။ သူတို့က မရောက်သေးဘူးပြော။

တစ်နေ့နံနက် . . .

ကျွန်တော်လည်း ထုံးစံအတိုင်း ဈေးသို့ထွက်လာခဲ့သည်။ မြို့မတောင် သဖင်လမ်းမအဝင်မှာ ယဉ်မောင်ကျော်ကို ရုတ်ခြည်း ဆုံမိတွေ့လိုက်ရသည်။ ဒီကောင်ကြီး မနေ့ညနေက ပြန်ရောက်သည် နှင့်တူရဲ့။ လက်ထဲမှာလည်း အကြွပ်အိတ်ကြီးဆွဲလို့။ သူက ငိုက်စိုက် ငိုက်စိုက်နှင့် သူတို့လမ်းထဲသို့ ကွေ့ဝင်နေသည်။ ဒီမှာ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရနှင့် –

"တေး . . . ယဉ်မောင်ကျော်"

ဘာတွေစဉ်းစားလာလို့လဲ မသိ။ ကျွန်တော်ခေါ်တာကို သူ မကြား။

"ယဉ်မောင်ကျော် . . . ဟေ့ကောင် . . . ယဉ်မောင်ကျော်"

ကျွန်တော်က အသံလည်းမြှင့်၊ လက်ခုပ်လည်းတီး၍ လှမ်းခေါ်လိုက်တော့မှ သူက တစ်ချက်လှည့်ကြည့်သည်။ ဆံပင်တွေကလည်း ရှုတ်ဖွားနှင့်၊ အင်္ကျီမှာလည်း ဘာတွေပေကျံနေမှန်းမသိ။ နီနီရဲရဲ အစွန်းလိုလို၊ ညိုညိုကွက်ကွက် အစွန်းလိုလိုနှင့်။ သူ့မျက်နှာသည် ဟိုအရင်အခါ တွေ့နေကျလိုမလန်း။ အလုပ်ပင်ပန်းလို့ထင့်၊ နွမ်းရိရိ နုံးချိချိလေးတွဲ့တွဲ့။

ကျွန်တော့်ကို ခါတိုင်းလိုရပ်၍ စကားမပြောနိုင်ဘဲ ညာလက်ကို တစ်ချက်မြှောက်ပြကာ အကြွပ်အိတ်လေးဆွဲပြီး သူ့အိမ်ရှိရာသို့ ခေါင်းကြီးငိုက်စိုက်ချ၍ သွားနေသည်ကို နောက်ကျောဘက်မှ ကျွန်တော်မြင်လိုက်ရသည်။

သူ့ကို ကျွန်တော်က 'ဘယ်လိုဖြစ်နေပါလိမ့်' ဟု စူးစမ်းသောအကြည့်နှင့်စိုက်ကြည့်နေစဉ်မှာ လမ်းထိပ်မှခွေးသုံးကောင်က ကျွန်တော့်ကိုထိုး၍ တအားဟောင်နေ၏။ ဒါနှင့်အတူ ယဉ်မောင်ကျော်သွားရာဘက်သို့လှမ်းကြည့်ပြီး ဆွဲဆွဲငင်ငင်အူလိုက်သည်ကို ရုတ်ခြည်းတွေ့လိုက်ရသောအခါ ဘာရယ်လို့မဟုတ်၊ ကျွန်တော် ခေါင်းနားပန်းကြီးပြီး ကြက်သီးများတော့ထဲမှ ဖြန်းခနဲထသွားခဲ့သည်။

အင်း . . . မဟုတ်မှလွဲရော၊ မိန်းမနဲ့များ စကားများပြီး ရှေးသွားရလို့ ညစ်နေရှာသလား။ ဒါမှမဟုတ် ငှက်ဖျားပေါ်သည်





အတောင်ခြေအရပ်မှ ပြန်လာရသည်မို့ နေထိုင်မကောင်းဖြစ်လို့ ငြီးစီစီ ပင်ပန်းနွမ်းနယ်နေ၍ ကျွန်တော့်ကိုသော်မျှ အရင်လိုအရေးစိုက် စကားပြော နိုင်ရှာလေရော့သလား။

သူ . . . သူ့ အိမ်ရှေ့မှရပ်၍ တံခါးကိုဖွင့်ရန် ဟန်ပြင်နေသည်။ ကျွန်တော်လည်း အချိန်မီချက်ရန် မြတ်ရန်အတွက် ဈေးဘက်သို့ မြန်ဆုံး သုတ်ခြေတင်လိုက်သည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❐

အိမ်မှာ ကျွန်တော် ချက်ပြုတ်နေစဉ် ကျွန်တော့်အစ်မ မညွန့် အိမ်သို့ ရေးကြီးသုတ်ပျာ ရောက်ချလာသည်။ အချိန်က နံနက် ... နာရီခန့် ရှိနေပြီ။

"ဟဲ့ ... ရွှေတင် ... ရှိလားဟေ့"

"ရှိတယ် အညွန့်ရေ ... လာလေ ... ဘာကိစ္စ ရှိလို့လဲ"

"နင် ... နင် ... ကြားပြီးပြီလား"

"ဘာတုန်း အညွန့်ရဲ့"

"တို ... ဟို ... ယဉ်မောင်ကျော် ... ဆုံး ... ဆုံး... သွားပြီတဲ့"

"ဟင် ... ဟုတ်ရဲ့လား ... ဟုတ်လို့လား"





"ဟုတ်တယ် ... ခုပဲ ငါသူတို့အိမ်က ပြန်လာတာ။ ... မြို့... ဖုန်းဝင်လာတာတဲ့။ ဒီမနက် ၇ နာရီခွဲလောက်မှာ အဲဒီမှာဆုံးသွား...တဲ့"

"ဟုတ်ပါ့မလား အညွန့်ရာ၊ ဟို ... တို ... ခု မနက်ပဲ ...ရ သူ့ကို ..."

"ဟုတ်ပါတယ်ဆိုနေမှပဲ။ ခုပဲ ဟိုမှာ သူ့မိန်းမရော၊ သူ့အမေ ...ရာ ... မြို့ကို လိုက်ဖို့ပြင်ဆင်နေကြပြီ။ အဲဒါ နင့်ကိုလာပြောတာ ...သွားလိုက်ဦး"

သို့နှင့် ချက်လက်စ ဟင်းအိုးဟင်းလျာကိစ္စများကို သိမ်းများ ...င့်လွှဲထားခဲ့ပြီး ယဉ်မောင်ကျော်တို့အိမ်ရှိရာ မြို့မတောင်သို့ ခြေပြရှိ ...စ်မည် ထွက်လာခဲ့လိုက်သည်။ ယဉ်မောင်ကျော်တို့ အိမ်ရှေ့ရောက် ...တော့ ငိုသံများစ၍ကြားရသည်။ အိမ်နီးနားချင်း သတင်းမေးများ၊ ...ွေမျိုးသားချင်းများ ရောက်ရှိနေကြသည်။ ... မြို့သို့ လိုက်ရန်အတွက် ...ားစီစဉ်သူက စီစဉ်နေကြသည်။ အလုပ်ဌာနမှဖြစ်ဟန်တူသူ လူကြီး ...ဦးကိုလည်း တွေ့ရသည်။ အချိန်အခြေအနေအရ မျက်ရည်လည်ရွဲ ...်ကြီးတငင်ဖြစ်နေရှာသော မြသင်းညိုနှင့် သမီးအကြီးလေးက ...းထဲသို့ ဝင်လိုက်သည်။ မကြာခင် မျက်စိအောက်မှ ကားပျောက် ...သွားသည်။

"ဘယ်လို ... ဘယ်လို ... ဖြစ်ရတာလဲဗျာ"

ကျွန်တော်က ကလေးများကိုမမေးရက်၍ အနီးရှိလူကြီးတစ်ဦး ...ိ မေးလိုက်သည်။

"ယဉ်မောင်ကျော်ကံကိုက ဆိုးချင်လွန်းတာပါကွာ။ ဖြစ်ပုံက ...န်းတယ်တဲ့၊ သူတို့အလုပ်ဌာနက လူကြီးပြောပုံအရတော့ .......

www.burmeseclassic.com



မြို့ဈေးတွေ့အဆင်းမှာ ကားကသူ့ကိုမှ ရွေးပြီးလိုက်တိုက်တာတဲ့။ ဈေးသွားခရီးသွားတွေက နောက်မှာဘရိတ်မထိန်းနိုင်ဘဲ ကားဆင်းလာလို့ အော်ကြတော့ ယဉ်မောင်ကျော်ရော၊ အဖော်ရော ယှဉ်ပြေးကြတာ ကားက ယဉ်မောင်ကျော်ရှောင်ရာနောက်၊ ကွေ့ရာနောက်ကိုပဲ မရပ်မနားလိုက်တာ နောက်ဆုံး အဲဒီကားနဲ့ တိုက်ကြိတ်မိရင်း နေရာတင်ပွဲချင်းပြီး ဆုံးသွားတာတဲ့"

"အို . . . ကျွတ် . . . ကျွတ် . . . ဖြစ်မှဖြစ်ရလေ . . . ငါ့ညီရား ကားသမားကရော . . ."

"အဲဒီမှာ ပိုထူးဆန်းတာရှိသေးတယ်တဲ့"

"ဘာ . . . ဘာများပါလိမ့်ခင်ဗျာ"

". . . . . . . . . . မြို့လိုအရပ်မှာ သန်လျင်သားကို တိုက်မိတဲ့ကားက သန်လျင်သားတစ်ဦးမောင်းတဲ့ကားဖြစ်နေမှန်း ပြီးမှသိရတာပဲ"

"ဘုရား . . . ဘုရား . . . ဘုရား"

ကျွန်တော်ကြားရသည့် စကားများကြောင့် ရင်မှာတုန်သွားပြီး ဘုရားတခဲ့ရသည်။ မိသားစုအဖို့ဆို ဘယ်လိုခံစားရမည် မမှန်းနိုင်တော့။ အဝေးချွတ်ကလေးများက ဘွားအေကိုဖက်၍ တစိမ့်စိမ့် ရှိုက်ငိုနေကြသည်။ ရွှေမြင့်မိုရ်တောင်ကြီးပြိုခဲ့တဲ့ သူတို့ကလေးတွေရဲ့ ဘဝနှင့်ရင်ထွေးတွန့်ခါနေရှာပေါ့။

ကျွန်တော့်မျက်လုံးထဲမှာ နံနက်စောစော ကျွန်တော်ဈေးအလာဟောဒီလမ်းတွေမှာ ယဉ်မောင်ကျော်။ ဒီအနက်ရောင် အကြွပ်အိတ်ကလေးကိုင်၍ ဖော့ချွေးသောအဝတ်အစား၊ ညှိုးငယ်သောမျက်နှာ၊ ဆံပင်စုပ်ဖွားနှင့်။ ကျွန်တော့်ကို လက်တစ်ဖက်မြှောက်ပြပြီး အိမ်ရှိရာသို့ လှမ်းသွားနေသည်ကို ကျွန်တော်ပြန်မြင်ယောင်လာမိသည်။ ယဉ်မောင်





ကျော် . . . ငါ့ညီရယ် . . . ။

နောက်ဆုံးထွက်သက်နဲ့ နောင်တစ်ဘဝအကူးကာလမှာတောင် ငါ့ညီလေး ကိုယ့်မယား၊ ကိုယ့်သမီး ကိုယ့်သားစားဖို့ စေတနာ၊ မေတ္တာ၊ အာရုံဖောတွေနဲ့ အရောက်လာပို့လေရော့သလား . . ငါ့ညီ။ ငါ့ညီရေ . . သံယောဇဉ် အစွဲအလမ်းကို ဖြတ်လိုက်တော့ကွယ်။ ငါ့ညီအတွက် ကောင်းမှုကုသိုလ်ပြုအမျှဝေရင် အဲဒီအစွဲအလမ်း သမုဒယသံယောဇဉ်ကြီးကို ဖြတ်ဖြစ်အောင်ဖြတ်ပြီး သာဓု . . . သာဓု . . . သာဓု . . . ကျယ်ကျယ်သာခေါ်ပေရော့ . . . ယဉ်မောင်ကျော်ရေ . . . ။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



❒

ကျုပ် . . . ကိုညိုမှိုင်းကို တွေ့ချင်နေတာကြာပေါ့ဗျာ။ နုရသိန့်ထဲကို မရောက်ခင်ကတည်းက ကျုပ် ကိုညိုမှိုင်းရဲ့ ဝတ္ထုတို ဝတ္ထုရှည်လုံးချင်းများလည်း ဖတ်ဖူးပါတယ်။

ဒါ့အပြင် ကိုညိုမှိုင်းရဲ့ စင်တင်ပြဇာတ်များလည်း ကြည့်ဖူးပါတယ်ဗျ။

သူပြောတိုင်း ကျွန်ုပ်ကမယုံ။ သို့နှင့် ဟုတ်,မဟုတ် မေးကြည့်လိုက်သည်။

''ဘယ်ပြဇာတ်တွေကို ကြည့်ဖူးလဲ . . . ကိုဗထက်ချိုက်''

''သိပ်မိုက်တဲ့ကောင် . . . လက်ညှိုးထောင်''

''ပြီးတော့ရော . . . ''

''တောက်မခတ်နဲ့ နောက်ထပ်နာမယ်''

''ကျန်သေးတယ်လေဗျာ''

''သိပါတယ် ဆရာရယ် . . . မြစိမ်းဖက်နဲ့ ရွှဲလော်တည်မယ်



www.burmeseclassic.com

www.burmeseclassic.com



လေ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် . . . ကိုဗထက်ချိုက်"

"ဆရာညိုမှိုင်းရဲ့ လုံးချင်းတွေထဲမှာ ကျွန်တော် အကြိုက်ဆုံးက ပြဿာရှာသူမကြွေပဲဗျ"

"ဘာလို့လဲဗျ . . . ကိုဗထက်ချိုက်ရ"

"ကြောက်စရာ ရင်တုန်စရာကောင်းလွန်းလို့ပါ"

"ဘယ်အခန်းလဲ . . . ဟင်"

"အိမ်သာတံခါးကို ဆွဲဖွင့်လိုက်တော့ တစ္ဆေမကြွေစည် ထဲ ရင်ရှူးနဲ့ ငုတ်တုတ်ထိုင်ပြီး ဆေးလိပ်သောက်နေတဲ့အခန်းပဲ။ ကျွန်တော့် ညီမဆို အဲဒီအခန်းကိုဖတ်ပြီး လန့်အော်လို့ စာအုပ်ပါလွှတ်ကျသွား ရတယ်ဗျ"

ဟုတ်ပေပြီ . . . ။

ဒီလူ ကျွန်တော့်ဝတ္ထုစာအုပ်များနှင့် ကျွန်တော်၏ စင်တင် ပြဇာတ်များကို ကြည့်ရှုဖတ်ရှုသည်မှာ သေချာသွားပါပြီ။

အစကနဦးကတော့ သူ့ကိုကျွန်တော်မယုံပါ။

အဘယ်ကြောင့်မူ . . .

သူသည် ထောင်ထွက်တစ်ဦးလည်းဖြစ်သည်။ မကောင်းမှု အမျိုးမျိုးအလုပ်မျိုးစုံကို လုပ်စားလာခဲ့သူတစ်ဦးလည်းဖြစ်သည်။

ဒီခေတ်ကြီးမှာ လူတိုင်းကို အကြွင်းမဲ့ ယုံကြည်လို့မရ။

သို့သော် ကျွန်တော့်အလုပ်က စာရေးဆရာအလုပ် ဖြစ်၏။ စာရေးဆရာဖြစ်၍ ရေးရာဝတ္ထုဇာတ်လမ်းဇာတ်ကြော အစဉ်လိုအပ်၏။ စာရေးရသည်များလွန်းလာသောအခါ ဦးနှောက်က အလိုအလျောက် ဖန်တီး ထုတ်လုပ်ရသည့် ဝတ္ထုဇာတ်ကြောင်းများ ခေါင်းပါးစပြုလာ၏။





သို့ဖြစ်၍ ဖြစ်ရပ်မှန်ဇာတ်ကြောင်း ပြောပြသူများကို ရှာရတာ လည်းရှိ၏။ သူတို့ဘာသာ လာပြောကြသည်လည်းရှိ၏။ ထိုအခါ ဂရု တစိုက်နားထောင်ပေးရသည်။

အဲဒီထဲမှာ အရက်သမား၊ ဖဲသမား၊ ထောင်ထွက်၊ လူလိမ်၊ ခါးပိုက်နှိုက်၊ ဓားပြ၊ ပြည့်တန်ဆာမိန်းမ၊ သူဌေးသား၊ သူတောင်းစား၊ အရူးမ၊ ဘိုးတော်လိုပုဂ္ဂိုလ်၊ စဏ္ဍာလ၊ ဇာတ်သမား၊ ဆိုင်းသမား၊ ရေလုပ်သား၊ မိုင်းလုပ်သား၊ နေ့စားဆင်းရဲသား၊ ကျောင်းသူ၊ စာရေးမ၊ အပျိုကြီး၊ နှစ်ခုလပ်၊ သုံးလင်ကွာ၊ လေးလင်ပေါင်း၊ မုဆိုးမ၊ အဘွားအို၊ အခြေမဲ့ အနေမဲ့များ စုံလှပေသည်။

အချို့ကို ကျွန်တော်က လိုက်ရှာတွေ့ဆုံ၍ မေးမြန်းရ၏။

အချို့က ကျွန်တော့်ကို ရှာဖွေ၍ ပြောပြကြ၏။

သို့နှင့် ထောင်ထွက် ကိုဗထက်ချိုက်ဆိုသူနှင့် ကျွန်တော်ဆုံ ဖြစ်ကြသည်။ ဒီမှာ သူက သူ့ရဲ့ထူးဆန်းအံ့ဖွယ်ကိုယ်တွေ့ ဖြစ်ရပ်ကို ပြောပြချင်သည်ဆိုရင်းက အထက်ပါအတိုင်း သူ့ကို စူးစမ်းနေခြင်း ဖြစ်သည်။

အင်း . . . လုံလောက်ပါပေပြီ။

"ကိုင်း . . . ကိုဗထက်ချိုက်၊ ခင်ဗျားကိုယ်တွေ့လေး ပြောပြ ပါဦးဗျ"

"ဟုတ်ကဲ့ ပြောပြပါ့မယ် ကိုညိုမှိုင်းရယ်။ ဒီလိုခင်ဗျ. . . "

သူက ခွက်ကျန်ကို အပြတ်မော့ချလိုက်ပြီး နှုတ်ခမ်းကိုလျှာ နှင့် သိမ်းလျက် . . . ပြီးနောက် သူ့အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်နာမည် ဗထက်ချိုက်လို့ ခေါ်သဗျ . . . ဆရာမှိုင်းရဲ့ဟား . . . ဟား . . . ဟား ဒီနာမည်မျိုးရှားလို့ ဆရာမှိုင်းအံ့သြနေသလားဗျ။

ဒီမှာ ကျွန်တော့်နဖူးကို ကြည့်လိုက်စမ်းပါဗျာ၊ တွေ့ပြီနော်။

(ကျွန်တော်ကြည့်လိုက်သောအခါ သူက နဖူးပေါ်ဝဲအုပ်ကျနေသည့် ဆံပင်ရှည်များကို ညာလက်နှင့်ဖယ်မ,လိုက်သော် နဖူးအလယ်တည့်တည့် အရေပြားပေါ်မှာ (ဗ) ဗထက်ချိုက် အက္ခရာပုံစံ အသားတံဆိပ်စာလုံးတစ်လုံး ထင်ထင်ရှားရှားဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရသည်။ မောင်းပြရလျှင် နွားအရေပြားပေါ်မှာ အသားတံဆိပ်ရိုက်ဖိထားသကဲ့သို့တည်း။)





အဲဒီ ဗထက်ချိုင့်အက္ခရာက အုဝဲလို့မွေးကတည်းက နဖူးပေါ်မှာ အောင်လံတော်အမှတ်တံဆိပ်အဖြစ် ခတ်နှိပ်ပြီး ပါလာခဲ့တာကလားခင်ဗျ။

ဘယ်အုန်းကြီး၊ ဘယ်မေဒင်ဆရာ၊ ဘယ်ပညာရှင်ကို ချဉ်းကပ်ပြီး နေ့သင့်နံသင့် အမည်ပေးစရာ မလိုပေါင်ဗျာ။ ကြက်၊ သွန်၊ ဖြူ၊ ဥ၊ တုတ်၊ လုံး၊ စု တို့ က၊ သစ်၊ ပင်၊ အောက်၊ တဲ၊ ယာ၊ ဆောက် တို့စတဲ့ အမည်ပေးနည်းနဲ့လည်း တွက်ချက်နေစရာ မလိုပေါင်ဗျာ။

မီးထွက်တဲ့နေ့မှာပဲ လက်သည်အဘွားကြီး ဒေါ်ဝထန်းက ကျုပ်ကို အမည်ပေးလိုက်ရဲ့၊ ဗထက်ချိုက်တဲ့။

လူဝင်စားလို့ ပြောကြတာပဲ။ ကျွန်တောာ်ပြောတတ်တော့ ပြောသတဲ့ . . . ဟိုဘဝက ကျုပ်နဖူးကို ဗထက်ချိုက်သေနတ်ပြောင်းနဲ့ အဆောင့်ခံရပြီး ဗထက်ချိုက်သေနတ်နဲ့ အဝံယိမ်းဆော်မှာ ဝစ်သတ်ခံရတာတဲ့။

ဟုတ်ချင်မှ ဟုတ်မှာပါဗျာ။ ကလေးတောာ်တွေဟုတ်ယုံရင် လူကြီးတွေ အရှုံးဖြစ်ကုန်မှာပေါ့နော်။ ဒီလိုနဲ့ အရွယ်ရောက်လာတယ်၊ သူခိုးဂျပိုးဖြစ်လာတယ်။ မိဘနှစ်ပါးဆုံးသွားတယ်။ မောင်နှမသုံးယောက်ရှိတယ်။ ကျုပ်က ပညာမတတ်ဘူး၊ နောက်ဆုံး ခါးပိုက်နှိုက်တို့၊ အလစ်သမားတို့၊ ဖောက်ထွင်းဝိဇ္ဇာတို့နဲ့ပေါင်းမိပြီး ရေရှုန်မှာ မျောခဲ့ရတယ်။

ထောင်နဲ့အချုပ်က အိမ်ဦးနဲ့ကြမ်းပြင်ပါဗျာ။ ဒီကြားထဲ အရက်နဲ့မိန်းမက အဆစ်ပါလိုက်သေးရဲ့ အဟတ် . . . ။

တစ်နေ့ . . . ပော့ဒီမြို့ကလေးရှိရာကို အရွယ်ကလေးတစ်ယောက် ရောက်လာခဲ့တယ်။ ချောလိုက်တာ မှုန်နေတာပဲ၊ အငြိမ့်မင်းသမီးရုပ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်မင်းသမီးရုပ်မျိုး သိလား။ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှလှ ဖွင့်ကား စွင့်ထွားလို့။ အသက်က (၃၀) ကျော်လောက်ရှိမယ်ထင့်ပါ။

"အင်း" ကို ဟသ်ာဆင်းမည်။
ဆင်းရင်လေးနဲ့ ခွင်းမည်။
ထိုမှဆိုးကို ထီးရိုးရိုက်မည်။
ထီးရိုးကို မိုးကြိုးပစ်လိမ့်မည်။

သူမက အဲဒီသီချင်းကို အသံကောင်းကောင်းနဲ့ဟစ်ပြီး ဈေးရှေ့မှာ ခုန်ပေါက်ကနေတာကလား။ အက,ကလည်း အကကောင်း ခင်ဗျ။ လူတွေက ပြုတ်စဗျင်းတောင်း ကပိုကရို အလွန်သနားစရာ အရူးမလေးကိုမြင်ကြတော့ သနားပြီးပိုက်ဆံများပေးကြရဲ့လေ။ ကျုပ်လည်း သဘောကျလွန်းလို့ ငွေငါးဆယ်ကြီးများတောင် ရက်ရက်ရောရောပေးလိုက်တာ အရူးမလေးက ကျုပ်မျက်နှာကို သေသေချာချာကြည့်ပြီး –

"မောင်ကြီး မိန်းမချောချော ရပါစေတော့်"

"တကယ် . . ."

"ကယ်ပေ့တော်၊ နေ့ချင်း ညချင်းရပါစေတော်"

"အဟီး . . . ဟီး"

ကျုပ်ရော ကျုပ်သူငယ်ချင်း ဟသ်ာတကျော်ပြူးရော၊ သဘောတွေကျလို့။ ဒီမှာ ဟသ်ာတကျော်ပြူးက ရှိစုမဲ့စုငွေဆယ့်ငါးကျပ်ထုတ်ပြီး အရူးမလေးကို ဆုတော်ငွေများချီးမြှင့်ရော။ သူမက ကျော်ပြူးကို သေသေချာချာကြည့်ပြီး . . .

"မုဆိုးမနဲ့ ညားမယ်တော့်"

"ဟာ . . . မဟုတ်တာဟာ၊ အပျိုချောချောလှလှလုပ်ပါဟ"

"မရဘူးတော့ . . . ရှင့်မျက်လုံးထဲမှာ မုဆိုးမအသက်ကြီးကြီး





ကို ကျုပ်မြင်လို့ပြောနေတာ မောင်ကြီးရဲ့ . . . အဟိ"

"ရှုံးပါပြီ . . . ဗထောက်ချိုက်ရာ ဟူး"

"ဟား . . . ဟား . . . ဟား . . . ငါတော့ ဆုတောင်းပြည့်မယ် နဲ့တူရဲ့ကွာ . . . အဟတ်"

အဲဒီလို လူအများကဆုချလိုက်၊ ချစ်ခဲ့လူမျက်နှာကိုကြည့်ပြီး ဆုတစ်မျိုးပေးလိုက်နဲ့၊ ပျော်စရာကြီးပဲဗျ။ သူ့ဆုပေးပုံက နိမိတ်စကားလိုကိုးဗျ။

(မှတ်ချက် ။ နောင်အခါ ကိုဗထောက်ချိုက်ကြီးရဲ့ သူငယ်ချင်း ဟသ်ာတကျော်ပြူးသည် သူ့ထက် အသက် (၁၅)နှစ်ကြီးသော မုဆိုးမကြီးနှင့် အမှန်တကယ် ညားသွားခဲ့ပါသည်တဲ့။ ကံကောင်းချင်တော့ ထိုမုဆိုးမကြီးကား ဆန်စက်ပိုင်ရှင်ဖြစ်နေ၍ သူတို့လွန်စွာတို အံ့ဩရသည်ဟု ဆို၏။)

ဒီမှာ ဆုများချီးမြှင့်လို့ပြီးရော အရူးမက သီချင်းတစ်ပုဒ်လောက် ဆိုပါရော . . .

"ပုန်းမကြည် ရှင်မ . . .
နို့မျည်းကိုးတောင်ကျ . . .
လည်းဦးပေါ်မှာ သုံးတောင်ကျော်တဲ့ . . .
တို့စပါး . . .
မထွက်သင့်လား ထွက်သင့်လား . . .
ထွက်သင့်ပါရဲ့ မောင်ကြီးရေ ပိုသင့်ပါရဲ့တော . . .
ထွက်သင့်ပေ . . . မှန်စကား
ဟေလာ . . . မောင်ရိုး . . . ဝါး . . . တား . . . လား"

အဲဒီပုန်းမကြည် အရှင်မ သီချင်းကိုဆိုပြီးတာလိုက်သေး ကွေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ဆရာမှိုင်းရေ။ ရွာကဈေးဝယ်လာတဲ့ လယ်သမား၊ ယာသမားများကလည်း ဒါကောင်းတဲ့ နိမိတ်စကား၊ ထူးခြားတဲ့ မင်္ဂလာနိမိတ်စကားပဲဆိုပြီး ဝမ်းကိုသာလို့ဗျာ။

မြန်မာစာဆိုရှိသမို့လားဗျာ

အရွှေစကား၊ ကလေးစကား၊ သဘင်သည်စကား . . . ထူးခြားတဲ့ နိမိတ်စကားဆိုသကိုးဗျ။

❋ ❋ ❋ ❋ ❋

❒

ဒီနေရာဗျာ၊ ဒီအရှူးမနဲ့ စပ်လျဉ်းပြီး ထူးခြားတာလေးများပြောပြချင်ရဲ့ ဆရာမှိုင်းရဲ့။ သူ့အမည်ကို ကျုပ်တို့ မသိကြဘူး။ သူမ ဘယ်အရပ်သူလည်း မေးလို့မရဘူး။ လွယ်အိတ်တစ်လုံးလွယ်လိုင်းလွယ်၊ ပလတ်စတစ်ကလေးအရုပ်ကို ရင်ခွင်ပိုက်ပြီး လျှောက်သွားသီချင်းဆို ကခုန်နေတာ။

ဇရပ်မှာ အိပ်တယ်။ ကားဂိတ်နားနေရုံမှာ အိပ်တယ်။ မှတ်တိုင်ရှိ ခရီးသည်စောင့်ခုံရှည်ပေါ်မှာ အိပ်တယ်။ သို့သော် သူမမှာ ပိုက်ဆံပေါတယ်။ ကျုပ်တို့မှာ ခိုးမှဝှက်မှ အလစ်သုတ်လို့ရမှ ငွေစငွေနဖြစ်ရတာ။ အဲဒီအရူးမချောချောဖြောင့်ဖြောင့်လေးက ရပ်တကာဈေးတကာ လှည့်သီချင်းဆို ကရုံနဲ့ ငွေကိုရှင်လို့။

အဲဒါ တစ်ည . . . ။

www.burmeseclassic.com



ကျွဲပတ်ဘိုကောင်ကျော်ပြူး ဘိုင်ကျပြီ အရှူးမလေးရဲ့ ပိုက်ဆံများကို လုပြေးပါရောဗျာ။

အရှူးမဆိုတာ ပလတ်စတစ်ကလေးရပ်ကို ပိုက်ပြီးအော်ပါရော။

"ဟဲ့ . . . ဟဲ့ . . . ဟဲ့ကောင် ပြန်ပေး . . . ပြန်ပေး။ ဟောဒီမှာ တွန်မပိုက်ဆံကို လုပြေးလို့တော်"

"ဟဲ့ကောင် . . . ဒါ . . . ဒါ ငါ့ကလေးနို့မှုန့်ဖိုးဟဲ့ . . . သေနာကောင်ရဲ့။ လာကြပါဦး ပွဲစားကြီးတို့ ဆယ်အိမ်ခေါင်းမင်းတို့ ကုန်ပါပြီတော့"

ဘယ်သူမျှ ထွက်မလိုက်ကြပါဘူး။ အရူးမဖို့ ထင်ရာမြင်ရာ စွတ်ပြောနေတယ်လို့ ထင်ကြတာကိုး။ ဒီလိုပဲ လစ်ရင်ကလေးများက လည်းစကြ၊ နောက်ကြတာကိုး။ အချို့က သူ့စောင်ကို ဖွက်ထားကြတယ်။ အဲဒီကျရင် အရူးမ ပဋ္ဌာမြေလူးပဲ။ ငိုလို့ဆဲလို့ မကြားဝံ့မှ နောက်ပြောင်ထားသူများက ဖွက်ထားတဲ့ပစ္စည်း ပြန်ထုတ်ပေးကြတာ။

ဟော . . . ခုလို . . . ပိုက်ဆံ တကယ်လုပြေးလို့ အော်တော့ ဘယ်သူမျှ မယုံကြဘူး။ အလေးအနက်မထားကြဘူး။ ဒီမှာပဲ အရူးမက တိုင်တည်ပါလေရောဗျား။

ထတီအောက်နားကွဲကို ပေါင်ရင်းပေါ်အောင် ပြင်ဝတ်ရင်းက . . . အရှေ့အရပ်ကို လက်အုပ်ချီလို့ တိုင်တည်တာဗျ။ တိုင်တည်တာတောင် စာချိုးလက်ာနဲ့ . . .

"တစ်ကြိမ်ငယ်မှ နှစ်ကြိမ်လေ
သုံးကြိမ်ငယ်မှ ဦးတင် . . .
ရွှာတော်ရှင် မယ်လျှင် . . .
ကန်တော့ပါ၏ ဘုရား . . .။



သဘောကြည်လျှင် ကျွန်မ အရှင်သမီးငယ်လျှင် . . .
စည်ပင်ထွန်းကား . . . မ,ပါလားဟု . . .
နန်းစံတဲ့သခင် . . .
မြို့ရွာကို အပိုင်စိုးပါတဲ့ . . . မြတ်ချိုရှင် . . .
မြို့ရွာကို အုပ်စိုးပါတဲ့ မြတ်မျိုးညီလာရှင် . . .
နန်းတောင်ကြီးရှင် . . .
ဦးသုံးကြိမ်တင် . . . မယ်လျှင်ကန်တော့
နတ်နန်းရယ် ကွန်းစင်က . . .
ရွာတော်ရှင် . . . ကျွန်တော်မျိုးမကို . . .
အို . . . ရှင်တို့ . . . မ,ပါဘုရား ဟား . . . ဟား . . . ဟား"

ကြည့်စမ်း။ အရူးမက ပလတ်စတစ်အချော်ကိုပိုက်ပြီး ရွာတော်ရှင်တော်ရှင်များကို တိုင်တည်နေတာကိုး။ သိပ်ကြောလိုက်ပါဘူးဗျာ။

ဟို ဟာသ်ာတကျော်ပြူး . . .

အရူးမဆီက အလစ်သုတ်လာတဲ့ငွေနဲ့ အရက်သောက်တယ်။ နန်းရည်သောက်တယ်။ ဝက်သားဟင်းနဲ့ ထမင်းစားတယ်၊ စားလည်းရော ချေးတွေပန်းတာမှဒလဟောပဲ။ သင်းတောင် လုံးလုံးမထနိုင်ဘူး။

အဲဒါ ဆိုက်ကားသမားများက ကြည့်ရက်လို့ ဟိုဆေးဒီဆေးတိုက်မှ ဝမ်းလျှောရပ်တယ်။ ကျော်ပြူး အိပ်ရာပေါ်က (၇) ရက်ပြတ်ပြီး မထနိုင်ဘူး။

အံ့အံ့သြသြတိုက်ဆိုင်မှု ပြောပါတယ်။ အရူးမတိုင်တည်လို့နေတာလား။ ဟာသ်ာတကျော်ပြူး . . . အစားအသောက် ရက်စက်လို့တော်လားသလား။ ဒါတော့ ကိုယ်ဘာသာ စဉ်းစားဗျာ။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

□

လမ်းမီးအလင်းရောင်ပိုးတဝါးနဲ့ မြင်လိုက်ရတာ အလွန်ကြောက်ချော့မောလှပတဲ့ ချစ်စရာအရွှမ်လေး မျက်နှာမဟုတ်တော့ဘူး။ နှာခေါင်းမရှိတဲ့မိန်းမကြီး။ မျက်စိတစ်လုံးက ဟောက်ပက်။ မျက်စိပေါ်မှာ မျက်ခုံးမွေးလုံးဝမရှိဘဲ ပြောင်တလင်းကြီး။

"အား ... သရဲ ... သရဲ ... သရဲ ... နင် ... နင် ... သရဲ ... ဟီး ... ဟီး ... အဟီး ... ဟီး ... သရဲမ ... သရဲမကြီး ... အား"

ကျုပ် မှုဆိုးမနိုင်ဘူးဗျာ။ ကြောက်စရာကောင်းလှတဲ့ မျက်နှာကြီးကို အနီးကပ်မြင်လိုက်ရရော ပြေးလိုက်တာမှမှုန်နေတာပဲ။

"ဟီး ... ဟီး ... ဟီး"





သရဲမကလည်း ပါးစပ်ကညည်းအော်ပြီး လှမ်းခေါ်ရဲ့။ နောက်ပြန်လှည့်မကြည့်ရဲဘူး။ တရကြမ်းပြေးလိုက်တာ။

"ဟော့ကောင် ... ရပ်"

"ဟော့ ... ရပ်လို့ပြောတာ မကြားဘူးလား"

"ဂျောက် ... ချောက်"

ဘုရားရေ။ သေနတ်မောင်းတင်သံများနဲ့အတူ ထက်နိုပ်မီးရောင်များက ကျုပ်ကိုယ်ပေါ်ကိုစုပြုံရောက်ရှိလာပြီး ကျုပ်တိုင်းထားလိုက်ကြတယ်။ ကြည့်လိုက်တော့ ... ရဲတစ်ဖွဲ့ဝင်တွေ။ ထော်ထရောင်တင်းအဖွဲ့တွေ။

"ဟာ ... ဗထက်ချိုက်ပါလား။ မင်း ဘာလို့ပြေးနေတာလဲ"

"သရဲ ... သရဲ ... သရဲ"

"ဘာသရဲလဲ။ အူကြောင်ကြောင်လုပ်မနေနဲ့။ ရှာကြည့်စမ်းပေ့"

ဒီမှာပဲ ကျုပ်ကိုယ်ပေါ်ကနေ ငွေတွေအတော်များများကို တွေ့ရှိသွားပြီး ကျုပ်ကိုမသင်္ကာသုဒ်မ၊ အချိန်မတော် မသင်္ကာဖွယ်သွားလာသွပ်ရှားမှုနဲ့ ...။

✽✽✽✽✽

www.burmeseclassic.com

www.burmeseclassic.com

❒

"ခင်ဗျား . . . ထောင်ကပြန်လွတ်လာတော့ ဟိုအရူးမကို တွေ့သေးလား"

"ဟင့်အင်း . . . လုံးဝမတွေ့ရဘူး။ ဘယ်ရောက်သွားမှန်းကို မသိရဘူး"

"စုံစမ်းမကြည့်ဘူးလား"

"ဘဝတူတွေကို မေးကြည့်တယ်။ ကျွန်တော်အဖမ်းခံရပြီး နောက်နေ့ကစလို့ ဒီမြို့ပေါ်မှာအရူးမလေးကို လုံးဝမတွေ့ရတော့ဘူးတဲ့"

"ခင်ဗျား ဘယ်လိုထင်လို့လဲ ကိုဗထက်ချိုက်"

"သရဲမမှ သရဲမအစစ်ပါဗျာ။ ကြောက်စရာ မျက်ခွံကြီးပါ။ ဒီမှာ စာရေးဆရာ . . . သရဲမက လူယောင်ဖန်ဆင်းပြီး အရူးမသဏ္ဌာန်နဲ့ လုပ်ကိုင်စားသောက် ပျော်ပါးနေတာနေမှာဗျ . . . သိလား"

"အင်း . . . စဉ်းစားစရာပဲပေါ့ဗျာ"



"ဆရာမှိုင်း . . . ဒါ ကျွန်တော်ကိုယ်တွေ့ သရဲမပါဗျာ။ ရေးလို့ရရင် ရေးဗျာ"

"စဉ်းစားရသေးတာပေါ့ဗျာ"

ကျွန်ုပ်သည် သူပြောပြသည့်စာတ်ကို နားထောင်ပြီးနောက် အချိန်တန်ကြာ စဉ်းစားခဲ့၏။

ဒီအရူးမလေးကို တစ်ခါတစ်ရံ ကျွန်ုပ်သွားရင်းလာရင်း မြင်ဖူးပါ၏။

ဒါပေသည့် အမှုမဲ့အမှတ်မဲ့မှုသာ။ ယနေ့ကြားရသော အဖြစ်အပျက်ကား နည်းနည်းတော့ဆန်းနေ၏။

တစ်နေ့သောအခါ . . .

ကျွန်တော်(. . .)မြို့သို့သွားရင်း ဈေးလည်ဘဲ ဈေးရှေ့မှာ ကခုန်နေသည့် ပလတ်စတစ်ရုပ်ပိုက် ငုင်းအရူးမလေးကို သွားတွေ့ရတော့၏။ ဒီမှာ ကျွန်ုပ် ကိုဗထက်ချိုက်ကြီးနဲ့ တစ်ခုဖြစ်စဉ်ကို အမှတ်ရပြီး ငုင်းအရူးမလေးကို လွန်စွာစိတ်ဝင်စားသွား၏။ အရူးမသည် သီချင်းသုံးလေးပုဒ်ကို ဆို၏။ က၏။ ဆုငွေများရ၏။

အချိန်တန်ကြာ၍ လူစုကွဲသော် အရူးမသည် လွယ်အိတ်ကို စလွယ်သိုင်းပြီး ပလတ်စတစ်သားငယ်ကိုပိုက်၍ ပြန်သွားတော့၏။

ကျွန်ုပ်လည်း သူမနောက်မှ နောက်ယောင်ခံ၍ လိုက်ခဲ့၏။

သရဲမ လူယောင်ဖန်ဆင်း၍ တစ်မြို့ပြီးတစ်မြို့ သွားလာလှုပ်ရှားနေရှာသလား။

ဒီမှာ သူမသည် ဘုန်းကြီးကျောင်းဝင်းတစ်ခုထဲသို့ ဝင်သွား၏။ ကျွန်ုပ်လည်း လိုက်ဝင်ခဲ့၏။ သူမသည် သက်ကြီးဘုန်းကြီးအိုကြီးကိုကန်တော့၍ ရလာသည့်ငွေစက္ကူပိုက်ဆံများ ဆက်ကပ်လှူဒါန်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ထူးဆန်းစွာမြင်လိုက်ရ၏။

ဘုန်းကြီးအိုကြီးက သာဓု သာဓု သာဓု ဟုခေါ်ရင်း ဆုမျိုး ချီးမြှင့်နေ၏။ မကြာခင် မိန်းမကြီးတစ်ယောက်လာခေါ်၍ အရှူးမလိုက်ပါ သွား၏။ လှမ်းကြည့်လိုက်တော့ အရှူးမကို ထမင်းများထည့်ကျွေးနေ၏။

"အရှင်ဘုရား"

"ဘာတုံး ဒကာကြီး"

"တပည့်တော်က စာရေးဆရာပါ ဘုရား"

"အိမ်း . . . ဘာကိစ္စများပါလိမ့်ဗျာ"

"တပည့်တော် စောစောက ပိုက်ဆံလှူသွားတဲ့ အရှူးမ အကြောင်း သိချင်လို့ပါဘုရား"

"ဘာကြောင့် သိချင်ရတာလဲ ဒကာကြီး"

သို့နှင့် ကျွန်ုပ်က မြို့တစ်မြို့မှာ သရဲခြောက်သလိုလုပ်ပြသွား သည့်ဇာတ်ကြောင်းကို ပြန်ပြောပြလိုက်သောအခါ ဘုန်းတော်ကြီးက အံ့ဩလွန်း၍ ဟက်ဟက်ပက်ပက် ရယ်တော့သည်။ ပြီးနောက် . . .

"ဒကာမကြီး သန်းရှင်"

"ဘုရား"

"ဒကာမ မထုံးရည် ထမင်းစားပြီးရင် ဒီကိုလာခဲ့ဦးလို့"

"မှန်ပါဘုရား"

မကြာခင် မထုံးရည်အမည်ရှိ အရှူးမဆန်းဆန်းရောက်ရှိလာ၏။ ဒီမှာ ဘုန်းတော်ကြီးက ကျွန်တော်နှင့် မိတ်ဆက်ပေး၏။ အရူးကဲ့သို့မဟုတ်တော့။ အကောင်းအတိုင်း စကားပြောနေ၍ အံ့ဩရ၏။

"အစ်ကိုက ကျွန်မကို ဘာလို့ စိတ်ဝင်စားရတာလဲ"





"စာရေးဆရာဆိုတာ ထူးဆန်းတာမှန်သမျှ စိတ်ဝင်စားရတာ ပါပဲ ညီမ။ ညည်း (. . .)မြို့မှာ တစ်ညသ လူတစ်ယောက်ကို ထိတ်လန့် သွားအောင် ရုပ်ပြောင်းပြသွားတာ မှတ်မိလား"

"ဟုတ်ကဲ့ . . . မှတ်မိပါတယ်။ သူက ကျွန်မကိုဗလက္ကာရ ချုပ်လို့ပါ"

"အစ်ကို တစ်ခုမေးမယ်နော်"

"မေးပါ အစ်ကို"

"ညီမ လူသားစစ်စစ်ပဲလား"

"ဟား . . . ဟား . . . ဟား . . . ခစ် . . . ခစ် . . . ခစ်"

"ပြောပါ ညီမ"

"ကျွန်မ လူသားစစ်စစ်ပါအစ်ကို သရဲမဟုတ်ပါဘူး"

"ဒါဖြင့် ရူးနေသလား"

"ရူးချင်ယောင် ဆောင်နေရတာ"

"ရူးချင်ယောင် ဆောင်နေရတာ။ ဘာ . . . ဘာ . . . ဘာ ...လို့"

"ဒီမှာကြည့် အစ်ကို"

ဒီမှာပဲသူမဟာ မျက်နှာကိုလက်သည်းနှင့်ကုတ်၍ ခွာချလိုက် ... –

"ဟင် . . . အမလေး"

ကျွန်တော်ပင် လန့်ဖျပ်သွားပါသည်။ မြင်လိုက်ရသည်ကား ...ခေါင်းလုံးဝမရှိ။ ပြတ်တိကြီး။ ညာဘက်မျက်လုံးက ပေါက်ပြဲ၊ ...နှီးမွှေးကား လုံးဝနစ္စို ပြောင်တလင်း။

ကိုဗထက်ချိတ်ပြောသလို ကြောက်စရာလန့်စရာကောင်းသည်

www.burmeseclassic.com



သရဲ တစ္ဆေရုပ်။

"ဒါ . . . ဒါ ကျွန်မမှုလရုပ်ပဲအစ်ကို။ ဒီရုပ်နဲ့ မြို့ထဲရပ်ထဲ ရွာထဲမှာ လုပ်ကိုင်စားသောက်လို့ မရနိုင်တာနဲ့။ ကျွန်မ ထိုင်းနိုင်ငံ အက်ရောက်သွားတော့ ဒီပလတ်စတစ်ဆာဂျရီလို မျက်နှာဖုံးတစ်ခု ရအောင်ဖန်တီးခဲ့ပြီး အဲဒီအချောအလှ အထူးစပယ်ရှယ် မျက်နှာဖုံး ရှုးချင်ယောင်ဆောင်ပြီး သီချင်းဆိုကခုန် တောင်းရမ်းစားသောက် ရတယ်။ ကျွန်မက တစ်ချိန်က ခေတ်ပညာတတ်တစ်ယောက်ပါ။ သိပ် ခဲ့တဲ့ မိန်းမတစ်ယောက်ပါ။ အလှမာန်နဲ့ဝင့်ကြွားခဲ့ဖူးတာပေါ့။ ဘဝမြ ခဲ့ဖူးပြီး . . . ယောက်ျားများကို လှည့်စားခဲ့ဖူးတာပေါ့။ တစ်နေ့ အ အလှမျက်နှာကို ရက်ရက်စက်စက် အဖျက်ဆီးခံခဲ့ရတယ်။ အခုမြင် အတိုင်းပါပဲ။ လူရာမဝင်တဲ့ ဘဝရောက်ခဲ့ရတယ်။ ကိုယ်ဝန်ရခဲ့ ကလေးလည်း ဆုံးသွားခဲ့ရတယ်။ နောက်ဆုံး အသက်နဲ့ခန္ဓာမြဲနေတု သေရင်ဘဝကူးကောင်းအောင် တစ်ခုခုလုပ်မှဖြစ်မယ်ဆိုပြီး အဲ ပလတ်စတစ်ဆာဂျရီ အထူးစပါယ်ရှယ် မျက်နှာဖုံးအတုကိုစွပ်ပြ အရူးသဏ္ဌာန်နဲ့ ရပ်တကာရွာတကာလှည့်လို့ သီဆိုကခုန်ရင်း ငွေ တယ်။ ရသမျှငွေများကို ခုလိုပဲ ဘုန်းကြီးကျောင်းများ ပြုပြင်ရာ ဘုရားကျောင်းကန်များဆောက်လုပ်ရာမှာ ကုသိုလ်ပါဝင်လှူဒါန်းခဲ့တယ် ရစ်ထည့်ဖို့မဟုတ်ပါဘူးအစ်ကို။ ဘဝကူးကောင်းဖို့ပါ။ ဒီလို ကိုယ့်ရု ရှယ်ချော်နဲ့တိုယ် လုပ်ရှားနေချိန်မှာ အချို့သောယောက်ျားများက ကျ ရဲ့ နဂိုအလှနဲ့ရုပ်တုအလှကို တဏှာငန်းဖမ်းပြီး ဖျက်ဆီးဖို့ကြိုးစား ကြတယ်။ အဲဒီ့အချိန်ကျရင် စပါယ်ရှယ်မျက်နှာဖုံးအတုကိုခွာပြီး အရ ဆီးခံ နဂိုရုပ်နဲ့ခြောက်လှန့်ပြခဲ့တော့ အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရတဲ့အ မှာ ကျွန်မဟာ လူယောင်ဆောင်တဲ့ သရဲမဖြစ်ခဲ့ရတာပေါ့။ အမှန်တော





လူအစစ်ပါအစ်ကို။ အလှမာန်ကြောင့် ဘဝပျက်ခဲ့ရတဲ့ ရင်နာစရာမိန်းမ တစ်ယောက်ပါ အစ်ကိုရယ်"

"ဪ . . . ဖြစ်မှဖြစ်ရပုံလေ မထုံးရည်ရယ်"

မထုံးရည်ရှင်းပြ၍ ကျွန်တော့် မထုံးရည်ရဲ့ ကြေကွဲရင်နင့်စရာ ဘဝကို သိခဲ့ရသည်။ သည့်နောက် မထုံးရည်လိုအပ်သလို ကိုယ်ပိုင် သုံးဖို့ဟုဆိုပြီး ကျွန်တော်စာရေးလို့ရထားသည့် ငွေများမှ ငွေငါးထောင် ကို ပေးခဲ့လိုက်သည်။

မထုံးရည်ရဲ့ ဘယ်ဘက်မျက်လုံးအိမ်မှ မျက်ရည်များစီးကျ လာခဲ့သည်။ ငွေကိုင်ထားသည့် သူမရဲ့လက်အစုံသည် တုန်ခါနေသည်။

"ဟောဒီလောကမှာ အစ်ကိုလို စိတ်ထားမွန်မြတ်ပြီး ဗြဟ္မစိုရ် တရားနဲ့ပြည့်စုံတဲ့ လူကောင်းတွေ ပိုမိုတိုးပွားများပြားပါစေလို့ ကျွန်မ ဆုတောင်းပေးလိုက်ပါတယ် အစ်ကို"

"မျက်နှာဖုံးပြန်စွပ်လိုက်ပါ မထုံးရည်"

ဒီတွင် မထုံးရည်က နိုင်ငံခြားဖြစ် အထူးစပါယ်ရှယ် မျက်နှာဖုံး ကို ကျွမ်းကျင်စွာ မျက်နှာပေါ်မှာစွပ်၍ မှန်တလေးတစ်ချပ်နှင့် ကျကျ နန ပြုပြင်တပ်ဆင်လိုက်သည်။

ကြည့်စမ်း။ အတော့်ကို ချောသည့် မထုံးရည်ပဲ။

မျက်နှာဖုံးအောက်က စိတ်ရင်းက ပိုမိုချောနေသည်ကို လူနေ သည်ကို မှန်မြတ်နေသည်ကို ကျွန်တော်တစိမ့်စိမ့်ကြည့်ရင်း အကဲခတ် မိပါလေပြီ။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ ညနေမွန်းလွဲပိုင်းတွင် ကျွန်ုပ်နှင့် ကိုရှုပဗေဒတို့ ည့် ဒီဇင်ဘာ အားကစားပွဲကျင်းပပြုလုပ်ရာ မြို့နယ်အားကစားကွင်း ရောက်ရှိခဲ့ကြသည်။

ဒီနေ့ ဗိုင်နယ်ဆုပေးပွဲမို့ အားကစားကွင်းကျင်းပရာနေရာ မှာ အားပေးကြည့်ရှုနေသူများ၊ ပါဝင်ယှဉ်ပြိုင်ကြသည့် ရပ်ကွက် သီးသီးမှ အားကစားမောင်မယ်များကို တက်ကြွအားရဖွယ် ရှုမြင်

ထိုစဉ် အသံချဲ့စက်မှ ကြေညာသံတစ်ခု ကြားလိုက်ရ၏။

"ရွှေပွဲလာ အားကစားပရိတ်သတ် အပေါင်းတို့ခင်ဗျား ဒီနေ့ သန်ကြီးများ လက်လုံအားစမ်းပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်မှာ မြို့မတောင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်မှ လူသန်ကြီး နံရိုးသိန်းဝင်းနှင့် ထန်းပင်ကုန်းရပ်ကွက်
လူသန်ကြီး ကျားမနိုင်တင်ထွန်းတို့ ယှဉ်ပြိုင်လက်လှဲကြပါတော့
ခင်များ"

"ဝေး . . . ဝေး နံရိုးသိန်းဝင်းကွ"

"*ကျားမနိုင်တင်ထွန်းတဲ့ဟေ့*"

"ဟေ . . . ဝေး . . . ဟေး"

လူသန်ကြီးများ လက်လှဲအားစမ်းပြိုင်ပွဲဆို၍ ကျွန်ုပ်တို့နှင့်
စိတ်ဝင်စားသွားပြီး လက်လှဲပြိုင်ပွဲကျင်းပရာနေရာသို့ ခပ်သွက်သွ
လှမ်းလာခဲ့လိုက်၏။

များပြားလှသည့်လူအုပ်ကို တိုးဝှေ့ရင်း ရှေ့နားရောက်အော
တိုးလာလိုက်စဉ် မမျှော်လင့်သော ပုဂ္ဂိုလ်တစ်ဦးကို မြင်လိုက်ရ၍ အံ့အ
သင့်သွား၏။

ထိုပုဂ္ဂိုလ်ကား အခြားသူမဟုတ်။

ညောင်သုံးပင် သချိုင်းဇရပ်ပျက်မှာတည်းနေသည့် ပုံပျ
ပန်းပျက်ရသေ့ကြီး ဖြစ်လေသည်။ ရသေ့ကြီးသည် တိုနိုမ့်နေသည့်
ထောက်ကို ရှည်သောလက်နှင့်ထောက်၍ စောင်းငန်းငန်းနှင့် စပြ
ပေါ်က လက်လှဲအားစမ်းပြိုင်ပွဲကို စိတ်ဝင်စားစွာကြည့်ရှုနေ၏။

"ဗျို့ . . . ရသေ့ကြီး"

"ဟ . . . ပလုတ်တုတ်၊ လန့်လိုက်ပါဘိကွာ တောက်"

ကျွန်ုပ်သည် ပုံပျက်ပန်းပျက် ရသေ့ကြီးခါးကို လက်ညှိုးတို့
ခေါ်လိုက်သောအခါ ရသေ့ကြီးတုန်ခါပြီး ဟန်ချက်ပျက်၍ ဒေါ်ပွသွ
လေသည်။

"ဘာလဲ . . . ရသေ့ကြီးက လက်လှဲပြိုင်ပွဲဝင်ပြီး အားစ





င်လို့လားဗျ"

"အားကျလို့ပါကွာ"

"ဘယ်လို အားကျလို့လဲဗျ ရှင်းပါဦး"

"ငါတို့ လူပျိုအရွယ်တုန်းကလည်း ရွာမှာအဲဒီလိုပဲ ရွာကာလ
ားတွေ အားစမ်းကြတာကိုးကွ"

"ရသေ့ကြီးရော ပါလို့လား"

"သိပ်ပါတာပေါ့ကွာ"

"ရှုံးဟာချည်းပဲ မဟုတ်လား"

"ဟင်း . . . ဟင်း . . . ဟင်း အဲဒီတုန်းအချိန်ကများ မင်း
တို့လို လူကန့်လန့်၊ လူစွာ၊ လူဗွတ်ကျား၊ လူဗင်ခေါင်းကျယ်များနဲ့
တွေ့ချင်ပါ့ကွာ"

"ကျုပ်တို့နဲ့တွေ့ရင် ရသေ့ကြီးမျက်ရည်ဝဲသွားမှာပေါ့ဗျ ဟား
ား . . . ဟား"

"ခုတောင် စမ်းချင်ရင် နှစ်လေးတစ်လေး အကျောပေးနိုင်
သေးရဲ့ကွာ။ နှစ်ယောက်တစ်ယောက်တောင် စမ်းကြည့်ချင်ပါ့ ဖွီ"

"ကြွားမနေစမ်းပါနဲ့ဗျာ။ အသက်တောင်တစ်ရာကျော်မလား
သိတာဥစ္စာ။ ကြည့်စမ်းပါဦး၊ ရသေ့ကြီးလက်မောင်းသားတွေ ပျော့တွဲ
ချနေတာ ဟိုမှာကလေးတွေက ရသေ့ကြီးကိုကြည့်ပြီး ရယ်နေပြီဗျ"

အနီးရှိကလေးအချို့နှင့် ကာလသားလူရွယ်အချို့သည် ပုံပျက်
န်းပျက်ရသေ့ကြီး၏ အာကျယ်လောင် ခပ်ကြွားကြွား ခပ်ဝံ့ဝံ့စကားကို
ကြားပြီး ရယ်ကြပြုံးကြသည်ကို ရသေ့ကြီးမြင်သွားသောအခါ ငှင်းတို့
ားကို ပြုံးပြုံးကြီးကြည့်ပြီး –

"ငါ တကယ်ပြောတာပါကွ ချာတိတ်တို့ရ အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား . . . ဟား"

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

"*အဟက် . . . အဟက် , . . ခစ်*"

ထိုစဉ် စင်မြင့်နံဘေးရှိ ဆိုင်းခါးပြွတ်ပိုင်းက ဗိန်းဗောင်းအ တီးနေသောကြောင့် စင်ပေါ်သို့ လှမ်းကြည့်လိုက်သောအခါ –

နံရိုးအပြိုင်းပြိုင်း အသက်(၅၀)ခန့်ရှိသော မျက်နှာပိုင်းပိုင်း လူတစ်ဦးနှင့် ခါးတောင်းကျိုက်ထားရင်းနှင့် ပွေးကွက်များ ငါးကြေး အကြေးခွံလိုထပ်နေသော လူသန်ဆိုသူနှစ်ဦးကို ညာလက်ဝါးချင်းဆုပ် ခုံပေါ်မှာ တံတောင်ထောက်လျက်သား မြင်လိုက်ရ၏။

"ဟို . . . နံရိုး အပြိုင်းပြိုင်း ခြေသလုံးပလွေရိုးနဲ့ လူသန်က ဘယ်သူလဲဗျ"

"အဲဒါ နံရိုးသိန်းဝင်းတဲ့ဗျာ"

"လူစင်စစ်မှာ ဟုတ်ရဲ့လားဗျာ"

"ဘာဖြစ်လို့လဲဗျ"

"နံရိုးအပြိုင်းပြိုင်းနဲ့ ကမ္ဘာ့ဒုက္ခာန်းခြောက်လိုလို၊ တီဘီရောဂါသည် လိုလိုရုပ်ကြီး။ စင်ပေါ်မှာသေသွားရင် ဘယ်လိုလုပ်ကြမလဲ"

"ဆရာသမားက သိန်းဝင်းအကြောင်း မသိလို့ပါဗျာ။ သူ့မိန်းမ က ကျွန်တော့်ဆွယ် အလေးမသမားဗျ"

"ဟင် . . . ဒီလိုလား။ ခင်ဗျားတို့ သိလို့လား"

"ကျွန်တော်တို့ အိမ်နားမှာနေတာဗျ"

ဒီမှာ ကျွန်ုပ်တစပ်စုချင်၍ ၎င်းလူကို ဝင်မေးကြည့်လိုက်၏

"နေပါဦး နောင်ဦးကြီးရား ဒီလို အရိုးစု နံပြိုင်းကြီးနဲ့ ကျွန် ဆွယ်အလေးမမိန်းမနဲ့ညားတော့ သူ့အခြေအနေကောင်းရဲ့လားဗျာဟင်"





"ကောင်း မကောင်းတော့မသိဘူး။ လူကတော့ အခုမြင်တဲ့ အတိုင်း အလုပ်က ပင်စင်ယူလိုက်ရတာပဲဗျ"

"သူ့မိန်းမ အလေးမသမားကြီးရဲ့ အခြေအနေကရော"

"အားကစားရုံမှာပဲ နေ့စားညအိပ်နေချင်တယ်၊ ကိုသိန်းဝင်း နဲ့ အတူမနေချင်ဘူးတဲ့"

"ဘုရား . . . ဘုရား အာဂလူပဲနော်။ နေပါဦးဗျာ အခု သူနဲ့ ပြိုင်မယ့် ဟိုပေါင်နှစ်ဖက်မှာ ပွေးတွေထပ်နေတဲ့ လူကရောဗျာ"

"ကျားမနိုင်တင်ထွန်းဆိုတာပေါ့ဗျာ။ စမ်းချောင်းမြို့နယ်က ပြောင်းလာပြီး ဒီမှာအိမ်ထောင်ကျနေတာဗျ"

"ကျားမနိုင်ဆိုတော့ ကျားတောင်သူ့ကို မယှဉ်နိုင်တာလား ဟင်"

"ဘယ်ဟုတ်ရမှာလဲ။ တောထဲမှာ မုဆိုးကျော်ကြီးလေးမောင် နဲ့ အမဲလိုက်သွားရင်း ကျားနဲ့ပက်ပင်းတိုးသတဲ့။ မုဆိုးကြီးလေးမောင် က ကျားမြင်တော့ မပစ်ရဲတာနဲ့ ရေတွင်းထဲခုန်ချရော။ အဲဒီမှာ ကျားက အဲဒီပွေးထူကိုမြင်ပြီးလိုက်တာ အစပထမတော့ ကျားကို နံချပ်ကူနဲ့ ရိုက်ပြီး အရှင်ဖမ်းမလို့လုပ်တာ။ အဲဒါနဲ့ နံချပ်ကူကစားပြရင်း သူ့ ညည်ပင်း နံချပ်ကူကြိုးပတ်ဖြုတ်မရတဲ့အဆုံး မာရသွန်ပြေးပြေးတာ ကျားမလိုက်နိုင်ဘူး။ နောက်ဆုံး ကျားအမောဆိုပြီးရှုံးသွားလို့ ကျား မနိုင် ဘွဲ့ရတာလေ"

"အာဂလူတွေပဲကိုး။ ဟော ဟော စပြီဗျို့"

အချက်ပေးဝီစီခရာသံဆုံးရော ဒီမှာဗိန်းဗောင်းက အသံဆုံး ပါရော။ ခါးတောင်းကျိုက်လူသန်နှစ်ဦးဟာ ခါးကို(ဂ)ငယ်လို ကုန်းနေ အောင်သွင်းပြီး အပြိုင်လှဲကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"သိန်းဝင်းကွ"

"နံ့ရိုးတဲ့ကွ တောင့်တား"

"ပွေးထူကွ"

"ကျားမနိုင်ကွ"

နှစ်ဦး အားပြိုင်လှဲရင်းကနေ နံ့ရိုးသိန်းဝင်းဆိုသူ နံ့ရိုးအပြိုင်း ပြိုင်းနဲ့လူဟာ ဒူးချင်းရိုက်ပြီး ရှုံးသွားပါရော။

"ပွေးထူကွ"

"ရှိုး . . . ရှိုး . . . ရှိုး"

သို့သော် သုံးချီသုံးလားမြောက် လှဲလည်းလှဲကြရော ပွေးထူ ဟာ ချွေးတွေရွှဲပြီး ယားလာလို့မဟုန်တော့ဘူး။ ဒီမှာကိုနံ့ရိုးက "ကဲ" ထည့်လိုက်သည်။ တင်ပါးဘက်ဆီမှ အသံကျယ်မြည်သွားသည်ကို အားလုံးကြားလိုက်ရပြီးနောက် ကျားမနိုင်တင်ထွန်းဆိုသူ ရှုံးသွားခဲ့ လေသည်။

ပရိတ်သတ်များရဲ့ အားပေးသံများ ကွင်းလုံးလျှံသွား၏။ သိန်းဝင်းက နံ့ရိုးများကိုကား၍ လက်ဝှေ့ရေးပြ၏။

နောက်ဆုံးဖိုင်နယ်ပွဲကား လူသန်ကြီးနှစ်ဦးပွဲဖြစ်၏။

ကိုဆင်ကြီးနှင့် ကိုဂေါ်ဇီလာတို့ပွဲ ဖြစ်သည်။ နှစ်ဦးစလုံး "အဲ့အနီး"လို အလေးမသမား ဗလမျိုးဖြစ်ကြသည်။ သူတို့နှစ်ဦးပွဲကား အလွန်ကြည့်၍ ကောင်းလှ၏။ အချိန်အတန်ကြာလှဲကြရကား ဆိုင်းသမား များပင် လက်ပန်းကျလာ၍ နောက်ဆုံးပူးတွဲသရေနှင့် အောင်ပန်းရသွား ကြလေသည်။

"ရသေ့ကြီး ဘယ့်နှယ်လဲဗျ"

"အားရပါရဲ့ကွာ၊ ငါတို့မြန်မာလူမျိုးမှာ ဒီလို ကျန်းမာသန်စွမ်း





ဖြိုး ယောက်ျားပီသတဲ့ လူတွေအများကြီးရှိကာ ဂုဏ်ယူစရာပေါ့ကွာ"

"တစ်နေ့ သူတို့နှစ်ဦးကို ရသေ့ကြီးဆီခေါ်လာခဲ့ဦးမယ်ဗျ"

"ဟ ဘာလုပ်ဖို့လဲကွ"

"ရသေ့ကြီးနဲ့ အားစွမ်းပြိုင်နိုင်းမလို့ပေါ့ဗျ"

"ဟာ . . . မဟုတ်က ဟုတ်ကကွာ။ မလုပ်ပါနဲ့။ သွားပြီ ဟာ့"

"တကယ်ခေါ်ခဲ့မှာဗျနော်"

"မလုပ်နဲ့ မလုပ်နဲ့"

တစ်နေ့သောအခါ ရသေ့ကြီးအကြောင်းသိလို၍ ကျွန်ုပ်တို့ သည် လူသန်ကြီး ကိုဆင်ကြီးကိုခေါ်ကာ ပုံပျက်ပန်းပျက်ရသေ့ကြီးရှိ ရာ ညောင်သုံးပင်သချိုင်းသို့ လာခဲ့ကြ၏။

ကျွန်ုပ်တို့ ရောက်သွားသောအခါ ရသေ့ကြီးသည် လက်တို က်ရှည်နှစ်ဖက်ကို မြှောက်ချည်ကွေးချည်လုပ်၍လည်းကောင်း၊ ခါး ကို ဘယ်ညာလှည့်လိုက် ကုန်းလိုက်ကွလိုက်လုပ်၍လည်းကောင်း၊ လေ ကိုရှူ၍ မှုတ်ထုတ်နေသည်ကိုလည်းကောင်း ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဗျို့ . . . ရသေ့ကြီး၊ ဘာလဲ နောင်နှစ် အားစမ်းပွဲမှာ လူ ပတ်လဲပြီး ပြိုင်ပွဲဝင်မလို့ လေ့ကျင့်နေတာလား။ ကမ္ဘာ့ဗြာန်းခြောက် သိန်းဝင်းကလည်း ရသေ့ကြီးနဲ့ အားစမ်းချင်လို့တဲ့ဗျာ"

"ဘာလာရှုပ်ပြန်ပြီလဲကွ"

"ရသေ့ကြီးက ဟိုနေ့က အားကစားကွင်းထဲမှာ "ရှိုး"သလို့ ဟား။ မင်းတို့နဲ့ တစ်ပွဲတစ်လမ်း စမ်းချင်ပါဆိုတာလေ"

"အခု စမ်းချင်လို့ လာခဲ့တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . လူကန့်လန့်၊ မင်းကတော့ လုပ်တော့မယ်ကွာ။ ငါက စကားအဖြစ် ပြောတာပါကွာ"

"မရဘူး။ ကျုပ်တို့က လက်တွေ့သမားပဲ။ ရသေ့ကြီး၊ သော့ခလောက်ကို သော့တံနဲ့မဖွင့်ဘဲနဲ့ ဖွင့်နိုင်ဝိတ်နိုင်တာ ကျုပ်တို့ မြင်ဖူးတယ်။ ရသေ့ကြီး ဘာကြောင့်သန်စွမ်းနေရတာလဲ။ ဘယ်လောက် သန်စွမ်းသလဲ၊ အဲဒီသန်စွမ်းမှုကို ဘယ်လိုလေ့ကျင့်ရင်ရမလဲ။ အဲဒါ လက်တွေ့သိချင်လို့ လာခဲ့တာ။ လာပါဗျာ၊ လက်တွေ့ဆွေးနွေးစမ်းပါ"

"ငါ အလုပ်လုပ်ပါရစေ လူကန့်လန့်ရာ"

"ခုမှ ကြောက်မနေပါနဲ့ဗျာ။ ကြွားတုန်းက ကြွားပြီး လာပါ"

သို့နှင့် ရသေ့ကြီးသည် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ခြင်း ရပ်ဆိုင်းပြီး မြည်တွန်တောက်တီး၍ သချိုင်းဇရပ် သမံတလင်း ထိုင်လေ၏။

"ကိုင်း . . . မင်းတို့ ဘာသိချင်လဲပြော"

"ခွန်အားဟာ ဘယ်က ဖြစ်တာလဲဗျ၊ ရသေ့ကြီးရ"

"ခွန်အားဆိုတာ မိခင်ရဲ့နို့ရည်က စဦးသန္ဓေတည်တာကွ"

"ရှိုးပါဦးဗျာ အဟဲ"

"ဘာကွ"

"အဲ . . . အဲ ရှင်းပါဦးလို့ ပြောတာဗျ။ ရသေ့ကြီးက ချည်းပဲ အဟီးဟီး"

"မင်း . . . ထောင်တန်တဲ့စကား ရယ်ပေါ့မလုပ်နဲ့။ မသိရင် ခုပြန်တော့"

"ဟောဒါ ရသေ့ကြီးရာ ဆက်ပြောပါ"

"လူဟာ မွေးစကထည်းက မိခင်ရဲ့နို့ရည်ကို လုံလုံလော





သောက်စွဲစွဲမြဲမြဲ သောက်သုံးခွင့်ရခဲ့ရင် အဲဒီမိခင်ရဲ့နို့ဦးရည်မှာပါတဲ့ ဒီတာမင်ဓာတ်များကြောင့် ကိုယ်ခံအားကောင်းပြီး ရောဂါပြီးကြတယ်။ သန်စွမ်းကြတယ်"

"နို့မှုန့်တို့ ဘာတို့သောက်ရင်၊ တိုက်ရင်ရော မသန်စွမ်းဘူး လားဗျာ"

"အဲဒါတွေက လူမိခင်ရဲ့ နို့မဟုတ်ဘူးကွ။ တိရစ္ဆာန် ကျွဲ နွား၊ ဆိတ်ရဲ့နို့ကို အမှုန့်ပြုထားတာ။ ပြီးတော့ဓာတုဗေဒပစ္စည်းတွေနဲ့ ရော စပ်ထားတာ။ အချိုးအစားမညီရင် ရောစပ်ပုံမမှန်ကန်ရင် အန္တရာယ် ရှိတယ်"

"ဘာဆိုင်လို့လဲဗျာ"

"ဟ ခင်းသိပ္ပံသမားလုပ်ပြီး တုံးရသလားကွ။ နွားနို့ဟာ နွားကလေး အမိကသောက်ဖို့ကွ။ ကျွဲနို့က ကျွဲကလေးအမိက သောက်ဖို့။ ဆိတ်နို့လည်း ဒီအတိုင်းပဲ။ သူ့မိခင်ရဲ့နို့ကို သူ့သားသမီးအစစ်မှ သောက်မှ သူ့မိခင်ရဲ့မျိုးရိုးဇာတိမာန်နဲ့ ဓာတ်သဘောပြုမြင် အကျိုး သက်ရောက်မှုရှိပြီး နွားဟာ နွားလိုသန်မာမယ်။ ကျွဲဟာ ကျွဲလိုသန်မာ မယ်။ ဒါက သဘာဝတရားတွေက ဖန်တီးလိုက်တဲ့ သဘာဝတ္တတရား အစစ်ပဲ။ နောင်အခါကျမှ လူတွေက ကျွဲနို့၊ နွားနို့ကို ကျွဲကလေး နွား ကလေးသောက်စို့လို့ အာဟာရဖြစ်ရင် လူသောက်ရင်လည်း အာဟာရ ဖြစ်မှာပဲလို့ ယုံကြည်မှတ်ယူပြီး ကျွဲနို့၊ နွားနို့ကို ကျွဲကလေး၊ နွားကလေး၊ ဆိတ်ကလေး နည်းနည်းတိုက်ပြီး လူကများများ အမွေယူသောက် လောင်းစား။ အဲဒီကနေမှ နို့ဆီ၊ နို့မှုန့်၊ ထောပတ်လုပ်ကြတာ။ အဲဒီလို လုပ်ကြတော့ ကြာရှည်ခံဖို့ ဓာတုပစ္စည်းများနဲ့ သဘာဝ နွားနို့ရော စပ်ကြရော။ အဲဒီမှာ side-effect လို့ခေါ်တဲ့ ကောင်းကျိုးဆန့်ကျင်

www.burmeseclassic.com



ဘက် သေးထွက်ဆိုးကျိုး အနည်းနဲ့အများခံစားရပြီး ရင်ကျပ်ရောဂါ ချောင်းဆိုးရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆီးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စသည်ဖြစ်လာခဲ့ကြတာ။ အခြားနို့ကို လိုအပ်လို့သောက်ချင်ရင် သဘာဝအတိုင်း ရောစပ်မှုမရှိဘဲ ဆားလေးခတ်ပြီး သောက်ပါ။ နို့ဆန်ပြုတ် ယာဂုလုပ်ပြီး ရယာန်းသံဃာကို ကပ်လှူပါ။ သုံးဆောင်ပါ။ လူမိခင်နို့လောက် ရောဂါပြီး ဓာတ်မရပေမဲ့ အထိုက်အလျောက် ခွန်အားကိုဖြစ်စေတာပါပဲ။ အဓိကက ကျန်းမာသည့် လူမိခင်ရဲ့နို့ကို လုံလုံလောက်လောက် စို့သောက်ခွင့်ရရင် လူသည် အရွယ်ရောက်သည်အထိ ခွန်အားသန်မာတာပဲကွ"

"ဒါနဲ့ လူသန်ကြီးတွေ ဖြစ်ရောလားဗျ ရသေ့ကြီးရ"

"လိုသေးတာပေါ့ကွာ၊ မိခင်နို့ပြီးရင် တို့ရေမြေထွက် အသားငါးလတ်ဆတ်သော အသီးအနှံများကို ဥတုရာသီသဘောနဲ့ချိန်ပြီး အချိုးအစားမျှမျှတတ ဖြည့်စွက်စားသုံးသွားမယ်။ ပြီး ကျန်းမာရေး လေ့ကျင့်ခန်းအဖြစ် ဘောလုံးကစား၊ အလေးမတာ၊ ပြေးခုန်ပစ်တာ တစ်ခုခုလုပ်နေရင် အဲဒီလို လူသန်လူစွမ်းဖြစ်တာပဲ။ နောက်တစ်ခုက မျိုးရိုးဗီဇနဲ့စိတ်ကွ"

"ဘာအဓိပ္ပာယ်လဲဗျ"

"သွေးတိုးရှိတဲ့မျိုးရိုးက မျိုးဆက်သစ်မှာ သွေးတိုးရောဂါပါလာတာပဲကွ။ နှလုံးရောဂါ၊ စိတ်ရောဂါ၊ ဆီးချိုရောဂါ၊ အဲဒီရောဂါတွေက မျိုးရိုးလိုက်ပြီး နောင်ယှက်တတ်တော့ ကျန်းမာရေး ထိခိုက်တာပေါ့။ အဲဒီကျရင် ကိုယ်ခံစွမ်းအား ကျဆင်းလာရော။ ရောဂါကြောင့် စိတ်ညစ်၊ စိတ်ညစ်ရင်စိတ်ကျရောဂါဝင်၊ အဲဒါဝင်ရင်လူဟာ စိတ်ရောရုပ်ရော မသန်စွမ်းတော့ဘူး။ ဒါကြောင့် လူသန်စွမ်း ကျန်းမာချင်ရင်





စိတ်ရောရုပ်ရော မျှအောင်ကျင့်ရမယ်။ အချို့ စိတ်ဆောင်လို့ မသေတာရှိတယ်သိလား"

"ပြောပါ"

"စိတ်ဆောင်ရင် အောင်တာများတယ်။ စိတ်လျှော့ရင် ကျတာများတယ်။ တစ်ခါစိတ်က ရုပ်ကိုလွှမ်းမိုးပြီး 'စိတ်သိဒ္ဓိအားကောင်းရင် ခွန်အားဖြစ်တာပဲ"

"မယုံပါဘူးဗျာ"

"အင်း . . . ကန့်လန့်တောင်ပဲကိုး။ ဟင်း . . . သိပ္ပံသမားပါ မောင်ကျိုင်း။ ဒီကနေ့ အရှေ့ဥရောပ၊ အနောက်ဥရောပနဲ့ အာရှနိုင်ငံအချို့က စိတ်စွမ်းအားရှင်ခေါ် Will Power သမားအချို့ဟာ စိတ်ညာနဲ့အမိန့်ပေးပြီး စားပွဲပေါ်က မရွှေ့မှတ်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို လေထဲမှာ ကြွစေပျံစေတာ မင်းတို့သိပ္ပံပညာရှင်များ အံ့သြရတဲ့ဖြစ်ရပ်ပါ။ ဒါ ကမ္ဘာ့စာနယ်ဇင်းတွေမှာ သတင်းစာရှင်းလင်းပွဲနဲ့ သက်သေပြခဲ့ကြတာ အထင်အရှားပါ။ မင်း မငြင်းချင်ပါနဲ့"

"ရုပ်က ပိုပဓာန ကျတာပါဗျာ"

"မငြင်းလိုပါဘူး ငါ့လူရယ်။ ဦးချိုရှိတဲ့ သတ္တဝါက ဦးချိုသန်စွမ်းမှုနဲ့ သူ့ရဲ့သတ္တိကိုပြမယ်။ ခွာရှိတဲ့ သန်တဲ့သတ္တဝါမြင်းလိုမျိုးက ခွာနဲ့ပေါက်ပြီး သူ့ရဲ့သန်စွမ်းမှုကိုပြမယ်။ အစွယ်ရှိတဲ့သတ္တဝါက အစွယ်အဆိပ်ရဲ့ သန်စွမ်းမှုနဲ့အနိုင်ယူမယ်။ ဆင်လိုဦးကင်းသန်တဲ့ သတ္တဝါက ဦးကင်းနဲ့အနိုင်ယူမယ်။ ဒါ ရုပ်ခွန်အားကိုး။ ဟိုလူသန်က ဘယ်လို

ရသေ့ကြီးက အနီးရှိ ကျွန်ုပ်မိတ်ဆွေလူသန်ကြီးကိုကြည့်၍ မေးလိုက်၏။

"ကိုဆင်ကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ကိုဆင်ကြီးက ခွန်အားဗလကောင်းတော့ သူ့ ခွန်အားဗလနဲ့ အရာရာကို လွှမ်းမိုးပြသွားမှာပဲ။ ဒါကြောင့် အားကစားပွဲမှာ သူနိုင်ခဲ့တာ။ ဒါပေမဲ့ မေးမယ်ဆင်ကြီး။ မင်းရုပ်သန်လို့ နိုင်တာလား။ စိတ်သန်လို့ နိုင်ခဲ့တာလား"

"ရုပ်သန်လို့ နိုင်ခဲ့တာပါ"

"စိတ်ဓွမ်းအားသမားမျိုးနဲ့ ကြုံရင်း မင်းရှုံးမှာပါ ယုံလား"

"ဖြစ်နိုင်ရင် အခုပဲ တွေ့ချင်ပါတယ် ရသေ့ကြီး။ ကိုယ်ပြောသလို လက်တွေ့ကျမှ ယုံချင်ပါတယ်ခင်ဗျ"

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးက လေးလုံးခြောက်ဖက် လူ့ကြီး ကိုဆင်ကြီးကိုကြည့်ပြီး ပြုံးလေ၏။

"အင်း . . . မင်းလည်း မင်းဆရာ လူကန့်လန့် လူ့ခွဲစားပါပဲလား"

"ရသေ့ကြီး လက်တွေ့ပြရင် ယုံသင့် ယုံပါမယ်"

"ကိုင်း . . . ဒါဆိုလည်း နမူနာလေးပြကြရတာပေါ့။ မင်းအသက် ဘယ်လောက်ရှိပြီလဲကွ"

"သုံးဆယ်ပါ"

"အရွယ်ကောင်းပဲ။ မိခင်နို့ဝအောင် သောက်ခဲ့ဖူးလား"

"သောက်ခဲ့ရပါတယ်"

"သဘာဝအာဟာရရှဲရော လုံလောက်အောင် စားခဲ့သလား"

"နေ့စဉ်စားသုံးပါတယ်"

"ကျန်းမာရေး လေ့ကျင့်ခန်းရော နေ့စဉ်လုပ်သလား"

"အလေ့အ သိလုံးပစ်လုပ်ပါတယ်"

"ဓာတုဗေဒအာဆေးများရော မှီဝဲခဲ့ဖူးသလား"



"ဗီတာမင်ဆေးဝါးများကို ပုံမှန်စားသုံးပါတယ်"

"ဘက်စုံဆိုတော့ သန်မာတာပေါ့လေ။ ကိုင်း . . . မောင်ဆင်ကြီး အုတ်ဂူနံဘေးက ကျောက်တုံးကို မင်း မ,နိုင်မလား"

ကြည့်လိုက်တော့ အစိတ်ဝင်အိုးခန့်ရှိသော ကျောက်တုံးကြီး တစ်တုံး။

"မနိုင်ပါတယ် ရသေ့ကြီး"

"ကိုင်း . . . မပြစမ်းကွာ"

ဒီမှာပဲ လူသန်ကိုဆင်ကြီးက ပုဆိုးခါးတောင်းကျိုက်လိုက်ပြီး အင်္ကျီချွတ်ကာ ကျောက်တုံးကြီးကို လက်နှစ်ဖက်နှင့် မ,ချီပြီး ဦးခေါင်းပေါ်မှာ အတန်ကြာရွက်၍ ရသေ့ကြီးအပါဝင် ကျွန်ုပ်တို့အားလုံးကို ပြုံးလို့ပင် ပြလိုက်သေး၏။

"ကောင်းပြီ၊ အဲဒီကျောက်တုံးကို တို့အုတ်ဂူပေါ် ထင်ထားလိုက်ပါ"

ပုံပျက်ပန်းပျက်ရသေ့ကြီး ပြောသည့်အတိုင်း ကိုဆင်ကြီးက မ,ထားသည့် ကျောက်တုံးကြီးကို ဦးကြည်တင့်နိုင် အသက် (၅၈) နှစ်ဟူသည့် အုတ်ဂူပေါ်မှာ အသာချထားလိုက်လေ၏။

"မောင်ဆင်ကြီး မ,တင်နိုင်သည့် ကျောက်တုံးကြီးကို ဂူပေါ်ကနေ မှလနေရာ ပြန် မ,ရွှေ့နိုင်ပါမလားကွယ့်"

"အေးဆေးပါ ရသေ့ကြီးရဲ့"

"ဟုတ်ပါ့မလား"

"လောင်းကြေးစားကြေး ထပ်ချင်ထပ်လိုက်ပါ"

"ကောင်းပြီး မောင်ဆင်ကြီး၊ ကျူပ်မျက်စိကို ခဏလေး စိုက်ကြည့်လိုက်ပါလား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

ကိုဆင်ကြီးက ရသေ့ကြီးရဲ့ တစ်လုံးတည်းကောင်းနေသော မျက်စိကို ကြည့်လိုက်သည်။ ရသေ့ကြီးကလည်း ကိုဆင်ကြီးရဲ့ မျက်လုံးနှစ်လုံးကို အတန်ကြာ စိုက်ကြည့်လိုက်သည်။

ငါးမိနစ်ခန့် ကြာသွားသည်။

ဆင်ကြီးလည်း ကျောက်ရုပ်၊ ရသေ့ကြီးလည်း ကျောက်ရုပ်။ ဒီမှာ ရသေ့ကြီးက မျက်လွှာချလိုက်ပြီး အုတ်ဂူပေါ်မှ ကျောက်တုံးကို စိုက်ကြည့်ကာ လက်တံရှည်လက်ဝါးနှင့် အသာအုပ်လိုက်ပြီး –

"ဆင်ကြီး၊ မင်း မ,ပြီး မှလနေရာကို ပြန်ချကြည့်စမ်း"

အသံက စိတ်ညှို့ပညာရှင်တစ်ဦးရဲ့ အမိန့်ပေးသံမျိုးပေါက်နေ၏။ လူသန်ကိုဆင်ကြီးသည် ခြေလှမ်းကြီးနှင့် လှမ်းသွားလိုက်ပြီး အုတ်ဂူပေါ်က ကျောက်တုံးကြီးကို ကြွက်သားအမြှောင်းမြှောင်းထနေသည့် လက်မောင်းကြီးနှစ်ဖက်နှင့် ကောက်မလိုက်သည်။

"ဟင်"

"အလို"

"ဟ . . . . ဘယ်လိုဖြစ်တာလဲဟ"

ကျွန်ုပ်တို့ အံ့ဩသွားကြရပြီး လူသန်ကိုဆင်ကြီးသည် ခု မ,တင်ခဲ့သည့် အုတ်ဂူပေါ်မှကျောက်တုံးကို ဘယ်လိုမျှ မ,၍မရ။ သူ့အ ကြိုးကြိုးအခါခါ ကြိုးစား၍ မ,၏။ ချွေးသာဒီးဒီးကျလာသည်။ ကျောက်တုံးကား လုံးဝမကြွ။

"မ,လေ မ,ချပါ"

"အား"

"အီး"





"ကျား"

"ဟ ဟ ဟ ဟ . . . . ဟား ဟား ဟား"

"ဟူး"

"ဘယ့်နှယ့်လဲ ဆင်ကြီး"

အချိန်မိနစ် (၂၀)ကြာသွား၏။ ကြာတော့ ဆင်ကြီးမောပိုက်ပန်းကျပြီး ဂူနံဘေးမှာ ထိုင်ချလိုက်သည်။ ချွေးများက သူ့ကြွက်သားခုင်အုပ်နှင့်ကျောမှာ ရွှဲနစ်နေ၏။

"မ,ဦးမလား ဆင်ကြီး"

"ဟူး . . . တော်ပြီ"

"ဟား ဟား ဟား ဟား စွယ်စုံအာဟာရ သိဒ္ဓိမြောက်နေသည့် မောင်ဆင်ကြီးရယ်။ ကိုယ် မ,တဲ့ကျောက်တုံး ကိုယ်ပြန်မချနိုင်ပါလားနော်"

"ဒါဆို ရသေ့ကြီးရော မ,ချပြနိုင်မလား"

"ငါ့မှာ လက်ရှည်တစ်ဖက်တည်းကွ။ ကိုင် . . . အမောဖြေရင်း မင်းနဲ့ငါ လက်လျှံပြိုင်မလား ဟေ့"

"ဘာချ"

"အပြိုင်အားစမ်းမလားလို့ မေးနေတာပါကွ ဟား ဟား ဟား"

"အလောင်းအစားနဲ့မှ ပြိုင်မယ်"

"ငါ့ကို"

"ဟုတ်တယ်"

"ငါ ရသေ့အဘိုးအိုပါကွာ"

"မလိုချင်ဘူး။ လောင်းကြေးပါမှ လုပ်မယ်"

"ကျုပ်နိုင်ရင် ငွေငါးဆယ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရှုံးခဲ့ရင်ရော"

"ရသေ့ကြီး ဘာလိုချင်လဲ ပြော"

"မင်းရှုံးရင် ငါ့ကို ရှိရှိသေသေ ဦးသုံးကြိမ်ချ"

"စိန်လိုက်ဗျာ"

ကျွန်ုပ်သည် ကျွန်ုပ်ရဲ့ လူသန်ကြီးကို လက်လှဲအားစမ်းခဲ့ ...
ဝတ်သက်လျှင် အကြွင်းမဲ့ယုံကြည်ပါသည်။ သူ့ပွဲပေါင်းများစွာကို အ...
ယူခဲ့သူဖြစ်သည်။ ဒီလိုလက်ပျဉ်းကျနေသည့် ရသေ့အိုကြီးကိုတော့ အ...
ဓါကြွေမွသွားအောင် ပညာပြန်ပြမည်မှာ မြေကြီးလက်ခတ်မလွဲဟု ...
လိုက်၏။

သည့်နောက် –

ရသေ့ကြီးက ကျောက်တလားပေါ်မှ သစ်သားခေါင်းကြီး...
ရွှေ့လိုက်ပြီး သစ်ခေါက်ဆိုးသက်န်းကို ခေါက်၍တင်လိုက်၏။ ပြီးနော...
နှစ်ဦးသား တံတောင်များတင်ထောက်ပြီး ညာလက်ဝါးချင်း ဆုပ်လို...
ကြ၏။

ရသေ့ကြီးက လက်တံရှည်၍ ကိုဆင်ကြီးက လက်တံတိုနေ...

သို့သော် ကိုဆင်ကြီးရဲ့လက်မောင်းက ဝါးပိုးဝါးအရင်းလုံး...
ရှိ၏။ ရသေ့ကြီးလက်မောင်းက အသားအရေတွဲ၍ အိနေ၏။

"မောင်ကျိုင်း တိုင်မင်ခေါ်"

"ကိုင်း . . . ရယ်ဒီ ဝမ်း တူး သရီး"

"ကျား"

"ကျား"

ကိုဆင်ကြီးက "ကျား"ဟု ကြွေးကြော်ပြီး ဆွဲအားသုံး၊ လ...
ကောက်ဝတ်အားဆုံး၍ အတွင်းကို မောင်းအား၊ ရင်အုပ်ပခုံးအား...





ဆွဲပြီးလှဲချ၏။ ရသေ့ကြီးက ပါးစပ်မှ ဘာသံမျှမပြု၊ သူ့လက်မောင်းကို သူ့ရဲ့တစ်လုံးတည်းသော မျက်လုံးနှင့်စိုက်ကြည့်အာရုံပြုပြီး တောင့်ထားလိုက်သည်။

ငါးမိနစ်

ဆယ်မိနစ်

မိနစ် နှစ်ဆယ်

မိနစ် သုံးဆယ်

လူသန်ကိုဆင်ကြီး ခါးကုန်းလာ၏။ တင်ပါးကြွက်သား ကြွလာ၏။ တဖြည်းဖြည်း မျက်နှာရှုံ့မဲ့လာ၏။ ခြေများလည်းကြွ၍ လာခဲ့၏။ ဒါနှင့်အတူ နဖူးမှ ချွေးသီးများသည် ကျောက်တလားပေါ်သို့ တတောက်တောက်ကျလာနေ၏။ အံကိုကြိတ်၍ထားလိုက်သည့်မှာ ဖျစ်ဖျစ်မြည်နေ၏။

ရသေ့ကြီးကား သူ့လက်ကောက်ဝတ်ကို အာရုံစိုက်ပြုပြီး မျက်တောင်လုံးဝမခတ်။

ကျွန်ုပ်တို့ ရင်ခုန်စွာဖြင့် ကြည့်နေဆဲမှာပင် လူသန်ကိုဆင်ကြီးရဲ့ လက်သည်အားပျော့ကာ ကျောက်တလားပေါ်သို့ လဲကျသွားလေသည်။

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား ဘယ့်နှယ် လူသန်ကြီးဆိုကွ ... အဘိုးအိုကြီးကိုတောင် မနိုင်ပါလား ဆင်ပေါက်ရာ ဟင်း ... ဟား မင်းတို့တစ်ဖွဲ့လုံး ရယ်ရတယ်ကွာ။ ငါ့ဆီကို ပြည် ... တွေ ခေါ်လာလိုက်၊ ပြည်တွင်းက သူငယ်နှပ်စားတွေ ... ခေါ်လာလိုက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လာစမ်းတဲ့ကောင်တွေ တွေ့ပြီလားကွ ဟေ့ ဟား ဟား ဟား ဟား"

ကျွန်ုပ်တို့အားလုံး သန်စွမ်းလှသော ရသေ့ကြီးကိုကြည့်၍ အံ့ဩငေးမောနေကြ၏။

"ရသေ့ကြီး"

"ဘာတုံး လူကန့်လန့်"

"ရသေ့ကြီး သန်လှချေလားဗျဟင်"

"မျက်မြင်ပဲလေကွာ၊ အလောင်းစည်သူမင်းလို ပြောရရင် ငါ မအိုသေးဘူးကွ ဟား ဟား ဟား"

"ရသေ့ကြီး"

"ဘာတုံး"

"ရသေ့ကြီးဘာကြောင့် ခုလို သန်စွမ်းနေရတာလဲဟင်၊ ဘာဆေးကောင်းဝါးကောင်းများ မှီဝဲနေလို့လဲဗျာ"

"မင်းတို့ ဓာတ်ဆေး ခေတ်ပေါ်ဆေးများလုံးဝ မမှီဝဲပေါင်ဗျား သွမ်းခံစားနေရသူပါ မောင်ရာ။ ဒီခွန်အားက ငါ့မိခင်မယ်တော်ကြီးရဲ့ နို့ချိုအကျိုးကျေးဇူးနဲ့ ငါတို့ဆရာသခင်များရဲ့ စိတ်စွမ်းအား ကျင့်စဉ် ကြောင့်ပါပဲ မောင်ရာ"

"အံ့တယ်ဗျာ"

"ဒါကြောင့် ပြောတာပေါ့။ စိတ်စွမ်းအား အသုံးချပညာက ကမ္ဘာမှာထက်ဆယ်ရှိတယ် ငါ့လူတို့ရဲ့။ ရှိတော့ရှိတယ်ရှားတယ်၊ ရှားလို့ လည်း မြင်ရဲ၊ ကြုံရခဲသပေါ့ကွာ။ ကိုင်း ဒီမှာကြည့်၊ မင်းလူ မ,လို့မရတဲ့ ကျောက်တုံး"

ရသေ့ကြီးသည်ပြောရင်းမှ ကျောက်တုံးကြီးရှိရာ အုတ်ဂူသို့ လှမ်းသွားပြီးနောက် ကျောက်တုံးကို လက်ဝါးနှင့်ပွတ်သပ်လိုက်ပြီး ရှည်



လျားလှသော သူ့လက်ကြီးနှင့် ကျောက်တုံးကို ခါးထစ်ခွင်တွင်ရိုက်၍ မ,လိုက်ရာ –

ဘုရား ဘုရား

လူသန်ကြီး မ,ရွှေ့ရန်မတတ်နိုင်သော ကျောက်တုံးကြီးသည် ဇွေ့ခနဲ ကြွတက်လာပြီး မူလနေရာသို့ ပြန်ရောက်သွားလေသည်။

ကျွန်ုပ်တို့သည် ပြောမယုံ ကြုံမှမြင်မှသိရသည့် ထက်တွေ့ မြင်ကွင်းကြောင့် အံ့ဩဆန်းကြယ်ဖြစ်နေသည်။

ဒီမှာပဲ လူသန်ကိုဆင်ကြီးသည် ပုံပျက်ပန်းပျက် ရသေ့ကြီးကို မြေပြင်မှာဒူးထောက်၍ ဦးသုံးကြိမ်ရှိခိုးသေသေချာချာနေသည်ကို မြင်လိုက်ရလေသည်။

"သာဓု သာဓု သာဓု မောင်ဆင်ကြီး။ မင်းလူလိမ္မာပီသပါရဲ့။ ကောင်းဖခင်သားသမီးပီပီ ကတိလည်းတည်ပါပေရဲ့။ မင်းဒီထက်သန် မြန်ချင်ရင် မိခင်နို့ကျေးဇူးကိုမမေ့နဲ့။ စိတ်စွမ်းအား သမာဓိသိဒ္ဓိကျင့် စဉ်ကို အချိန်ရရိုက် လေ့လာသည်းမှုလေ့ကျင့်။ တစ်နေ့ မင်းဒီထက် အောင်မြင်ရလိမ့်မယ် မောင်ဆင်ကြီး"ဟု ပြောလိုက်လေသတည်း။

✱ ✱ ✱ ✱ ✱

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



၆

တစ်နေ့သောအခါ ကျွန်ုပ် ကိုရှုပဲဒေနှင့် ဦးဒွေတလူအမည်ရှိ ကျွန်ုပ်တို့ အိမ်နီးချင်းတစ်ဦးတို့သည် ပုံပျက်ပန်းပျက်ရသေ့ကြီးရှိရာ ညောင်သုံးပင်သချိုင်းသို့ ရောက်ရှိခဲ့လေသည်။

မှန်ရာကိုပြောရ ဝန်ခံရလျှင် ကျွန်ုပ်တို့ ရုပ်ဝါဒသိပ္ပံသမားများသည် ထူးခြားသော ပညာရပ်များနှင့် ထုံးမွမ်းနေသည့် ရသေ့ကြီးကို ပညာရှင်စစ်မစစ် ဖြစ်မဖြစ်၊ သိက္ခာရှင်စစ်မစစ်၊ အကြံအဖန် လူလိမ်ဟုတ်မဟုတ်ကို အနီးကပ်လေ့လာ၍ ဆွေးဆုံဆွေးနွေးမေးမြန်း သုတေသနပြုခဲ့ကြပါသည်။

ကျွန်ုပ်တို့အနေဖြင့် ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ဆုံတွေ့ခဲ့ရသည့် ဇာတ်လမ်းပေါင်းများစွာ ဗီလိန်လူကြမ်းများဖြစ်နေရသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သိကြပါသော်လည်း နိုင်မာသည့် ပညာရပ်တစ်ခုအကြောင်းသိလို၍ လှုကြမ်းကြီးဝင်လုပ်နေရပါသည်။

ကျွန်ုပ်တို့ နားမလည်မသိ မတတ်ကျွမ်း မသင်ကြားခဲ့ရသည့် လူ့လောကကိစ္စများမှ လောကီပညာရပ်များ အကြောင်းကို –

လောကီသိက္ခာ သီလ သမာဓိနှင့် တတ်သိနေသော
ကျွန်ုပ်တို့ ဖြေရှင်း၍ မရသောကိစ္စများကို ဖြေရှင်းနိုင်သော
မဖြစ်နိုင်သည်ကို ဖြစ်နိုင်အောင် ပညာစွမ်းပြနိုင်သော
ပုံပျက်ပန်းပျက်ရသေ့ကြီးကို လေးစားမှုရှိခဲ့ပါသည်။ ရသေ့ကြီး

ရောင့်တက်မှာစိုး၍သာ ရသေ့ကြီးတော်လိုက်တာဗျာဟု အော်၍ မချီးမွမ်းခဲ့။

သို့သော် ရသေ့ကြီးနှင့် တစ်ကြိမ်ကြုံလိုက်ရတိုင်း ထူးခြားအံ့ဖွယ်ပညာတစ်ခုကို အိန္ဒိယ၊ တိဘက်၊ အီဂျစ်လို ဂမ္ဘီရနယ်မြေများသို့ မသွားရောက်ရဘဲ ရရှိနေသဖြင့် အပျင်းလည်းပြေ အံ့လည်းအံ့သြရပါသည်။

ကျွန်ုပ်သည် သချိုင်းအတွင်း ဝင်မိသည်နှင့်ရသေ့ကြီးကို စလိုခွလို၍ လှမ်းအော်လိုက်သည်။

"ဗျို့ ပုံပျက်ပန်းပျက်ရသေ့ကြီး"

"ဗျို့ ပုံပျက်ပန်းပျက်ရသေ့ကြီး"

"ဘာလုပ်နေလဲဗျ။ စားပြီးအိပ်နေဘိကွဝေ သေရင်ပက်လက်ပိုးလောက်ထက်ဖြစ်နေပြီလားဗျ ဟင်"

ကျွန်ုပ်ရဲ့ ဆူညံအော်ဟစ်သံကို ကြားလိုက်သောအခါ ပုံပျက်ပန်းပျက်ရသေ့ကြီးသည် ခေါင်းဖုံးကြီးကို မကိုင်ရင်းက –

"လူ့ကန့်လန့်ပါလားကွ၊ မင်းရောက်လာတာ အတော်ပဲကွ"





"ဘာဖြစ်လို့လဲဗျ ရသေ့ကြီးရ"

"ခေါင်းအသစ်တစ်လုံး ရထားလို့ကွ"

"အဲဒါ ဘာလုပ်ရမှာလဲ"

"ငါ့လူ လူ့ကန့်လန့်လူ့ဗွစာကြီးရောက်လာတဲ့အခါ တစ်ရေးမောဝင်အိပ်လို့ရပြီကွ။ လာစမ်း၊ မင်းခန္ဓာကိုယ်နဲ့ ဆံ့မယ်ထင်တာပဲ။ စမ်းဝင်အိပ်ကြည့်စမ်းကွာ လာဟေ့"

ဗွီ

"အလိုလေးလေး"

"ဗွ ဗွ ဗွ"

ရသေ့ကြီးစကားကြောင့် ကျွန်ုပ်လည်း ခေါင်းနားပန်းကြီးသွား ကိုရှုပမိတ်ဆွေ ဦးရွှေတလူလည်း လန့်ဖျပ်ပြီး မျက်နှာမျက်စိပျက်ပြန်လှည့်ပြေးရမလို ဖြစ်သွားတော့။

"ရသေ့ကြီး"

"ဘာတုံးကွ လူ့ကန့်လန့်ရ"

"ခင်ဗျားဟာလေ တွေ့တာနဲ့ ကျက်သရေမရှိတဲ့ စကားကို မိတ်မရှိ နမောမရှိပြောတာပဲ။ အဲဒီအခေါင်းနဲ့ ခင်ဗျားသာ ဒီသချိုင်းမှာ အိပ်"

"မင်းလည်းတစ်နေ့ ဒီခေါင်းမျိုးနဲ့ အိပ်ရမှာပါကွာ"

"ဗွ တော်ဗျာ တော်"

"မင်းတင် မဟုတ်ဘူး၊ မင်းဆရာသမားတွေလည်း တစ်နေ့ ခေါင်းထဲမှာ အိပ်ရမှာပဲ။ ကြိုအိပ်ထားတော့ ကျင့်သားရသွားတာပေါ့ကွာ"

"တော်တော့ဗျား ဒီမှာရသေ့ကြီးနဲ့ ပြောစရာရှိလို့ဗျ"

"ပစ္စည်းပျောက်လို့ မဟုတ်လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ရသေ့ကြီး ဘာပြောလိုက်တယ်ဗျ"

"ပစ္စည်းပျောက် သူခိုးခိုးခံရလို့ ငါ့ဆီရောက်လာကြ
မဟုတ်လား"

ကျွန်ုပ်တို့သုံးဦးသည် ရသေ့ကြီးရဲ့ ကြိုတင်အဟော
ကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အံ့သြကုန်၏

"ရသေ့ကြီး"

"ဆိုပါဦးကွ"

"ခင်ဗျား ရှေ့ဖြစ်နောက်ဖြစ်လည်း သိနေတာပဲလား"

"ဒီပညာက ဘုရားရှင်ကိုယ်တော်မြတ်ကြီး မပွင့်ခင်ကတည်
လူ့ပြည်မှာ အလျှင်ရှိနေတဲ့ ပညာပဲကွ။ နှစ်ပေါင်း သုံးထောင်ဝန်
ရှိနေဦးစွာ၊ မင်းတို့ ကောဏ္ဍညပုဏ္ဏားကြားဖူးလား"

"ကြားဖူးတယ်"

"သုဒ္ဓေါဒနမင်းကြီးက ငါ့သားတော် သိဒ္ဓတ္ထမင်းသားရဲ့
ဖြစ်ဖာတာကို ဖတ်ကြစမ်းလို့ ပုဏ္ဏားပညာရှိများကို အမိန့်ချ
ကျန်ပုဏ္ဏားပညာရှိများက သိဒ္ဓတ္ထမင်းသားသည် အရွယ်ရောက်
ရေမြေကို အစိုးရသည့် စကြဝတေးမင်းဖြစ်လိမ့်မည်လို့ တညီတ
တည်း ကြိုဟောသကွ။ ဒီမှာ ကောဏ္ဍညပုဏ္ဏားက လက်ညှိုးတစ်
ထောင်ပြီး အရှင့်သားတော်သိဒ္ဓတ္ထမင်းသားသည် စကြဝတေးမင်း
မဖြစ်။ ဘုရားဝင်စစ် ကေန်ဖြစ်မည်လို့ ကြိုဟောခဲ့တာကွ။ ဟော
အတိုင်း ရာဟုလာကိုမွေးပြီးနောက် သူတောထွက်ပြီး အနော်မာ
တစ်ဖက်ကမ်းမှာ ဆံတော်ကို အဓိဋ္ဌာန်နဲ့ပယ်ပြီး ကျင့်ကြံပွားများ
စားအားထုတ်လိုက်တာ ကောဏ္ဍညပုဏ္ဏား ကြိုဟောသပုံ ဘုရား
ကေန်ဖြစ်ပါရော့လား လူကန့်လန့်ရ"





"အဲဒီပညာကို ဘာပညာလို့ ခေါ်လဲဗျ"

"ဝေဒပညာလို့ ခေါ်တယ်ကွ"

"ဘာလဲဗျ ဝေဒဆိုတာ"

"ဝိဒ္ဓ ဓမ္မ၊ မေတေဟိတိ ဝေဒါ တဲ့။ ဧတေဝိ ထိုဗေဒင်တို့
ဖြင့် ဓမ္မံဖြစ်ပြီး ဖြစ်ဆဲဖြစ်လတ္တံ့သော သဘောကို ဝိဒ္ဓိသိတတ်၏။
ဣတိ ထို့ကြောင့် ဝေဒါ ဝေဒ မည်ကုန်၏။ ထိုဗေဒင်တို့ဖြင့် ဖြစ်ဆဲ
ဖြစ်လတ္တံ့သောသဘောကို သိတတ်ကုန်သောကြောင့် ဝေဒမည်ကုန်၏။
အဲဒီ ဝေဒသဒ္ဒါကို မြန်မာလိုပြောင်းပြီး ဗေဒင်လို့ ခေါ်နေကြတာကွ"

"ဟုတ်ရော ဟုတ်လို့လားဗျာ။ မတော်တဆ တိုက်ဆိုင်တာပါ"

"ငါ့လူက သံသယရှိနေတာကိုး။ ကိုင်း အဲဒီဖြင့် မေးမယ်ကွာ။
မင်းတို့ မဟာသကြိန်စာ ဖတ်ဖူးမြင်ဖူးလား"

"အင်း"

"အဲဒါကို ယုံလား"

"ကျုပ်တော့ မဖတ်ပါဘူးဗျာ"

"မင်း မဖတ်မယုံကြည်ပေမဲ့ မြန်မာပြည်သူ သန်းငါးဆယ်
ကျော်ဖတ်တယ်။ လယ်သမား၊ အလုပ်သမား၊ အရောင်းအဝယ်သမား၊
စိုက်ပျိုးရေးသမား၊ မိုးလေဝသသမား အားလုံးလေ့လာဖတ်ရှုပြီး
ဘယ်အချိန် ဘာကြိုလုပ်ရမယ်ကို သဘောပေါက်လက်ခံကြတယ်။ မြန်မာ
နိုင်ငံမှာ တရားဝင်ထုတ်တဲ့ သကြိန်စာပဲ။ ရှေးမြန်မာမင်းများ လက်ထက်
တနေ့ ဒီနေ့အထိ အသက်ရှည်နိုင်ခဲ့တည်တံ့နေတာ ဘာကြောင့်လဲ
သိလား"

"လုပ်ပါဦးဗျ။ ရှင်းပါဦး ရသေ့ကြီးရ"

"ရှေ့ဖြစ်ပညာကို ယုံကြည်ကိုးစားလို့ပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဇေဒင်ဘယ်နှစ်မျိုးရှိသလဲဗျာ ကဲ"

"ဇေဒင်လေးပုံတဲ့။ နက္ခက်တဲ့။ ဗေဒတဲ့။ လက္ခဏာတဲ့။ အထိမ်နိမိတ်တဲ့။ မင်းတို့လက်ဝါးပေါ်က ခြေဝါးပေါ်က အရေးအကြောင်းတွေအာ မင်းတို့ရဲ့ ရှေးဘဝ အခုဘဝ နောက်အနာဂတ်ကို စီရင်ချက်ချပြီးသားဆိုတာ လက်ခံရဲ့လားကွ"

"ဒါက ဒိဝဗေဒသဘောနဲ့ ဖြစ်လာတဲ့ အရေးအကြောင်းတွေပါဗျာ"

"အေး အဲ့ဒီပညာရဲ့ လျှို့ဝှက်နက်နဲထူးခြားချက်ကို မသိရင်အဲဒီလိုပဲ ပြောတာပေါ့ကွ။ အဲဒီအရေးအကြောင်းတွေ၊ ဂြိုဟ်နက္ခတ်တွေအချိန်တွေ၊ အသက်တွေကို တွက်ချက်ဟောပြောနိုင်သည့် ပညာရှင်စစ်စစ်နဲ့တွေ့ရင်၊ ဥပမာ ကောဋ္ဌညလို ပညာရှင်မျိုးနဲ့တွေ့ရင် မင်းတို့အံ့ဩသွားရမှာပါ။ ကိုင်ရှိဆိုတဲ့ လက္ခဏာဆရာကြီး ကြားဖူးလား"

"ကြားဖူးတယ်"

"သူ့ပညာလေးစားလောက်တယ်။ အံ့ဩလောက်တယ်။ သူဟာ လူတစ်ယောက်ရဲ့ လက်ဝါးပြင်ကိုကြည့်ပြီး ရောဟဏီလေခ (အသက်သမ်းကြောင်း)၊ ဉာဏလေခ (ဦးနှောက်လမ်းကြောင်း)၊ ဟဒယလေခ (နှလုံးလမ်းကြောင်း)၊ ဘုန်းလေခ (ထီးရိုးလမ်းကြောင်း) အဲဒါကိုတမ္ဘလေခ၊ သေဋ္ဌိလေခ ကံကြမ္မာလမ်းကြောင်းလို့လည်း ခေါ်တယ်။ အဲဒီလေခလမ်းကြောင်းများကို ကြည့်ပြီး လူတစ်ယောက်ရဲ့ ဘဝကံကြမ္မာအကောင်းအဆိုး ရှေ့ဖြစ်နောက်ဖြစ် ပစ္စုပ္ပန်ကို အတိအကျဟောနိုင်ပြီး ကမ္ဘာကျော်ခဲ့တယ်"

"ရသေ့ကြီးတို့ရော အဲဒါတတ်သလား"

"ဒါ အိန္ဒိယက အခြေခံပြီး ကမ္ဘာကို ပြန့်သွားတာပဲ။ ဒီ





သည်း နည်းနည်းပါးပါးရပါတယ်။ ဒီပညာက သမထအားကောင်းရင်းအားကောင်းတဲ့ မနောသိဒ္ဓိအရှိန်နဲ့ ရှေ့မြင်ကိုဖြစ်တာပဲကွ"

"ထားပါဗျာ၊ အခု ကျွန်တော့်မိတ်ဆွေ စိတ်ညစ်နေလို့ဗျ"

"ဘယ်သူတုန်း"

"သူပါ၊ ဦးရွှေတလုတဲ့"

ကျွန်ုပ်က ဦးရွှေတလုနဲ့မိတ်ဆက်ပေးလိုက်သောအခါ ဦးရွှေတလုက ပုံပျက်ပန်းပျက်နှင့် ခေါင်းကြီးကိုမှီပြီး စကားများ တရားရေလွှတ်ဟောနေသော ရသေ့ကြီးကို ငေးကြည့်နေ၏။ အပ်ဖို့

"ပြောပါဦး၊ ကိုယ့်လူက ဘာဖြစ်နေလို့လဲ"

"ရသေ့ကြီးပဲ ဖြစ်နေတာကို ပြောပါဗျ"

"အံမာ ခွေးတိရစ္ဆာန်ကောင်၊ မင်းက ငါ့ကိုပညာရေနေတာလား၊ ဟုတ်လား"

"ရှေ့ဖြစ် နောက်ဖြစ် အလယ်ဖြစ်များ ဘယ်လောသလဲ သိချင်လို့ပါဗျာ အဟဲ့ဟဲ"

"ရွှေတလု မင်းအသက် ဘယ်လောက်ရှိနေပြီလဲ"

"(       ) နှစ်ပါ ရသေ့ကြီး"

"မွေးနေ့ကရောကွ"

"စနေပါ ခင်ဗျ"

"ဘုမ္မိကို ကျနေတာကိုးကွ။ (၅၈)နှစ်ရောက်မှ ဘုမ္မိကလွတ်မယ်။ ဘုမ္မိဆိုတာရောသိလား"

"မသိပါ ရသေ့ကြီး"

"ဟိုကောင် ကျွိုင်း၊ လူကန့်လန့်ရောသိလား"

"ကျုပ်တို့က အောက်ဆီဂျင်, ဟိုက်ဒရိုဂျင်, အသုံးမြအောက်



www.burmeseclassic.com

www.burmeseclassic.com



တမ် ဒါပဲသိတယ်ဗျ''

''ဘုမ္မိဆိုတာ မကောင်းသောအရပ်၊ အညစ်အကြေးစွန့်ရာ အရပ်၊ သချိုင်းလို့ဆိုလိုတယ် ဖွတ်ကျားရ''

''အခု ကျွန်တော် သချိုင်းကိုရောက်နေတော့ ကျိန်းကျေပြီ ပေါ့နော် ဘရသေ့ကြီး''

''ဒါက ယာယီသဘောကွ။ အမှန်က သေကိန်းတောင် ကျနိုင် ပါဗျာ''

'ခင်ဗျာ''

အဲဒီလိုပဲ 'ဘုမ္မိတောင် ဘုမ္မိကြီး ဘုမ္မိလေးရှိသေးတယ်။ ဘုမ္မိကာလကို အချိန်ဝေ...င် အဝင်ရော အထွက်ရော နိုက်ကတတ်တယ်။ ရာဟုသံဒေါင်း စစ်စစ်နဲ့ ...သေးသကွ။ ဘာခိုက်သလဲဆိုရင် ဉာတိဗျာသန ဆွေးမျိုးဉာ အံ့ညြသွ...က်စီးတတ်တယ်။ ဘောဂဗျာသန စည်းစိမ်ဥစ္စာပျက်စီးတတ်

ရာဂဗျာသန အနာရောဂါနှိပ်စက်တတ်တယ်။ ပျက်စီးခြင်းတို့ ...ပဲ။ မင်း အခုရောက်နေတာ ဘုမ္မိနှစ်ထပ် လတ်တလော သူနိုး ဟာ...ပုံးရိမ်ရတယ်''

''ဆရာရသေ့ကြီးခင်ဗျာ''

''ပြော''

''ကျွန်တော် ကျွန်တော့် ကြက်ခြံက ကြက်တွေ အခိုးခံနေရ လို့ပါခင်ဗျာ''

''ဘယ်လိုအခိုးခံရလဲ ပြောပါဦး''

''ကျွန်တော်က ကြက်မွေးမြူရေးလုပ်ပါတယ်။ တစ်နိုင်တစ်ပိုင် ပါခင်ဗျာ။ အခုတလော တစ်ညကို ကြက်ငါးကောင်ကနေ ဆယ်ကောင် ပျောက်ပျောက်သွားပါတယ်ခင်ဗျာ''





''အစောင့်များ မရှိဘူးလား''

''မရှိပါဘူးခင်ဗျာ။ ခြံတံခါးကို သော့ခတ်ထားတာပါ''

''သော့ရော မပွင့်ဘူးလား''

''မပွင့်ပါဘူးခင်ဗျာ''

''ခြံမှာ လူဝင်ပေါက်တွေရော မတွေ့ဘူးလား''

''မတွေ့မရှိဘဲနဲ့ ကြက်တွေ ပျောက်နေတာပဲခင်ဗျ''

''ရဲဂါတ်ကို မတိုင်ဘူးလားကွ''

''စောင့်ဖမ်းပြီး လက်ပူးလက်ကြပ်မိမှ ရဲစခန်းကို အပ်ဖို့ ...ားနေတုန်း''

''ဘာဖြစ်လဲ''

''စောင့်ဖမ်းရင် မလာဘူး။ နားတဲ့ရက်ကျရင် အခိုးခံရရော ...''

''အခု ဘယ်နှစ်ကောင် ပျောက်ပြီးပြီလဲ''

''အကောင်တစ်ရာလောက်ရှိပါပြီ ဘရသေ့ရယ်''

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးက ကျွန်တော့်ဘက်သို့ လှည့်၍ ...လိုက်၏။

''မောင်ကျိုင်း''

''ဗျာ ရသေ့ကြီး''

''မင်းတို့ သိပ္ပံသမားတွေ သူနိုးဖမ်းကိရိယာတွေ တပ်မပေး ...းလားကွ။ ကိုယ့်မိတ်ဆွေ ဒုက္ခရောက်နေတာကို''

''ခြေနင်းအသံမြည်ကိရိယာရော၊ တံခါးဖွင့်သံကြိုးဆွဲဘဲလ် ...ကိရိယာရော တပ်ပေးထားတာပဲဗျ''

''မီလား''



www.burmeseclassic.com

www.burmeseclassic.com



"မိဖို့နေနေသာသာ အဲဒီ ကိရိယာတွေကိုပါ ဖျက်ဆီး
သေးရဲ့ဗျ"

"အာဂသူခိုးပါလားကွ"

"အဲဒါ ဘယ်လိုလုပ်ရမှန်းမသိလို့ ဘရသေ့ဆီရောက်လာ
ခဲ့ ဘရသေ့ရယ်။ ကူညီပါဦးခင်ဗျာ"

"ဒါဆို သူခိုးလူစွမ်းကောင်း ပညာရှင်ပဲကွ။ စောရနကွ
ကို မွေးထားသလား မသိဘူး။ သူ့ခြေရာတော့ ကျန်ရစ်မှာပေါ့"

"မကျန်ရစ်ပါဘူးခင်ဗျာ"

"တကယ်တော်ပါလားကွ"

"အဲဒါ မိအောင်ကူညီပါ ဘရသေ့ရယ်။ ကျေးဇူး မမေ့ပါ
ဘူး"

"အမှန်က ငါ့အလုပ်မဟုတ်ဘူးကွ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ လူကိုသိချင်လို့ပါ"

"လူသိရင် ဘာလုပ်မလဲ"

"အဲ အဲ အရေးယူ"

"နေဦးကွာ၊ ငါစဉ်းစားလိုက်ဦးမယ်"

သည့်နောက် ရသေ့ကြီးသည် လက်ရှည်ကြီးကို နောက်
ခင်း သချိုင်းဇရပ်ထဲမှာ လမ်းလျှောက်စဉ်းစားခန်းဝင်နေ၏။

အတန်ကြာသောအခါ –

"ဟေ့ ရွှေတလူ"

"ဗျာ ဘရသေ့"

"ထုံးမှုန့် တစ်အိတ်သွားဝယ်ခဲ့ကွာ"

"ဒါပဲလား ဘရသေ့"





"အိမ်း"

"ကိုင်း ကိုကျိုင်း၊ ခင်ဗျားကားနဲ့ လိုက်ဝယ်ပေးဗျာ"

ဒီမှာ ကျွန်ုပ်က ရွဲ့ချင်၍ မေးလိုက်သည်။

"ဘာလဲ ရသေ့ကြီး ပန်းရန်ကိုင်မလို့လား"

"မင်းက ဖွတ်ကျားသိပ်ပွဲသမားပါကွာ။ သူခိုးဖမ်းကိရိယာနဲ့
တောင် မိအောင်မဖမ်းနိုင်တာဥစ္စာ၊ ငါထုံးမှုန့်နဲ့မိအောင် ဖမ်းပြမယ်
သွားရှာခဲ့"

သို့နှင့် ကျွန်ုပ်တို့ ရွာဦးဈေးသို့ပြေးပြီး ပိုးသတ်ရာ မြေသန့်ရာ
မှာ သုံးသည့် ထုံးမှုန့်တစ်အိတ်နှင့် မြေဖြူမှုန့်တစ်အိတ်ကိုဝယ်ပြီး
ရသေ့ကြီးကို ပေးလိုက်လေသည်။

ဒီမှာ ရသေ့ကြီးက မီးသွေးခဲနှင့် ထုံးမှုန့်အိတ်ပေါ်မှာ လူခြေ
ရာနှစ်ခုကို ရေးဆွဲလိုက်ပြီး ထုံးမှုန့်အချို့ကို ညာလက်ရှည်လက်ဝါးနှင့်
ဆုပ်ကိုင်အာရုံပြုပြီး ပြန်ထည့်လိုက်သည်။

"ရွှေတလူ"

"ခင်ဗျာ ဘရသေ့"

"ဒီ ထုံးမှုန့်တွေကို တံခါးအတွင်းဝကနေ ကြွက်များရှိရာ
ဝန်းကျင်ကို ဖြူးဖြန့်ထားလိုက်။ ညဘက်တံခါးပိတ်ချိန်နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"နောက်နေ့ မိုးလင်းလို့ လူခြေရာအသစ်ကို ထုံးမှုန့်လမ်း
ကြောင်းမှာမြင်ရင် ငါ့ကိုလာခေါ်လှည့်။ သွားတော့"

"ဟုတ်ကဲ့ ဘရသေ့"

ဒီမှာ ကျွန်ုပ်က ရသေ့ကြီးကို ရိလိုက်သည်။

"ရသေ့ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးကွ"

"သူနိုးမပီဘဲ ထုံးမှုန့်ဖိုးကုန်တာပဲ အဖတ်တင်နေမယ်နဲ့ တူပါရဲ့ဗျာ"

"မင်း ခြေရာမဖြစ်ဖို့ပဲ အရေးကြီးပါတယ်ကွာ"

"ဂိန္န"

အာဂရုသေ့ကြီးပါလား။ ကျွန်ုပ်ကို မင်းသာဝင်မိုးနဲ့ဟု ခွပ်လိုက်လေ၏။

❋ ❋ ❋ ❋ ❋

နောက်နေ့ မိုးလင်းသောအခါ ဦးရွှေတလုံ ကျွန်ုပ်တိုက်ဆီသို့ ရောက်ချလာလေ၏။

"ကိုကျိုင်းရေ ကိုကျိုင်း"

"ကိုရွှေတလုံလား ဗျို့"

"ထူးခြားနေပြီဗျို့"

"ဘာထူးခြားလို့လဲဗျ"

"ကြက်ခြံထဲက ထုံးမှုန့်ပေါ်မှာ ခြေရာအချို့ကျန်ရစ်ခဲ့တာ ..."

"ဟင် ဒါဆို ကြက်တွေရော"

"၁၀ ကောင်တော့ ပါသွားတာပဲ။ ကျုပ်ကြက်တွေကို မလွှတ်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ ခြေရာမပျောက်အောင် ချန်ထားမယ်။ လာဗျာ ရသေ့ကြီး ရှိရာကို သွားပြောပြကြစို့"

"ငါလိုက်မယ်"

ဒီလိုနှင့် ရသေ့ကြီး ဦးရွှေတလုတို့ကြက်ခြံသို့ ရောက်လာခဲ့လေ၏။ တံခါးသော့ကို ရသေ့ကြီးက ဦးစွာစစ်ဆေးလိုက်၏။

"ဒီသော့ မင်းဖွင့်ခဲ့တာလား"

"ဟုတ်ကဲ့"

"မနက်တုန်းက သော့ပွင့်နေသေးလား"

"ဟင့်အင်း မပွင့်ဘူး"

"အခု ဖွင့်လိုက်ကွာ"

ဦးရွှေတလုသော့ကို ဖွင့်လိုက်၍ ကျွန်ုပ်တို့အားလုံး ရသေ့ကြီး နောက်မှကပ်လိုက်လာကြ၏။ ဒီမှာရသေ့ကြီးက လက်ကာပြလိုက်၍ ကျွန်ုပ်တို့ ရပ်လိုက်ကြသည်။

ပုံပျက်ပန်းပျက်ရသေ့ကြီးသည် မြေဖြူပစ္စည်းမှုန့်များပေါ်၌ အဝင်ခြေရာနှင့် အထွက်ခြေရာကို အလွတ်စုံထောက်တစ်ဦးကဲ့သို့ စစ်ဆေးနေ၏။ ဒီမှာ ထူးဆန်းသောအဖြစ်ကို ကျွန်ုပ်တို့ရသေ့ကြီးပြ၍ ကြည့်လိုက်ရလေ၏။

၎င်းအရာကား –

ခြေရာတစ်ခုပေါ်မှ ကန့်လန့်တင်ကျန်ရစ်သည့် မြွေအရေခွံ တစ်ခုဖြစ်လေသည်။

"ဟင်"

"ဟာ မြွေအရေခွံကြီးပါလားဟ"

"ရွှေတလု"





"ခင်ဗျာ ရသေ့ကြီး"

"မနက်က တံခါးဖွင့်ကြည့်တော့ ဒါမြင်ရ ရဲ့လား"

"သတိမထားလိုက်ဘူး ရသေ့ကြီး"

"ဒါ တောကြီးမြွေဟောက်အရေခွံကွ။ ညတုန်းက အရေခွံလဲသွားတာ ဖြစ်နေတုန်းပဲ"

"ကြက်တွေ မြွေဟောက်ဆွဲတာလား ရသေ့ကြီး"

"မဟုတ်ဘူး၊ သူခိုးဝင်ဆွဲတာ၊ နေဦး"

၎င်းနောက် ရသေ့ကြီးသည် သူ့ပခုံးပေါ်ရှိလွယ်အိတ်မှ မှန်ဘီလူး သေးသေးလေးကိုထုတ်၍ ကျန်ရစ်ခဲ့သည့် မြေဖြူမှုန်များပေါ်မှ ခြေရာများကို အနီးကပ် စေ့စေ့စပ်စပ်စစ်ဆေးကြည့်ရှုနေ၏။

ခြေရာကား ဖိနပ်မစီးသည့်ခြေရာ။

"ရသေ့ကြီး ဘာကြည့်တာလဲဗျ"

"ခြေဖဝါးပေါ်က ခြေခလာကို ကြည့်နေတာကွ။ အင်း ဒီသူခိုး ကြာခင် ဒုက္ခရောက်တော့မယ်"

"ဘာဖြစ်လို့"

"ဒီကောင် မြွေဆိုးအန္တရာယ်နဲ့ သေကိန်းမြင်လို့"

"သေကိန်းမြင်လို့၊ ဘာကြောင့်လဲဗျ"

"သူခိုးရဲ့ ခြေဖဝါးပေါ်မှာ သူ့အသက်ကို အန္တရာယ်ဆိုးကျရောက်မည့် လမ်းကြောင်းတစ်ခု ငါမြင်လို့ပဲ။ အင်း ဒုက္ခ ဒုက္ခ ဘယ်လိုလုပ်ရပါ့"

ရသေ့ကြီးသည် ခြေဖဝါးအရာကိုကြည့်ပြီး စိတ်မချမ်းမသာသလို ညည်းနေ၏။

"သေလည်း အေးတာပဲလေဗျာ၊ ရသေ့ကြီးရာ ဘာတတ်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ကောင်းပါဘူးကွာ"

"ဘာဖြစ်လို့ မကောင်းတာလဲဗျ ရသေ့ကြီးရ၊ သူခိုးဥစ္စာ"

"သူခိုးလည်း လူပါပဲကွာ။ ငါ့အနေနဲ့သူ့ကို အဖြစ်ဆိုးနဲ့ မသေ စေချင်ဘူး။ အင်း သူခိုးဘယ်သူမှန်းမသိတော့ သူ့ကို မခိုးဖို့အကြောင်း ကြားချင်ပေမဲ့ မဖြစ်နိုင်ပါလား။ ဟော့ ရွှေတလူ"

"ခင်ဗျား ရသေ့ကြီး"

"ငါ့ကို စာရွက်ကြီးကြီးတစ်ရွက်ရယ်၊ သံရယ်၊ ဘောပင် စုတ်လို ရေးလို့ရမယ့်မင်မျိုး ရရာယူခဲ့စမ်းကွ"

ဦးရွှေတလူသည် အိမ်ရှိရာသို့ ချက်ချင်းပြေးသွားပြီး စက္ကူ ရွက်ဖြူတစ်ရွက်နှင့် စုတ်တံသေးသေးတစ်ခု၊ မင်ဘူးတစ်လုံးကို ယူလာ ပြီး ရသေ့ကြီးကို ပေးလိုက်၏။

ရသေ့ကြီးသည် စာရွက်ထူ အဖြူပေါ်မှာ မင်နှင့်စာတချို့ ရေးလိုက်၏။ စာမှာအောက်ပါအတိုင်း ဖြစ်လေ၏။

**သူခိုး**

**မင်းဘုန်းကံနိမ့်နေပြီ။ ဒီညကစလို့ မခိုးနဲ့။ အသက် အန္တရာယ်ရှိတယ်၊ ပြန်တော့။**

စာက ယင်းသို့ အစီရင်ခံရလေ၏။ ပြီးနောက် ရသေ့ကြီး သည် ၎င်းစာကို ကြက်ခြံတံခါးမှာ သံနှင့်ရိုက်၍ ကပ်လိုက်လေ၏။

ပြီး ပါးစပ်မှလည်း သူခိုးကို မေတ္တာပို့နေ၏။

"ကံကြမ္မာစောင်းချိန်ရောက်၍ ခံရမည်ဖြစ်သော်လည်း အသက် ဘေးအန္တရာယ်မှ ကင်းဝေးပါစေ"





"ရွှေတလူ"

"ခင်ဗျာ ရသေ့ကြီး"

"ဒီစာကို ဒီအတိုင်းကပ်ထားလိုက်၊ မဖြုတ်နဲ့။ ကြက်တွေကို လွှတ်ပြီး အစာကျွေးတော့။ ငါပြန်မယ်။ မပြန်ခင် မင်းကိုတစ်ခု မေတ္တာ ရပ်ခံပါရစေကွာ"

"အမိန့်ရှိပါ ဘရသေ့ခင်ဗျာ"

သူခိုးဟာ ဒီစာကို ဖတ်မိလို့ ရှောင်နိုင်ရင် သူ့ဘဝရှေ့ခရီး ကောင်းမှာပဲ။ ဒါမှမဟုတ် ငါကြိုမြင်တွက်ထားသလို အဆိပ်ရှိသော မြွေသတ္တဝါရဲ့ အန္တရာယ်နဲ့ထိခဲ့မိရင် သူ့ကိုမသတ်ပါနဲ့၊ ဖမ်းမထားပါနဲ့၊ ဟော့ဒီဆေးလုံးကို ပါးစပ်ထဲ အရောက်တိုက်ပါ"

"ဒါ ဒါက ဘာဆေးလဲ ဘရသေ့"

"အဆိပ်ပြေဆေး"

"ဗျာ"

"ပြီးမှ တရားဥပဒေလမ်းကြောင်းအတိုင်း စီရင်ကြပေါ့ ကွာ"

"ကံကြမ္မာအကောင်းအဆိုးကို ငါ့ရဲ့ပညာအသိဉာဏ်မျက်စိနှင့် ကြိုမြင်ပါသော်လည်း သူခိုးရဲ့အသိတရား အဆုံးအဖြတ်ဉာဏ်စဉ်က သာလျှင် သူ့ဘဝကို ဆုံးဖြတ်လိမ့်မယ်။ သူခိုးရဲ့အသက်ကို ငါတို့ကယ် နိုင်တာ ဒီနည်းပဲရှိတယ်။ ပြန်မယ်ကွာ"

ကျွန်ုပ်တို့သည် ရသေ့ကြီးကို သချိုင်းစံကျောင်းဇရပ်သို့ ပြန်ပို့ ပေးလိုက်၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် တစ်ညစောင့်ကြည့် နှားစွင့်ကြည့် ဘာမျှမထူးခြား နစ်ညမြောက်လာခဲ့သည်။ ဘာမျှ မထူးခြား။ ရသေ့ကြီးကို အထင်သေး ချင်လာ၏။

"ဘာမျှ မထူးခြားပါလားဗျ"

"ရှိုးတာနေမှာပါဗျာ ကိုရွှေတလူရာ"

"သူခိုးများ ဟိုစာကို ဖတ်မိသွားလို့လားမှမသိပဲ ကိုကျိုင်းရ"

"သူခိုးက ဒီစာကိုဖတ်ပြီး ရယ်မှာပေါ့ဗျာ"

"ဘာလို့"

"ဒါ ငါ့ကို ခြောက်လှန့်တဲ့စာ၊ အလကားပါလို့ ထင်မှာပေါ့ ဗျာ၊ ခင်ဗျားကလဲ"





"မဖတ်ဖြစ်သေး၊ ဝင်မခိုးဖြစ်သေးလို့ နေမလားမသိဘူး။ ဘာပဲ ဖြစ်ဖြစ် ဒီစာလေးရဲ့ သတိပေးချက်ကြောင့် သူခိုးအမြင်မှန်ရသွားရင် သည်း ကျေပ်ဝမ်းသာတာပါပဲဗျာ ကိုကျိုင်းရာ"

"ဒါလည်း တစ်ရန်ငြိမ်းတာပဲလို့ မှတ်လိုက်ဗျာ"

ဦးရွှေတလူသည် နှစ်ရက်တိုင်တိုင် သူ့ကြက်ခြံမှကြက်များ ပျောက်၍ ဝမ်းမြောက်ဝမ်းသာရှိနေစဉ် –

တတိယမြောက်ည သန်းခေါင်ယံအချိန်သို့ရောက်သောအခါ ကြက်ခြံထဲမှ စူးစူးဝါးဝါးအော်သံ ကြားလိုက်ရသည်။

"အား"

"အမလေးဗျ အား အား"

အသံကြားသည်နှင့် ဦးရွှေတလူ လက်နှိပ်ဓာတ်မီးနှင့် ငှက် ကြီးတောင်ဓားရှည်ကိုကိုင်ပြီး ကြက်ခြံရှိရာ မီးထိုးကြည့်လိုက်သောအ ခါ – "

"ဟာ"

"အား အား ကယ်ပါဦးဗျ မြွေ မြွေ"

လက်နှိပ်ဓာတ်မီးရောင်အောက်မှာ လူတစ်ယောက် ရူးလွန့် အော်ဟစ်နေသည်။ သူ့အနီးမှ လက်မောင်းလုံးရှိသော မြွေဟောက်ကြီး ကို ပါးပျဉ်းထောင် ခေါင်းယမ်းလျက်တွေ့လိုက်ရကာ ဦးရွှေတလူ ကြက် သီးမွေးညင်းများထပြီး ကြက်သေသေနေစဉ် –

"ကယ်ကြပါဗျာ အား အား"

"အမလေး အမလေး အား အား လုပ်ကြပါဦးဗျ"

ဒီမှာ အသိများပြန့်ဝင်လာပြီး နီးရာအုတ်ကျိုး[illegible] မြွေဟောက်ကြီးကို ပစ်ပေါက်လိုက်တော့မှ မြွေဟော[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှုးခနဲ အသံပေးပြီး ခြံတံခါးအောက်မှ လျှိုး၍ ပြေးထွက်သွားလေ၏

"မင်း မင်း"

"ကျွပ် ကျွပ်ကို မြွေ မြွေကိုက်လိုက် အား အား အား"

သူခိုးသည် တွန့်လိမ်၍ အကြောများဆွဲနေ၏။ ဒီမှာ ဦးရွှေတာလူ သည် ပုံပျက်ပန်းပျက်ရသေ့ကြီးမှာထားသည့် စကားကိုသတိရလိုက် ပြီး–

အကျီအိတ်ထဲမှ လိုရမည်ရဆောင်ထားသည့် ရသေ့ကြီးပေး ခဲ့သော အဆိပ်ဖြေဆေးလုံးကို သူ့ရဲ့ပါးစပ်ထဲသို့ မရအရသွင်းပြီး–

"ဝါးစား မျိုချ၊ မြန်မြန်မျိုချလိုက်ပါ၊ အဆိပ်ဖြေဆေး"

သူခိုးသည် အကြောများ တွန့်လိမ်ရာမှ ပါးစပ်ထဲရောက်နေ သည့် အဆိပ်ဖြေဆေးလုံးကို ကြိတ်ဝါး၍ အားတင်းပြီးမျိုချနေ၏ သုံးမိနစ်ခန့်ကြာတော့ လည်ချောင်းထဲသို့ အဆိပ်ဖြေဆေး ဝင်သွား ရသည်။

သူခိုးသည် အကြောဆွဲ ရှန်းကန်ခြင်းမှရပ်၍ ရင်ဘတ်ကို ပင့်ကာ ပင့်ကာ အသက်ကို တအားရှူနေရရှာသည်။

ကိုရွှေတာလူ လာနိုး၍ ကျွန်ုပ်ရောက်သွားသောအခါ သူခိုးသည် မျက်လုံးဖွင့်လိုက်ပိတ်လိုက်နှင့် မိန်းမောနေဆဲ –

"ဆေးရုံပို့မှ ဖြစ်မယ် ကိုကျိုင်း"

"ဟုတ်တယ် ပွေ့ချီစို့ဗျာ"

ကျွန်ုပ်တို့နှစ်ဦး ကိုယ်လုံးထွားကျိုင်းလှသည့် သူခိုးကိုပွေ့၍ ကားပေါ်သို့တင်လိုက်ပြီး မြို့ဆေးရုံသို့ အမြန်မောင်းချလာခဲ့လိုက်ကြ လေသည်။

❋ ❋ ❋ ❋ ❋

သူခိုးရဲ့ ကုသိုလ်ကံ ကောင်းရှာပါပေသည်။ ရသေ့ကြီးရဲ့ အဆိပ် ဖြေဆေးအရှိန်ကြောင့် အသက်မသေခဲ့၊ ဆေးရုံရောက်တော့ မြွေဟောက် အဆိပ်ဖြေဆေး ထပ်မံထိုးလိုက်ပြီး အားဆေးများ သွင်းလိုက်ရသဖြင့် နောက်နေ့မှာ အသက်အန္တရာယ် ကင်းစင်ခဲ့ရသည်။ သို့သော် မြွေဟောက် အဆိပ်ရဲ့အရှိန်အာနိသင်ကြောင့် အာရုံကြောအနည်းငယ် ဆိုင်းသလို ရှိနေ၏။

သူခိုးသည် ခြံပိုင်ရှင် ဦးရွှေတာလူကို လက်အုပ်ချီ၍ ရှိခိုး တောင်းပန်၏။ နောက်ကို သူဒီလိုပြစ်မှုမျိုး မကျူးလွန်တော့ပါဘူးဟု မျက်ရည်များစီးကျပြီး တောင်းပန်၏။

ခုတင်အနီးမှာ သူ့ဇနီးနှင့် ကလေးသုံးယောက်လည်း နွမ်းရိ



www.burmeseclassic.com

www.burmeseclassic.com



ပုဆွေးသောတမျက်နှာများနှင့် ငိုယိုနေကြသည်။

ဦးရွှေတလုသည် သူတို့မိသားစုကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားခဲ့သည်။

သူခိုးအမည်ကား "ခြောက်စောင်းဘရင်"ဟု ခေါ်လေ၏။

"ဘရင်"

"ခင်ဗျာ"

"မင်း တံခါးက စာကို မဖတ်မိဘူးလား"

"ဖတ်မိပါတယ်၊ အစ် အစ်ကိုကြီးရယ်"

"ဖတ်မိရင် ဘာလို့နောက်မဆုတ်တာလဲ"

"မယုံဘူး၊ မကြောက်ဘူးဆိုပြီး သော့အတွင်းခလုတ်ကို သံချောင်းနဲ့ ခိုးဖွင့်ပြီးအဝင်မှာပဲ ရှူးဆို မြွေဟောက်ကြီးကပေါ်လာပြီး ကျွန်တော့် ခြေချင်းဝတ်ကိုကိုက်လိုက်တာ၊ အစ် အစ်ကိုကြီးကယ်တဲ့ အသက်ပဲရှိပါတယ် အစ်ကိုကြီးရယ်။ နောက်ကို ဒီလိုသူခိုးသူဝှက်၊ ခုစရိုက် အလုပ်ကို ကျွန်တော် မလုပ်တော့ပါဘူး အစ်ကိုကြီးရယ် ဟီး ဟီး"

"မင်းကတိတည်မှာလား ဘရင်"

"သစ္စာရေသောက်ဆိုသောက်ပါမယ် အစ်ကိုကြီးရယ်"

သည့်နောက် ကိုရွှေတလုက မိသားစုကို သနား၍ဆိုကာ ဆေးဖိုးဝါးခ လိုအပ်သလိုသုံးရန်ဆိုပြီး ငွေတစ်ထောင်ထုတ်၍ ပေးလိုက်သောအခါ သူခိုးခြောက်စောင်းဘရင်မိသားစုသည် ဦးချကန်တော့၍ မဆုံးနိုင်တော့။

"ဘရင်"

"ဗျာ အစ်ကိုကြီး"

"မင်း အသက်ကို ငါကယ်ခဲ့တာ မဟုတ်ဘူး"





"ဗျာ အစ်ကိုအဆိပ်ဖြေဆေး ချက်ချင်းတိုက်ခဲ့လို့သာ ကျွန်တော် ဆေးရုံကို အချိန်မီရောက်ခဲ့တာ မဟုတ်ဘူးလား အစ်ကို။ ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင် အစစ်မဟုတ်ဘူးလား"

"ငါ မဟုတ်ဘူး"

"ဒါ ဒါဖြင့်"

"မင်းရဲ့ အသက်သခင် ကျေးဇူးအစစ် မင်းအသက်နဲ့ဘဝကို ကယ်ခဲ့တာ ပုံပျက်ပန်းပျက်ထူးဆန်းတဲ့ ရသေ့သူတော်ကောင်းကြီးပဲ။ သူ့ရဲ့ မေတ္တာကရုဏာသစ္စာ ထူးခြားတဲ့ပညာအသိစင်းအင်များကြောင့်သာလျှင် မင်းဒီဆေးရုံကို အချိန်မီရောက်ခဲ့ရတာ။ သူ သချိုင်းကုန်းက ရပ်မှာနေတယ်"

"ဟင်"

ဒီလိုလည်း ပြောလိုက်ရော သူခိုးဘရင်သည် ပုံပျက်ပန်းပျက်ရသေ့ကြီးရှိရာအရပ်သို့ လက်အုပ်ချီ၍ ခုတင်ပေါ်မှ ကန်တော့လိုက်လေသည်။

ပြီးနောက် –

အနီးသို့ရောက်ရှိလာကြသော ဆရာဝန်နှင့် ဆရာမများကိုပါ လက်အုပ်ချီ၍ ကန်တော့လိုက်လေသည်။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




၁

တစ်နေ့သောအခါ ကျွန်ုပ်အပါအဝင် ကိုမာတုနှင့် အင်္ဂလန်နိုင်ငံသား နိုင်ငံခြားသားတစ်ဦးတို့သည် ပုံပျက်ပန်းပျက်ရသေ့ကြီးရှိရာ သချိုင်းကုန်းဇရပ်သို့ ရောက်ရှိလာကြ၏။

အလုပ်များနေသော ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် အဘိုးအိုတို့နှစ်ဦးသည် ကျွန်ုပ်တို့ဝင်လာသည်ကို သတိမပြုမိကြ။

သူတို့အလုပ်ထဲမှာ သူတို့အာရုံနှစ်ဝင်နေကြ၏။

ရသေ့ကြီးသည် အုတ်ဂူတစ်ခုပေါ်မှာ လူသေကောင်၏ ဦးခေါင်းနှင့် လက်ခြေ ကိုယ်ခန္ဓာအရိုးများကို ထိဆက်လုပ်ကိုင်နေရကား ကျွန်ုပ်တို့ရောက်သွားသောအခါ ဦးဖော်ဖေ၊ အသက် (၅၈)နှစ်ဆိုသော ဒေါ်ချင်ရှင်နှင့် ဦးမင်းကြည်လှိုင်၊ အသက် (၅၉)နှစ်ဆိုသော အုတ်ဂူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



*ပက်လက်လှန်နေသော အရိုးစုနှစ်ခုကို အသည်းတယား အထင်းသား* အရှင်းသား မြင်တွေ့လိုက်ရ၏။

ဒီမှာ နိုင်ငံခြားသားညှော်သည်က ကျွန်ုပ်ကိုတို့ထိပြီး အဲဒါ ဘာလုပ်နေကြတာလဲဆိုသည့် စကားကို မျက်နှာရိပ်၊ မျက်နှာကဲနှင့် မေးလိုက်သည်။

ကျွန်ုပ်က ပါးစပ်မှာ လက်ညှိုးကပ်ပြီး တိတ်တိတ်နေပါဟု အချက်ပြလိုက်၍ သူဘာမျှ မပြောတော့။

"ဗျို့ ရသေ့ကြီး"

"ဟ ပလုတ်တုတ် လန့်လိုက်ပါဘိကွာ"

"ဘယ်လိုလဲဗျ၊ ရသေ့ဖြစ်ပြီး လန့်နေရသလား"

"ဟ ရသေ့လဲ လူပဲကွ။ ဘုရား ရဟန္တာမဟုတ်ဘူး။ ဘုရား ရဟန္တာများသာလျှင် ကြောက်စိတ်၊ လန့်စိတ်ကင်း တုန်လှုပ်မှုကင်းတာ။ နေပါဦး မင်းတို့ ဘာလာရှုပ်ပြန်ပြီလဲ"

"မရှုပ်ပါဘူးဗျ၊ ရှင်းချင်လို့ပါ၊ အဟဲ"

"မင်းတို့ရှင်းရင် အမှိုက်ပုံဖြစ်တာများတယ် လူကန့်လန့်ဗျ ငါတို့ အလုပ်များနေတယ်၊ ဖြစ်နိုင်ရင် အနှောင့်အယှက် မပေးပါနဲ့ကွာ"

ရသေ့ကြီးသည် ကျွန်ုပ်တို့ သုံးဦးကို တစ်လုံးတည်း ကောင်းသောမျက်လုံးနှင့် ဝေ့ကြည့်ပြီး ပြောလိုက်၏။

ရသေ့ကြီးနံဘေးမှ အသက် (၆၀)ခန့် လူကြီးနှစ်ဦးကလည်း သားသားနားနား စမတ်ကျကျ ဝတ်စားလာသည့် ကျွန်ုပ်နှင့် ကိုဇာတ်ကိုလည်းကောင်း မျက်နှာဖြူ လူမျိုးခြားတစ်ဦးကိုလည်းကောင်း လူသူ လူလာနည်းပါးသည့် လူသေကောင်မြှုပ်ရာသချိုင်းကုန်းမှာ မြင်လိုက်ရ





သောအခါ အံ့သြသလို ငေးကြည့်နေကြ၏။

"အနှောင့်အယှက်ပေးချင်လို့ မဟုတ်ပါဘူး ရသေ့ကြီးရေ့၊ ဒီမှာ နိုင်ငံခြားသား ညှော်သည်တစ်ယောက်လဲ ပါလာလို့ပါ"

"သူ့ကို ငါကဘာလုပ်ရမှာလဲ၊ ငါ့သုသာန်ကျောင်းက ဆွမ်းကျန်ကို စားချင်လို့တဲ့လား"

"ရသေ့ကြီး၊ ဘုဂလန့်ကရော်ကမည်စကားတွေ မပြောပါနဲ့ဗျာ။ ဦးဆုံးရသေ့ကြီးနဲ့ နိုင်ငံခြားသားညှော်သည်ကို မိတ်ဆက်ပေးပါရစေဗျာ"

"အလုပ်ရှုပ်တဲ့ကောင်တွေကွာ။ စနေ၊ တနင်္ဂနွေလဲ မနားရဘူး။ အဖိတ်ဥပုသ်လဲ မအားရဘူး။ ပြောကွာ၊ မြန်မြန်လုပ်"

"ဒီလို ရသေ့ကြီးရဲ့၊ ဒီနိုင်ငံခြားညှော်သည်က အင်္ဂလန်နိုင်ငံ၊ မနောသုတေသနအသင်းကြီးရဲ့ မျိုးဆက်သစ် သုတေသီပညာရှင် မစ္စတာဟင်နရီဂမ်းတဲ့"

"သူက ဘာပညာရှင်တုံး"

"မနောသုတေသနပညာရှင်ပါ။ စိတ်ပညာနဲ့ရော အရှေ့တိုင်း ဒဿနနဲ့ရော မဟာဘွဲ့ရထားတဲ့ ပညာရှင်ပါ မစ္စတာဂမ်း"

"ရက်(စ်)"

"သူက ကျွန်ုပ်တို့ ပြောပြနေတဲ့ လူထူးလူဆန်း ရသေ့ကြီးပါ"

"Nice to meet you"

(မှတ်ချက်။ ယခုအချိန်မှစ၍ စာဖတ်သူ အရွယ်အစားအမျိုးမျိုး နားလည်သဘောပေါက်စေရန် အင်္ဂလိပ်လို ပြောသည်[illegible] မြန်မာစကားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသွားပါမည်။ စကား[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကျွန်ုပ်က မစ္စတာဟာင်နရိုက်မ်းရဲ့ အမေးကို ဖြေလိုက်သည်။

"သူ့အမည်အရင်းကို မည်သူမျှ မသိကြဘူး"

"ဟင် သူ့မှာ မှတ်ပုံတင် မရှိဘူးလား"

"နိုး"

"ဒါဆို သူ့အမည်ကို ဘယ်လိုခေါ်ကြသလဲ"

အင်္ဂလန်နိုင်ငံသား မစ္စတာဟာင်နရိုက်မ်းသည် ဒေါက်ခြာအကျိုးကြီးဆောင်းထားသော၊

နဖူးမှာ အလွန်နက်သည့် ချိုင့်နက်ကြီးပါသော မျက်လုံးနှစ်လုံးအနက် ဘယ်ဘက်မျက်လုံးက ကျောက်မျက်လုံးဖြစ်ပြီး ညာဘက်မျက်လုံးတစ်လုံးတည်းသာ ကောင်းနေသော၊

တစ်ခါ ဘယ်ဘက်နားရွက်ပြတ်ပြီး ညာဘက်နားရွက်က သက်ကြားအို ကုလားမကြီးများကဲ့သို့ နားရွက်ရှည်တွဲကျနေသော၊

ဒါ့အပြင် ဘယ်လက်က တစ်တောင်ခန့်သာရှည်ပြီး ညာဘက်က လူသာမန်လက်ထက် တစ်ထွာကျော်ခန့်ပိုရှည်လျားကာ ချင်ပန်ဇီမျောက်ဝံ လူ့ဝံလက်လို တွဲလောင်းရှည်လျားကျလျက်ရှိသော၊ ပိုဆိုးသည်က ညာဘက်ခြေသည် အင်္ဂါစုံပါရှိသော်လည်း တစ်ပေခန့်တိုနိုင်ကာ ထောက်ကလိန်ကြီးနှင့်ရပ်ကြည့်နေသော လူပုံပန်းသဏ္ဍာန် အလွန်ထူးခြားသည့် ရသေ့အိုကြီးကိုကြည့်ကာ အမြင်ဆန်းနေ၏။

"မစ္စတာရှပ၊ ဒါဆို သူ့အမည်ကို သင်တို့ ဘယ်လိုခေါ်ကြပါသလဲခင်ဗျာ"

"ကျွန်ုပ်တို့က သူ့ကို ပုံပျက်ပန်းပျက်ရသေ့ကြီးလို့ ရွဲ့ပြောင်ခေါ်ကြပါတယ် ခင်ဗျ"





"အိုး ဟိုး ပုံပျက် ပန်းပျက် ရသေ့ကြီး"

မစ္စတာဟာင်နရိုက်မ်းသည် ထူးဆန်းစွာ ကိုယ်အင်္ဂါပုံပန်းမကျဖြစ်နေသည့် ရသေ့ကြီးရှိရာသို့ သူ့ညာလက်ကို ကမ်းပေးလိုက်ပြီး အင်္ဂလိပ်လို နှုတ်ဆက်လိုက်လေ၏။

"တွေ့ဆုံရင်းနှီးခွင့်ရတာ လွန်စွာဝမ်းသာပါတယ် ရသေ့ကြီးခင်ဗျာ"

ဒီမှာ ရသေ့ကြီးက မစ္စတာဟာင်နရိုက်မ်းရဲ့ ကမ်းပေးသည့် ညာလက်ကို သူ့လက်တံရှည် ဂုက်မျောက်သီးမြီးကြွင်းကားနေသကဲ့သို့သော ညာလက်ဝါးနှင့်ဆုပ်ကိုင်၍ အင်္ဂလိပ်လို ပြန်နှုတ်ဆက်လိုက်သည်။

"ကျွန်ုပ်ကလည်း သင့်နည်းတူ ဝမ်းသာပါတယ်"

"အား အ အ"

လက်ဆွဲနှုတ်ဆက်လိုက်သည်မှာလဲ ရသေ့ကြီးက အင်္ဂလိပ်လို ပြန်ဖြေ၍ အံ့ဩနေစဉ်မှာပင် မစ္စတာဟာင်နရိုက်မ်းသည် ပါးစပ်မှ အားခနဲ အော်ကာ သူ့လက်ကို အလျှင်အမြန်ရုပ်လိုက်ပြီး ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့မျက်နှာကို ထူးဆန်းစွာကြည့်နေတော့၏။

ကျွန်ုပ်တို့သည် မစ္စတာဟာင်နရီ၏ အလန့်တကြားအော်ဟစ်ရန်းကန်သံကြောင့် စိုးရိမ်သွားပြီး –

"မစ္စတာဟာင်နရီ ဘာဖြစ်လို့ပါလဲ ခင်ဗျား ဟင်"

"အလွန်ထူးဆန်းလို့ပါ"

"ဘာကို ထူးဆန်းလို့ပါလဲ မစ္စတာ"

"ရသေ့ကြီးနဲ့ ကျွန်တော်လက်ဆွဲနှုတ်ဆက်လိုက်ချိန်မှာ ရသေ့ကြီးရဲ့ ညာလက်တစ်ချောင်းကို လျှပ်စစ်ဓာတ်လိုက်သလို ခံစားလိုက်ရလို့ပါ မစ္စတာရှပ"

www.burmeseclassic.com



"ဟင် ဟုတ်ရဲ့လား မစ္စတာဟင်နရီ"

"အမှန်အကန်ပါပဲ မစ္စတာ ရှုပ"

ကျွန်ုပ်သည် မယုံနိုင်လွန်း၍ ချက်ချင်းရသေ့ကြီးကို သူ့ရှေ့မှာပင် လက်ဆွဲ၍ နှုတ်ဆက်လိုက်သောအခါ ကျွန်ုပ်လက် ဘာမျှမဖြစ်ခဲ့ပါ။ မစ္စတာဟင်နရီ ဘာများဖြစ်လို့ပါလိမ့်။

"နိုး နိုး၊ မစ္စတာဟင်နရီ၊ လုံးဝခေတ်မလိုက်ပါဘူး။ ခင်ဗျား စိတ်ထင်လို့ပါ"

ဒီမှာ မစ္စတာဟင့်နရီ အူကြောင်ကြောင်ဖြစ်သွားစဉ်မှာပဲ အနီးရှိ ကိုဓာတုက မစ္စတာဟင်နရီပို၍ ယုံကြည်စိတ်ချစေရန် သူကပါဝင်ပြီး ပုံပျက်ပန်းပျက်ရသေ့ကြီးကို လက်ဆွဲနှုတ်ဆက်လိုက်ရာ –

"အာ အမလေးဗျ"

"ဟင် ကိုဓာတု ဘာဖြစ်လို့လဲ"

"အား ကျဉ်လိုက်တာဗျ"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါ့ဗျာ ဘုရား ဘုရား ဆန်းလိုက်တာဗျာ"

ဒီမှာ မစ္စတာဟင်နရီက ကပျာကယာပင် မေးလိုက်၏။

"ကျွန်ုပ်ပြောတာ ခံစားရတာ မှန်ကန်ရဲ့လား မစ္စတာ ဓာတု"

"ရက်(စ်) ရက်(စ်)"

"အို မိုင်ဂေါ့ သူဟာ လူထူးလူဆန်းပါလား"

ကျွန်ုပ်ကား နှစ်ယောက်နှင့် တစ်ယောက်ဖြစ်နေ၍ ဘာမျှ အကျောက်အကန့်ပင် မငြင်းတော့။ ဒီလို အဖြစ်မျိုး တစ်ခါတုန်းက ကျွန်ုပ်ရဲ့ စာကြည့်ခန်းအတွင်းမှာ ကျွန်ုပ်တို့ဆရာ ပါမောက္ခကြီး တစ်ကြိမ်ကြုံခဲ့ရဖူး၍ မသိဘာသာ နေလိုက်တော့သည်။





ကျွန်ုပ်စိတ်ထဲမှာတော့ ကိုယ့်ဘာသာ ကောက်ချက်ချလိုက်သည်။ မဟုတ်မှလွဲရော ရသေ့ကြီးသည် သူတို့နှစ်ဦးရဲ့ လက်ဝါးပြင်မှ ကျဉ်စေနိုင်သော အာရုံကြောတစ်နေရာကို ပညာပြသည့်အနေဖြင့် သူ့လက်ဝါးကြမ်းကြီးနှင့် နှိပ်ချပြလိုက်သည်ဟုသာ။

"ကိုင်း ညှိသည်ကြီး လူကြီးမင်းဘာအလိုရှိလို့ ကျုပ်ရှိရာ သချိုင်းကို ရောက်ရှိလာပါသလဲ"

ဒီမှာ မစ္စတာ ဟင်နရီက –

"မစ္စတာ ရသေ့ကြီး အင်္ဂလိပ်လို ပြောနိုင်တယ်နော်"

"ရက်(စ်)

"ကျွန်ုပ်သင့်ကို လေးစားအံ့ဩပါတယ် ရသေ့ကြီး"

"သိုင့်(ခ်)ယူ မစ္စတာဟင်နရီ၊ သင်ဘာအလိုရှိလို့လဲ ပြောပါ"

မစ္စတာဟင်နရီကမ်းသည် အုတ်ဂူပေါ်မှ အရိုးစုများကို လက်ညှိုးထိုးပြပြီး ရသေ့ကြီးကို မေးလိုက်၏။

"ဒီလူခန္ဓာကိုယ်အရိုးစုများက သင်ဘာလုပ်ဖို့ပါလဲ ရသေ့ကြီး"

"ကမ္မဋ္ဌာန်းထိုင်ဖို့ပါ"

"ကမ္မဋ္ဌာန်းဆိုတာ ဘယ်လို အဓိပ္ပာယ်ပါလဲခင်ဗျား"

"ကမ္မဋ္ဌာန်းဆိုတာ အရာဝတ္ထုတစ်ခုအပေါ်မှာ စိတ်အာရုံကို စူးစိုက်နှစ်မြှုပ်ပြီး မိမိစိတ်ကို မရွေ့မလျား ရပ်တည်နိုင်မာနေအောင် ကျင့်တာကိုခေါ်တာပါ။ ဒါကိုကျတော့ လူသေကောင်ရှုကမ္မဋ္ဌာန်းလို့ ခေါ်ပါတယ်"

"ထပ်မံပြီး ရှင်းပြပါလားခင်ဗျား"

"မစ္စတာဟင်နရီ"

"ရက်(စ်)"



www.burmeseclassic.com

www.burmeseclassic.com



"လူရဲ့ ခန္ဓာကိုယ်ဟာ မြဲမြဲပါသလား"

"နိုး . . . မမြဲမြဲပါဘူး ရသေ့ကြီး"

"ဘာကြောင့် မမြဲရပါသလဲ"

"လူပဲဖြစ်ဖြစ်၊ သတ္တဝါပဲဖြစ်ဖြစ်၊ ငှက်အကောင်ပဲဖြစ်ဖြစ် ဇီဝသက်ရှိမှန်သမျှ အိုခြင်း၊ နာခြင်း၊ သေခြင်းကို မလွဲမသွေ ရင်ဆိုင်ရလို့ပါ ခင်ဗျား"

"ရက်(စ်)ပဲရီးဝွတ် မစ္စတာဟင်နရီ၊ ဒီနေ့ သင်နဲ့ ကျွန်ုပ် (ဒစ်စကတ်) ဆွေးနွေးလို့ ရနိုင်ပါပြီ။ ဒါဆို အိုခြင်း၊ နာခြင်း၊ သေခြင်း ရှိတဲ့ဘဝဟာ မြတ်နိုးတွယ်တာလို့ ကောင်းပါသလား ဖြေပါ"

"မအို၊ မနာခင်အထိ လူ့ဘဝဟာ အလျှဉ်းသင့်သလို ကောင်းပါတယ်"

"ဝေဒနာကို သိပ်ခံစားရတဲ့ အခြေအနေမျိုး ရောက်ခဲ့ရင်ကော"

"ဆေးကောင်းဝါးကောင်း၊ သမားတော်ကောင်းကောင်းနဲ့ သက်သာပျောက်ကင်းအောင် ကုသရမှာပါပဲ"

"အဲဒီသမားတော်များ နောက်ဆုံး လက်မြှောက်ရတဲ့ ကိန်းဆိုက် သေရမယ့်ဘဝကိုရောက်ခဲ့ရင် သင်ဘာဖြစ်ချင်မလဲ ပြောပါ"

"ဖြစ်နိုင်ရင် ညင်သာစွာ အသက်ထွက်ချင်ပါမယ် ရသေ့ကြီး"

"ကောင်းပြီး ညင်သာစွာ အသက်ထွက်ခွင့်ကို ကမ္ဘာ့ဆေးပညာရှင်များက တရားဝင်ခွင့်ပြုနေပါပြီလား"

"နိုး . . . တရားဝင် ကမ္ဘာ့သိ အခွင့်မပြုသေးပါဘူးခင်ဗျာ၊ အများအားဖြင့် ဝေဒနာကို ပြင်းထန်စွာခံစားရင်း နောက်ဆုံးအသက်ထွက်သွားရတာပါပဲ ရသေ့ကြီး"





"ဒါဆို သက်ရှိလူ့ဘဝဟာ အဆုံးစွန်ကောင်းသေးရဲ့လား"

"နောက်ဆုံးအချိန်ဟာ ဆိုးဝါးရင် မကောင်းပါဘူး"

"နောက်ဆုံးအချိန်မတိုင်ခင်ရော အမြတ်နိုးသုခချမ်းသာ ရှိနေရဲ့လား"

**"မရှိပါဘူး။ ဒုက္ခဆင်းရဲတစ်လှည့် ဝမ်းသာပျော်ရွှင်ကြည်နူး တစ်လှည့်ပါပဲ"**

"ဒုက္ခနဲ့သုခ ဘယ်အရာများပါသလဲ မစ္စတာ"

"အလို မပြည့်ခြင်းက များပါတယ်"

"အဲဒီလို အလိုမပြည့်ခြင်း ဒုက္ခနဲ့အိုနာသေခြင်း ဆင်းရဲဒုက္ခက လွတ်မြောက်သည့်ဘဝ၊ အဲဒါကို မြင်အောင်သိအောင်ရှုတဲ့တရားကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ သုသာန်ကမ္မဋ္ဌာန်း၊ တစ်နည်း အသုဘကမ္မဋ္ဌာန်းလို့ ခေါ်ပါတယ်။ မစ္စတာဟင်နရီ ဒါကိုရှုဖို့ အခုလို ကျွန်ုပ်တို့ ပြင်ဆင်နေတာပါ"

"ဒီလို အရိုးစုကို ရှုရုံကြည့်ရုံနဲ့ ဒုက္ခဆင်းရဲက လွတ်ရောလား ရသေ့ကြီး"

"လွတ်မြောက်တယ်။ ဘယ်လိုလွတ်မြောက်လဲဆိုတော့ အရိုးစုကမ္မဋ္ဌာန်းကိုရှုပြီး အာရုံစိတ်အသိနဲ့ ဆင်ခြင်ရတယ်။ ဖြစ်ပြီးရင် ပျက်သဘောကို နားလည်ရတယ်။ ဖြစ်ခြင်းနဲ့ ပျက်ခြင်းကြားက သုခယောင်ဆောင်နေတဲ့ ဒုက္ခကို နားလည်အောင် ရှုရတယ်။ ဒုက္ခများရင် ဒုက္ခဆင်းရဲကို သုခအစစ်လို့ လွဲမှားစွာ ယုံကြည်စွဲလမ်းနေရင် သေရင် အဲဒီအစွဲကြောင့် ဘဝကူးမကောင်းဘူး။ ဘဝကူးမကောင်းရင် သံသရာရှည်ရော။ သံသရာလည်ရင် လူဝင်စားဘဝ၊ တိရစ္ဆာန်ဝင်စားသော အခြားမကောင်းသော ဘုံဘဝကိုရောက်ပြီး သံသရာဒုက္ခဆင်းရဲမှာ ထပ်ထည်



www.burmeseclassic.com

www.burmeseclassic.com



လည်ဖြစ်နေရော။ သက်ရှိဘဝမမြဲပါလားလို့သိရင် မမြဲခြင်းတရား ဒုက္ခဆင်းရဲကြားမှာ လောကဓံရဲ့ လှိုင်းပုတ်ချက်အောက်မှာ မေတ္တာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားနဲ့ နေတတ်အောင်ကျင့်ပြီး ဘဝကူး အောင်ရှုတာ ကျင့်တာသည် သုသာန်ကမ္မဋ္ဌာန်း အသုဘကမ္မဋ္ဌာန်းပဲ ဖြစ်ပျက်သံသရာကို နားလည်ကြောက်ရွံ့စက်ဆုတ်လာရင် ဝိပဿနာကို တစ်ဆင့်တက် ရှုရတယ်။ ဝိပဿနာဆိုတာ အစွဲမှန်သမျှ ချွတ်တဲ့ရှု တဲ့ အသိအမြင်တရားပဲ။ အဲဒီ အသိအမြင်တရားထုံလာရင် ဒုက္ခဆင်း ရဲကို မတုန်လှုပ်တော့ဘူး။ အဲဒီလို မတုန်လှုပ်ခြင်းဟာ နိဗ္ဗာန်လို့ ခေါ်တဲ့စိတ်ရဲ့ အဆုံးစွန် ချမ်းသာကြည်နူးရာ လူ့တိရစ္ဆာန်ဘဝအသက် ပြန်မဖြစ်ရင်၊ တစ်နည်းရုပ်နဲ့ခန္ဓာအသစ်မဖြစ် ချုပ်ငြိမ်းရောပဲ။ အဲဒီ ဟာ နိဗ္ဗာန်ပဲ ရှင်းရဲ့လား။

"ရက်(စ်) ရှင်းပါတယ်"

"ကိုယ်တိုင် ခံစားချင်ပါသလား"

"ဘယ်လိုလုပ်ရမလဲ ရသေ့ကြီး"

"ဟောဒီ အုတ်ဂူငယ်မှာ ညဘက် အဲဒီအရိုးစုကို အာရုံစိုက် ပြီး ဥပါဒ်၊ ဌီ၊ ဘင်၊ ဖြစ်၊ တည် ပျက်ကို ခြင်ကိုက်ခံ၊ သည်းခံပြီး ရှုရမယ်။ မှတ်ရမယ်။ ဆင်ခြင်ရမယ်။ အမှန်တရားဖြစ်အောင် အချိန် ယူပြီး လေ့ကျင့်သင်ကြားရမယ် ဘယ့်နယ်"

"အလွန်ခက်ခဲတဲ့ လုပ်ငန်းပါလား ရသေ့ကြီး"

"အေး အဲဒီ ခက်ခဲတဲ့ အလုပ်ကို သူတို့လုပ်ကြမှာ ဗျ"

"အို မဲရီးဝပ်အေးဖူး (လ်)"

"သင် ဘာသိချင်သေးလဲပြောပါ"

ကျွန်ုပ်က အာရှနိုင်ငံများကိုလှည့်ပြီး မနောဗေဒရဲ့ လျှို့ဝှက်





နက်နဲချက်များကို လေ့လာလို့ မနောသုတေသနအသင်းကြီးကို စာတမ်း တင်ပြရပါတယ်။ ဒီမှာ ရသေ့ကြီးရဲ့ စိတ်ပညာ မနောစွမ်းအင်ပါဝါ အကြောင်း ဒီမိတ်ဆွေများက ဒီကိုရောက်ခိုက်ပြောပြကြလို့ လာရောက် စူးစမ်းလေ့လာတာပါ"

"ကိုယ်တိုင်သိချင်သလား၊ ကိုယ်တိုင်ဖြစ်ချင်တာလား"

"ကျွန်ုပ် သိပ်နားမလည်ဘူး၊ ရသေ့ကြီး ကျေးဇူးပြုပြီး ရှင်း ပြပေးပါလား ခင်ဗျား"

"ဒီလိုရှိပါတယ် မစ္စတာဟင်နရီ၊ အချို့သော ပုဂ္ဂိုလ်များဟာ ပြောရင်းလဲ မယုံကြပါဘူး။ ဟောဒီ သတ္တလောက ဒွန္ဒယာကြီးမှာ အံ့သြစရာကောင်းတဲ့ သဘာဝဖြစ်ရပ်ဆန်းကြယ်များ ကျင့်စဉ်ဆန်းကြယ် များ အများကြီးရှိကြပါတယ်။ အချို့သော ကျင့်စဉ်များရဲ့ အစွမ်းသိဒ္ဓိ တာ ခင်ဗျားတို့ သိပ္ပံပညာရှင်များ၊ သုတေသီများ လိုချင်သလို ကျိန်း သေပုံသေနည်း ဖော်မြူလာချပြလို့ မရဘူး။ ကိုယ်တိုင်သိချင်ရင် ကိုယ် တိုင်ကျင့်ကြည့်ရတယ်။ အဲဒီလို ကိုယ်တိုင်ကျင့်ရာမှာတောင် အမြင် ချင်း၊ အသိချင်းရရှိလာတဲ့ ပါဝါစွမ်းအင်ချင်း မတူကြဘူး။ ကွဲပြား ခြားနားကြတယ်။ ဒါ့ကြောင့် ကိုယ်တိုင်ကျင့်ကြည့်ပါလို့ ပြောရတာ ဒီလက်တွေ့ကျင့်စဉ်များကမှ အဟုတ်နဲ့မဟုတ်ကို သူ့ဘာသာ ဖြေရှင်း သွားပါလိမ့်မယ်"

"ကျွန်ုပ် ဗီဇာရက်ရှည်ရရင် လေ့ကျင့်ဖို့ ကြိုးစားပါ့မယ်"

"မစ္စတာ ဘယ်နိုင်ငံများ ရောက်ခဲ့ပြီးပါပြီလဲ"

"အိန္ဒိယ၊ တိဘက်၊ ဟိမဝန္တာအထိ ရောက်ခဲ့ပြီးပါပြီခင်ဗျ"

"ဘာတွေ တွေ့ခဲ့ရသလဲ"

"ဖကီး ဆာဒူးနဲ့ မဟာယာနသူတော်စင်များကို တွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

"ဘာတွေ မြင်ခဲ့ရလဲ"

"အချို့ လူတစ်ယောက်ရဲ့ ရှေ့ဖြစ် နောက်ဖြစ်ကို အတပ်ပြော[ကြ]ပြီး အချို့က ရုပ်ပြောင်းရုပ်ခွာအတတ်ကို တတ်နေကြတယ်။ အချို့ ဖကီးတွေဟာ သေသူကို ပြန်ရှင်အောင် လုပ်ပြတာမျိုးအထိ ထူးချွန်ကျင်ကြတယ်"

"ကျုပ်တို့က သေသူကို ပြန်ရှင်အောင် လုပ်မပေးနိုင်ဘူး။ လုပ်ပေးနိုင်လဲ လုပ်ကိုမလုပ်ပေးဘူး။ ကျုပ်တို့ ဗုဒ္ဓက သေသူကို ပြန်ရှင်အောင်လုပ်တာ မကြိုက်ဘူး။ မသေသင့်တဲ့သူကို မသေအောင်လုပ်ပေးပြီး သံသရာဝဲဩဃက လွတ်မြောက်အောင် လမ်းပြတာပဲ ညွှန်ပြတယ်"

"ရသေ့ကြီးခင်ဗျား"

"ပြောပါ မစ္စတာဟင်နရီ"

"ရသေ့ကြီးဟာ 'မနော(စိတ်)ကျင့်စဉ်မှာ ပါဝါစွမ်းအား အတော်များများရထားတယ်လို့ ကြားသိရပါတယ်။ အဲဒါ ဟုတ်ပါသလား"

မစ္စတာဟင်နရီဂမ်းရဲ့ အမေးကို ရသေ့ကြီးသည် မဖြေ ဆိတ်ဆိတ်နေနေ၏။

- ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းလဲ ဖြစ်ပေသည်။

"မစ္စတာ ဘာသိချင် မြင်ချင်လို့လဲ"

"ကျွန်ုပ် အရှေ့တိုင်းသား ပညာရှင်များရဲ့ စိတ်မနောကျင့်စဉ်ပါဝါကို အထူးသိုတေသနပြုနေပါတယ်။ အချို့သောနိုင်ငံများက စိတ်ပါဝါစွမ်းအင် ပညာရှင်အချို့ဟာ ငြိမ်သက်နေသည့် ပစ္စည်းအချို့ကို သူ့အလိုလို စိတ်စွမ်းအားနဲ့ ရွေ့လျားပြကြတယ်။ အချို့က လေထဲက ဒဲ ပန်းပွင့်၊ ငှက်၊ စားစရာများကို ဆွဲယူပြီးပြကြတယ်။ ကျွန်ုပ်က ဘုပ်စစ်ကောင်းကင်ရဟတ် ရပ်သွားအောင် စွမ်းဆောင်နိုင်တဲ့ စိတ်စွမ်းအား ပညာရှင်များအထိ ကြုံခဲ့ရပါတယ်။ မြန်မာပြည်က ရသေ့ကြီး ရဲ့ စိတ်စွမ်းအား သိဒ္ဓိထူးကို လက်တွေ့မြင်ချင်ပါတယ်။ ကျေးဇူးပြုလို့ ကူညီပါလား ခင်ဗျာ"

"အဲဒီပြကွက်တွေကို မစ္စတာ မြင်ရသိရတော့ရော ဘာအကျိုး ကျေးဇူးရှိမှာမို့လဲ"

"စိတ်ရဲ့ ပါဝါစွမ်းအားဟာ ခေတ်သစ်သိပ္ပံပညာနဲ့ အချို့ အားပြိုင်ရှိနေပြီး အမှန်တကယ် အကျိုးသက်ရောက်မှုများမှာ အသုံး ချလို့ တာမျိုးကြုံဖူးလို့ပါ။ အချို့သော စိတ်မနောစွမ်းအားပိုင်ရှင်တွေ ဆိုရင် ဆေးရုံကလက်မြှောက်ထားရတဲ့ ရောဂါဝေဒနာကို သူတို့ရဲ့ စိတ်စွမ်းအား စပါယ်ရှယ်ပါဝါနဲ့ကုခဲ့ရာ အံ့ဩစရာကောင်းအောင် ပျောက်ကင်းခဲ့ကြပါတယ်။ ကျွန်ုပ်မှာ ယုံကြည်ထားတာတစ်ခုရှိပါတယ် ရသေ့ကြီး"

"အဲဒါ ဘာလဲ မစ္စတာ"

"တစ်နေ့သောအခါမှာ စိတ်စွမ်းအား စပါယ်ရှယ်ပါဝါ ပညာရှင် များက လေထဲကနေပစ်လိုက်တဲ့ သူသတ်လက်နက်များကို လေထဲမှာပဲ စိတ်ပညာပါဝါညှို့စွမ်းအားနဲ့ ကြိုတင်စဉ်းစားဖျက်ဆီးပြီး လူသတ္တဝါ များရဲ့ အသက်ကို ကယ်တင်ကြလိမ့်မယ်လို့ ယုံကြည်လို့ပါ"

"သာဓု သာဓု သာဓု ဒကာကြီး မစ္စတာဟင်နရီ့ သင့်မျှော်လင့် ချက်သည် တစ်နေ့သောအခါ ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေးအတွက် အကိုဖြစ်လာပါလိမ့်မယ်။ ဖြစ်လာပါစေလို့လဲ ကျွန်ုပ်ကိုယ်တိုင် ဆု တောင်းလိုက်ပါတယ်။ ကိုင်း ဒကာကြီး မစ္စတာဟင်နရီ ကျုပ်တို့ ဗုဒ္ဓက အပညတ်ထားသလဲဆိုတော့ သူတော်ကောင်းတို့ ရဟန်းတို့ဟာ ချစ်သား





www.burmeseclassic.com

www.burmeseclassic.com



ငှိုးဓါးသိလ၊ သမာဓိ အကျင့်ဖြူစင် စွမ်းပကားကြောင့် ရရှိလာသော သိဒ္ဓိထူးတို့အား သင်တို့၏ လာဘ်လာဘ ထင်ပေါ်ကျော်ကြားလို့မှု အကျိုးအတွက် လုံးဝထုတ်ဖော်မပြရဘူးလို့ လွန်ခဲ့သည့် နှစ်ပေါင်း (၂၅၀၀)ကျော်က ပညတ်ဆုံးမ သတိပေးခဲ့ပါတယ်။ ကျွန်ုပ် ကျွန်ုပ်ရဲ့ အကျိုးလာဘ်လာဘအတွက် မဟုတ်ဘဲ စိတ်ပညာကျင့်စဉ်ရဲ့ အစွမ်းဟာ တကယ်ဖြစ်အောင်ကျင့်ရင် သိဒ္ဓိထူးများရကို ရတယ်ဆိုတဲ့အထဲက အနည်းအကျဉ်းကို ပညာရဲ့အကျိုး အကျင့်သီလရဲ့ အကျိုးကို မျှော်ကိုးချင့်ထောက်ပြီး ပြပါမယ်။ ကိုင်း အထဲကို ကြွကြပါ"

❊ ❊ ❊ ❊ ❊

❑

ထိုပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် မနောသုတေသန စာတမ်းရှင် မစ္စတာဟင်နရီတို့သည် စိတ်စွမ်းအားဆိုင်ရာ ကိစ္စရပ်များကို ရှည်လျားစွာ ဆွေးနွေးပြီးနောက် ရသေ့ကြီးဦးဆောင်ရာ သချိုင်းဇရပ်ထဲသို့ ဝင်လာခဲ့ကြ၏။

"မစ္စတာဟင်နရီ"

"အမိန့်ရှိပါ ရသေ့ကြီး"

"သင့်ကို ကျွန်ုပ် ပဋ္ဌလက်ဆန်တဲ့ စိတ်ပညာ အသုံးချမှုစွမ်းအင်အကြောင်း သုံးမျိုးပြလိုက်ပါမယ်။ သည့်ထက် ကြီးကျယ်ခမ်းနားထည်ဝါမှုကို မတောင်းဆိုပါနဲ့။ ကျွန်ုပ်တို့ရဲ့ သစ္စာအဓိဋ္ဌာန် သီလနဲ့ ကျင့်ဝတ်စည်းကမ်းများကြောင့် မပြချင်လို့ပါ"

"ရပါတယ် ရသေ့ကြီး၊ သင့်သမ္မာသာပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဟင်နရီ၊ ဟော့ဟို သစ်ပင်အုပ်စုထဲက အလွန်စိမ်းစိုနုပျိုလန်းဆန်းတဲ့ သင့်စိတ်ကြိုက် သစ်ရွက်သုံးရွက် သွားခူးခဲ့လိုက်ပါ"

ပုံပျက်ပန်းပျက်ရသေ့ကြီး စကားဆုံးသောအခါ မစ္စတာဟင်နရီသည် သချိုင်းကုန်းရှေ့ရှိ သပြေပင်ပုလေးမှ သပြေရွက်နှစ်ရွက်နှင့် သရက်အနုတစ်ရွက်ကိုခူး၍ ပြန်လာခဲ့လိုက်၏။

"ဒီမှာပါ ရသေ့ကြီး"

"ဒီသစ်ရွက်သုံးရွက် စိမ်းရဲ့လား၊ အားလုံးပြောကြပါ"

"စိမ်းပါတယ် ခင်ဗျ"

"အစိမ်းရွက်နုများပဲဗျာ"

ကျွန်ုပ်တို့သုံးဦးစလုံးက ဝန်ခံလိုက်၏။ ရသေ့ကြီးက ကျောက်တလားပေါ်ရှိ သစ်သားခေါင်းပျဉ်ရှေ့က ယိုင်နဲ့နဲ့စားပွဲခုံပေါ်မှာ ၎င်းသစ်ရွက်သုံးရွက်ကို ဖြန့်ခင်းလိုက်သည်။

"မစ္စတာဟင်နရီ လက်ကိုင်ပဝါပါပါသလား"

"ပါပါတယ်၊ ဘာလုပ်မလို့ပါလဲ"

"ခဏလေးပေးပါ။ ကျုပ် ဒီသစ်ရွက် သုံးရွက်ပေါ်ကို ခင်ဗျားလက်ကိုင်ပဝါနဲ့ အုပ်ထားပါမယ်။ ကျုပ်ရဲ့ လက်ကိုင်ပဝါအုပ်လိုက်ရင် ခင်ဗျားတို့သုံးဦး အမြင်တစ်မျိုး စောင်းကြမှာစိုးလို့ပါ၊ ခဏလေးပေးပါ"

မစ္စတာဟင်နရီက သူ့ကုတ်အင်္ကျီထဲမှ လက်ကိုင်ပဝါကို ထုတ်၍ ပေးလိုက်သည်။ ရသေ့ကြီး ကျွန်ုပ်တို့အားလုံးရှေ့မှာ ၎င်းလက်ကိုင်ပဝါနှင့် သစ်ရွက်စိမ်းသုံးရွက်ပေါ် အုပ်ချလိုက်၏။

၎င်းနောက် –

ယင်းလက်ကိုင်ပဝါကို သူ၏တစ်လုံးတည်းသော မျက်လုံးနှင့် (၁၅)မိနစ်ခန့် စိုက်ကြည့်ပြီး နှုတ်မှ မန္တန်များကို အဆက်မပြတ်





ရွက်ဆိုနေ၏။

ရွတ်ဆို၍ပြီးသောအခါ လက်ကိုင်ပဝါ ထောင့်လေးထောင့်ကို သူ့လက်ညှိုးနှင့် လေးကြိမ်တို့ထိပြီးသောအခါ ကျွန်ုပ်တို့ဘက်သို့ လှည့်လိုက်ပြီး – ၀

"မစ္စတာဟင်နရီ"

"အမိန့်ရှိပါ ရသေ့ကြီး"

"မစ္စတာကိုယ်တိုင် ကျေးဇူးပြု၍ လက်ကိုင်ပဝါကို ဖွင့်ကြည့်လိုက်ပါ"

"ဟင်"

မစ္စတာဟင်နရီသည် လှမ်းသွားလိုက်ပြီး လက်ကိုင်ပဝါကို ဖွင့်လိုက်သောအခါ –

"ဟာ"

"အိုး မိုင်ဂေါ့"

"ကျွန်ုပ်တို့ သုံးဦးစလုံး အံ့သြသွားရလေပြီ"

အကြောင်းကား စောစောက မစ္စတာဟင်နရီ ခူးခဲ့သော စိမ်းနုနု သစ်ရွက်သုံးရွက်သည် လက်ကိုင်ပဝါလှန်ကြည့်လိုက်သောအခါ–

အောက်ခံသစ်သားခုံပေါ်၌ မီးကျွမ်းသစ်ရွက်ခြောက်သုံးရွက် ချက်ချင်းဖြစ်သွားခဲ့သောကြောင့်ပေတည်း။

ကျွန်ုပ်တို့ကား အံ့အားသင့်၍ ပုံပျက်ပန်းပျက်ရသေ့ကြီးကို ပါးစပ်ဟောင်းလောင်းနှင့် ငေးကြည့်နေစဉ်မှာပင် ရသေ့ကြီးက –

"မစ္စတာဟင်နရီ"

"ခင် ခင် ဗျ"

"ရေပုလင်းများ ပါခဲ့ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ပါ ပါ · ပါတယ် ခင်ဗျ"

"ခဏပေးပါ"

မစ္စတာဟင်နရီက ဟင်းဘက်အိတ်အတွင်းမှ ရေသန့်ဘူးတစ်လုံးကိုထုတ်၍ ပေးလိုက်သည်။ ရသေ့ကြီးက ၎င်းရေသန့်ပုလင်းကို ကြည့်ပြီး –

"မစ္စတာဟင်နရီ၊ ဒါဘာလို့ ခေါ်ပါသလဲ"

"ရေသန့် သောက်ရေသန့်ပါ ရသေ့ကြီး"

"သောက်ကြည့်စမ်းပါ ဗျာ"

မစ္စတာဟင်နရီက သူ့ရေပုလင်းကိုဖွင့်၍ သောက်လိုက်၏။

"ဘယ်လို အရသာ ရှိပါလဲ"

"အေးမြတဲ့ အရသာရှိပါတယ် ရသေ့ကြီး"

"ရေကောင်းရေသန့်ရဲ့ အဓိပ္ပာယ်ကို သိပါသလား"

"သိပါတယ်"

"သိရင် ရွတ်ဆိုပြပါ"

"အရောင်အဆင်း အနံ့အရသာမရှိသော ရေကို ရေကောင်းရေသန့်လို့ ခေါ်ပါတယ်"

"ရက်(စ်) အောလ်ရိုက် ဗဲရီးဂွတ်၊ ကဲ အဲဒီရေပုလင်းကို အဖုံးပိတ်ပြီးပေးပါ"

မစ္စတာဟင်နရီ ရေသန့်ပုလင်းကို အဖုံးပိတ်၍ ရသေ့ကြီးထံ ကမ်းပေးလိုက်၏။ ရသေ့ကြီးက –

"မစ္စတာဟင်နရီ ကုတ်အကျႌ ခဏချွတ်ပေးပါလား"

မစ္စတာဟင်နရီက သူ့ကုတ်အကျႌကို ချွတ်ပေးလိုက်၏။ ရသေ့ကြီးက စားပွဲပေါ်မှာ ပုလင်းကိုတင်ရန် မစ္စတာဟင်နရီ ကုတ်အကျႌနှင့် အုပ်လိုက်ပြီး –

"မစ္စတာဟင်နရီ"

"ခင်ဗျား"

"ခင်ဗျားကိုယ်တိုင် ခင်ဗျားရဲ့ကုတ်အကျႌကို ဖယ်ယူလိုက်ပါ"

မစ္စတာဟင်နရီ ရေပုလင်းကို အုပ်ထားသည့် ကုတ်အကျႌအား ညာလက်နှင့် မယူလိုက်သောအခါ –

"ဟယ်"

"ဟာ"

"အို မိုင်ဂေါ့"

ဒုတိယအကြိမ်မြောက် ကျွန်ုပ်တို့ပိုပြီး အံ့သြရပြန်လေပြီ။

အကြောင်းကား စောစောက ကြည်လင်သန့်ရှင်းသော သောက်ရေသန့်ပုလင်းသည် အကျႌဖယ်လိုက်သောအခါ တတ်ဆီကဲ့သို့ အဝါရောင်သန်းနေသော ရေဖြစ်သွားသောကြောင့်တည်း။

"မစ္စတာဟင်နရီ ဒါ သင်စောစောက ရွတ်ဆိုတဲ့အတိုင်း ရေကောင်းရေသန့် ဖြစ်နေပါရဲ့လား"

"နိုး နိုး မဟုတ်တော့ဘူး"

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

ရသေ့ကြီးသည် အဝါရောင်သန်းနေသော ရေပုလင်းကို ကြည့်၍ အားရပါးရ ရယ်လေသည်။ ကျွန်ုပ်တို့ အားလုံးလဲ ရသေ့ကြီးကို လေးစားသော မျက်လုံးများနှင့် ကြည့်နေစဉ်မှာပင် –

"ကိုင်း အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြန်ကြပါတော့။ အလုပ်များရှိလို့ပါနော်။ နောက်မှ ထပ်တွေ့ကြသေးတာပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဟင်နရီက ကျေးဇူးတင်စကားနှင့် အံ့ဩစကားများကိုပြောပြီး ဓာတ်ပုံရိုက်ရန် ခွင့်တောင်း၏။ ရသေ့ကြီးက ဓာတ်ပုံရိုက်ခြင်းကို လုံးဝခွင့်မပြု။

သို့နှင့် သချိုင်းအစရှိ ရပ်ထားသည့် ကားများရှိရာသို့ ကျွန်ုပ်တို့ပြန်တက်ပြီး ကားစက်ကို နှိုးသော်လည်း နှိုးမရဖြစ်နေ၏။

သို့နှင့် ကားစက်ခေါင်းဖုံးကိုဖွင့်၍ ကျွန်ုပ်က စစ်ဆေး၏။ ဆီရော၊ ရေရော၊ ဘက်ထရီရော အားလုံးကောင်း၏။

သို့သော် စက်ကိုနှိုးမရ။

ရသေ့ကြီးက အနီးမှ ဒါကိုရပ်ကြည့်နေ၏။

ဒီမှာ မစ္စတာဟင်နရီက ကိုယ်တိုင်ကားစက်ပစ္စည်းများကို စစ်ဆေးပြန်၏။

"ဘယ့်နှယ်လဲဟေ့"

"ကားစက်နှိုးလို့ မရဘူးဗျ"

"စက်ကို သေသေချာချာ စစ်ဆေးလေကွာ"

ရသေ့ကြီးက လှမ်းအော်ပြောလိုက်၏။

"အားလုံး ချို့ယွင်းချက် မရှိဘူးဗျ"

"ဒါဖြင့် ဘာလို့ စက်နှိုးလို့ မရတာလဲ"

"အချိန်ကြာကြာ ရပ်ထားလို့လား မသိဘူး"

သို့နှင့် အင်ဂျင်ကို ပူအောင်လုပ်၏။ သို့သောကား လုံးဝစက်မနှိုး။

"ဟေ့ကောင် လူ့ကန့်လန့်"

"ဘာလဲဗျ ရသေ့ကြီးရဲ့ ကားစက်နှိုးလို့ရ မရတဲ့အထဲ ရသေ့ကြီးကတစ်ပူ တစ်မှောင့်ပဲ"





"နားတွေ ညည်းနေပြီကွ"

"နားညည်းရင် နားပိတ်ထားဗျာ"

"ငါပဲ ကူညီပါရစေကွာ"

"ခင်ဗျားက သပိတ်တစ်လုံးနဲ့ ဆွမ်းခံစားနေတဲ့ ရသေ့ကြီးက ကားအကြောင်း ဘယ်လောက်နားလည်လို့လဲ"

"ဟေ့ကောင်၊ ဘယ်လောက်နားလည်သလဲ နားမလည်လဲ သိချင်ရင် ဖရပ်ပေါ်က မင်းတို့ရေပုလင်းကိုယူပြီး ကားခေါင်းပေါ်သာ လောင်းချလိုက်ကွာ၊ ကားစက်ကောင်းသွားလိမ့်မယ်"

"အဓိပ္ပာယ်မရှိတာဗျာ"

"ဟား ဟား ဟား ဟား ဒါဆိုလဲ အင်ဂျင်ကွဲအောင် နှိုးပေါ့ကွာ"

ကျွန်ုပ်တို့သည် ကားကို အမျိုးမျိုးနှိုးကြ၏။ သို့သော် လုံးဝပါပဲ။ ချွေးပြန်လာ၏။ စိတ်ညစ်လာ၏"

ဒီမှာ ရသေ့ကြီးက မစ္စတာဟင်နရီကို အင်္ဂလိပ်လို လှမ်းပြောလိုက်၏။ စောစောက ရေပုလင်းထဲက ရေကို ကားခေါင်းပေါ် လောင်းချလိုက်ဟု ပြောသောအခါ –

မစ္စတာဟင်နရီသည် ခပ်သွက်သွက်ပြေးဝင်သွားပြီး အဝါရောင်သန်းနေသည့် ရေပုလင်းကို ယူကာဖွင့်ပြီး ရေကို ကားပေါ်သို့ အဖုံးဖွင့်၍လောင်းချလိုက်သည်။

ဒီမှာ ရသေ့ကြီးက လှမ်းအော်လိုက်သည်။

"စက်နှိုးတော့လေကွာ နားညည်းတယ်"

ကျွန်ုပ်သည် အော်ကြီးဟစ်ကျယ် အားမနာတမ်းပြောနေသည့် ပုံပျက်ပန်းပျက်ရသေ့ကြီးကို မျက်စောင်းထိုးကြည့်လိုက်ပြီး ကား



www.burmeseclassic.com

www.burmeseclassic.com



သော့ကိုလှည့်၍ စက်နှိုးလိုက်၏။

"ဝူး"

"ဂျုတ် ဂျုတ်‧ဂျုတ်"

"အလို"

"အိုးမိုင်ဂေါ့ ဖဲရီး ဟက်ပီး"

ကားစက်သည် နိုး၍ဆောင့်ထွက်လိုက်၏။ ကျွန်ုပ်သည် ကား လီဗာကိုနင်း၍ ရှေ့သို့ဦးတည်လိုက်သောအခါ ကားပေါ်မှ ရှိသေစွာ လက်အုပ်ချီ၍ ဂါရဝပြုရင်း –

"သင်ဟာ အလွန်ကိုထူးဆန်းပြီး အံ့သြစရာကောင်းသည့် စိတ်စွမ်းအားရှင်ပုဂ္ဂိုလ်ပါ ရသေ့ကြီး။ နောက်တစ်ကြိမ် သင်နှင့် ကျွန်ုပ် ပြန်ဆုံပါစေခင်ဗျား"

"အိုကေ မစ္စတာဟင်နရီ သင်ကျန်းမာချမ်းသာပါစေ"

ကျွန်ုပ်သည် ကားကိုအရှိန်မြှင့်၍ မောင်းလာခဲ့လိုက်၏။ တစ် လမ်းလုံး မစ္စတာဟင်နရီဂမ်းက ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ ပညာခန်း ကို ချီးကျူး၍ ပြောမဝနိုင်ဖြစ်နေ၏။

ကျွန်ုပ်တို့ကား ပုံပျက်ပန်းပျက် ရသေ့ကြီးကို မျက်စိစပါးမွေး စူးခဲ့သော်လည်း အင်္ဂလန်နိုင်ငံလို နိုင်ငံက မနောပညာရှင်သုတေသီ တစ်ဦးကို အံ့သြစရာကောင်းအောင် လုပ်ပြနိုင်သည့် ရသေ့ကြီးအား တွေ့ရတောင်မိသည်ကား အမှန်ပါပဲဟု ပြောပြချင်ပါသည်ခင်ဗျား။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပညာတတ်အုပ်စုကလေးသည် ထူးဆန်းသော ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် အကြိမ်များစွာတွေ့ပြီး ချဉ်းကပ်သုတေသနပြုကြပါသော်လည်း (အမှန်အတိုင်းပြောရလျှင် ရသေ့ကြီး ကျွန်ုပ်တို့ကို မည်သို့ပဉ္စလက်နည်းဖြင့် လှည့်ဖြားသည်ကို သက်သေသက်ကန်နှင့် ဖော်ထုတ်ပြီး မောင်းထုတ်ရန် ဖြစ်ပါသည်။) ထူးဆန်းသောရသေ့ကြီးသည် ကျွန်ုပ်တို့ နိုင်ငံခြားပြန် ခေတ်ပညာတတ်များ အံ့သြသွားအောင် ပေါ်အားအဖြေထုတ်လို့မရအောင်ကို ပညာပြသွားသည်ချည်းဖြစ်ရကား ကျွန်ုပ်တို့ဆရာသမားများပင် လက်လန်ရလုနီးပါး ဖြစ်သွားခဲ့လေ၏။

ထိုသို့ဖြစ်၍ ကျွန်ုပ်တို့ စနေ၊ တနင်္ဂနွေ ဆုံနေကျစကားဝိုင်းမှာ ထူးဆန်းသော ပုံပျက်ပန်းပျက်ရသေ့ကြီးအကြောင်းကို ပြန်လည်ဆွေး





နွေးဖြစ်ကြ၏။

"သူ့ပညာကို ဘာလို့ပြောမလဲ ဆရာ"

ကျွန်တော်က အရှေ့တိုင်း သမိုင်းပညာရှင်ဆရာကြီး ပါမောက္ခ ဦးရွှေမိုးရှာကို မေးလိုက်သောအခါ . . .

"ဂမ္ဘီရလို့ ပြောရမှာပဲကွ"

"ဂမ္ဘီရဆိုတာ ဘာလဲဆရာကြီး"

"လူသာမန်နှင့် ပညာရှိသူများ တွေးတောကြံစည် အတုမြင်လုပ်ရန်ခက်ခဲသည့် ပညာရပ်ဆိုင်ရာ အတွေးအခေါ် အယူအဆများကို ခေါ်တာပဲ"

"ဂမ္ဘီရကို ဆရာကြီးယုံသလား"

"ယုံတာမယုံတာထက် လူ့သမိုင်းဦးအစမှာကို ရှိခဲ့တာ။ ပညာရှင်တိုင်း လက်ခံတယ်"

"ဘာဝါဒလဲ ဆရာကြီး"

"တန္တရဝါဒလို့ ခေါ်တယ်"

"သမိုင်းတင်စကာလမှာ ပေါ်လာတဲ့ လောကီဂမ္ဘီရပညာရပ်ပဲ၊ အထူးသဖြင့် အနောက်မဖွံ့မမှာ ဘာသာအယူအဆ ကွဲပြားချိန်မှာ သူ့နည်းသူ့ဟန်နဲ့ ပေါ်လာတဲ့ပညာရပ်ပဲ။ အဲဒီမှာ ဗေဒင်၊ ဆေးဝါး၊ နက္ခတ်၊ ဗိန္ဓော၊ ဓာတုမှသည် သေသူကိုပြန်၍ အသက်သွင်းတဲ့ ပညာရပ်များအထိ အဆန်းဆန်းအကြွယ်ကြွယ် ပညာရပ်တွေပါတယ်။

"ထေရဝါဒ မထွန်းကားခင်အချိန်မှာ အနိုင်နိုင်ငံက မင်းညီမင်းသားသူဌေးသူကြွယ် သားသမီးများ အဲဒီပညာရပ် အစွာရသ သင်လို့ ခေါ်ကြတာပေါ့။ အဲဒါတွေကို မဇ္ဈိမတက္ကသိုလ်က ဒိသာပါမောက္ခ ဆရာကြီးများထံမှာ သင်ယူကြရတယ်။ အဲဒီတန္တရဝါဒဟာ အရှေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအတော်များများမှာ အတော်အတန် ထွန်းကားခဲ့တယ် မောင်ရှုထို့ရဲ့၊ မြန်မာနိုင်ငံမှာ ပုဂံခေတ်ဦးကာလတုန်းက အရည်းကြီးရဟန်းများ အထူးသင်ကြားဖြန့်ဝေခဲ့သည့် ပညာရပ်အချို့လည်း ဖြစ်တယ်။

"နောင်အခါ ပုဂံကို ရှင်အရဟံမထေရ်မြတ် ကြွရောက်ထော်ပြီး ရတနာသုံးပါးအကြောင်း အနော်ရထာမင်းမြတ် ကြားသိဖူးမြော်တော့မှ တရားစစ်၊ တရားမှန် ဓမ္မအစစ် ထင်ရှားလာပြီး တန္တရဝါဒများ မှေးမှိန်ခဲ့ရတာပဲ။ ဆိုလိုတာက ဒီလိုဆန်းပြားတဲ့ အယူဝါဒမျိုး ရှိခဲ့ဖူးတယ်။ အဲဒီရသေ့ကြီးပြောသလိုပါပဲ အောက်လမ်း၊ အလယ်လမ်း အထက်လမ်း သုံးလမ်းကွဲသွားတာပဲ။ အောက်အဆင့် ပညာရပ်လမ်းက ညစ်ညမ်းတယ်၊ ရက်စက်တယ်။ အလယ်လမ်းအဆင့်က သတ္တဝါများကို ကာကွယ်ပေးတယ်။ အထက်လမ်းအဆင့်က သမထလမ်း၊ ဝိပဿနာ လမ်းနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ထေရဝါဒဗုဒ္ဓဘာသာကို ဦးတည် တယ်လို့ အရှေ့တိုင်းသမိုင်းနဲ့ ဘာသာရေးကျမ်း၊ တိုင်းရင်းဆေးပညာ အဖွင့်ကျမ်းများမှာဆိုကြတာ ရှိပါတယ်"

"ကမ္ဘာ့ဘာသာကြီးများ အဖွင့်ကျမ်းကလည်း ဒီအဝိုင်းဆိုတာ ပါပဲ"

စိတ်ပညာရှင်ဆရာကြီး ဦးနေလရောင်ကလည်း ဝင်ပြောလိုက် တယ်။

"ဒါဆိုရင် ဒီပုံပျက်ပန်းပျက်ရသေ့ကြီး ပြသွားတဲ့ အထူး အဆန်း ပညာရပ်များကို ဆရာကြီးတို့က ဂမ္ဘီရပညာလို့ လက်ခံပါသ လားခင်ဗျ"

ကျွန်ုပ်၏အမေးကို သမိုင်းပါမောက္ခဆရာကြီးက . . . .

"အကြွင်းမဲ့လက်ခံတယ်လို့တော့ မဟုတ်ပါဘူး။ ဒါ ဘာကို အခြေခံပြီး လုပ်ပြနိုင်သည့် ပညာရပ်လဲဆိုတာကို ဆရာတို့ သုတေသန





ပြုနေတာပါ။ ဒီပညာရပ်ရဲ့ ပုံသေနည်း ဖော်မြူလာကိုရခဲ့ရင် လူအများ ကောင်းကျိုးချမ်းသာသုခအတွက် ဘယ်လိုလုပ်ပေးနိုင်မှာလဲ။ ဒါကို သိချင်လို့ သူ့ကိုစူးစမ်းလေ့လာနေတာပါ။ ခက်တာက မင်းတို့ ပုံပျက် ပန်းပျက်ရသေ့ကြီးက သူ့ပညာရပ်က သူငယ်တန်းအဆင့် ဂမ္ဘီရပါလို့ ပြောနေတော့ ငါတို့က တက္ကသိုလ်အဆင့်လောက်ရှိတဲ့ ဂမ္ဘီရပညာရပ်ကို သိချင်နေတာ။ အဲဒါမျိုး သူလေ့ကျင့်ဆည်းပူး ရရှိထားသလား။ ဒါ ငါတို့ စိတ်ရှည်ရှည်ထားပြီး သူ့ကို ချဉ်းကပ်လေ့လာ သုတေသန ပြုရမယ်။ အဲဒီပညာရပ်များထဲကမှ လူအများစုအတွက် အမှန်တကယ် အကျိုးရှိမည့် ပညာရပ်များကို ပြန်လည်အသုံးချ ဖြန့်ဝေရမှာလေ။ ဟုတ်ဘူးလား ဆရာဦးနေလရောင်"

ဒီမှာ စိတ်ပညာ အထူးပြုပါမောက္ခကြီး ဦးနေလရောင်က . .

"ကျုပ်အမြင်ကို ပြောရရင် ဒီပုံပျက်ပန်းပျက်ရသေ့ကြီးဟာ စိတ်တန်ခိုးသတ္တိထူးကို ရနေပုံပဲဗျ"

"အဲဒါ တကယ်ရောရှိလို့လား"

"ကမ္ဘာမှာ တကယ်ရှိတယ်။ စိတ်ကျင့်စဉ်ပညာရပ်ပဲ။ အချို့က မွေးရာပါ စိတ်စွမ်းအင်ရှိနေပြီး စိတ်ညှို့သလို လိုရာအမိန့်ပေး စေခိုင်း နိုင်တယ်။ အချို့က နေ့စဉ် ကသိုဏ်းဝန်းကို ရှုကျင့်ပြီး စိတ်ကို သိဒ္ဓိ တင်ပြီးမြောက်အောင်မြင်အောင် လေ့ကျင့်ထားကြတာ။ ကျုပ်တို့ အရှေ့တိုင်းစိတ်ပညာနဲ့ အနောက်တိုင်း စိတ်ပညာမှာလည်း ဒီလို သမာဓိအားကို ရယူလေ့ကျင့်ပြီး အိပ်မွေ့ချလို့ စိတ်ရောဂါအချို့ကို ဖော်ထုတ်ကုသပေးနေတာ သီးခြားပညာရပ်အဖြစ် ကမ္ဘာသိပါပဲ။ ဒီရသေ့ကြီးက အဲဒီလို ပုဂ္ဂိုလ်မျိုးလို့ ထင်ပါတယ်"

"ဘိုးတော်လို့ ပြောချင်တာလား ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဝိဇ္ဇာလား ခင်ဗျ"

"ဝိဇ္ဇာတော့ ဝိဇ္ဇာပဲ။ ဥပ္ပဝိဇ္ဇာမျိုးလို့ မဆိုလိုချင်ဘူး။ လောကီပညာကို ကျွမ်းကျင်တဲ့ ဝိဇ္ဇာပညာရှင်။ တစ်နည်း အသိပညာရှင်၊ အကျင့်အတတ် ပညာရှင်လို့ ပြောချင်တာ"

"ဒီလို ပညာရပ်များကို တတ်နေရင် ခန့်ခန့်ညားညား ထည်ထည်ဝါဝါ ဘာလို့မနေရတာလဲ ခင်ဗျ"

"ဒီလိုရှိတယ် မောင်ရွှေပဗေဒနဲ့ ကိုဓာတုတို့ရဲ့။ အချို့ပညာရှင်များက ငါပညာရှင်ဆိုပြီး ဟိတ်ဟန်ဝင့်ကြွား မောက်ကြွားနေကြတယ်။ ငါမှငါလို့လည်း ထင်မှတ်နေကြတယ်။ အမှန်က တကယ့်ပညာရှိသည့်လူက သိုသိုသိပ်သိပ်နေကြတာ။ သူတို့ပညာရပ်များကို မလိုအပ်ဘဲနဲ့ အလကားကြွားသလို လုပ်မပြကြဘူး။ အရေးအကြောင်းရှိမှ၊ မလွှဲမကင်းသာမှ မဖြစ်မနေ ကူညီဆောင်ရွက်ရတယ်။ အခြေအနေပေးမှ သူတို့စကားနဲ့ပြောရရင် ကယ်သင့်ကယ်ထိုက်သူကိုတွေ့မှ ပြကြတာရယ်။ ဒါကြောင့် တကယ့်ပညာရှိရင်တတ်ရင် ကြွားကြွားမနေကြဘူး။ လျှို့ဝှက်ပြီးနေကြတာ။ လူဝေးသူဝေးမှာ နေကြတာ။ ကျုပ် အတွေ့အကြုံအရ အချို့ ယောဂီကြီးတွေ ဖက်းတွေ ဆာဓုတွေ တောထွက်ရဟန်းကြီးတွေဟာ အဲဒီလို စိတ်ပညာရပ်ဆန်း အံ့မခန်းများကို ပိုင်ဆိုင်ရရှိထားကြတယ်။ ဒါကြောင့် မယုံချင်ရင်နေပါ၊ စော်စော်ကားကား သွားမလုပ်ကြပါနဲ့။ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ်သွား ရှိကြပါဗျာ"

ကျွန်ုပ်တို့ လူငယ်လူရွယ် ပညာတတ်များကား ကိုယ့်ထက်ပညာဝါရင့်ပြီး အတွေ့အကြုံကြွယ်ဝသည့် ဆရာသမားများဖြစ်နေ၍ သူတို့စကားကို အကွန့်မတက်လိုသော်လည်း ပုံပျက်ပန်းပျက်ရသေ့ကြီး





၏ ပဥ္စလက်ပညာရပ်များကို ဘဝင်မကျသေး။

ဆိုခဲ့သလို ဒါသည် စိတ်ပညာသိဒ္ဓိတင် ပြီးမြောက်မှုလား၊ မျက်လှည့်လက်လှည့် ပညာရပ်လား၊ ဒါမှမဟုတ် ကျွန်ုပ်တို့ မသိစေလိုသည့် လျှို့ဝှက်အတတ်ပညာဆန်းပဲလား။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့သည် ပွဲစဉ်အတော်များများမှာ ပါဝင်ဆင်နွဲ အောင်ပွဲခံခဲ့သူများ ဖြစ်ပါသည်။

ဘာမဟုတ်သည့် သချိုင်းကုန်းမှာနေသော ပုံပျက်ပန်းပျက် ရသေ့အိုကြီးရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်၍ ဒီလူအဘိုးကြီး ဒီလိုလှည့်စား ဖြားယောင်းနေတာပါဆိုသည့်ကို လူပုံအလယ်မှာ အထောက်အထားနှင့် ပြနိုင်အောင် တစ်နေ့ပြကိုပြမည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ချက်ချထားခဲ့ကြလေသည်။

တစ်နေ့ ကျွန်ုပ်နှင့် ကိုဓာတုတို့နှစ်ဦး ပုံပျက်ပန်းပျက် ရသေ့ကြီးရှိရာ သချိုင်းကုန်းသို့ ရောက်သွားကြ၏။

ကျွန်ုပ်တို့ရောက်သွားသောအခါ ပုံပျက်ပန်းပျက်ရသေ့ကြီးသည် မြေကရားအိုးမှ ရေနွေးကြမ်းနှင့် အုန်းမှုတ်ခွက်ထဲမှ ဆီစိမ်လက်ဖက်ကို မြည်းနေမြဲနေ၏။

"ဘာလာရှုပ်ပြန်ပြီလဲကွ ဟေ"

ကျွန်ုပ်တို့နှစ်ဦးကို တွေ့သည်နှင့် ကြိုခွပ်လိုက်၏။

"ရသေ့ကြီးရဲ့ ပဥ္စလက်လိမ်ဆင်များကို လေ့လာချင်လို့ပါဗျ"

"ဟား ဟား ဟား ဟား ငါ့ကို လူပုံအလယ်မှာ အခွင့်ရရင် အရှက်ခွဲပြီး ဒီသချိုင်းက မောင်းထုတ်မယ်ပေါ့။ ဒီလိုလားကွ လူ့ကန့်လန့် လူ့ငွစာတွေရ ဟေ"

"ဟုတ်တာလုပ်ရင် ဟုတ်တာဖြစ်ရမှာပေါ့ဗျာ။ မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်တော့ ဩြောင်းနမောဒှုဝေပဲ''

''အယ်မယ် ဩြောင်းနမောဒှုဝေဆိုပါလား။ နေပါဦး လူ့ကန့်လန့်ရဲ့၊ ဩြောင်းနမောဒှုဝေဆိုတဲ့ ပါဠိစကားရဲ့ မြန်မာပြန်အနက်ကို ဖွင့်ဆိုပါဦးခင်ဗျ။ လုပ်ပါ ပညာလိုချင်လို့ပါ။ အဟတ် အဟတ်''

''ကျုပ်တို့ကို ခပ်ညံ့ညံ့များ မှတ်နေလို့လား ရသေ့ကြီး''

''မမှတ်ဝံ့ပါဘူး ခင်ဗျာ။ ရှေ့ကြီးမင်းတို့ကို ငါမှငါ၊ ငါ့လောက် ဝတ်သူ၊ သိသူ၊ တော်သူမရှိလို့ ယူဆထားတဲ့ ပညာရှိလေးများကို လေးစားပါတယ်။ အားကိုးပါတယ်။ မြန်မာပြန်အား ပြောပြပါ ခင်ဗျာ''

''အဲဒါ သွားတော့လို့ ပြောတာ''

''ဩြော် ထွက်သွားလို့ ပြောတာလား''

''ဒါပေါ့''

''မြန်မာလိုဆို သွားဟုံဟုံပေါ့နော်''

''ဒါပေါ့ဗျ။ သိလျက်သားနဲ့များဗျာ။ အဟတ်''

''ခုရော ဘာအကြောင်းကိစ္စနဲ့ ပြဿနာရှာဖို့ ရောက်လာပါသလဲ လူကြီးလူကောင်းနှစ်ဦးခင်ဗျ''

''ရိသဲ့သဲ့ မလုပ်ပါနဲ့ ရသေ့ကြီး''

''မလုပ်ဝံ့ကြောင်းပါ ဒကာကြီးတို့ ခင်ဗျာ။ လက်ဖက်နဲ့ ရေနွေးကြမ်းများ သုံးဆောင်ပြီး လိုအပ်ရာကို အမိန့်ရှိပါ ခင်ဗျား''

''ရသေ့ကြီး''

''ဆိုပါ ဒကာတို့''

''သမာဓိဆိုတာ ဘာလဲခင်ဗျ''

''သမာဓိဆိုတာ တည်ကြည်ခြင်း။ တည်ငြိမ်မြင်းကို ဆိုပါသည် ပညာရှိများ ခင်ဗျာ''





''သီလဆိုတာကရောဗျာ''

''သီလဆိုတာ စင်ကြယ်ခြင်းပါ။ ကိုယ့်ကျင့်တရားကောင်း နိရှိးသားခြင်းကို သီလစင်ကြယ်ခြင်းလို့ ဆိုပါတယ် ပညာရှိများ ခင်ဗျာ''

''စိတ်ဆိုတာ ဘာလဲ''

''စိတ်ဆိုတာ ဦးနှောက်ထဲက ထိန်းချုပ်ရခက်ခဲတဲ့ အာရုံခံစား ဉာဏ်စဉ်ပါ ပညာရှိများ ခင်ဗျာ''

''စိတ်ကို ထိန်းချုပ်လို့ရသလား''

''စိတ်ကို နိုင်အောင်ချုပ်ဖို့ အစဉ်အမြဲလေ့ကျင့်ရင် ရပါ ယ်။ ဒါကို သမာဓိအားလို့ ခေါ်ပါတယ် ပညာရှိများခင်ဗျ''

''ရသေ့ကြီးပြောတဲ့ စိတ်ကိုထိန်းချုပ်နိုင်ရင် ဘယ်လိုအစွမ်း တ္တိ အကျိုးကျေးဇူးကို ရပါသလဲ''

''စိတ်ကို လိုအပ်သလို သမာဓိအားနဲ့ သီလအားနဲ့ ထိန်း ပ်နိုင်ရင် ရုပ်ခန္ဓာမပါဘဲ လိုရာအရပ်ကို သွားလို့ရသလို မဟိဒ္ဓိသိဒ္ဓိ မြောက်ရင် လိုရာစေနိုင်းလို့တောင် ရပါတယ်''

''ဥပမာပြပါဦးဗျ၊ မဖြီးပါနဲ့''

''ပြရမှာပေါ့ ပညာရှိများရယ်။ ကျွန်ုပ်တို့ ဘုရားရှင်ကိုယ် ာ်မြတ်ကြီးက စတုတ္ထဈာန်ဝင်စားပြီး အတိတ်ပစ္စုပ္ပန် အနာဂတ်ရဲ့ ကို သိမြင်တော်မူတယ်။ ကျုပ် အိန္ဒိယ ဟိမဝန္တာကိုရောက်တော့ ကြီးများ ဆာဒူးသူတော်စင်ကြီးများဟာ ဈာန်သမာပတ်ဝင်စားပြီး ကိုမြေပြင်မှာထားလို့ စိတ်မနောဝိညာဉ်နဲ့ ရုပ်ပြောင်းနာမ်ခွာ လိုရာ ကို သွားခဲ့ကြတယ်။ အဲဒါ အချိန်ကန့်သတ်ချက် မရှိဘူး။ သွားချက် သို့ ကျန်ရစ်ခဲ့တဲ့ ရုပ်ခန္ဓာထဲသို့ နာမ်စိတ်ဝိညာဉ် ပြန်သွင်းပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



သူရောက်ခဲ့ရာ ‌အရပ်များအကြောင်း ပြန်ပြောပြတဲ့အခါ မယုံလို့သူ့ကြည့် ကွက်တိပဲ''

''မယုံပါဘူးဗျာ''

''ဒါက မောင်တို့သဘောပါပဲ''

''ရသေ့ကြီး''

''ဘာတုံးဗျာ''

''တစ်ခါတုန်းက ရသေ့ကြီး ကျုပ်တို့နှစ်ဦးကို ကြားခဲ့ဖူး မှတ်မိသေးလားဗျ''

''ဘာများပါလိမ့်ကွယ်''

''မင်းတို့နှစ်ဦးကို ကိုယ့်အိမ်ပြန်ဟဲ့လမ်း ကိုယ်မမှတ်မိအောင် လုပ်လိုက်ရမလား ဆိုတာလေဗျာ''

''ဪ . . . ဒါလား အဟင်း ဟင်း ဟင်း''

''လုပ်နိုင်လို့လား''

''နည်းနည်းပါးပါးတော့ ရပါတယ်ကွယ်''

''ဘယ်လောက်အဆင့်လဲဗျ။ ကြားပါဦး''

''သူငယ်တန်းအဆင့်ပါ အဟဲ ဟဲ ဟဲ''

''သူငယ်တန်းအဆင့်''

ဟု ရိပြန်၍ ကျွန်ုပ်နှင့် ကိုဓာတုတို့ တစ်ဦးကိုတစ်ဦး လှမ်းကြည့်ပြီး နှုတ်ခမ်းကို မဲ့ပစ်လိုက်ကြ၏။

''အခု လုပ်နိုင်မလား''

''ဒါက စိတ်ညှို့တဲ့ ပညာလေးပါကွာ''

''မယုံပါဘူးဗျာ။ ရသေ့ကြီး ခပ်တုံးတုံးလူတွေကို စိတ်ညှို့ပြီး လှည့်စားလို့ ရချင်ရမယ်။ ကျုပ်တို့ကိုတော့ လုပ်လို့မရပါဘူးဗျ





လောင်းကြေးစားကြေး စိန်မလား ပြော''

''ဒီမှာ ဒကာကြီး၊ ကျုပ်တို့ ရသေ့ရဟန်းဆိုတာ ဘယ်ကိစ္စမှာမျှ လောင်းကြေးစားကြေး မလုပ်ရဘူး။ လုပ်ရင် အာပတ်သင့်ပြီး အပြစ်ရရော။ အပြစ်ရရင် သမာဓိပျက် သီလပျက်ဖြစ်ရော။ အဲဒီလို ဖြစ်ရင် သိဒ္ဓိ မဟိဒ္ဓိ လျော့ရော။ ခု နမူနာပြမှာ စိတ်ကို နိုင်နင်းအောင် သမာဓိအားကောင်းကောင်း ကျင့်ခဲ့လို့ အတန်အသင့် သိဒ္ဓိရရင် မနော နဲ့လိုရာကို စေနိုင်းလို့ရတယ်ဆိုတာကို နမူနာပြချင်လို့ပဲ''

''မယုံဘူးဗျာ၊ ခင်ဗျား ကျုပ်တို့ကို အင်းလိုလို ဆေးမန်းလိုလို ထဲ ဓာတုဗေဒဆေးဝါးတွေသာ ထည့်မတိုက်နဲ့။ လုပ်ဗြ''

''ကောင်းပြီ။ မင်းတို့နှစ်ဦး ငါ့မျက်လုံးကို စိုက်ကြည့်လိုက်ကြ''

ကျွန်ုပ်တို့နှစ်ဦးသည် ပုံပျက်ပန်းပျက်ရသေ့ကြီး အံမိန့်ပေးသည့်အတိုင်း သူ၏တစ်လုံးတည်းသော မျက်လုံးအကောင်းနှင့် ကျောက်မျက်လုံးတစ်လုံးကို စိုက်၍ကြည့်လိုက်သည်။

မျက်လုံးခြင်း အားပြိုင်ကြည့်နေဆဲမှာပင် ရသေ့ကြီးရဲ့ တစ်လုံးတည်းသော မျက်လုံးမှ အငွေ့လိုလို အရာများထွက်၍ ကျွန်ုပ်တို့မျက်လုံးရှိရာသို့ လှမ်းဝင်လာသလို ခံစားလိုက်ရ၏။ ကျွန်ုပ်တို့ ရှောင်ချိန် မရလိုက်။ ကျွန်ုပ်တို့ရဲ့စိတ်သည် အားပြိုင်ကြည့်နေရာမှ သူ့အလိုကို လိုက်လျောချင်သလို ခံစားလိုက်ရ၏။

ဒီမှာပဲ ရသေ့ကြီးက ကျွန်ုပ်တို့နှစ်ဦးရဲ့ ပခုံးကို သူ့လက်ဝါး ရှည်ကြီးနဲ့တို့ထိရင်း ဖြည်းညင်းစွာ မေးလိုက်သည်။

''ဒကာကြီးတို့နှစ်ဦး အခု အိမ်ကို တန်းပြန်မှာလား''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်တဲ့လမ်းကို မှတ်မိရဲ့လား"

"မှတ်မိတာပေါ့"

"သေချာရဲ့လား"

"သိပ်သေချာတာပေါ့"

"အခု ဘယ်အချိန်ရှိပြီလဲ။ နာရီကို ကြည့်လိုက်စမ်း"

ကျွန်ုပ် သူ့အမိန့်အတိုင်း ဘယ်လက်မှာပတ်ထားသည့် ရိုး လက်နာရီကို ကြည့်လိုက်သည်။

"မနက် ၁၁း၃၀ နာရီ"

"ဒီသင်္ချိုင်းကနေ ဒကာကြီးအိမ်ကို ကားနဲ့မောင်းပြန်ရင် အချိန်ဘယ်လောက်ကြာရင် ရောက်မှာလဲ"

"နာရီဝက်မတိုင်ခင် ရောက်ပါမယ်"

"သေချာရဲ့လား"

"သေချာပါတယ်"

"ကျုပ်ပြောလိုက်မယ်။ မောင်ရင်တို့အိမ်ကို ဒီနေ့ညနေ ၆ နာရီမှ ပြန်ရောက်လိမ့်မယ်"

"ဘာဖြစ်လို့"

"ဒီနေ့မင်းတို့ အိမ်အပြန်လမ်းကို မျက်စိလည်နေမှာကို ကြိုမြင်လို့"

"ဟား ဟား ဟား ဟား ဟား"

"အဟီး ဟီး ဟီး ဟီး"

"ဟား ဟား ဟား ဟား"

"အဟတ် ဟတ် ဟတ် အဟီး"

ကျွန်ုပ်တို့နှစ်ဦးသည် ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ မျက်တောင်





လုံးဝမခတ်ဘဲ ပြောလိုက်သည့် နှုတ်ထွက်စကားကြောင့် ခွက်ထိုးခွက်လန် ရယ်ပစ်လိုက်ကြသည်။

ရယ်သံ ဘယ်လောက်ကျယ်သွားသည်မသိ။ သင်္ချိုင်းကုန်းမှာ မြေကြီးကျင်းတူးနေသည့် စဏ္ဍာလကြီးဦးရှုမည်းဆွဲ(ဈ)နှင့် လူနှစ်ဦး အပြေးရောက်လာပြီး ဘာဖြစ်ကြလို့လဲဟု မေးကြရသည်။

ကျွန်ုပ်တို့က ဘာမျှပြန်မပြောဘဲ လက်နှင့်ကာ၍ နှင်လိုက်မှ သူတို့သုံးဦးအနီးကနေ အူကြောင်ကြောင် ဆုတ်ခွာသွားကြလေသည်။

"ကိုင်း ပြန်ကြတော့။ ဪ ခဏလေး"

သို့ကလိုပြောရင်းမှ သင်္ချိုင်းဇရပ်ပေါ်ရှိ ကွမ်းအစ်ထဲမှ ကွမ်းရွက်နှစ်ရွက်ကိုယူပြီး ကွမ်းရွက်ပေါ်မှာ လက်ညှိုးနှင့် အက္ခရာတစ်လုံးနှစ်လုံးကို ထုံးတို့ရေးလိုက်ကာ ခေါက်လို့ပေးပြန်သည်။

"မောင်တို့ ညနေ (၆)နာရီထိုးလို့မှ အိမ်ပြန်လမ်းကို မမှတ်မိရင် ဒီကွမ်းရွက်နှစ်ရွက်ကို နှစ်ယောက် ဝါးစားလိုက်"

"စားရင်"

"စားပြီးရင် အိမ်ပြန်လမ်းကို မှတ်မိပြီး ကိုယ့်သားမယားနဲ့ ပြန်ဆုံရမှာပေါ့ ရော့"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ လက်တွေ့သိလို၍ သူပေးလိုက်သည့် ကွမ်းယာနှစ်ယာကို ယူလိုက်ပြီး အားရပါးရ ရယ်မောကာ ကားပေါ်သို့ တက်လိုက်ကြသည်။ ၎င်းနောက် စက်နှိုးပြီး ရသေ့ကြီးကိုလက်ပြ နှုတ်ဆက်လိုက်သည်။ ပုံပျက်ပန်းပျက်ရသေ့ကြီးကား ကျွန်ုပ်တို့ကားကို မျက်တောင်မခတ် စိုက်ကြည့်နေပြီး တောင့်တောင့်ကြီး ရပ်၍ကျန်ရစ်ခဲ့လေ၏။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

❐

ကျွန်ုပ်တို့သည် စကားလုံးဝမပြောဘဲ သချိုင်းမှ ကားမောင်း၍ ထွက်ခဲ့ကြ၏။ ပြောရလျှင် စကားပြောချင်စိတ် လုံးဝမရှိ။ ကိုယ့်အတွေးနှင့်ကိုယ် နေချင်သလို ဖြစ်နေ၏။

ကျွန်ုပ်ရဲ့သူငယ်ချင်း ကိုဓာတုဗေဒကလည်း ကျွန်ုပ်ကို စကားလုံးဝမပြော။ မျက်စိကိုမှေး၍ ဘာတွေတွေးနေသည်မသိ။ တစ်ချက်တစ်ချက် ပြုံးနေ၏။ တစ်ခါတစ်ရံ အသံထွက်၍ရယ်၏။ ကျွန်ုပ်က လည်းသူ့ကို စကားမပြောချင်။ ခေါင်းထဲမှာ တက္ကသိုလ်ကျောင်းသား ဘဝကအကြောင်းများ ကားမောင်းရင်း ပေါ်လာ၏။

ယယ်ရှည်စား အချို့မျက်နှာကို ပြန်မြင်နေမိ၏။ အင်္ဂလန်ရောက်တုန်းက ဘုရင်မပန်းခြံထဲက ကဗျာရွတ်သံများကို ကြားနေ၏။





ရောက်တတ်ရာရာကိုတွေးရင်း ကားကိုထိန်းမောင်းခဲ့ရာ အချိန်မည်မျှကြာသွားသည်မသိ။

နာရီဝက်နှင့်ရောက်ရမည့် ကျွန်ုပ်အိမ်ကို မရောက်ဘဲ သန်လျင်မှသည် သုံးခွမြို့သို့ ရောက်သွား၏။ သုံးခွမြို့မှ ခရမ်းမြို့သို့ ရောက်သွားပြန်၏။

ထိုမှသည် ပဲခူး–သက္ကလ လမ်းမပေါ် ရောက်နေ၏။ ကားလည်းမနား။ ကိုယ့် လူကလည်း ဘာမျှမဝေဖန်။ ဘယ့်နှယ်ကြောင့်အိမ်အပြန်လမ်းကို မရောက်ဘဲ ရည်ရွယ်ချက်မရှိသည့်လမ်းများ၊ မြို့များ၊ ရွာများရှိရာသို့ ရောက်နေပါလိမ့်။ ပဲခူးမြို့လမ်းမသို့ ဝင်သောအခါကားသည် ရုတ်တရက်ထိုး၍ ရပ်သွား၏။ ကားရပ်သွားမှ နှစ်ဦးစလုံးအသိများဝင်လာပြီး လမ်းမှား၍ ထွက်ခဲ့ကြောင်းကို သဘောပေါက်ကြ၏။

ကားက ဓာတ်ဆီကုန်နေပြီ။ သို့နှင့် ဓာတ်ဆီဝင်ဖြည့်ပြီး ပဲခူးမှသည် ခရမ်းသုံးခွကို ပြန်ဝင်လာခဲ့ကြ၏။ သွားရန်မှာ သန်လျင်မြို့မလမ်းနေအိမ်ပဲဖြစ်၏။

ဟောဖြစ်ပုံများနှယ်။ ဘုရားကုန်းလမ်းဆုံသို့ ရောက်သောအခါ. သန်လျင်လမ်းကြောင်းကို မဝင်ဖြစ်ဘဲ ကျောက်တန်းမြို့လမ်းကြောင်းကို ရောက်သွား၏။ ကျောက်တန်းသို့ ရောက်သောအခါ အချိန်က (၅)နာရီထိုးနေပြီ။ ဗိုက်ကလည်း ဆာနေပြီ။

"ရှုပ"

"ဘာတုံး သူငယ်ချင်း"

"မင်း ကားကို ဘယ်လျှောက်မောင်းနေတာလဲကွ။ ခင်ဗျား"

"အိမ်ကို မောင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနှယ့်ကွာ အိမ်ကိုမောင်းတယ်သာ ပြောတယ်။ အခု တစ်နေကုန် သုံးခွ၊ ခရမ်း၊ ပဲခူးရောက်ခဲ့ပြီးပြီ။ ခုလည်း ကျောက်တန်းမြို့ကို ရောက်နေပြီ။ ငါ့အိမ်မှာ ရန်ကုန်က စက်ရုံမှူးနဲ့ အဖွဲ့ကို ချိန်းထားတာ ခုမှသတိရတယ်။ ဒုက္ခပဲ မြန်မြန်စားကွာ"

သို့နှင့် လက်ဖက်ရည်နှင့်မုန့်ကို အမြန်စားပြီး ကျောက်တန်းမြို့မှ ကားကို အမြန်မောင်းချလာလိုက်၏။

သန်လျင်ဝင်ရမည့် လမ်းသို့ရောက်သော် ကားခေါင်းက သန်လျင်မြို့ကို မဝင်ချင်ဘဲ သုံးခွခရမ်းလမ်းသို့ ခေါင်းအလိုလို လှည့်သွား၍ ပရဟိတကျောင်းအနီးမှာ ကားကို ဘရိတ်အုပ်လိုက်ရသည်။

နားထဲမှာ ကျွန်ုပ်ရသေ့ကြီးရဲ့ စကားကို ကြားနေ၏။

"မင်းတို့ အိမ်ပြန်မရောက်ပါဘူးကွာ"

"လမ်းမှာ မျက်စိလည်နေကြမှာ ကြိုမြင်လို့"

"ညနေ (၆)နာရီမှ အိမ်ပြန်ရောက်မယ်"

"မောင်ရင်တို့ ညနေ (၆)နာရီထိုးလို့မှ အိမ်ပြန်လမ်းကို မမှတ်မိရင် ဟောဒီကွမ်းယာနှစ်ယာကို ဝါးစားလိုက်။ စားပြီးရင် အိမ်ပြန်လမ်းကို တည့်တည့်မှတ်မိပြီး ရောက်လိမ့်မယ်"

"ဓာတု"

"ဘာလဲ"

"ရော့ ဒါစားလိုက်"

"ဒါ ဘာတုံးကွ"

"ပုံရှုက်ပန်းရှုက် ရသေ့ကြီးပေးလိုက်တဲ့ ကွမ်းယာ"

"အတော်ပဲ ခံတွင်းချဉ်နေတာနဲ့ ပေး"

ကျွန်ုပ်က ရသေ့ကြီးပေးလိုက်သည့် ကွမ်းယာနှစ်ယာအနက်





မှ တစ်ယာကို ကိုဓာတုအား ပေးလိုက်ပြီး ကျွန်ုပ်က ကျွန်ုပ်အတွက်ကို ဝါးစားလိုက်သည်။

ကွမ်းယာကို ဝါးစားပြီးသောအခါ ထိုင်းမှိုင်းနေသော ဦးခေါင်းသည် ကြည်လင်၍လာခဲ့၏။ စိတ်လည်း ပေါ့ပါးလန်းဆန်းလာသလို လူလည်း သွက်သွက်လက်လက်ရှိလာခဲ့၏။ မှတ်မိထဲမှာ ရသေ့ကြီးနှင့် ကျွန်ုပ်တို့ ပြောကြသည့် စကားများကို အစအဆုံး ပြန်သတိရလာ၏။

ကျွန်ုပ် သန်လျင်လမ်းကြောင်းသို့ ကားခေါင်းကို ဦးတည်လိုက်ပြီး ကားသည် ကျိုက်ခေါက်ဘုရားလမ်းမကြီးအတိုင်း ဆေးရုံကွေ့ကို ကျော်ကာ ကျွန်ုပ်တိုက်အိမ်ရှိရာ မြို့သစ်ရပ်ကွက်ထဲသို့ ဝင်လာခဲ့လိုက်၏။

တိုက်ရှေ့သို့ရောက်သောအခါ ဇနီးသည်က တိုက်ဝမှ ခါးထောက်၍ မျက်နှာကြောတင်းတင်းနှင့် ခရီးဦးကြိုနေ၏။

"ကိုရှုပ"

"ဝေ"

"ရှင်တို့ တစ်နေကုန် ဘယ်ကိုသဝေထိုးနေတာလဲ ပြော"

"ဟို အင်း အဲ အဲ"

"ဟိုဒင်းတွေ ဒီဒင်းတွေလုပ်မနေနဲ့။ အိမ်ထဲမှာ ရှင့် နိုင်ငံခြား ကျောင်းတက်ဖက် သူငယ်ချင်းတွေ ရောက်နေတယ်"

"ဟေ ဘယ်အချိန်က ရောက်နေတာတုံးဟ။ ဘယ်သူတွေတုံးဟ"

"လပ္ပတ္တာကျော်ဦးတို့အဖွဲ့ပဲ။ ကိုကြည်တင့်နိုင်ဆိုလား တရုတ်ဘုန်းကြီးလို လူကြီးလည်းပါတယ်။ အမျိုးသမီးတစ်ယောက်လည်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးက ဘယ်သူတုံးကွ"

"ကိုကြည်တင့်နိုင်နဲ့ စေ့စပ်ထားတဲ့သူတဲ့။ နာမည်က ခရာဆို လား ခရုဆိုလားပဲ"

"ဟော"

ကျွန်ုပ်တို့နှစ်ဦးသည် တိုက်ခန်းတွင်းသို့ ပြေးဝင်ရန် မြင် လိုက်ရာမှ သတိရ၍ လက်မှနာရီကို လှမ်းကြည့်လိုက်သောအခါ ညနေ (၆)နာရီ ထိုးနေပါပကောလား။

ဒီမှာ ရသေ့ကြီးကို ပြေး၍ မြင်လိုက်ရသည်။ ဟူး တော်ပါ သေးရဲ့။ ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့ ကွမ်းယာနှစ်ယာကို သတိရပြီး စားလိုက်ပေလို့။

နို့မို့ ခရမ်းသုံးခွကို ပြန်ရောက်သွားမလား။ ပဲခူးအင်းတကော် ကိုများ ရောက်သွားဦးမှာလား မသိ။ ဘုရား ဘုရား ယုံကြည်ရခက်ခဲ လှသော ရသေ့ကြီးရဲ့ စိတ်ပညာကား အားကောင်း အစွမ်းထက်ပြီး ထူးဆန်းလှချေကလား။

❋ ❋ ❋ ❋ ❋

မောင်ညိုမှိုင်း (သန်လျင်)

စိတ်ကူးသစ်စာပေ




စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၀၆၃၀[illegible]

www.burmeseclassic.com